ဦလေးမောင်

ဦလေးမောင်

စိတ်ရိုင်းကျော

# ပြစိမှု (အရှုး)

## ဒို့ တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

ရိုးသား ကြိုးစား လုပ်အားဖြင့် နိုင်ငံတည်

ရပ်ရွာအေးချမ်းစေလို ဥပဒေရိပ်ကိုခို

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏

ပဓာနကျသောတာဝန်ဖြစ်သည်

# ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

## စကားဦး

ပြစ်မှုမဂ္ဂဇင်း၏ အယ်ဒီတာ စားပွဲတွင် ထိုင်ခဲ့စဉ်က ဖြစ်သည်။

အငြိမ်းစားခရိုင်ရဲဝန်ဦးဘသော်(စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး)က အယ်ဒီတာချုပ်၊ ကျွန်တော်က တာဝန်ခံအယ်ဒီတာ၊ ကိုဘောချက်(ခင်မောင်စိ)က အုပ်ချုပ်ရေးမှူး ဖြစ်ပါသည်။

ထိုစဉ်က ဦးဘသော်မှာ ခရိုင်ရဲဝန် ဘဝဖြင့် ရဲကြေးမုံ စာစောင်ကို တာဝန်ယူလုပ်ကိုင်နေရာမှ ရဲတပ်ဖွဲ့မှ အငြိမ်းစားယူသောအခါ ပြစ်မှုမဂ္ဂဇင်းကို တည်ထောင် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

ဦးဘသော်မှာ ရဲကြေးမုံ လုပ်နေစဉ်ကပင် ကျွန်တော်နှင့် ခင်မင်ရင်းနှီးခဲ့ပြီးဖြစ်၍ သူပိုင်သော ပြစ်မှုမဂ္ဂဇင်းသို့ ကျွန်တော် ရောက်လာသောအခါ အထူး ယုံကြည်အားကိုးကာ သူတို့၏မိသားစုဝင်တစ်ယောက်ပမာသဘောထားခဲ့လေသည်။

တစ်နေ့....

ဦးဘသော်ခေါ်သဖြင့် သူ၏ အယ်ဒီတာချုပ် အခန်းသို့ ကျွန်တော် ရောက်သွားသည်။

"ထိုင်ဗျာ....ကိုနီလေးမောင်၊ ကျုပ် ခရီးထွက်မလို့ဗျ"

"ဘယ်ဘက်ကိုသွားမှာလဲ ဆရာကြီး"

"ပြည်ခရိုင်ဘက်ကို သွားမှာဗျ၊ ဒွာနပိုင်ဘဝနဲ့ ကျုပ်တာဝန်ကျခဲ့တဲ့ ဒေသလေ၊ ပင်စင်ယူပြီးကတည်းက မရောက်ဖြစ်ခဲ့ဘူး၊ ပေါင်းတည် စွယ်တော်လှည့်လည်ပွဲကိုအမီသွားမယ်၊ အဲဒီမှာ ကျုပ်တို့ လုပ်ဖော်ကိုင်ဖက် မိတ်ဟောင်း ဆွေဟောင်းတွေနဲ့ တွေ့ဖို့လဲ စီစဉ်ထားတယ်"

"ဟုတ်လား ဆရာကြီး၊ ဘယ်သူတွေပါမှာလဲ"

"အဲဒါပြောချင်လို့ ခင်ဗျားကို ခေါ်တာဗျ၊ ပထမဆုံးကတော့ ကိုခင်မောင်ကြည်ကို



ခေါ်မလို့ပဲ၊ ဒါပေမယ့် ဟိုရောက်လို့ သူ့မိတ်ဆွေ သတင်းထောက်တွေနဲ့တွဲမိရင် ထန်းတောထဲက ထွက်မှာမဟုတ်တော့ဘူး၊ ကျုပ်က သူ့ပြန်ထိန်းနေရဦးမယ်၊ သူ့အကြောင်း ခင်ဗျားလဲ သိပါတယ်လေ"

ဟုတ်ပါသည်။

ဦးခင်မောင်ကြည်၏ အကြောင်းကို ကျွန်တော် သိပါသည်။ဦးခင်မောင်ကြည်မှာ ဆရာဦးဘသော်၏ သားဖြစ်ပါသည်။ ဂါးဒီယံသတင်းစာ၏ သတင်းထောက်ချုပ် အဖြစ်တာဝန်ယူစဉ်က ထူးချွန် ထက်မြက်လှသော သတင်းစာ ဆရာ တစ်ယောက်၏ အရည်အချင်းကို ယခုအခါ၌ ယစ်မျှရည်တွင် မျှောပစ်ကာ သူလုပ်ချင်ရာကို လုပ်နေသူ ဖြစ်ပါသည်။

ကျွန်တော် ပြစ်မှုမဂ္ဂဇင်းသို့ ဝင်ရောက်လုပ်ကိုင်ခဲ့သည့် အစိက ရည်ရွယ်ချက်မှာ သတင်းစာဆရာကြီး ဦးခင်မောင်ရီ (စိန်ခင်မောင်ရီ)နှင့် သတင်းထောက်ချုပ် ဦးခင်မောင်ကြည် တို့ထံမှ သတင်းစာ ပညာနှင့် စာနယ်ဇင်းအတတ်ကို တဝကြီး ယူလိုက်မည် ဟူသော ရည်ရွယ်ချက်နှင့်ဖြစ်သည်။ သို့သော် ကျွန်တော် ပြစ်မှုမဂ္ဂဇင်း အယ်ဒီတာ

စားပွဲသို့ရောက်သောအခါ စိန်ခင်မောင်ရီကို မတွေ့တော့ပြီ။အင်းစိန်သို့ ရောက်သွားပြီ ဖြစ်သည်။

စိန်ခင်မောင်ရီ မရှိတော့လည်း ကိစ္စမရှိ။ ဦးခင်မောင်ကြည်ထံမှ စာနယ်ဇင်း ပညာရယူဦးမည်ပေါ့။ သူက အိုးမကွာအိမ်မကွာ ရှိနေလေသည်ပဲ။

ဦးခင်မောင်ကြည်ထံမှ ဆရာစားမချန်ဘဲ ပညာများရလိုက်ပါသည်။ စာနယ်ဇင်းပညာတော့ မဟုတ်ပါ။အရက်အမျိုးမျိုးအကြောင်းမှ အစ အရက်အစစ်နှင့်အတု ခွဲခြားနည်း အလယ် အချိန်မရွေးရနိုင်သည့် အရက်ပုန်းဆိုင်များအဆုံးအကြောင်း ဖြစ်ပါသည်။

ဒါက ကျွန်တော် ပြစ်မှုမဂ္ဂဇင်းကို ရောက်စ အခြေအနေဖြစ်ပါသည်။

ယခုတော့ ဦးခင်မောင်ကြည်မှာအရက်ကို စွန့်လွှတ်ရုံမျှမက လူ့ဝတ်ကြောင်ကိုပင် စွန့်ပစ်ကာ သာသနာဘောင်သို့ ဝင်သွားခဲ့ပြီဖြစ်သည်။

အင်းစိန် ထောင်မှ ဆရာကြီးမှာလည်း မိသားစု၏ အေးမြသောရင်ခွင်သို့ ပြန်လည်ရောက်ခါစအချိန် ဖြစ်ပါသည်။



"အဲဒီတော့ ကျုပ်ခရီးထွက်ရင် ကိုနီလေး မောင်ပဲ လိုက်ခဲ့ဗျာ"

ကျွန်တော့်အတွေးကို ဆရာဦးဘသော်၏ စကားက မောင်းနှင်ထုတ်လိုက်ပါသည်။

ကျွန်တော်က ဝင်ပြောမိသည်။

"ကဲ...မင်းကြီးရေ...ကျုပ် အဆိုဒီတာက တော့ တောင်းဆိုနေပြီ၊ ဘယ့်နှယ်သဘောရသလဲ"

"လုပ်လေ...ခင်ဗျားက စာပေဆုရထားတဲ့ စာရေးဆရာပေပဲ၊ ခင်ဗျား တာဝန်ပေါ့ဗျ"

"ကဲဗျာ....ဒီလို လုပ်ကြရအောင်၊ ဒီအမှုက မင်းကြီးရော ကျုပ်ရော နှစ်ယောက်လုံး ထိတွေ့ သက်ဆိုင်နေလေတော့ မင်းကြီးနဲ့ ပတ်သက်တဲ့အပိုင်းကို မင်းကြီးကပဲ မှတ်မိသလောက် ရေးပေးပါ၊ ကျုပ်က ဖြင်ဆင်တည်းဖြတ် ဖြည့်စွက်ပြီး ဝတ္ထုရှည်ရေးမယ်.... ဘယ့်နှယ်လဲ"

"ကောင်းတယ် .... ကျုပ်ကလဲ စာရေးဝါသနာပါတာနဲ့ အတော်ပဲ၊ ကျုပ် မှတ်မိသလောက် ရေးပြီး ပို့လိုက်မယ် ဟုတ်လား၊

ဒါပေမယ့် ဒီစာအုပ်နဲ့ ပတ်သက်လို့ ဒီတစ်ခါ ခင်ဗျား စာပေဆုရမယ် ဆိုရင်တော့ ကျုပ် တစ်စက်ဆိုင်တယ်နော်”

“ဟုတ်ပါပြီဗျာ....ဟုတ်ပါပြီ”

*   *   *

သုံးလခန့်ကြာသောအခါ လက်ရေးစာမူ ဖိုင်ကြီးတစ်ခုကို ဆရာ ဦးဘသော်က ကျွန်တော့် လက်ကိုအပ်သည်။

“ခင်ဗျား မှတ်မိမှာပေါ့၊ ပေါင်းတည် သွားတုန်းကကိစ္စလေ၊ ဟောဒီမှာ အငြိမ်းစား စက်ရှင် တရားသူကြီးဆီက စာမူကြီးရောက် လာပြီ၊ အဲဒါ ခင်ဗျား ကြည့်လုပ်ပေတော့”

“ဟာ....ကျွန်တော် ရေးလို့မဖြစ်ပါဘူး၊ ဆရာကြီးကိုယ်တိုင် ရေးတာက သင့်တော်ပါ တယ်”

စာပေဆုရထားသော စာရေးဆရာ တစ်ယောက်က ရေးရန်ရည်စူးထားသည့်ထိုမှုခင်း ဇာတ်လမ်းကို ကျွန်တော်က ဝင်၍ရေးရန် လိပ်ပြာမလုံပါ။ ဒါကြောင့်ပင် ခါးခါး သီးသီး ကျွန်တော် ငြင်းမိခြင်း ဖြစ်ပါသည်။



“ရပါတယ်ဗျာ....ခင်ဗျား အရည်အသွေး ကို သိတယ်၊ ဖြစ်နိုင်တယ်ဆိုတာလဲ ကျုပ် ယုံ တယ်၊ ဒါကြောင့် ခင်ဗျားကို တာဝန်ပေး တာ၊ ခင်ဗျား ရေးပြီးရင်လဲ ကျုပ်က ပြန် တည်းဖြတ်ပေးဦးမှာပါ”

“ကျုပ်ကိုယ်တိုင် ရေးဖို့ဆိုတာ မအား ဘူး၊ ခင်ဗျားလဲ သိပါတယ်လေ”

မှန်ပါသည်။

ထိုစဉ်က ဆရာဦးဘသော်မှာ လောကီ ရေးရာထက် လောကုတ္တရာဘက်ကို အားသန် နေပြီ ဖြစ်ပါသည်။

“ဖြစ်ပါ့မလား ဆရာကြီး၊ မဂ္ဂဇင်းက ဖောင်ပိတ်တော့မှာ၊ ကျွန်တော်မရှိလို့ မဖြစ် ဘူး ထင်တယ်”

“ဖြစ်ပါတယ်ဗျာ၊ အောင်ချစ်သူလဲ ရှိနေ တာပဲ”

အောင်ချစ်သူမှာ ကျွန်တော်၏ လက် ထောက် အယ်ဒီတာဖြစ်ပါသည်။ သို့သော် သူကလည်း မဂ္ဂဇင်းအလုပ်ထက် ဦးခင်မောင် ကြည်၏ လက်ထောက်အလုပ်ကို ပို၍ သဘော ကျနေသူ ဖြစ်သဖြင့် မဂ္ဂဇင်းကိစ္စ သူ့ လွှဲခဲ့လျှင် ငါးပါးမှောက်ပေတော့မည်။

"ဒီလိုဆိုရင် ကိုခင်မောင်ရီကို ကျုပ်တာဝန်ပေးခဲ့မယ်....တယ်နှယ်လဲ"

ထိုစဉ်က ဆရာခင်မောင်ရီမှာ ဖြူ နီ ညို ပြာ မဂ္ဂဇင်းကို ပူးတွဲကိုင်ရန် ကြိုးစားနေစဉ်ဖြစ်၍ ပြစ်မှုမဂ္ဂဇင်းကို ပူးတွဲကိုင်ရန် အချိန်ရနေပေသေးသည်။

ဤသို့ဖြင့်....

ကျွန်တော်သည် ဆရာဦးဘသော်နှင့် ပြည်ခရိုင်ဘက်သို့ လိုက်သွားခဲ့မိသလို ဤဝတ္ထုကြီး ဖြစ်ပေါ်ရန် အစပျိုးခဲ့ခြင်းပဲ ဖြစ်ပါတော့သည်။

ကျွန်တော်နှင့် ဆရာဦးဘသော်တို့ ပေါင်းတည်မြို့ ဗိုလ်တဲတွင် တည်းခိုနေထိုင်စဉ်ဝယ် ဆရာဦးဘတော်၏ လုပ်ဖော်ကိုင်ဖက် မိတ်ဟောင်း ဆွေဟောင်းများဖြင့် နေ့စဉ်လူမပြတ်အောင် ရှိနေခဲ့သည်။

ထိုအထဲတွင် ဆရာဦးဘသော်၏ မိတ်ဆွေအငြိမ်းစား စက်ရှင်တရားသူကြီး ပြောသော 'ဘိုးသာအောင်ကုန်း လူသတ်မှု' မှုခင်း ဇာတ်လမ်းမှာ အထူးစိတ်ဝင်စားစရာ ကောင်းနေပေသည်။



ထိုမှုခင်းမှာ ဆရာဦးဘသော်က ဌာနပိုင်ကြီး ဘဝဖြင့် ကိုင်တွယ်ဖော်ထုတ်၍ စက်ရှင်တရားသူကြီးက အမိန့်ချခဲ့ခြင်းဖြစ်သည်။ဆရာဦးဘသော်၏ တရားခံဖော်ထုတ်ပုံမှာ ထူးခြားဆန်းကြယ်၍ စိတ်ဝင်စားစရာ ကောင်းလှပေသည်။

တိုက်ဆိုင်လှစွာပင် ထိုအမှု၏ အမိက ဇာတ်ဆောင် ချိုကြီးကို ကိုယ်တိုင် တွေ့ဆုံလိုက်ရခြင်းပင် ဖြစ်ပါသည်။

"ဆရာကြီး....အဲဒီအမှုက စိတ်ဝင်စားဖို့ကောင်းတယ်၊ လုံးချင်းဝတ္ထုအဖြစ် ပြန်ရေးရင် စာဖတ်သူတွေအတွက်ရော ရဲဘက်ဆိုင်ရာ ပုဂ္ဂိုလ်တွေပါ အကျိုးရှိနိုင်မှာပါ"

ဤသို့ဖြင့် ဘိုးသာအောင်ကုန်းလူသတ်မှုမှုခင်း စာမူဖိုင်ကြီးမှာ ကျွန်တော့်လက်သို့ ရောက်ရှိလာခဲ့ပါသည်။

* * *

မငြိမ်းသာ၍ စာမူဖိုင်ကို လက်ခံခဲ့ရသော်သည်း မဂ္ဂဇင်း အလုပ်များကြောင့် လည်း

ကောင်း၊ ကျွန်တော်ရေးလက်စ 'ချစ်သူကျွန်း' အမည်ရှိ မှုခင်းရှည်ကို အပြီးသတ်နေရသဖြင့် လည်းကောင်း ဘိုးသာအောင်ကုန်းလူသတ်မှု စာမူကို မရေးဖြစ်ခဲ့သေးပါ။

"ဘယ့်နှယ်လဲ....ကျွန်တော်တို့ စာမူကြီး မပြတ်သေးဘူးလား၊ စက်ရှင်တရားသူကြီးက မေးလှပြီဗျ"

တစ်နေ့ ဆရာဦးဘသော်က မေးလာသည်။

"လုပ်ပါဗျာ၊ ဒီလအတွင်း ပြတ်အောင် ကိုင်ပါတော့"

စာမူ ငါးဖောင်ခန့် ပြီးသောအခါတွင်ကား ထို 'ဘိုးသာအောင်ကုန်း လူသတ်မှု' စာမူကို ဆက်လက်မရေးဖြစ်အောင် ဖန်တီးလာခဲ့ပါသည်။

ဆရာဦးဘသော် ကွယ်လွန်သွားခဲ့ခြင်းပါတည်း။

တစ်နေ့....

စာတစ်စောင်ရောက်လာခဲ့ပါသည်။ ကျွန်တော် မေ့လျော့နေခဲ့ပြီ ဖြစ်သော ဘိုးသာအောင်ကုန်း လူသတ်မှုနှင့် ပတ်သက်၍ အငြိမ်းစား စက်ရှင်တရားသူကြီးထံမှ ဖြစ်ပါသည်။



**တူမောင် နီလေးမောင်....**

ကျုပ်မိတ်ဆွေကြီး ဦးဘသော် ကွယ်လွန်သွားသည့် နောက်ပိုင်းတွင် တူမောင်နှင့် အဆက်အသွယ် ပြတ်သွားခဲ့ပါသည်။ ယခု တူမောင် စီစဉ်သော ဖြစ်ရပ်မှန်မှုခင်းစာစဉ်ကို တွေ့မှ လိပ်စာရ၍ စာရေးနိုင်ခြင်းဖြစ်ပါသည်။

ဘိုးသာအောင်ကုန်း လူသတ်မှု စာမူကို တူမောင်အားတာဝန်ပေးထားသည်ဟု ဦးဘသော် မကွယ်လွန်မီက ကျုပ်ထံ အကြောင်းကြားခဲ့ပါသည်။

ထိုဇာတ်လမ်းမှာ စာဖတ်သူအတွက် သင်ခန်းစာ ရစေနိုင်သည့်အပြင် ကျုပ်မိတ်ဆွေ ဦးဘသော်၏လုပ်ဆောင်ချက်မှာလည်း ယနေ့ အမှုစစ်များအတွက် လေ့လာမှတ်သားဖွယ်များ ပါရှိနေ၍ ကျုပ်က စာအုပ်အဖြစ် ထွက်စေလိုခြင်း ဖြစ်ပါသည်။

ဘိုးသာအောင်ကုန်း လူသတ်မှုနှင့် ပတ်သက်သော အဓိကဇာတ်ကောင် ဖြစ်သည့် ကိုချစ်စံနှင့် စမ်းစမ်းတို့မှာ လူ့လောကတွင် မရှိကြတော့ပါပြီ။ တူမောင်တို့ ပေါင်းတည် လာစဉ်က တွေ့ဆုံခဲ့သော ချိုကြီးမှာလည်း

လွန်ခဲ့သော သုံးလခန့်က သေဆုံးသွားရှာပြီ ဖြစ်ပါသည်။ ထိုအမှုကို ဖော်ထုတ်ခဲ့သော ဌာနပိုင်ကြီး ဦးဘသော်လည်း ကွယ်လွန်ရှာပြီ ဖြစ်ပါသည်။

ထိုအမှုတွင် ပါဝင်ပတ်သက်သူမှာ ကျုပ် တစ်ယောက်သာ ကျန်နေပါတော့သည်။ ကျုပ်ကတော့ မသေနိုင်သေးပါ။ ထိုမှုခင်းကြီးကို စာအုပ်အဖြစ်ထွက်ရှိအောင် စောင့်ဆိုင်းနေရမည် ဖြစ်ပါသည်။

အငြိမ်းစား စက်ရှင်တရားသူကြီး၏စာကို ဖတ်ရှုရသောအခါ ကျွန်တော် တုန်လှုပ်ခဲ့ရပါသည်။

ကျွန်တော်က တာဝန်ယူရေးသားပါမည်ဟု ကတိခံယူပြီးမှ မိမိဘက်မှ တာဝန်မကျေခဲ့သည်ကို စိတ်မကောင်း ဖြစ်ခဲ့ရပါတော့သည်။

ရေးလက်စစာမူကို ဆက်လက် ရေးသားထုတ်ဝေဖို့ ဆုံးဖြတ်လိုက်သောအခါ အခက်အခဲများ ကြုံတွေ့လာရပါတော့သည်။ ကြာမြင့်ပြီ ဖြစ်သော ထိုဇာတ်လမ်းကို အတတ်နိုင်ဆုံး ပီပြင်အောင် တင်ပြနိုင်ရေးအတွက် ကွင်းဆင်းလေ့လာမှုပြုရတော့သည်။



ပေါင်းတည်မြို့ မှုခင်းဖြစ်ပွားရာ ဒေသများသို့ သုံးခေါက်တိတိ ကွင်းဆင်းလေ့လာမှု ပြုရာတွင် ပေါင်းတည်သား စာရေးဆရာကောက်လှိုင်းကို အဖော်ပြုခဲ့ရသလို သူ၏ ပံ့ပိုးကူညီမှုလည်း များစွာ အထောက်အကူ ဖြစ်ခဲ့ပါသည်။

* * *

ယခု....

စိတ်ရှိင်းစေရာဟု အမည်ပေးကာ ဘိုးသာအောင်ကုန်း လူသတ်မှု မှုခင်းကြီးကို ရေးသား၍ စာဖတ်သူလက်သို့ တင်ဆက်လိုက်ပါပြီ။

ဤစာအုပ်နှင့် ပတ်သက်၍ စာရှုသူများ အဖို့ သုတရသနှင့် ပြည့်စုံသည်ဆိုငြားအံ့၊ ဤဇာတ်လမ်းကိုပေးသော အငြိမ်းစား စက်ရှင် တရားသူကြီးနှင့် အငြိမ်းစား ခရိုင်ရဲဝန်

(စကားဦး)

ဦးဘသော် (စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး)အား ကျေးဇူးတင်ရပါမည်။ အကယ်၍ ရေးသားတင်ပြပုံ အားနည်းလျော့ပါးသည် ဆိုပါအံ့၊ ဤစာအုပ်ကိုရေးသူ ကျွန်တော်၏ အပြစ်သာ ဖြစ်ပါကြောင်း ပန်ကြားအပ်ပါသတည်း။

နီလေးမောင်

မိုက်မလင်းနိုင်ဘူး
မြိုက်ခင်းညာဆီက
ခါတော်မှီ သိမ့ေ့နိုင်လို့
သည်ကွေ့တွင် ရှေစုန်မျောပါရ
တောမသတ် ရှုဟတ်မွေ....။

(မန်လည်ဆရာတော်)

'ညီစေ….ညီမယ်….မိန်းမများယူရင်ကွယ်၊ ရုပ်
ရည်လည်းချောရမယ် ဥစ္စာလည်းပေါရမယ်၊
တကယ် အပြောမှာသွက်လို့ အသက်မှာငယ်
အမေ့ကိုလည်း တည့်အောင်ပေါင်းရမယ်….'

စစ်ကြိုခေတ်က အဆိုတော်ကြီးများ ဖြစ်ကြသော ဥသြဘသောင်းနှင့် စိန်ပါတီတို့ စုံတွဲသီဆိုထားကြသည့် 'အပျိုဝါဒ လူပျိုဝါဒ' သီချင်းကို ယနေ့ခေတ် ရုပ်မြင်သံကြား အဆိုတော်များ ဖြစ်ကြသည့် ဝောင်းမောင်နေဝါနှင့် ခင်ဖြူကြည်တို့က ပြန်လည်သီဆို၍ အသံလွှင့်သည်ကို ကြည့်ရှုနားသောတဆင်နေရင်းပင် ကျွန်ုပ်သည် လွန်ခဲ့သောနှစ်ပေါင်း လေးဆယ်ကျော် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ဤသီချင်းနှင့် ရင်းနှီးခွင့်ရခဲ့သည့် အဖြစ်ကို ပြန်ပြောင်း သတိရလိုက်မိလေတော့သည်။

အဆိုပါသီချင်းမှာ ကျွန်ုပ်တို့လူလတ်ပိုင်းအရွယ်က အလွန်ခေတ်စားခဲ့သော သီချင်းတစ်ပုဒ်ဖြစ်၍ ကျွန်ုပ်၏နေအိမ်၌ ကော်လံဘီယာ ဓာတ်စက်တစ်လုံး ရှိလေရာ ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီမှ ဝယ်ယူသည့် ဓာတ်ပြားများကိုဖွင့်ရင်း ၎င်းသီချင်းကိုလည်း ကျွန်ုပ်၏ဇနီးက ဖွင့်လေ့ရှိသဖြင့် မှတ်မိနေခြင်း ဖြစ်သည်။

ကျွန်ုပ်လည်း အငြိမ်းစားယူခဲ့ပြီးသည့်နောက်တွင် သားသမီးများလည်း အိမ်ထောင်ရက်သားကျကြကာ အိမ်ခွဲသွားကြပြီးဖြစ်သည့်အလျောက် မြေးအကြီးအလတ်၊ အငယ်တို့ကို တစ်လှည့်စီ ခေါ်မွေး၍ထားရင်း ကျွန်ုပ်ဝါသနာပါသော မှုခင်းနှင့် ဖြစ်ရပ်မှန်ဝတ္ထုများကို ရေးသားမွေ့လျော် နေခဲ့မိလေသည်။

အစိုးရဝန်ထမ်းဘဝဖြင့် မြို့ရွာအသီးသီးသို့ အဆင့်ဆင့်ပြောင်းရွှေ့ အမှုထမ်းခဲ့ရသောကြောင့် ရွှေ့ပြောင်းရာတွင် ကျွန်ုပ် သိမ်းဆည်းထားခဲ့သော မှုခင်းစီရင်ချက် မှတ်တမ်းများ နေ့စဉ်ရေးသားခဲ့သော ဒိုင်ယာရီများ စသည်တို့မှာလည်း ရွှေ့ရင်းပြောင်းရင်း ပျောက်ဆုံးသည်က ပျောက်ဆုံး၍ လည်းကောင်း၊ တချို့မှတ်တမ်းများမှာ ခြကိုက်သဖြင့် ပျက်စီး၍လည်းကောင်း ဆုံးရှုံးခဲ့ရသည့်အတွက် တချို့အဖြစ်အပျက်များမှာ မေ့ပျောက်သလို အစရှာမရအောင် ဖြစ်နေရပေသည်။

သို့သော်လည်း တစ်စုံတစ်ခုသောအကြောင်း တိုက်ဆိုင်မှုကြောင့် ပြန်လည်တွေးတောလိုက်သည့်အခါ၌ မူလဖြစ်ရပ်မှန်



သည် ကျွန်ုပ်၏ခေါင်းတွင်းသို့ ထင်းခနဲ ဝင်ရောက်လာတတ်သည်ဖြစ်ရာ မှတ်ဉာဏ်မမှိန်သေးသည့်အတွက် ကျွန်ုပ်ဝါသနာပါရာ ဝတ္ထုများ ရေးသားနိုင်ခြင်းကို ဝမ်းမြောက်နေရပေသေး၏။

ယခုလည်း ကျွန်ုပ်၏ မြေးအကြီးဆုံးမှာ ပဲခူးတိုင်း(ယခင်ပြည်ခရိုင်) ပေါင်းတည်မြို့တွင် အမှုထမ်းအဖြစ် လုပ်ကိုင်နေရကား တော်သလင်းလပြည့်တိုင်း နှစ်စဉ်လှည့်လည်၍ ပူဇော်ခံသည့် ပေါင်းတည် မြတ်စွယ်တော်ပွဲသို့ ကျွန်ုပ် ဖူးမြော်ရန် ရောက်ရှိနေခိုက်တွင် အထက်ပါ လူပျိုဝါဒ အပျိုဝါဒသီချင်းကို ကျွန်ုပ် ကြားရ နားသောတဆင်ရခြင်းပင် ဖြစ်တော့၏။

ကျွန်ုပ် တည်းခိုနေသော ကျွန်ုပ်မြေးကြီး၏ နေအိမ်မှာ ပေါင်းတည်စွယ်တော် ကိန်းဝပ်ရာ စွယ်တော်တိုက်ကြီး တည်ရှိသည့် သကျမုနိ မိုးကောင်းဘုရားကြီး (မင်းလက်ျာသီရိဟု ဘွဲ့တော်နာမ ရှိပါသည်။) ရှေ့မှ ဘုရားကြီးလမ်းကို ကွေ့ချိုးကာ တောင်ဘက်မှဝင်ရသည့် ဖောင်သူကြီးလမ်းအတွင်းမှာ ဖြစ်ပေသည်။

ဖောင်သူကြီးလမ်းဟု အမည်တွင်ရခြင်းမှာလည်း ရှေးအခါက သစ်ဖောင်ဖွဲ့သော သူကြီးများနေထိုင်ရာလမ်းဖြစ်၍ ၎င်းကိုအစွဲပြုပြီး မှည့်ခေါ်ခဲ့ခြင်း ဖြစ်ပေသည်။

ပေါင်းတည်မြို့တွင် ကျွန်ုပ်သည် နှစ်ပေါင်းအတော်ကြာမျှ ရာဇဝတ်ဘရားသူကြီး အဖြစ်နှင့် လည်းကောင်း၊ တစ်ဖန်ဝက်ရှင်တရားသူကြီး အဖြစ်နှင့် လည်းကောင်း အလုပ်လုပ်ခဲ့နေခဲ့ဖူးသောကြောင့်လည်း မြို့ကို နှံ့စပ်ခဲ့ပေသေးသည်။

ကျွန်ုပ်၏ ဇာတိချက်ကြွေ မွေးရပ်မြေကဲ့သို့ မြို့ကို ကျွန်ုပ် ကျွမ်းခဲ့ခြင်းလည်း ဖြစ်ပေ၏။

ကျွန်ုပ်တည်းခိုနေရာ မြေးကြီး၏အိမ်မှနေ၍ ဘုရားကြီး လမ်း ပွဲဈေးတန်းတစ်လျှောက်ရှိ မဏ္ဍပ်များ၊ ဈေးဆိုင်များမှ ဖွင့်သည့် အသံချဲ့စက်မှ သီချင်းသံမျိုးစုံတို့ မပြတ်မလတ်ကြား နေရပေရာ၊ အဆိုပါသီချင်းများထဲမှ အထက်ဖော်ပြပါ သီချင်းသည် ကျွန်ုပ်၏ငယ်စိတ်ကို ပြန်လည်၍ နှိုးဆွပေးသလို ဖြစ်နေပါစေတော့၏။

ကျွန်ုပ်ပေါင်းတည်မြို့သို့ ခေတ္တပြန်လည်၍ ရောက်ရှိသည့် အခိုက်တွင် ကျန်းမာစွာဖြင့် သက်ရှိထင်ရှား ရှိနေကြသေး သော လုပ်ဖော်ကိုင်ဖက် ငယ်ပေါင်းမိတ်ဆွေများနှင့် တွေ့ရ သောကြောင့်လည်း ကျွန်ုပ်၏အသက်သည်ပင်လျှင် နှစ်ပေါင်း လေးဆယ်မျှ ပြန်လည်၍ နုပျိုငယ်ရွယ်သွားသည်ဟု ထင်မှတ် ရတော့၏။

ကျွန်ုပ်ပို၍ ဝမ်းသာကြည်နူးမိသည့် အကြောင်းတစ်ရပ် မှာ ကျွန်ုပ်၏မိတ်ဆွေကြီး အငြိမ်းစား ခရိုင်ရဲဝန် ဦးဘသော် တစ်ယောက် စွယ်တော်ပွဲသို့ ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်ပါ သည်။

ကျွန်ုပ် ပေါင်းတည်မြို့တွင် ရာဇဝတ် တရားသူကြီးအဖြစ် အမှုထမ်းခဲ့စဉ်က လည်းကောင်း၊ တစ်ဖန်စက်ရှင် တရား သူကြီးအဖြစ် ပြန်လည်တစ်ကျော့ အမှုထမ်းခဲ့စဉ်က လည်း ကောင်း ဦးဘသော်နှင့်ကျွန်ုပ်မှာ လွန်စွာခင်မင်ရင်းနှီးလျက်



တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်သလို စစ်တုရင်ထိုးဘက်လည်း ဖြစ်ခဲ့ကြသည်။

နောက်ပိုင်းတွင် ကျွန်ုပ်က ပြည်ဘက်သို့ ပြောင်းရွှေ့ခဲ့ရ သလို ဦးဘသော်ကလည်း ရန်ကုန်သို့ပြောင်းရွှေ့သွားသဖြင့် လူချင်းကွဲသွားကြရသည်။

တစ်နေ့ သတင်းစာများတွင် ဦးဘသော်၏ ဓာတ်ပုံနှင့် အတူ စာပေဗိမာန်မှ တစ်ထောင်ဆုချီးမြှင့် ဂုဏ်ပြုခံရသည့် စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး ဟူသော သတင်းတစ်ပုဒ်ကို ဝမ်းမြောက်ဖွယ် ဖတ်ရှုလိုက်ရသည်။

ကျွန်ုပ်၏မိတ်ဆွေကြီး ဦးဘသော်ကား သူကိုယ်တိုင် စစ် ဆေး ဖော်ထုတ်ခဲ့သည့် မှုခင်းများကို အခြေပြုကာ ဝတ္ထု၊ ဆောင်းပါးများ ရေးသားပြုစုခြင်းဖြင့် ပုလိပ်အရာရှိတစ်ဦး အမည်ခံ နိုင်ငံသိ စာရေးဆရာတစ်ယောက် ဖြစ်ခဲ့လေပြီ တကား။

ထို့နောက်တွင်တော့ ကျွန်ုပ်တို့မှာ လူချင်းမဆုံဖြစ်သော် လည်း စာချင်းတော့ မပြတ်ဆက်သွယ်ခဲ့ကြသည်။ ကျွန်ုပ် ပင်စင်ယူပြီး (၃)နှစ်ခန့်အကြာတွင် ဦးဘသော်လည်း ပင်စင် ယူခဲ့လေသည်။

ယခုအခါ ဦးဘသော်သည် ရန်ကုန်မြို့တွင် အခြေချ နေထိုင်ကာ ပြစ်မှုမဂ္ဂဇင်းအမည်ရှိ စာစောင်တစ်ခုကို ဦးစီး ထုတ်ဝေလျက် ရှိနေပေသည်။

ယခုနှစ် ပေါင်းတည်စွယ်တော်လှည့်လည်ပွဲသို့ ဆက်ဆက် သာရောက်ရန် ကျွန်ုပ်က ဖိတ်ခေါ်ခဲ့ခြင်းပင် ဖြစ်ပါသည်

မိတ်ဆွေကြီး ဦးဘသော် ပေါင်းတည် ရောက်လာသော အခါ သူတည်းခိုရာဗိုလ်ဘဲသို့ကျွန်ုပ်က သွား၍လည်းကောင်း၊ ကျွန်ုပ်တည်းခိုရာ အိမ်သို့ သူကလာ၍ လည်းကောင်း နေ့စဉ်တွေ့ဆုံကာ ရှေ့ဖြစ်နောက်ဟောင်းများကို ပြောမဆုံး ပြောမဝအောင် ရှိနေကြပေတော့သည်။

ပေါင်းတည် စွယ်တော် ကျင်းပခဲ့သည်မှာ နှစ်ပေါင်းခြောက်ဆယ်ကျော်ပင် ကျော်ခဲ့လေကာ ခုနစ်ဆယ်နီးပါး ရှိလာပြီဖြစ်ပေရာ ကျွန်ုပ်တို့ လူမမည်အရွယ်ကပင် စတင်ခဲ့သည့် ပွဲတော်ကြီးဖြစ်၏။

ထို့ကြောင့်ပင် နယ်မြေတစ်ခုလုံးမှသာမကဘဲ မြန်မာပြည် အရပ်ရပ်မှ ဘုရားဖူးများပင် လာရောက်ကြသည့်အတွက် ပွဲတော်မှာ အလွန် စည်ကားလှပေတော့သည်။

ကျွန်ုပ်နှင့် ဦးဘသော်တို့သည် တုတ်ကောက်တစ်ချောင်းစီဖြင့် ပွဲဈေးတန်းသို့လျှောက်လာကြရင်း ဘုန်းကြီးလမ်း၊ ရန်ကုန်ပြည်လမ်းတစ်လျှောက်တွင် မဏ္ဍပ်များ၊ ဈေးဆိုင်များသို့ မျက်စိကစားကြ၍ ဖြည်းဆေးစွာပင် စကားပြောလာခဲ့ကြ၏။

ဈေးဆိုင်များ၊စားသောက်ဆိုင်များမှဖွင့်သော သီချင်းသံများမှာ နားကွဲလုမတတ် ဆူညံရကား သမဝါယမအသင်းဆိုင်မှ ဖွင့်လှစ်ထားသော ဘီလပ်ရည်အအေးဆိုင်တွင် နားနေရင်း အအေးသောက်ရန် ကျွန်ုပ်တို့ နှစ်ယောက်မှာ သမဆိုင်ဘက်သို့ လျှောက်ခဲ့ကြတော့သည်။



သမဝါယမအအေးဆိုင်မှာ ရန်ကုန် ပြည်လမ်းပေါ်ရှိ ရှေးအခါက ကျွန်ုပ်တို့ရှိုးစိုက်ခဲ့သော တရားရုံးနှင့် အရှေ့ လယ်ပြင်တန်းထိပ်၌ ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ပေါင်းတည်မြို့သို့ ရန်ကုန်ဘက်မှလာလျှင် မြို့၏အဝင်ဝ ဖြစ်သည့်အလျောက် ရဲတပ်ဖွဲ့စခန်း၊ နယ်ပိုင်ရုံး၊ တရားရုံး၊ ထောင် စသည်တို့မှာ လမ်း၏ဝဲနှင့် ယာတို့တွင်ရှိနေကြလေရာ လူစည်ကားသည့် နေရာတစ်ခု ဖြစ်လေသည်။

ကျွန်ုပ်တို့ထိုင်နေကြသော သမဝါယမ·အအေးဆိုင်မဏ္ဍပ် ှာ ဒေါက်တာဆိုနီ၏တိုက်နှင့် မျက်စောင်းထိုးလောက်၌ ပေရာ မြို့တွင်းသို့ဝင်လာသော မော်တော်ကားများကို ည်း ဤလမ်းထိပ်မှပင် လမ်းလွှဲလုပ်ပေးထားသောကြောင့် ားအန္တရာယ် ကင်းရှင်းသဖြင့် ပွဲဈေးလာများ ပိုမို၍ ားပြားခြင်းဖြစ်လေ၏။

လိမ္မော်ရည်တစ်ပုလင်းစီမှာယူပြီးနောက် ကျွန်ုပ်တို့ နှစ် ယာက် လိမ္မော်ရည်မြုံ့သောက်နေကြစဉ်....

"ထိ....ထိဗျို့ ထိုးကြဦးမလား၊ ရွှေချိုးဖြူထိ သိန်းဆု ်ကို တကူးကူးနဲ့ တစ်သိန်းပေးနေပြီဗျို့၊ ဒူ...."

အော်သံနှင့်အတူ ဒူခနဲမောင်းထုပြီး ဝင်ရောက်လာသည့် ယံကြောင့် ဆိုင်တွင်းမှာ ဘီလပ်ရည် သောက်နေကြသူ းက လှည့်ကြည့်မိကြတော့သည်။

ဆိုင်ထဲသို့ဝင်လာသောထီရောင်းသမားကားဘောင်းဘီပွ မြူရောင်၊ ရှပ်အင်္ကျီ ခိုပြာရောင်နှင့် ခေါင်းပေါ်မှာ ငှက်

နှုတ်သီး ဦးထုပ်ဆောင်းထားပြီး သူ့ကိုယ်သူ ချိုးငှက်ရုပ် အသွင် ဆင်လာခြင်းပင်။

လက်ဝဲပါးတပ်ဖက်တွင် မျက်ခမ်းအောက်မှ အထက် နှုတ်ခမ်းနားထိ မီးလောင်ရာကဲ့သို့ အမာရွတ်ကြီး ရှိလေ၏။ သူ၏ ခေါင်းထွက်နေသောသွားကို ထော်လန်နေသော ပါးစပ် ဖြင့် ထိန်းထားခြင်းငှာ မတတ်နိုင်သကဲ့သို့ သွားဖုံးပြာပြာကြီး များမှာလည်း နှုတ်ခမ်း၏အပြင်ဘက်သို့ ပေါ်ပြူထွက်လျက် ရှိလေသည်။

"ရွှေချိုးဖြူ ကူပါစေမေး....

လာပါပြီ သိန်းဆုကြီး နီးဖို့မဝေး"

"ကဲ....ကဲ....ရပ်ကြည့်လို့ အမြတ်မရှိဘူးနော်၊ ထိုးကြည့်မှ အကျိုးရှိမယ်၊ ထီတွေ တစ်စောင်နှစ်ကျပ်တည်းရယ်၊ တက ကူး ဒူ...."

ရွှေချိုးဖြူ ထီရောင်းသမားကြီးသည် ကာရန်နဘေ ရေရွတ်၍ မောင်းတဒူဒူထုပြီး စားပွဲများကြား၌ ဥဒဟို သွား လျက် ရှိလေသည်။

ဦးဘသော်က လိမ္မော်ရည်ပုလင်းကို စားပွဲပေါ် သို့ချထာ လိုက်ရင်း ကျွန်ုပ်အား လက်ကုတ်၍....

သော်.... "မင်းကြီး....ထီရောင်းတဲ့လူကို မှတ်မိလား"

နိုပ် .... "အင်း....မြင်တော့ မြင်ဖူးသလိုလိုပါပဲ၊ ကျွ တော် ပေါင်းတည်မှာ နေစဉ်တုန်းကတော့ ထီ ရောင်းပုံမရဘူး"



သော်.... (ရယ်မောလျက်) "အင်းပေါ့ဗျာ၊ အဲဒီတုန်းက သူ့အလုပ်က တစ်မျိုးကိုး၊ ကျွန်တော် ပြောပြ လိုက်ရင်တော့ မင်းကြီး ဟာခနဲ ဖြစ်သွား မယ်ဗျို့"

နိုပ် .... ဟုတ်လားဗျာ၊ ဆိုစမ်းပါဦး၊ ဘယ်သူများ ရွှေ ချိုးဖြူ ထီရောင်းသမား ဖြစ်နေပါလိမ့်"

သော်.... "တခြား ဟုတ်ပါရိုးလားဗျာ၊ မင်းကြီး ပေါင်း တည်မှာ ရုံးထိုင်စဉ်က ဘိုးသာအောင်ကုန်း လူသတ်မှုမှာပါတဲ့ ဆိုက်ကားသမား ချိုကြီးလေ"

နိုပ် .... လွန်စွာအံ့အားသင့်မိပြီး စားပွဲကို လက်ဝါးဖြင့် ပုတ်လိုက်မိ၍ "ဟာ....ဟုတ်ပြီဗျို့၊ ကျွန်တော်သဲ ခုမှ မှတ်မိတော့တယ်၊ သူ့မျက်နှာပေါ်က မီး လောင်ရာ အမာရွတ်ကြီးကိုတော့ သတိပြုမိ သားဗျ" ဟု ပြောပြီးလျှင် ရွှေချိုးဖြူ ထီရောင်း သမားကြီး မောင်ချိုကြီးအား လှမ်း၍ကြည့်လိုက် မိလေတော့သည်။

မောင်ချိုကြီးကား ချိုးငှက်အသွင် ဆင်ယင်ထားကာ ဝမ်းရေးအတွက် မရှက်မကြောက် အော်ဟစ်၍ လည်း ကောင်း၊ သီချင်းဆို၍လည်းကောင်း လက်မှတ်များ ရောင်း လျက် ရှိလေသည်။

ကျွန်ုပ်တို့နှစ်ယောက် ဘိလပ်ရည်သောက်၍ ပြီးချိန်တွင် မြတ်စွယ်တော် လှည့်လည်၍ ဒေသစာရီကြွချီလာသည်နှင့် လမ်းမသို့ထွက်ကြကာ သစ်ပင်အောက်တွင် အသီးသီး နေရာ

ယူလိုက်ကြပြီးနောက် ဆင်ပေါ်မှ စွယ်တော်မြတ်ကို ပျပ်ဝပ် ဦးခိုက်ပူဇော်ကြရလေတော့၏။

စွယ်တော် လှည့်လည်ပွဲကြီးမှာ စည်ကားသိုက်မြိုက်လှသည်။ ရှေ့ဆုံးမှ မြတ်စွယ်တော် တင်ဆောင်ပင့်လာသော ဆင်ကြီး၏နောက်တွင် နိပါတ်တော်သရုပ်ပြများ၊ ဇာတ်ယိမ်းများနှင့်တကွ ပေါင်းတည်မြို့ရှိ မြင်းလှည်းအသင်းမှ ပါဝင်သည့် မြင်းသည်တော်တပ်သဏ္ဍာန် အဆိုအကအတီးနှင့် အလှဆင်ယင်ထားသော ဇာတ်တော်ယာဉ်များ စသည်တို့မှာ ရန်ကုန်သင်္ကြန် အလှပြ အကယာဉ်များသို့နှယ် ရောင်စုံဖြာလျက် ရှိလေသည်။

ကျွန်ုပ်တို့နှစ်ယောက်သည် စွယ်တော်လှည့်တန်းကြီး လွန်သွားသည့်အခါမှ မြေပေါ်မှပြန်၍ထကြကာ အရှေ့လယ်ပြင်လမ်းအတိုင်း လျှောက်လာခဲ့လေတော့၏။

ကျွန်ုပ် ပေါင်းတည်မြို့တွင်နေစဉ်အခါကာလ စာတိုက်ဘေးမှ ခြံကျယ်ကြီးအတွင်းဝယ် ယခုအခါ၌ မြသီရိရုပ်ရှင်ရုံကြီး ဖြစ်ပေါ်လျက်ရှိ၏။ ကျွန်ုပ်နေစဉ်ကမူ စစ်ပြီးစခေတ်ဖြစ်လေရာ ပေါင်းတည်မြို့ ရွှေတောင်လမ်းတွင် တိုင်းချစ်ရုပ်ရှင်ရုံ၊ (ဂ)လမ်း (ရှေးက လည်လှီးပယ်တန်းဟု ခေါ်သည်)တွင် မြို့မရုပ်ရှင်ရုံဟူ၍ ရုပ်ရှင်ရုံနှစ်ရုံသာရှိခဲ့၏။

မြသီရိရုံရှေ့မှ ဖြတ်၍ လျှောက်လာခဲ့ကြပြီးနောက် ဆယ့်သုံးလမ်းထိပ်သို့ ရောက်သောအခါတွင် လက်ဝဲဘက်သို့ ချိုးဝင်ပြီး မြူနီစီပယ်ရုံးနှင့် ရေကန်ရှိရာသို့ ဆက်လက်၍ လာခဲ့ကြမိလေတော့သည်။



စစ်ကြိုခေတ်အခါက မြူနီစီပယ်ရုံးရှေ့မှာ ရေကန်ကြီး နှစ်ကန်ရှိ၏။ ၎င်းကန်နှစ်ကန်၏အလယ်တွင် ကျွန်းကလေး တစ်ကျွန်းရှိ၍ တိုက်ငယ်အဆောက်အအုံလေးတစ်ခု ရှိပေသည်။ ဂျပန်ခေတ်က အဆိုပါကျွန်းပေါ်မှ တိုက်ကလေးမှာ အာရှလူငယ်အစည်းအရုံး၏ စာကြည့်တိုက် ဖြစ်လေသည်။ ဂျပန်ခေတ်အကုန်လောက်မှာပင် ရေကန်နှစ်ကန်ကို ဆက်၍ ဖောက်ပြီး သွယ်ပေးခဲ့ရာ ယခုသော် ကန်နှစ်ကန် မဟုတ်တော့ဘဲ တစ်ကန်တည်း ပတ်လည်ဖြစ်လျက်ရှိချေပြီ။

ကျွန်ုပ် စစ်ပြီးစခေတ်ကနေခဲ့စဉ်မှာ ထိုရေကန်ပေါင်တွင် ညနေညို လမ်းလျှောက်ရသည့်အရသာကို ယခုတစ်ဖန် ပြန်လည်၍ တွေးနေမိတော့သည်။

မြူနီစီပယ်ကန်ပေါင်ရိုးမှနေ၍ ပေါင်းတည်မြို့၏ အပြင်ဘက်ကို ကြည့်မြင်နိုင်လေ၏။

ရေကန်၏ အနောက်တောင်ဘက်တွင် မြို့ကျက်သရေသာသနာ့အဆောက်အအုံဖြစ်သော နန်းဦးကျောင်းတိုက်ကြီး တည်ရှိသည်။ နန်းဦးဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့ရာ သာသနာ့ပရိယတ္တိ ပဋိပတ္တိ ဖြန့်ဝေရာဒေသဖြစ်ခဲ့၏။ နန်းဦးဆရာတော်ကြီးကိုလည်း ထိုအချိန်က ကျွန်ုပ် သက်ရှိထင်ရှားဖူးမြော်ခဲ့ရဖူးပေသည်။

နန်းဦးကျောင်းတိုက်ကြီးမှာ မြို့၏အပြင်ဘက်၌ သီးခြားရွာငယ်တစ်ရွာကဲ့သို့ တည်ရှိနေခြင်း ဖြစ်လေ၏။ နန်းဦးကျောင်းတိုက်၏ရှေ့မှ လယ်ကွင်းများကြားတွင် မြို့တွင်းနှင့်

မြို့ပြင်သို့ ဆက်သွယ်ထားသော ကားလမ်းမတစ်လမ်း ရှိသည်။

အဆိုပါလမ်းမမှ မြို့ပြင်သို့ထွက်သွားရာမှာ ရန်ကုန်-ပြည်လမ်းကြီးနှင့် ဦးတိုက်ဆုံလေသည်။ ပေါင်းတည်၏ နောက်ဘက် အစိုးရအထက်တန်းကျောင်းကြီးနောက်မှ ဖြတ်၍သွားကာ ရန်ကုန်ပြည်လမ်းနှင့်အဆိုပါလမ်းတို့ဆုံတွေ့ရာနေရာမှာ သပြေကုန်းရွာထိပ်ရှိ လှေဆိုင်တံတားနားမှာ ဖြစ်လေ၏။

လှေဆိုင်မှာ သပြေကုန်း၏တစ်ဖက် ချောင်းကမ်းပါးတွင် ရှိလေသည်။ မြူနီစီပယ်ကန့်ပေါင်မှကြည့်လျှင် ပေါင်းတည်မြို့၏ အနောက်ဘက်ခြမ်းအစွန်ကို ကွေ့ပတ်၍မြင်ရသည်။ ရှေးအခါ 'မြင်းကမ်း' ဟုခေါ်သော နေရာတွင် ယခုသော် ပြည်သူ့ဆေးရုံသစ်ကြီးကို မြင်တွေ့နေရ၏။ ယခင်က ဆေးရုံဟောင်းမှာ နန်းဦးကျောင်းနှင့်တည့်တည့်မှ မြောက်ဘက်သို့ သွားသည့် လမ်းအဆုံး၌ ရှိလေသည်။

ကျွန်ုပ်သည် သဖန်းပင်ဆိပ် လှေဆိုင်ဘက်သို့ လှမ်းမျှော်၍ ကြည့်ရင်းပင် စစ်ကြို့ခေတ်က ပေါင်းတည်မြို့၌ ကျွန်ုပ် စစ်ဆေးခဲ့ရသော မှုခင်းကြီးတစ်ခုကို ပြန်လည်၍ စဉ်းစားကာ မျက်စိထဲတွင် တရေးရေးပေါ်၍လာလေတော့၏။

စောစောက တွေ့ခဲ့ရသော ရွှေချိုးဖြူ ထီရောင်းနေသူ မောင်ချိုကြီး၏မျက်နှာကို ပြန်၍မြင်ယောင်မိကာ သူ ပါဝင်ခဲ့သည့် ယင်းပြစ်မှုကြီးနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေကြီး ဦးဘသော်ကိုယ်တိုင် လိုက်လံစုံစမ်းစစ်ဆေးခဲ့ရာမှ နောက်ဆုံး



အမှုပေါ်၍ စီရင်ချက်ချသည်အထိပင် ကျွန်ုပ် ပြန်၍ တွေးတောမိ၏။

နို်ဝ .... "အင်း....မောင်ချိုကြီးကို ခုလိုပြန်တွေ့ရတော့ ဘိုးသာအောင်ကုန်း လူသတ်မှုကြီး ပြန်သတိရသဗျာ"

သော် .... "ဒါပေါ့ မင်းကြီးရဲ့၊ အဲဒီခေတ်၊ အဲဒီအခါတုန်းကလဲ ဒီလိုအမှုကြီးမျိုးက ရှာမှရှားပဲကိုးခင်ဗျ"

နိုဝ် .... "ကျွန်တော်ဖြင့် ခပ်ရေးရေးပဲ သတိရတာက အခု ခင်ဗျားနဲ့ ပြန်တွေ့တော့ စဉ်းစားလို့ ရလာပြီ၊ အမှုအကြောင်းပြန်ပြောကြရအောင်ဗျာ၊ လိုတာရှိရင် ခင်ဗျားက ဝင်ပြီးထောက်ပေးနော်"

သော် .... "ဒီလိုဆို ကျွန်တော်ကပဲ ပြောပြပါ့မယ်၊ မင်းကြီးလဲ မှတ်မိသလောက် ဝင်ထောက်ပေါ့ဗျာ"

သည်လိုနှင့် ကျွန်ုပ်တို့နှစ်ယောက်သည် မြူနီစီပယ် ကန်ပေါင်ရိုးပေါ်မှ ဖဲ့၍ဆင်းကြကာ ပေါင်းတည်မြို့ အရှေ့လယ်ပြင်တန်း၏ ခြံများနောက်ဘက်လယ်ကွက်များကိုဖြတ်၍ နန်းဦးကျောင်းဘက်ဆီသို့လျှောက်လာရင်း ဘိုးသာအောင်ကုန်း လူသတ်မှုကြီးအကြောင်းကို စတင် ပြောမိကြပါတော့သည်။

သော် .... "ကဲ....ဘယ်က စပြောကြမှာလဲ၊ ချစ်စံ အကြောင်းက စပြီးပြောမှာလား"

နိုပ် .... စမ်းစမ်း အကြောင်းက စပြောရရင်ကော ဗျာ"

သော် .... "မောင်ချိုကြီး အကြောင်းက စပြီးပြောရင် လဲ ရတာပဲဗျ"

နိုပ် .... "ဒီလိုဆို မောင်ခင်မောင်ဦး အကြောင်းက စပြီးတည်ရရင်ကော"

သော် .... ဒီလိုလုပ်မယ်ဗျာ၊ ကျွန်တော် မှတ်မိသလောက် ပြောမယ်၊ မင်းကြီးလဲ မှတ်မိသလောက် ပြောပေါ့၊ ကြားထဲမှာ ဟာနေတာတွေ့ရင်၊ ပေါ်ရင်, အတူတူစဉ်းစားကြတာပေါ့၊ အေး အေးဆေးဆေး ကျွန်တော့်ဗိုလ်တဲမှာ ပြောကြ မယ်ဗျာ"

ဦးဘသော်၏ဗိုလ်တဲသို့ရောက်သော် ကျွန်နိုပ်တို့နှစ်ယောက် လူသတ်မှုအကြောင်း တစ်လှည့်စီပြောကြတော့၏။ ကျွန်နိုပ်တို့ ပြောသမျှမှာ ကပေါက်တိကပေါက်ချာ နိုင်လှသောကြောင့် စာဖတ်သူများ ရှုပ်ထွေးခြည်စိုးသဖြင့် ဝတ္ထုဇာတ်သမ်းသဖွယ် ပြင်ဆင်ပြီး အောက်ပါအတိုင်း ရေးသားလိုက်ရပါတော့ သတည်း။

✲

အခန်း ( ၁ )

"ညီစေ....ညီမယ်၊ မိန်းမများယူရင်ကွယ်၊ ငှပ်ရည်လည်းချောရမယ်၊ ဥစ္စာလည်းပေါရ မယ်၊ တကယ် အပြောမှာသွက်လို့ အသက် မှာငယ်....အမေနဲ့လည်း တည့်အောင်ပေါင်း ရမယ်...."

သံနေသံထားမမှန်၊ အောတောတောအသံကြီးဖြင့် သီဆို လိုက်သော သီချင်းသံကြောင့် ဆန်စက်တွင်းရှိ စပါးကျင်း ထဲသို့ စပါးတက်လောင်းပြီး ပြန်ဆင်းလာသော စမ်းစမ်းက ဆန်စက်ရှေ့ အဝင်ပေါက်ဆီသို့ မျက်စောင်းစွေ၍ ကြည့် လိုက်မိတော့သည်။

ဆန်စက်ထိပ်ဝ အဝင်ပေါက်၏ဘေးတွင် ဖွဲနူအိတ်များ ပေါ်၌ ပက်လက်လှန်၍ အထက်ပါသီချင်းကို သီဆိုနေသူ ကား ဆိုက်ကားသမား ချိုကြီးပင် ဖြစ်သည်။

ချိုကြီး၏သီချင်းအဟဲနှင့် စမ်းစမ်းက မျက်စောင်းအထိုးတို့ကို ဆန်စက်ရုံးခန်း စားပွဲမှာထိုင်နေသော မန်နေဂျာ ကိုချစ်စံကဲ လှမ်း၍ မြင်လိုက်သည့်အတွက် သဘောကျစွာ ပြုံး၏။

"ဟေ့....ချိုကြီး"
ကိုချစ်စံက လှမ်းခေါ်လိုက်သည်။
"ဗျာ....ဆရာ"

"ဈေးဘက်သွားစမ်းကွာ၊ ဦးမြမောင်ဆိုင်မှာ ငါမှာထားတဲ့ ဖိနပ် ပေးလိုက်ပါလို့ပြော"

"ဟုတ်ကဲ့ ဆရာ"

ချိုကြီး ဖွဲနုအိတ်ပေါ်မှ ထပြီး သူ့ဆိုက်ကားပေါ်သို့ တက်၍ နင်းထွက်သွားလေတော့၏။ ကိုချစ်စံက ဖိနပ်ကို ပေါင်းတည်ဈေးထဲမှ ထီးဖိနပ်ဦးမြမောင်ဆိုင်က စပါယ်ရှယ် မှာ၍စီးသူ ဖြစ်လေသည်။

"စမ်းစမ်းရေ"

ကိုချစ်စံက စပါးတောင်းသယ်၍ ဆန်စက်ထဲသို့ ပြန်ဝင်လာသော စမ်းစမ်းအား လှမ်းခေါ်ပြန်၏။

"ရှင်....ဆရာ"

"ပြီးရင် ခဏလာဦးဟေ့"
"ဟုတ်ကဲ့ ဆရာ၊ လာပါ့မယ်"



စပါးတောင်းကို ခေါင်းပေါ်ရွက်ပြီး စမ်းစမ်းက ကုန်းပေါင် သစ်သားတန်းပေါ်မှ တညွတ်ညွတ်နင်း၍ စပါးကျင်းရှိရာ စက်အပေါ်ထပ်သို့တက်သွားပြီး စပါးလောင်းနေ၏။

ပြီးတော့ စပါးတောင်းခွံကို ပခုံးမှာချိတ်ပြီး အိပဲ့အိပဲ့နှင့် ပြန်ဆင်းလာလေသည်။ စမ်းစမ်းက ကိုချစ်စံ၏မန်နေဂျာရုံးခန်းဝ၌ ရပ်၏။ ကိုချစ်စံက ငွေစာရင်းများ ရေးမှတ်နေရာမှ စမ်းစမ်း လာရပ်သဖြင့် လှမ်းကြည့်ရင်း ခေါင်းညိတ်ခေါ်လိုက်ရာ စမ်းစမ်း အခန်းတွင်းသို့ ဝင်လာလေသည်။

"မစမ်းရေ....ဈေးထဲက ဆိုင်နေရာအတွက် ငါ့အမျိုးသမီး ဆွေးနွေးထားတာ အောင်မြင်လိမ့်မယ်ထင်တယ်"

"လုပ်ပါ ဆရာရယ်၊ အဲဒါဆို ကျွန်မတော့ ခုထက် သက်သာမှာပဲ၊ သိပ်မပင်ပန်းတော့ဘူးပေါ့၊ အမေကလဲ စပါးလောင်းတဲ့အလုပ်ကို မလုပ်စေချင်ဘူး ဆရာရဲ့၊ သူ့ကျန်းမာရေးကြောင့်သာ ကျွန်မ ခုလုပ်တာကို ခွင့်ပြုရတာ၊ သံလမ်းနားပြန်ပြီး ရေမုန့်ပဲ ရောင်းစေချင်နေတာ"

"အေးပါကွယ်....ငါ အဆင်ပြေအောင် လုပ်ပေးပါ့မယ်၊ ဒါနဲ့ မောင်ခင်မောင်ဦးကော"

"သူ အခု အင်းမဘက် ကွင်းဆင်းသွားရတယ် ဆရာရဲ့၊ သူကလဲ ကျွန်မ ဈေးရောင်းဖို့ဆိုပြီး သူစုထားတဲ့ ငွေနည်းနည်း ပါးပါးကို အရင်းအနှီးလုပ်ပေးမယ်ပြောတယ်"

"ဒါပေါ့လေ…အားလုံး တဖြည်းဖြည်းတော့ အဆင်ပြေ
သွားမှာပါဟာ"

စမ်းစမ်း ပြန်ထွက်သွားတော့မှ ကိုချစ်စံက စားပွဲဘေး
ခုံပေါ်မှ ရေနွေးကြမ်းအိုးကိုယူ၍ ရေနွေးတစ်ခွက်ငှဲ့ထည့်ပြီး
ဖြည်းဖြည်းသောက်ရင်း တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိ၏။

ကိုချစ်စံ၊ စမ်းစမ်း၊ ခင်မောင်ဦးနှင့် ချိုကြီး။

သူတို့လေးဦး၏အကြောင်းကို ပြောရမည်ဆိုလျှင် ဦးစွာ
ပထမ ပြောရမည့်သူက ကိုချစ်စံ။

❋

(က)

**ကိုချစ်စံ....**

သူသည် ပေါင်းတည် ဇာတိချက်ကြွေမဟုတ်ပါ။ သူ့မွေး
ရပ်မြေက ပန်းတောင်းမြို့ဖြစ်၏။ သူ ကြီးပြင်း၍ ကျောင်း
လာနေရတော့ ပေါင်းတည်မြို့မှာဖြစ်သည်။

အင်္ဂလိပ်ခေတ်က သူ့ဖခင်သည် ဘာဘူကြီးများလုပ်ကိုင်
ကြသော ဆန်ကုမ္ပဏီကြီးတစ်ခု၏ တိုက်ခွဲဖြစ်သော ပြည်မြို့
မှာရှိသည့် တိုက်ခွဲမှ စာရေးကြီးဖြစ်လေသည်။

ရှေးခေတ်က ဘာဘူများမှာ ဆန်စပါးလုပ်ငန်းကို အကြီး
အကျယ် လုပ်ကြပြီး စတီးဘရားသား၊ ဘလုတ်ဘရားသား
သည့် ဆန်ကိုယ်စားလှယ် မျက်နှာဖြူ ကုမ္ပဏီကြီးများနှင့်
တန်းတူလုပ်ကြရာ ပြည်ခရိုင်သည် ဆန်စပါးအထွက်ကောင်း
သည့် အလျောက် ချစ်တီးကုလားများက လယ်ကို သွေးစုပ်
သလို ဘာဘူများက လယ်မှဖြစ်သော စပါးကို ကုပ်ဆွဲပြီး
အပိုင်စီးထားကြခြင်းပင် ဖြစ်လေသည်။

အင်န် အေကိုထာရီ၊ မက်ဆာဘာရ်ဝါဂျာကုမ္ပဏီ စသည့် နာမည်များဖြင့် တချို့က ဆန်စက်များဝယ်ကြသလို တချို့က ကုမ္ပဏီရုံးများ ဖွင့်ကြ၏။

ကိုချစ်စံ၏ဖခင်ဖြစ်သူ ဦးဘချစ်မှာ ယင်းကုမ္ပဏီတစ်ခုဖြစ်သော ဘာရ်ဝါဂျာကုမ္ပဏီမှ စာရေးကြီးဖြစ်၍ သူက ဘာရ်ဝါဂျာဆန်စက်ကို ကိုင်ရ၏။

ဘာရ်ဝါဂျာဆန်စက်မှာ ပေါင်းတည်မြို့ မီးရထားလမ်း၏အရှေ့ဘက်၊ မြောက်ပိုင်း နွားပွဲကျင်းပရာ ကွင်းကြီးနားတွင် တည်ရှိလေသည်။

မြေကေ သုံးကေကျယ်ဝန်းပြီး ဆန်စက်ဝင်းထဲ၌ စပါးကျည်များ၊ ဆန်ဂိုဒေါင်များ၊ အလုပ်သမားတန်းလျားများ စသည်တို့ ဆောက်ပေးထားကာ ကိုချစ်စံဖခင်အတွက် မန်နေဂျာ အိမ်တစ်ဆောင်ပင် ဆောက်ပေးထား၏။ ကိုချစ်စံ၏ဖခင် ဦးဘချစ်မှာ စာရေးကြီးဖြစ်သော်လည်း ဆန်စက်ကို ဦးစီးအုပ်ချုပ်ရသူဖြစ်၍ အများက မန်နေဂျာဟု ခေါ်ကြရာမှ မန်နေဂျာဟုပင် တွင်လာခဲ့တော့ခြင်းပင်။

ယင်းကာလက ကိုချစ်စံမှာ အသက် ဆယ့်သုံးလေးနှစ်သားမျှသာ ရှိသေးရာ ပေါင်းတည်မြို့အရှေ့လယ်ပြင်တန်းရှိ ဆရာဘေကြီးခေါ် ဆရာကြီး ဦးဘိုးဘေ၏ကျောင်းမှ လေးတန်းအောင်မြင်ပြီး၍ မီးရထားလမ်းနားရှိ အစိုးရဟိုက်စကူးကျောင်းတွင် ငါးတန်းမှစတင်၍ ပညာသင်ကြားဆဲ ဖြစ်လေသည်။



သူ့ဖခင် ဦးဘချစ်မှာ အလုပ်ကြိုးစားပြီး တာဝန်သိသူ၊ သစ္စာရှိသူဖြစ်သောကြောင့် အလုပ်ရှင်ဘာဘူများ၏ မြှောက်စားခြင်းခံရသလို လူယုံတော်လည်းဖြစ်လာ၏။

ငွေရေးကြေးရေးကအစ မီးခံသေတ္တာပါ ကိုင်ရလေရာ ရှေးခေတ်က စပါးဖိုးပေးချေသည့် ငွေအင်အားကား နည်းလှသည်မဟုတ်ချေ။

သို့သော် ဦးဘချစ်နှင့်ပတ်သက်၍ ငွေကြေးအယိုအပေါက် အဖိတ်အစဉ်မှအစ ကြေးတစ်ပြား၊ မူးတစ်စေ့ မရှိသဖြင့် ကုမ္ပဏီသူဌေးတွေက စုံလုံးပုံ၍ စိတ်ချထားခြင်း ခံရလေတော့သည်။

ထို့ကြောင့်ပင် ရှေးခေတ်က ဦးဘချစ်ရရှိသောလစာနှင့် မိသားစုမှာ တောက်တောက်ပြောင်ပြောင် နေနိုင်ခဲ့ကြ၏။ သားသမီးဟူ၍လည်း ကိုချစ်စံမှာ တစ်ယောက်တည်းသော သားဖြစ်ပြီး နောက်ထပ် မမွေးဖွားတော့သဖြင့် ဦးဘချစ်မှာ ကိုချစ်စံအပေါ် အချစ်တွေပုံခဲ့ရ၏။

ဘာဘူတွေက ကိုချစ်စံကလေးအား ရန်ကုန် စိန့်ပေါကျောင်း၊ စိန့်ဂျွန်းကျောင်းများသို့ပင် ဘော်ဒါပို့ပြီး ကျောင်းနေစေရန် အစီအစဉ်လုပ်ပေးခဲ့ဖူး၏။ သို့သော် သူ၏မိခင်ကြီးက တစ်ဦးတည်းသောသားကလေးနှင့် မခွဲနိုင်ဟုဆိုသဖြင့် ပေါင်းတည်မြို့မှာပင် ကျောင်းနေရခြင်းဖြစ်သည်။

ချစ်စံကလေးမှာ ပညာတွင်လည်းတော်၍ လက်ရေးလက်သားကအစ ကောင်းမွန်ပြီး တစ်နှစ်တစ်တန်း မှန်မှန်ပင် အောင်လာခဲ့၏။ တဖြည်းဖြည်းနှင့် ချစ်စံ ရှစ်တန်းအောင်

သည့်နှစ်မှာ ဒုတိယကမ္ဘာစစ်ကြီးသည့် အရှေ့အာရှ တစ်လွှားသို့ ကူးစက်ပျောက်လောင်၍ လာလေတော့သည်။

အင်္ဂလိပ်တွေ မြန်မာပြည်က ပြေးရပြီ။

ယင်းအချိန်တွင် နိုင်ငံခြားသားတွေ အများအပြားမှာ မြန်မာပြည်တွင်မနေရဲတော့ဘဲ အင်္ဂလိပ်များနှင့်အတူ အိန္ဒိယပြည်သို့ လိုက်ပါပြေးကြရတော့သည်။

ဘာရ်ဝါဂျာ ဆန်စက်သူဌေးမိသားစုလည်း အိန္ဒိယပြည်သို့ ပြေးရန် တာစူနေကြရပြီ။

အင်္ဂလိပ်က မျက်နှာဖြူအစိုးရ အရာရှိနှင့် အသိုက်အဝန်းများကို ဦးစားပေး၍ ပြေးရန်စီစဉ်ကြပြီး ပြေးနှင့်ကြသောကြောင့် နောက်ပိုင်းမှ ပြေးရမည့်သူများမှာ မီးရထား၊ သင်္ဘော စသည်တို့ မရှိကြတော့။

ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ မြစ်ကြီးနားဖြတ်ပြီး ပြေးသည်က တစ်လမ်း။

ရန်ကုန်မှ မန္တလေး၊ ၎င်းမှ ကလေးဝမှတစ်ဆင့် တမူးကိုဖြတ်ပြီး အိန္ဒိယနယ်ထဲသို့ ပြေးကြရသည်က တစ်သုတ်။

ရန်ကုန်နှင့်ပြည်၊ ပြည်မှ တစ်ဖက်ကမ်းသို့ကူးပြီး အနောက်ရိုးမကိုကျော်၍ တောင်ကုတ်သို့ပြေးကာ တောင်ကုတ်မှ တစ်ဆင့် အိန္ဒိယပြည်ထဲသို့ ပြေးမည့်အသုတ်က တစ်သုတ်။

သည်တော့ ဘာရ်ဝါဂျာမိသားစုတို့က ပေါင်းတည်မြို့မှ လမ်းတစ်ဆက်တည်းသင့်နေသော ပြည်—တောင်ကုတ် လမ်းကို ရွေးချယ်ကြရတော့သည်။



ယင်းအချိန်က မည်သည့်သာဥ်ရထား၊ ကားမှမရှိကြတော့၍ ဆက်သွယ်ရေးလမ်းကြောင်းများပြတ်သွားလေရာ ရန်ကုန်မြို့မှ ကုလားများမှာ ခြေကျင်ခရီးဖြင့် ပြည်မြို့သို့အရောက်လျှောက်လာကြသည်မှာ တသဲသဲနှင့်။

ဘာရ်ဝါဂျာ ဆန်စက်သူဌေးနှင့် ကုမ္ပဏီပိုင်ရှင်မိသားစုမှာ ပြေးစရာ မော်တော်ကားတစ်စီးရှိ၏။ ယင်းကားမှာ သူဌေးလက်ရှိစီးနေသော ဖို့ဒ်ကားကြီးဖြစ်သည်။ ဒရိုင်ဘာက ယင်းအချိန်တွင် ပြည်ထိ မောင်းမပို့ရဲတော့ဟုဆိုကာ အလုပ်မှ ထွက်သွား၏။

အင်္ဂလိပ်တပ်များလည်း ကားများဖြင့် အဆင့်ဆင့် ပြေးခဲ့ကြလေရာ ရန်ကုန်–ပြည် ကားလမ်းမကြီးပေါ်တွင် စစ်ကားတန်းကြီးများ အဆက်မပြတ်တော့ပေ။

သည်မှာ ကိုချစ်စံ၏ဖခင် ဦးဘချစ်က ကားမောင်းတတ်သူဖြစ်လေရာ ဘာဘူများအား သူ လိုက်၍ပို့ပေးရန် တာဝန်ယူလိုက်သည်။

ဦးဘချစ်က ဇနီးနှင့်သားအား မိမိသည် ဘာဘူများကို ပြည်မြို့အထိသာ လိုက်ပို့ပြီး ပြန်ခဲ့မည်ဟု မှာသွားပြီး မော်တော်ကား မောင်း၍ လိုက်ခဲ့၏။

သို့သော် ပြည်မြို့သို့ ရောက်ရှိသည့်အချိန်တွင်ကား ဦးဘချစ် ထင်ထားသကဲ့သို့ မဟုတ်တော့ပြီ။

ပြည်မြို့တစ်မြို့လုံးမှာ အင်္ဂလိပ်စစ်သားတွေ တင်းကျမ်းပြည့်နေပြီး စစ်ကားများကို ၎င်းတို့မပြေးမီ ဖျက်ဆီးကြ

သည်။ သင်္ဘောများကို ဖောက်ခွဲ၍ ဧရာဝတီမြစ်ကြီးကို လမ်းကြောင်းများပိတ်ဆို့ကာ နောက်မှ ရန်သူများ မလိုက်လာနိုင်ရန် မြေလှန်စနစ် သုံးနေကြလေပြီ။

ထို့ကြောင့် မော်တော်ကားကို မြည်မြို့ဘက်မှာပင် ထားခဲ့ပြီး ဘာဘူမိသားစုအား ဘစ်ဖက်ကမ်း ဆင်တဲသို့ ဦးဘချစ် လှေငှားပြီးပို့ပေးရ၏။ ဆင်တဲဘက်ကမ်း ရောက်သည့်အခါတွင် ဂေါ်ရင်ဂျီစစ်ပြေးများ ရာထောင်ချီ၍ ဆင်တဲမှ ပန်းတောင်းမြို့ကို ဖြတ်ကျော်နေကြလေပြီ။

ဆင်တဲမှပန်းတောင်းသို့ ကားလမ်းမှာ ထိုအခါက ရှိပြီးသား။ ပန်းတောင်းမှာ ညောင်ကျိုးသို့ ခြေလှမ်းဖြစ်သည်။ ညောင်ကျိုးမှကျော်သော် မြေလမ်း အူကြောင်းလမ်းမျှသာ ရှိသေးသော တောင်ကုတ်လမ်းမှာ စစ်ကားများသာ တက်နိုင်၏။ ယင်းလမ်းကား အနောက်ရိုးမကြီးကို တောင်အထပ်ထပ် ဖြတ်ကျော်ရမည် ဖြစ်သည်။

ဘာဘူမိသားစုများမှာ လမ်းပြမည့်သူလည်းမရှိ။ မြန်မာရွာများကိုဖြတ်၍ တောကြီးမျက်မည်းထဲမှ တောင်တွေကို ကျော်ရမည်မှာ အဖော်မပါလျှင် မဖြစ်၍ ဦးဘချစ်အား တောင်ကုတ်မြို့အထိ လိုက်ပို့ပေးပါရန် မျက်စိသူငယ်ဖြင့် တောင်းပန် ခယကြတော့၏။

သည်တော့ ဦးဘချစ်မှာ နောက်ကြောင်း ပြန်မနေနိုင်တော့ဘဲ ဘာဘူမိသားစုနှင့်အတူ တောတောင်အထပ်ထပ်ကို စစ်ပြေးများနှင့်ရော၍ ဖြတ်သန်းရတော့၏။



လမ်းမှာတွေ့သော ကျေးရွာများက တတ်နိုင်သမျှ ထမင်းထုပ်များ၊ ရေများ ပေးကျွေးကူညီကြသဖြင့် ရိက္ခာအတွက် ပြေလည်သလောက် ဖြစ်ရ၏။ ထို့နောက် တောင်ပေါ်တက်ကြပြီး တောကြီးမျက်မည်းကို ဖြတ်ကြရာ ကျားများ၊ ဆင်များ၏ အန္တရာယ်က မငြိမ်းလှပေ။

သည်လိုနှင့် ဆယ်ရက်မျှ ခရီးတွင်ခဲ့ကြပြီးနောက် တောင်ကုတ်မြို့သို့ ဆိုက်ရောက်ခါနီး တောစခန်းတစ်ခုအရောက်တွင် ဦးဘချစ် တောငှက်ဖျားဝင်လေတော့သည်။

ဦးဘချစ်မှာ ပြေးရင်းလွှားရင်းဖြင့် ဆေးဝါးမရှိသည့်ကြားမှာ ဘာဘူများက ဘတ်အားသမျှ ပြုစုသည့်ကြားမှပင် ကွယ်လွန်အနိစ္စ ရောက်ရရှာတော့သည်။

ဦးဘချစ်၏ရုပ်ကလာပ်ကို ရိုးမတောင်ပေါ်ရှိနေပူတောင်စခန်းအလွန်တွင် မြှုပ်နှံခဲ့ကြပြီးလျှင် ဘာရ်ဝါဂျာ ဘာဘူမိသားစုမှာ တောင်ကုတ်သို့ရောက်ရှိကြ၏။ ၎င်းမှတစ်ဆင့် ပင်လယ်ပြင်သို့ထွက်သော သင်္ဘောတစ်စင်းကိုရ၍ အိန္ဒိယပြည်သို့ ချောမောစွာ ရောက်ရှိသွားကြလေတော့သည်။

ဖက်ဆစ်ဂျပန်များ မြန်မာပြည်ကို သုံးနှစ်ကြာမျှ အုပ်စိုးပြီးသည်အထိ ဦးဘချစ် ပေါ်မလာသောကြောင့် အိန္ဒိယသို့ တစ်ပါတည်း လိုက်သွားသည်ဟုပင် ကိုချစ်စံတို့ သားအမိ အထင်ရှိခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့လေပြီ။

ကက်စ်ဘီ အုပ်ချုပ်ရေး စတင်ပြီဖြစ်၍ မြန်မာပြည်၏ လွတ်လပ်ရေးအကြိုကာလမှာ အိန္ဒိယသို့ပြေးသူများ ပြန်ဝင်လာကြ၏။ ဘာရိစ ါဂျာ မိသားစုလည်း ပြန်ရောက်လာလေရာ သည်တော့မှပင် ဦးဘချစ် ကွယ်လွန်သည့် သတင်း အပြည့်အစုံကို ကိုချစ်စံတို့သားအမိ သိရှိကြရလေတော့သည်။

ယင်းအချိန်မှာ ကိုချစ်စံ အသက် နှစ်ဆယ်နီးပါးအရွယ် ဆယ်တန်းစာမေးပွဲ ဖြေမည့်နှစ်ဖြစ်၏။ ဘာဘူထွေက ဦးဘချစ်၏ ကျေးဇူးကြီးမားလှကြောင်း ထုတ်ဖော်ပြောပြကာ ကိုချစ်စံအား ဖခင်၏နေရာတွင် ချက်ချင်း အလုပ်ခန့်အပ်ပေတော့၏။ ဆန်စက်ကြီးလည်း ပုံမှန် ပြန်၍လည်ပတ်ပြီး ဖြစ်လေရာ ကိုချစ်စံအား မန်နေဂျာခန့်သည်။နေထိုင်ရန် သီးခြားအိမ်ဘစ်လုံးကိုပင် စက်ဝင်းအတွင်းမှာ ဆောက်ပေး၏။

ကိုချစ်စံ၏ မိခင်အတွက်လည်း ပေါင်းတည်မြို့ ဘုရားကြီးလမ်း ရိုးကုမ္ပဏီရှေ့မှာ တိုက်ခန်းများကိုအပိုင်ပေး၍ ၎င်းမှရသည့်လခကို စားစေသည်။

ထို့ကြောင့် ကိုချစ်စံတို့ မိသားစုမှာ နေ့ချင်းညချင်းပင် ချောင်ချောင်လည်လည် ဖြစ်လာကြတော့သည်။ဖခင်မရှိခိုက် ဒုက္ခအသွယ်သွယ်ဖြင့် နေထိုင်ခဲ့ကြစဉ်က ကြွေးမြီများလည်း ကြေတော့၏။

သည်ကစပြီး ကိုချစ်စံ၏အလုပ်ကြိုးစားမှု၊တာဝန်ကျေပွန်မှု၊ သစ္စာရှိမှုတို့ကြောင့် ဘာရိဝ ါဂျာ ကုလားသူဌေး၏ လူယုံအဖြစ်သို့ပင် ခေါ်ရတော့မည်လောက် ဆန်စက်လုပ်ငန်းမှာ အရေးပါခဲ့လေသည်။



လွတ်လပ်ရေးရပြီ။

သည်အချိန်မှာ အက်စ်အေအမ်ဘီခေါ် ကောက်ပဲသီးနှံရုံးများလည်း ဖွင့်ပြီဖြစ်ရာ လူရည် လည်ပတ်လာပြီဖြစ်သော ကိုချစ်စံမှာ ကောက်ပဲသီးနှံရုံးနှင့် ဆက်သွယ်ပေါင်းသင်းပြီး စပါးပို့သည့်လုပ်ငန်းမှ ဆန်ပို့သည့် အလုပ်အထိ သူ့လက်သူ့ခြေ ဖြစ်လာခဲ့တော့၏။

ကောက်ပဲသီးနှံရုံး အမှုထမ်းများနှင့်လည်း ရင်းနှီး ကျွမ်းဝင်ခဲ့လေတော့၏။ ထိုမှတစ်ဆင့် သူနှင့် ကျွမ်းဝင်ခဲ့သူကား ကိုခင်မောင်ဦး။

(၁)

**ခင်မောင်ဦး....။**

သူက ပေါင်းတည်သားမဟုတ်။ နတ္တလင်းဇာတိဖြစ်ပြီး ပေါင်းတည်ကျောင်းမှာ လာနေသူ။ စစ်ပြီးခေတ်တွင် ကိုးတန်း အောင်ပြီး ကျောင်း ဆက် မ နေ နိုင် တော့ သဖြင့် ကောက်ပဲသီးနှံရောင်းဝယ်ရေးရုံးမှာ အလုပ်ဝင်လုပ်ရသည်။

စအလုပ်ဝင်တော့ တာလီကောက်စာရေး၊ လစာက ခုနစ်ဆယ့်ငါးကျပ်ပဲရသည်။ စပါးဒိုင်တွေမှာ စပါးဝယ်သည့်အခါ ဆန်ဝယ်ဒေတွေမှာ စပါးချသည့်အခါ တင်းကိုက်၊ တောင်းကိုက် ရေတွက်မှတ်သားရသည့် တာလီစာရေးလေး ဖြစ်၏။

ခင်မောင်ဦးမှာ ဖခင်မရှိသလို မိခင်လည်း မရှိတော့ဘဲ ညီအစ်ကို မောင်နှမများနှင့် နေခဲ့ရာမှ အသီးသီး အိမ်ထောင်ကျပြီး ခွဲသွားကြသဖြင့် သူတစ်ယောက်တည်း ကျန်ခဲ့ရာမှ ပေါင်းတည်မြို့မှ သူငယ်ချင်းတစ်ယောက်၏အိမ်တွင် နေစရာရခဲ့သည်။ နောက်တော့ ကောက်ပဲသီးနှံရုံးတွင် ဝင်ရောက်အလုပ်လုပ်ရင်း ကိုချစ်စံနှင့် စပါးအလုပ်၊ ဆန်အလုပ် ဆက်မိ



ကြရာမှ ကိုချစ်စံက ဆန်စက်တွင်းရှိ တန်းလျားတွင် အခန်းတစ်ခန်းပေးသဖြင့် ခင်မောင်ဦး နေရေးထိုင်ရေး အဆင်ပြေလာသည်။

နေတော့ ဆန်စက်ဝင်းမှာ။ စားတော့ ကြုံသလိုစားခဲ့ရာမှ ကိုချစ်စံ၏ လက်ကတုံးတောင်ဝေ့းပမာ ဖြစ်လာရပြန်လေသည်။

ကိုချစ်စံမှာ နတ္တလင်းမြို့၊ သာစည်တန်း ရပ်ကွက်ထဲမှ မြင့်မြင့်နှင့်အိမ်ထောင်ကျခဲ့ရာ ခင်မောင်ဦးမှာ နတ္တလင်းသားဖြစ်၍ မြင့်မြင့်နှင့်လည်း ပိုရင်းနှီးခဲ့လေသည်။

ခင်မောင်ဦးနှင့်ပတ်သက်ပြီး ကိုချစ်စံ၏စက်ထဲမှာ စမ်းစမ်းနှင့် ကိုချစ်စံသိရသလို ခင်မောင်ဦးနှင့် စမ်းစမ်းတို့လည်း ရင်းနှီးခင်မင်ခဲ့ကြခြင်း ဖြစ်၏။

ခင်မောင်ဦးမှာ ညီအစ်ကိုမောင်နှမတွေ ရှိသော်လည်း အိမ်ခွဲသွားကြပြီဖြစ်၍ တစ်ကောင်ကြွက် ခြေသလုံးအိမ်တိုင်ပမာ ဖြစ်နေရာမှ စမ်းစမ်းနှင့်တွေ့တော့ သူ့ဘဝမှာ တစ်မျိုးပြည့်လာသလို ဖြစ်လာရ၏။

စမ်းစမ်းမှာ ကိုချစ်စံတို့ဆန်စက်တွင် စပါးလောင်းသည့် အလုပ်သမ,ကလေး ဖြစ်သည်။ စမ်းစမ်းနှင့် ခင်မောင်ဦး ဆန်စက်ထဲမှာ တွေ့ကြရာက တစ်စထက်တစ်စ ရင်းနှီးမှုရခဲ့ကြခြင်း ဖြစ်သည်။

ထိုမှတစ်ဆင့် သူတို့နှစ်ယောက် ချစ်သူဘဝသို့ ပြောင်းလဲလာကြပြီ။

❋

## (၈)

**စမ်းစမ်း....။**

ပေါင်းတည်မြို့၏ အရှေ့ဘက် ကြို့ပင်သာရွာ ဇာတိ
ဖြစ်သည်။ အဖေအမေမှာ လယ်သမားဖြစ်ကြပြီး ရှေးခေတ်
က စုဆောင်းမိသဖြင့် အိမ်ပိုင် လှည်းပိုင်ကလေးများဖြင့် သ
တင့်စွာ နေနိုင်ခဲ့၏။

သို့သော် စစ်ကြီးပြီးစ အချိန် လွတ်လပ်ရေး အကြိုကာလ
တွင် ကြို့ပင်သာရွာတစ်ရွာလုံး ပြုတ်ပြုတ်ကုန်မတတ် မီ
ကြီး လောင်ကျွမ်းရာမှ အိမ်နှင့်ခန်းဝင်ပစ္စည်းများ မီးထဲပ
သွားခဲ့၏။ လက်ဝတ်လက်စားနှင့် ငွေတချို့ယူပြီး လူလွ
ရှန်းခဲ့ကြရသည်။

ဖခင်မှာ ထိုအိမ်နှင့် လှည်းနွားမှာ ပြန်ယူ မထူထောင်နိုင်
တော့ဘဲ ထိုစိတ်ဖြင့်ပင် မမာ၍ အိပ်ရာထဲလဲရာက ကွယ်လွ
ဆုံးပါးခဲ့ရ၏။



ရွာမှမြေကိုရောင်းပစ်ခဲ့ပြီးလျှင် မြို့ပေါ်သို့တက်လာကာ ပေါင်းတည်မြို့မြောက်ဗိုင်း မှတ်တိုင်လမ်းရှိ နွားပွဲနားတွင် အိမ်ငှားနေကြသည်။ ရွှေတို ငွေစကလေးများရှိသော်လည်း ရောင်းချပေါင်နှံ၍မစားရက်သဖြင့် မိခင်လုပ်သူက ရေမုန့် ထွက်ရောင်း၏။

ပြည်ခရိုင်တစ်ခုလုံးတွင် ပေါင်းတည်ရေမုန့်မှာ အလွန် နာမည်ကြီးလှသည်။ ထိုခေတ် ထိုအခါက မြန်မာပြည်ကို ခရိုင် များခွဲ၍ အုပ်ချုပ်လေရာ ပေါင်းတည်မြို့သည် ပြည်ခရိုင် အတွင်း ကျရောက်လေသည်။ နတ္တလင်းမြို့မှာမူ သာယာဝတီ ခရိုင်အတွင်း၌ ကျရောက်၏။

ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အား ဘိုးသာအောင် ကုန်းတံတားမှနေ၍နယ်နိမိတ်ခွဲခြား၍ပိုင်းထား၏။တံတား၏ သည်ဘက်အဆုံးအထိ ဘိုးသာအောင်ကုန်းရွာ၏ အနောက် ခြမ်း ချောင်းကမ်းပါးရွာသည် ပေါင်းတည် အပိုင်ဖြစ်ပြီး အရှေ့ပိုင်း ရှမ်းရွာမှာ နတ္တလင်းအပိုင်ဖြစ်လေသည်။

စမ်းစမ်း၏အမေက ရေမုန့်ကို ပေါင်းတည်မှတ်တိုင်လမ်း ဘူတာရုံနားရှိ မီးရထားသံလမ်းပိတ်သည့် တံခါးနားမှာ ဆိုင်ထွက်၍ရောင်းခြင်းဖြစ်သည်။ ဘုရားကြီးလမ်းအဆုံးနေရာ သံလမ်းထိပ်ဟုလည်း ခေါ်ကြ၏။

စမ်းစမ်းက အပျိုလေးဖြစ်စ အသက် ဆယ့်ခြောက်နှစ် ကျော် ဆယ့်ခုနစ်နှစ်အရွယ်ဖြစ်၍ အိမ်မှာပင်နေကာ ချက် ပြုတ် လျှော်ဖွပ်၍ အမေက ဈေးထွက်သည်နှင့် သားအမိ နှစ်ယောက် ဝမ်းရေးဖြေရှင်းနိုင်ကြသည်။

မီးရထားဂိတ်မှာ ရေမုန့်သည်တွေက သုံးလေးဦးမ
ရှိကြ၏။ မီးရထားလာချိန် နံနက်မှာ ရေမုန့်ကို ရထားစီးခ
သည်တို့ ဝယ်ကြသည်က အလုအယက်ပင်။ ထို့အပြ
ပေါင်းတည်ရေမုန့်နာမည်ကြီးသဖြင့် ကားကြုံများက တ
တကာ ဝင်ဝယ်ကြသည်။

ရေမုန့်မှာ နံနက်စျေးချိန်အပြင် ညစျေးလည်း ထွက်
သေးသောကြောင့် စမ်းစမ်း၏အမေမှာ အလုပ်က ပင်ပ
လာ၏။ ဆီညှော်ကလည်း ဝလာသဖြင့်တစ်ကြောင်း၊ အသ
ကလည်း ငါးဆယ်နားနီးလာသဖြင့် သွေးဆုံးပါကိုင်လေ
စျေးက ထွက်ရက်မမှန်တော့ပေ။

နောက်ဆုံး၌ ရေမုန့်ရောင်းသည့်အလုပ်ကို လုံးဝ လ
လွှတ်လိုက်ရပြီးလျှင် တရှောင်ရှောင်နှင့် လူမမာပုံပေါ
လာလေတော့သည်။

သည်တော့ အမေ့ကိုအိမ်မှာနေစေပြီး စမ်းစမ်းက အပြ
အလုပ်ထွက်ရှာရ၏။ စမ်းစမ်း အလုပ်ရှာစဉ်မှာပင် နေ့
စမ်းစမ်းတို့ဆိုင်မှာ ရေမုန့်ဝယ်စားနေကျ ကိုချစ်စံနှင့် စကာ
စပ်မိကြကာ ဆန်စက်မှာ စပါးလောင်းသည့်အလုပ် လုပ်ရ
အဆင်ပြေခဲ့တော့၏။

စပါးလောင်းရသည်က စက်နံဘေး၌ပုံထားသော စပ
ပုံကြီးထဲမှ စပါးများကို တင်းတောင်းဖြင့် သယ်ထမ်းလာ
ဆန်စက်အပေါ်ထပ်မှ စပါးကျင်းကြီးထဲသို့ သွန်ထည့်ရသ
အလုပ်ဖြစ်၏။



အပြင်ဘက်က အလုပ်ကြမ်းသမားလို မပင်ပန်း။ တစ်နေရာတည်း လုပ်ရခြင်းဖြစ်၏။ တစ်နေ့ တစ်နေ့ ငါးကျပ်ကျော်စီသည်။ ယင်းကာလက ငါးကျပ်ဆိုသည်မှာ ဝင်ငွေမသေး။ ရုံးတွေက အောက်တန်းစာရေးပင် တစ်ရာနှစ်ဆယ့်ခြောက်ကျပ်ဖြင့် မိန်းမယူနိုင်သည့်အချိန်။

စမ်းစမ်းမှာ နဂိုကတည်းကပင် ကြို့ပင်သာရွာမှာနေစဉ် ကောက်စိုက်၊ ကောက်ရိတ်၊ လယ်လုပ်ခဲ့သူ အလုပ်ကြမ်းသမကလေး ဖြစ်သောကြောင့် စပါးလောင်းသည့်အလုပ်လောက်တော့ အပျော့။

စမ်းစမ်းက တောသူပီပီ ကိုယ်ကာယမှာ ကျစ်လျစ်တောင့်တင်းသည်။ အသား မဖြူမညိုနှင့် မျက်နှာက ဝိုင်းမယောင်ရှိ၏။ အရပ်က သာမန် မိန်းမတွေထက် မြင့်သယောင်ရှိ၏။ ရုပ်ရည်ရူပကာက ချောမွေ့နူးညံ့သော်လည်း အလုပ်လုပ်ရမည်ဆိုလျှင်တော့ တကယ့် မိန်းမကြမ်းကြီးအသွင်ဆောင်လေသည်။

အလုပ်စဆင်းခါစမှာ စမ်းစမ်းအား စပါးလောင်းအလုပ်သမားများက အထူးအဆန်းသဖွယ်ကြည့်ကြ၏။ သူတို့အသိက်အဝန်းမှာ သည်ရုပ်ရည် သည်ပုံမျိုး မတွေ့စဖူး။

များသောအားဖြင့် ဆန်စက်များထဲတွင် စပါးလောင်းသည့် အလုပ်မှာ နေ့စားအလုပ်၊ လက်လီအလုပ်သာဖြစ်၏။ ဆန်စက်ကြီးတစ်ခု၏တည်နေပုံနှင့် အလုပ်သမားများ တာဝန်ထမ်းကြ လုပ်ကြရသည့် အစိတ်အပိုင်းများကို အကြမ်းဖျင်းလေ့လာကြည့်ကြမည်ဆိုပါလျှင်....

ဆန်စက်တစ်လုံးတည်ဖို့အတွက် ဦးစွာပထမ စက်ကိုယ် ထည်နှင့် စက်ရုံနေရာအတွက်ချည်း မြေဧကဝက်ခန့် လိုပေ သည်။

ရှေးကတည်ကြသော ဆန်စက်များမှာ ဂျာမန်လုပ်စက် အင်္ဂလန်စက် စသည့် စက်အမျိုးအစားများသာ ဖြစ်ကြ၏ ယင်းကာလက တို့နှစ်နိုင်ငံမှလွဲပြီး အခြား နိုင်ငံများနှ အင်္ဂလိပ်အစိုးရကုမ္ပဏီများက ဆက်သွယ်ပေးခြင်းမပြုသဖြ ဤနှစ်မျိုးသာ အသုံးများကြလေသည်။

ဆန်စက်တစ်လုံး၏ စက်မှုတည်နေပုံမှာ ပင်မသည့် စ လည်ပတ်နိုင်ရန် တွန်းအား လည်အားပေးရမည်။ ဘွိုင်လ အိုးက အဓိကဖြစ်၏။ ရေနွေးငွေ့ မီးရထားစက်ခေါင်း လည်ပတ်မှုအတိုင်း ပုံတူပင်ဖြစ်လေသည်။

ဘွိုင်လာအိုးကြီးထဲမှရေကို မီးထိုးပေးပြီးဆူပွက်စေရ ၎င်းအပူရှိန် တွန်းကန်အားကို အပိတ်အဖွင့်လုပ်ပြီး ၎ မောင်းတံကို လည်ပတ်စေရာမှ မောင်းတံမှတစ်ဆင့် ဝ တပ် ဘီးများ အဆင်သင့် ချည်ကြိုးများသွယ်တပ်ကာ စ ကြိတ်ဆုံများကို ပွတ်ကြိတ်စေသည်။

၎င်းမှ ဆန်ပြာဆန်ခါများ အထပ်ထပ်၊ ဖွဲ့နုစစ်သ ဆန်ခါ စသည်ဖြင့် စပါးကို ဆန်ဖြစ်လာသည့်အဆင့်အ ကြိတ်ခွဲပေးရလေသည်။

ထို့ကြောင့် စက်မှာ ဘွိုင်လာဆရာအကြီးအကဲရှိသ သူက လခစားသမား၊ ပြီးတော့ မီးထိုးသမား၊ စပါးခွဲ



ဖွဲ့များကို ဘွိုင်လာ၏ ထင်းမီးလောင်စာအဖြစ် အသုံးချကြ ရသည်။

ရေနွေးငွေ့ထုတ်ခြင်း၊ ရေထပ်ဖြည့်ခြင်း စသည်လုပ်သူက တစ်ယောက်။ ဆန်စက်ဘွိုင်လာတွင်းမှရေကို မကြာခဏ ထုတ်သွင်းလုပ်ပေးရသောကြောင့်ဆန်စက်ဝင်းများအတွင်း၌ ရေကန်များတူးထားကြသည်။ ရေကန်တူး၍ရသည့် မြေမှာ အုတ်ဖုတ်ပြီး စက်တည်ရာ၌ ပြန်အသုံးပြုကြရ၏။

စပါးကို ဆန်အဖြစ်သို့ ကြိတ်ခွဲရာ၌ ကြိတ်ဆုံမှထွက်လာ သော ဆန်စေ့နှင့် ကြိတ်အားလွန်ပြီး ကွဲထွက်သွားသော ဆန်ကွဲတို့ကိုစစ်သည့် ဆန်ခါနားမှာစောင့်ကြည့်ရသူရှိသည်။ စက်များ ချောမွတ်စေရန် ဆီထိုး ဆီလောင်းသူရှိ၏။

၎င်းအလုပ်သမားအားလုံးမှာ လခစားများဖြစ်ကြသည်။ စက်ဝင်းကြီးတစ်ခုလုံးကို လျှပ်စစ် အား ရ စေ ရန် လျှပ်စစ် မော်တာဖြင့် မီးထွန်းပေးရာ မီးဆရာရှိ၍ သူလည်း လခစား ဖြစ်သည်။

နေ့စား အလေ့ကျအလုပ်သမားများကား ဆန်အိတ် များ ချုပ်ပေးရသူများနှင့် စပါးလောင်းသူများသာ ဖြစ်ကြ သည်။

သည်အလုပ်သမားတွေကလည်း များ သော အားဖြင့် တော့ ဆန်စက် လခစားများ၏ သားသမီး ဆွေမျိုးနီးစပ် များသာ ဖြစ်ကြသည်။ တောရွာမှလူများက မြို့တက်လာပြီး ပါးသောင်းသည့်အလုပ်ကို တမင်တကာ လာမလုပ်ကြပါ။ တာမှာ ကိုယ့်အလုပ်နှင့်ကိုယ် ရှိကြပြီးသား။

သည်တော့ စက်ဝင်းထဲမှ လူများ၊ မိန်းမများ စပါး လောင်းသည် ဆိုရာ၌လည်း ကိုယ့်တန်းလျားက ထလာပြီး လုပ်ကြ ကိုင်ကြသဖြင့် အဝတ်အထည်ကအစ စုတ်ချာနွမ်း နေသည်မှာ အစဉ်အမြဲ။

အခု စမ်းစမ်းက အလုပ်ဆင်းလာတော့ ချေးထွက်လာ သည့် ချေးသည်လု သပ်သပ်ရပ်ရပ်ဖြီးလိမ်းလာသည်။ စပါး လောင်းတော့မည်ဆိုတော့ အကြမ်းထည်အဝတ်များ လဲလှယ် ပြီး အလုပ်ဝင်၏။

စပါးလောင်းသည့် အလုပ်က ချွေး လည်း ထွက် သ ဆို ဆန်ကွဲ၊ ဖွဲနု၊ ဖွဲပြာ၊ စပါးခွံစသည်တို့ လေ မှာ လွင့် ကာ တစ်ကိုယ်လုံး ပေရေသည်က နေ့စဉ်။ သို့သော် စမ်းစမ်းက အလုပ်ပြီးချိန်တွင် စက်ရေတွင်းမှာ ရေချိုး၍ အဝတ်လဲလှယ် ပြီးမှ အိမ်ပြန်လေ့ရှိ၏။ သည်တော့ စမ်းစမ်းမှာ အားလုံး အမျိုးသမီး အလုပ်သမားတွေထဲတွင် အထူးအဆန်းသဖွယ် ဖြစ်နေရလေသည်။

ကိုချစ်စံ ခေါ်လာပြီး အလုပ်ပေးသူ ဖြစ်သောကြောင့် လည်း အလုပ်သမားတွေက စမ်းစမ်းကို တလေးတစား ဆက်ဆံကြသည်။ ကိုချစ်စံက စက်မှာ သူ့လက်သူ့ခြေ မန်နေဂျာကြီး မဟုတ်လား။

ကြာတော့ ကိုချစ်စံ၏ဇနီး မြင့်မြင့်နှင့်လည်း ခင်မင်ကာ အိမ်ကို ဝင်ထွက်သွားလာကြရာမှ စမ်းစမ်း ရေမိုးချိုးအဝတ် လဲလှယ်ရာ နေရာသည် ကိုချစ်စံ၏အိမ်ပင် ဖြစ်လာရတော့ သည်။



စမ်းစမ်းက နံနက်ခြောက်နာရီ အလုပ်ဆင်းလာသည် တွင် အိမ်မှ ထမင်းချိုင့်ကလေး ဆွဲလာ၏။ အလုပ်နား၍ ထမင်းစားကြပြီဆိုတော့ သူ့ချိုင့်ကလေးနှင့် ကိုချစ်စံအိမ်မှာ ား၏။ တဖြည်းဖြည်းနှင့် ကိုချစ်စံ၏ဇနီးကလည်း သဘော ကောင်းပြီးလျှင် စမ်းစမ်းကလည်း ကလေးကအစ ကူထိန်း ပေးသောကြောင့် မြင့်မြင့်က အိမ်ချက်ဟင်းများပင် ကျွေး ာ စမ်းစမ်းမှာ ကိုချစ်စံ၏အိမ်၌ နံနက်စာ ပေါင်းစား သည့် အလေ့ဖြစ်လာရတော့သည်။

မြင့်မြင့်အဖို့လည်း ကလေးနှစ်ယောက်နှင့် မီးဖိုချောင် င်နေရာက စမ်းစမ်းက ကူညီလုပ်ပေးသဖြင့် အဖော် တစ် ယောက် ရသလို ဖြစ်လာရ၏။

သည့်နောက် စမ်းစမ်းနှင့် ခင်မောင်ဦးတို့ ဆက်သွယ်မိ လာကြပုံကား....

စက်ဝင်းထဲမှ အလုပ်သမားတန်းလျား အိမ်ခန်းတွင် ကိုချစ်စံ နေရာပေးထားသဖြင့် ခင်မောင်ဦး လာရောက်နေ ထိုင်ရာက ကိုချစ်စံတို့အိမ်မှာ ထမင်းလခပေး၍ စားသည့် အဆင့် ရောက်လာလေတော့သည်။

တကယ်တော့ ထမင်းလခပေး၍ စားသည်ဆိုခြင်းမှာ အပြင်ကလူတွေအမြင်တွင် ကြည့်ကောင်းအောင် ကိုချစ်စံက လုပ်ပြထားခြင်းသာ ဖြစ်၏။တစ်လမှ အစိတ်ယူသော ပိုက်ဆံ ာ စတိသဘောမျှသာ။

ကိုချစ်စံက အလုပ်နှင့်ပတ်သက်လာလျှင် စီးပွားရေး
လာဘ်မြင်သူဖြစ်သည်။ ခင်မောင်ဦးက ကောက်ပဲသီးနှံရုံးမှ
တာလီစာရေးဆိုတော့ ဘမင် ပေါင်းလိုက်ခြင်းပင်။

ဆန်စက်သမားနှင့် ကောက် သီးနှံ ဆိုသည်ကလည်း
ကင်းကွာ၍ မရစကောင်း။ အလုပ်ချင်း တိုက်ရိုက်ဆက်သွယ်
မှု အစဉ်ရှိနေရသည်၊ ဆန်ဝန်ထောက်ကြီးကအစ ဆန်ဝန်
ထောက်အငယ်၊ ဆန်ဝန်ထောက်ကလေး၊ ဆန်အင်စပက်
တော်၊ ဆန်ရုံးစာရေးကြီး၊ ငွေကိုင်စသည်ဖြင့် တစ်ရုံးလုံးကို
ပေါင်းသင်းထားရသည်ကလည်း ဆန် စက် ပိုင် ရှင် တို့၏
အလုပ်တစ်ခုပင်။

ထို့ကြောင့် ဆန်စက်ပိုင်ရှင် ဘာဘူတွေ၏ ကိုယ်စား
လှယ်ဖြစ်သူ ကိုချစ်စံက ဆန်ရုံးအမှုထမ်းဖြစ်သူ ခင်မောင်ဦး
ကို အသာလေး သူ့အိတ်ထဲသို့ ဖမ်းထည့်ထားလိုက်ခြင်းပါ။

ကိုချစ်စံက စပါးအပိုတွက်ကအစ ဖွဲ့နုရောင်းသည့်ငွေက
အဆုံး သူ့အိတ်ထဲသို့ အလိုလိုဝင်သည်။ ရှေးခေတ်က
ဆန်စက်ပိုင်ရှင်များသည် စပါးကို ချစ်တီးများနှင့် စာချုပ်
ဝယ်ပြီး ဆန်အဖြစ်ကြိတ်ကာ အိန္ဒိယပြည်၊ အ ရှေ့ အာရှ
တိုင်းပြည်များသို့ ကိုယ်စားလှယ်ကုမ္ပဏီများမှတစ်ဆင့် တင်
ပို့ကြ၏။ ထို့ကြောင့် ဆန်အသားတင်ရလျှင်ပြီးရော ဆန်
စက်မှ အလေအလွင့်ပစ္စည်းများကို သူတို့ခိုင်းစေထားသည့်
သူများကြိုက်ရာ လုပ်ခွင့်ပေးထား၏။

ကောက်ပဲသီးနှံ ရောင်းဝယ်ရေး ခေတ်ရောက်လာတော့
ဖွဲ့နုက ဈေးကောင်းလာသည်။ ယခင်က ဆန်စက်တိုင်းမှာ



စပါးခွံ ဖွဲ့ခွံပဲ ကျုံးကျုံး အလကားပဲတင်း ကျုံး၍ရ၏။
နောက်တော့ ဖွဲ့နုက ဆီကြိတ်ရသည်။ မုန့်လုပ်ရသည့် ကုန်
ကြမ်းဖြစ်လာတော့ ဖွဲ့နုအလကားကျုံး၍ မရတော့ပေ။ ဖွဲ့နု
ရောင်းစားလာသည်။ ယင်းရောင်းရငွေက ကိုချစ်စံ၏အိတ်
ထဲသို့ ဝင်သည်ဆိုရာ၌ ကိုချစ်စံကမယူဘဲ ခင်မောင်ဦးအား
တစ်ဖက်လှည့်ဖြင့်ပေး၏။

ခင်မောင်ဦးအား သည့်အပြင် တခြားစပါးကိစ္စနှင့်ပတ်
သက်၍လည်း ကိုချစ်စံက စားပေါက်တွေ ဖွင့်ပေးထားပြီး
ပိုင်အောင် ပေါင်းထားသေး၏။

ထို့ကြောင့် ကိုချစ်စံ စက်မှကြိတ်ပြီးဆန်များ မီးရထား
တွဲတင်ပြီးသည်နှင့် ငွေစာရင်းရှင်းပြီး ချက်လက်မှတ်ရပြီး
ဖြစ်တတ်၏။ တင်လနေနေ တစ်လဆန်းဆန်း ငွေစောင့်ရ
ခြင်းမျိုးမရှိ။

သည်လိုဖြင့် ခင်မောင်ဦးတစ်ယောက်မှာ ကိုချစ်စံ၏
တပည့် လူယုံ အတွင်းလူပမာ ဖြစ်လာခဲ့သလို တစ်ဖက်မှ
စမ်းစမ်းမှာလည်း ကိုချစ်စံ၊ မြင့်မြင့်တို့လင်မယားနှင့် ကျေး
ဇူးက မကင်းရာ မကင်းကြောင်းရှိလာလေသည်။ အကြောင်း
မှာ....

ပေါင်းတည်ဈေးထဲတွင် အထည်ဆိုင် ဖွင့်ထားသော
မအေးမှာ ကိုချစ်စံ၏ နှမတစ်ဝမ်းကွဲတော်၍ အမျိုးကြီးဖြစ်
၏။ မအေးက ရန်ကုန်-ပြည်—တောင်တွင်းကြီး စသည်ဖြင့်
အထည်ကုန်ကူးသွားရာ၌ ပေါင်းတည်ဈေးထဲကဆိုင်မှာ လူ
မကျန်ရစ်၍ မကြာခဏ ဆိုင်ပိတ်သွားရ၏။ သည်တော့

ဆိုင်မှာ ကိုယ်ခွဲတစ်ယောက် စိတ်ချလက်ချ ထားရမည့်သူ လိုသည်။

ကိုချစ်စံက စမ်းစမ်းအား အဆိုပါဆိုင်တွင် အလုပ်သွင်းပေးချင်၏။ စမ်းစမ်းကလည်း ဈေးရောင်းရလျှင် လစားပဲ လုပ်ရစေဦး ခုအလုပ်ထက်တော့ သက်သာမည်ဟု သဘောပေါက်၍ အထည်ကူရောင်းသည့် အလုပ်ကို သဘောကျနေ၏။

သည်ကြားထဲမှာ လူငယ်တို့ဘာဝ ခင်မောင်ဦးနှင့် စမ်းစမ်းတို့ကို ကြိုးချင်းထား၍ ငြိခဲ့ကြသည်။ မငြိလျှင်လည်း ဘယ်နေနိုင်မှာပါ။

ခင်မောင်ဦးက စပါးဒိုင်က ပြန်လာချိန်မှာ ထမင်းစားမည်ဆိုတော့ စမ်းစမ်းကပဲ ထ ခူးခပ်ပေးရသည်။ မြင့်မြင့် လုပ်ရမည့် အလုပ်တွေအားလုံး စမ်းစမ်းက ဝင်လုပ်ပေးရင်းကြာတော့ ရင်းနှီးခဲ့ကြခြင်းပင်။

တစ်ခါ စမ်းစမ်းအားမည့် အချိန်မှာ မြင့်မြင့် အဝတ်တွေလျှော်ပေးရင်း ကိုချစ်စံအဝတ်ပါ လျှော်ရ၏။ ခင်မောင်ဦး အဝတ်တွေလည်း အမြင်မတော်တော့ ယူပြီး လျှော်ပေးလိုက်ရသည်။

ကိုချစ်စံက သည်ဆင်လုံးကို တမင်တကာထွင်ခြင်း ဖြစ်၏။ ခင်မောင်ဦးက ရှေ့မှာ ရာထူးတိုးဖို့ရှိသည်။

ခင်မောင်ဦး ရာထူးတိုးလျှင် တာလီစာရေးအဖြစ်မှ ဆန်အကဲဖြတ်စာရေး၊ စပါးဒိုင်စာရေးအဖြစ်နှင့် အလုပ်အရှိန်အဝါ သူ့နေရာနှင့်သူ ရလာမည်။



သည်လိုငနဲမျိုးကို ချစ်စံက အိတ်ထဲပိုထည့်ထားပြီး သူ့
း‌ပွားရေးအတွက် အသုံးချဖို့ ချည်တိုင်လို၏။ ယင်းချည်
ိုင်ကား ခင်မောင်ဦးကို စမ်းစမ်းနှင့်ဖမ်း၍ တုပ်နှောင်ထား
ခြင်းပင်တည်း။

ခင်မောင်ဦးက ရိုးသားဖြောင့်မတ်သလို စမ်းစမ်းက
လည်း တည်ကြည်သူဖြစ်သောကြောင့် တစ်ယောက်နှင့်တစ်
ယောက် အသွင်တူကြသဖြင့် ခင်မင်ရင်းနှီးမှု ပိုခဲ့ကြ၏။

ပေါင်းတည်စွယ်တော်ပွဲကြီးအပြင် ရွှေနတ်တောင်ဘုရား
ွဲ စသည်သို့ပင် ခင်မောင်ဦးက စမ်းစမ်းကို လိုက်ပို့သည်။
ကိုချစ်စံမိန်းမ မြင့်မြင့်က ဦးဆောင်ပြီး အခြွေအရံတွေနှင့်
သွားလေတော့ စမ်းစမ်းမှာ ပါရစမြဲ။

စမ်းစမ်းကလည်း ဈေးထဲမှာ လခစား ဈေးရောင်းသည့်
အလုပ်ရဖို့ မျှော်လင့်တကြီးဖြင့် ကိုချစ်စံမိသားစု၏ အန္တ
ေတာကို ခံရခြင်း ဖြစ်ပြန်၏။ ဈေးရောင်းသည့်အလုပ်က
ပြောထားသည်ဟုသာဆို၍ အကောင်အထည်တော့ မပေါ်
သေးပေ။

သည်လိုနှင့် တစ်ခွန်းစနှစ်ခွန်းစဖြင့်လည်းကောင်း၊ ကြား
က ဟိုပြော သည်ကနှောက်ဖြင့်လည်းကောင်း ခင်မောင်ဦး
နှင့် စမ်းစမ်းတို့မှာ ကြာသော် လူပ်ပါများတော့ နှဲ့လာကြ
လသည်။

ခင်မောင်ဦးက စမ်းစမ်း၏ ရိုးသားပုံနှင့် အလုပ်လုပ်ပုံကို
သဘောကျသလို စမ်းစမ်းကလည်း ခင်မောင်ဦး၏ တည်
ကြည်ပုံ သစ္စာရှိပုံကို သဘောကျခြင်း ဖြစ်သည်။

ခင်မောင်ဦးနှင့် စမ်းစမ်းတို့ တစ်ယောက်ကိုတစ်ယောက် ဖွင့်ဟပြောကြပြီးနောက် ဆွေးနွေးမှုများ ရရှိကြပြီး သည်တွင် ခင်မောင်ဦးကလည်း သူတို့နှစ်ယောက်၏ ဘဝရှေ့ရေး အတွက် လျာယားချက်များ ရှိလေသည်။

စမ်းစမ်းကလည်း အမေလူမမာကို အိမ်ဦးခန်းထားပြီး တရိုတသေ လုပ်ကျွေးမည့် လင်ကောင်းသားကောင်းရမည်ဆိုတော့ ရှေ့ရေးကိုမျှော်၍ ပီတိဖြစ်ရ၏။

သူတို့နှစ်ယောက်ကြားမှာ ဗျာများနေရသူကတော့ ချိုကြီး။

(ဃ)

ချိုကြီး....

သူ့အမည်အရင်းက မောင်အေးချိုဖြစ်၏။ သို့သော် အားလုံးက နာမည်အဖျားဆွတ်ခေါ်သဖြင့် ချိုကြီးဟုပင် အမည်သညာ တွင်နေလေသည်။

ချိုကြီးသည် ပေါင်းတည်ဇာတိ မဟုတ်ချေ။ သူဘယ်မှာမွေးပြီး သူ့အဖေ ဘယ်သူဆိုသည်ကိုပင် သူမသိ။ အလားတူ သူ့အမေကိုလည်း မသိချေ။ သူ လူမှန်းသိလာတော့ မျက်နှာဖြူဘိုး တစ်ယောက်၏အိမ်မှ တန်းလျားမှာ နေရသည့်အဖြစ်ကိုသာ သိ၏။

သူနေသည့် တန်းလျားမှာ မျက်နှာဖြူ ကားဒရိုင်ဘာကြီး ဦးမြမောင်၊ ဒေါ်ညွန့်တို့ ဂင်မယား နေကြ၏။ ဒေါ်ညွန့်မှာ မြန်မာဖြစ်ပြီး ဦးမြမောင်မှာ ကပြား၊ နာမည်ရင်းက ကိုဆာမီ ဖြစ်သည်။ ကိုဆာမီ၏ဆရာ မျက်နှာဖြူဘိုးက ရွှေးခေတ်

က မြန်မာပြည်သို့ မော်တော်ကားများ ကိုယ်စားလှယ်ယူ၍
တင်သွင်းသော ဝပ်ဆင်ကုမ္ပဏီမှဖြစ်သည်။

ရွှေတောင်ကြားလမ်းတွင် ဝင်းခြံနှင့် အိမ်နှင့် ငှားနေပြီး
သူ့မော်တော်ကားကို ဦးမြမောင်(ခေါ်)ကိုဆာမိက မောင်း
ရ၏။

ကိုဆာမိကပင် တခြား မိန်းမတစ်ယောက်နှင့် ဖြစ်ခဲ့၍
ကလေးရပြီး၊ ယင်းကလေးမှာ ချိုကြီးဖြစ်၍ ခေါ်မွေးသလို
လို တချို့ကပြော၏။ တချို့ကတော့လည်း ဒေါ်ညွှန့်ကပင်
တခြားယောကျ်ားတစ်ယောက်နှင့်ဖြစ်၍ ကလေးရခဲ့ရာမှ ၎င်း
ကလေးမှာ ချိုကြီးဖြစ်ပြီး သားမွေးစားသလို ခေါ်မွေးထား
သည်ဟု တချို့က ဆိုကြပြန်သည်။

သို့သော် ချိုကြီးကတော့ လူမျိုးခြားနှင့် ဆင်ဆင်မျှမတူ၍
ကိုဆာမိသားတော့ မဟုတ်တန်ရာချေ။ ဒေါ်ညွှန့်ကလည်း
ဣန္ဒြေသိက္ခာရှိသူဖြစ်၍ ဒေါ်ညွှန့်၏ အဆိုအရမူ သူတို့ လင်
မယား မုံရွာမြို့တွင် မျက်နှာဖြူအရေးပိုင်ထံ ကားမောင်း
ရာမှ အတူနေ မိတ်ဆွေတစ်ဦး၏ ကလေးဖြစ်သူ ချိုကြီးမှာ
မိဘနှစ်ပါး ကွယ်လွန်၍ ကျန်နေရစ်ခဲ့ရာမှာ ၎င်းတို့က
ကောက်ယူမွေးစားခဲ့သည်ဟု ဆိုလေသည်။

အခိုင်အမာ သက်သေ သက္ကာယတော့ မရှိ။ ဘာပဲဖြစ်ဖြစ်
ချိုကြီးသည် ကိုဆာမိနှင့် ဒေါ်ညွှန့်တို့၏ သားအဖြစ်နှင့်
တော့ ရပ်တည်နေလေသည်။ သူ့အဖေ အမေရင်း မရှိတော့
မှန်း သိ၍လည်း သည်မွေးစားအဖေနှင့်အမေတို့ကိုပင် မိရင်း
ဖရင်းသဖွယ် ချိုကြီး သံယောဇဉ်တွယ်ခဲ့လေ၏။



အင်္ဂလိပ်ခေတ်က မျက်နှာဖြူများ ကြီးစိုးကောင်းစားစဉ်
ဖြစ်၍ ကိုဆာမိမှာ မျက်နှာဖြူ ကားဒရိုင်ဘာပီပီ လခနှင့်
ကောင်းစွာ နေထိုင်နိုင်သောကြောင့် ချိုကြီးအား ကျောင်း
ကောင်းကောင်းထားသော်လည်း ချိုကြီးက ကျောင်းမှန်မှန်
မတက်။ ထို့ကြောင့် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်တော့ ချိုကြီး
အသက် ဆယ့်သုံးနှစ်သားမှာ သုံးတန်းပဲတတ်သေးသည်။

သို့သော် သူ့မွေးစားဖခင် ကိုဆာမိနှင့် မျက်နှာဖြူတို
တို့ အင်္ဂလိပ်လို ပြောကြဆိုကြသည်မှာ နားယဉ်နေသော
ကြောင့် ချိုကြီးမှာ အင်္ဂလိပ်စာကို ချောအောင် မရေးတတ်
သော်လည်း ပါးစပ်ကတော့ ရွှတ်တတ် ရောတတ် နေလေ
သည်။

ချိုကြီးက ကောင်းကောင်းမသင်သည်ကိုလည်း ကိုဆာမိ
တို့က ဂရုပြုမကြည့်နိုင်။ သို့သော် ချိုကြီးမှာ အရွယ်လေးရ
လာတော့ ကျောင်းပြေးပြီး အပေါင်းအသင်းတွေနှင့်သာ
အချိန်ကုန်နေလေ၏။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ အင်္ဂလိပ်တွေ သေပြေး
ရှင်ပြေး ပြေးကြရလေရာ ကုမ္ပဏီမှ အင်္ဂလိပ်မျက်နှာဖြူတွေ
လည်း ပြေးကြရတော့သည်။ ဦးမြမောင်၏ ဘိုက ပြေးခါနီး
တွင် ငွေကြေးအချို့ သုံးဖို့ပေးခဲ့ပြီး အူယားဖားယား လစ်ရ
သောကြောင့် အိမ်ကြီးပေါ်မှာ ပစ္စည်းတွေကျန်ခဲ့ရာ ယိုပစ္စည်း
များထဲမှ ကောင်းနိုးရာရာ သယ်နိုင်သမျှ အသုံးအဆောင်တွေ
ကို ဦးမြမောင်တို့လင်မယားက သယ်ခဲ့ကြ၏။

ရန်ကုန်မြို့သူ မြို့သားများ လေးဆယ့်ရှစ်နာရီ အတွင်း
ရန်ကုန်မြို့တွင်းမှ ထွက်ပေးရမည်ဟု အင်္ဂလိပ်အစိုးရကအမိန့်
ထုတ်လိုက်သည်နှင့် ရန်ကုန်မြို့မှလူတွေ ပြေးကြရတော့သည်။

တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဟူသကဲ့
သို့ မသမာသူများက ပိုင်ရှင် ပစ်ပြေးသွားသော အိမ်တွေကို
ဝင်၍ဖောက်ပြီး တွေ့သမျှ သယ်နိုင်သမျှ သယ်ကြယူကြလေ
တော့၏။

ကိုဆာမိနှင့် ဒေါ်ညွန့်တို့မှာ ချိုကြီးကိုဆွဲ၍ ရသမျှဖြင့်
ပြေးခဲ့ကြရာ ပေါင်းတည်မြို့သို့ စစ်ပြေးဘဝဖြင့်ရောက်ရှိလာ
ကြလေသည်။ ဒေါ်ညွန့်မှာ ပေါင်းတည်အဆက်အနွယ်ဖြစ်၍
ဆယ့်ရှစ်လမ်းရှိ ကြူတောကုန်း သင်္ချိုင်းသို့သွား အထွက်
ဘက်မှ ဆေးရုံလမ်းကြီးနှင့် နောက်ကျောချင်း ကပ်လျက်ရှိ
သော 'ဓာတ်တော်ကျောင်း' ခေါ် ဘုန်းကြီးကျောင်းသို့
ရောက်ခဲ့ကြသည်။

ဓာတ်တော်ကျောင်းမှာ ကျောင်းအို ကျောင်းပျက်ကြီးဖြစ်
၍ ဆရာတော်များအဆက်ဆက် ကျောင်းထိုင်ခဲ့ကြရာမှ ယခု
နောက်ဆုံး ကျောင်းထိုင်ဆရာတော်ကြီးမှာ ဘွဲ့အမည်တော်
ဦးလောကနာထ ဖြစ်သော်လည်း လူနာမည်တုန်းက ဦးလှ
ကြီး ဟူသည့် အမည်ကို အစွဲပြုကြပြီး ဦးပဥ္ဇင်းမောင်လှကြီး
ကျောင်းဟု တွင်နေလေသည်။

ဓာတ်တော်ကျောင်းတွင်စစ်ပြေးခိုလှုံရင်းပင် ဦးဆာမိတို့
လင်မယားတို့မှာ ပါလာသမျှ အထုပ်ကလေးဖြေ၍ စားကြရ
လေသည်။



ပေါင်းတည်မှာ စစ်လမ်း နှစ်ကြိမ် ဖြတ်သန်းခြင်းခံရလေ
သည်။ အင်္ဂလိပ်ပြေးရာ၌တစ်ကြိမ်၊ ဂျပန်ပြေးရာ၌ တစ်ကြိမ်
ဖြစ်၏။ နှစ်ကြိမ်စလုံးပင် မြို့သူမြို့သားများမှာ မြို့မှရှောင်၍
ကျေးလက်တောရွာများသို့ ပြေးကြရ၏။ ဦးဆာမိတို့ လင်
ယားကတော့ ဓာတ်တော်ကျောင်းမှာပင် ခိုအောင်းနေခဲ့
သည်။

ဂျပန် တစ်ခေတ်လုံး စာသင်ကျောင်းများကလည်း နေ့
စဉ်ဝက်သာဖွင့်လေရာ လေယာဉ်ပျံလာလျှင်ပုန်းရ၍ ချိုကြီး
ကျောင်းမနေဖြစ်။ လူငယ် လူရွယ်တို့ဘာဝ မြို့ရောက်တော့
ည်း အပေါင်းအသင်းတွေ အသစ်တိုးလာကာ လည်ပတ်
ွားလာ၍ အချိန်ကုန်ခဲ့လေသည်။

ခုတော့ ကျောင်းမနေသဖြင့် ချိုကြီး၏အပေါင်းအသင်း
ားကလည်း ကျောင်းမနေကြသူများ၊ လက်လုပ်လက်စား
မားများ ဖြစ်ကြသည်။

သည်ခတော့ ပညာရေးဘက်မှာ ချိုကြီး လုံးဝ စိတ်မဝင်
ားတော့။ ပညာသင်ကြားဖို့ တစ်ကဏ္ဍရပ်သွားလေပြီ။

ဂျပန်ပြေးပြီး အင်္ဂလိပ်တွေပြန်၍ဝင်လာသည်။ တချို့
ပြေးတွေ ရန်ကုန်သို့ပြန်ကြ၏။ ဦးဆာမိတို့ မပြန်နိုင်
တာ့။ သူက ဂျပန်တစ်ခေတ်လုံး အရက်သောက်ပြီး ဆိုက်
ား နင်းခဲ့ရာက တစ်နေ့မှာ အင်္ဂလိပ်စစ်ဗိုလ်တွေမောင်း
ာသည့် ဂျစ်ကားလေးနှင့် ဆိုက်ကားတိုက်မိပြီး ပေါင်း
ည်မြို့ အထွက် ရန်ကုန်ပြည်လမ်းပေါ်ရှိ ဆောင်ခြံနှင့်
ခန်းရှေ့မှ မြောင်းထဲသို့ ထိုးကျသွားခဲ့၏။ အင်္ဂလိပ်

စစ်ဗိုလ်တွေက ဦးဆာမိကို ဆေးရုံသို့ ပို့ကြသော်လည်
ဆေးရုံရောက်တော့ နာရီပိုင်းသာခံလေသည်။

ဆရာဝန်က ခွဲစိတ်ကြည့်ရာ နံရိုးသုံးချောင်းကျိုးပြီး နံရိ
များက အသည်းနှင့် အဆုတ်တို့ကို ထိုးဖောက်သွားသည်
တွေ့ရ၏။

အင်္ဂလိပ်စစ်ဗိုလ်တွေက လျော်ကြေးအဖြစ် ငွေနှစ်ရာပေ
ခဲ့သည်။ အင်္ဂလိပ်တက်ခါစ ကာကစဘီခေတ်က ငွေနှစ်
သည် တန်ဖိုးရှိပါဘိခြင်း။ ဂျစ်ကားတစ်စီး ငါးရာခေတ်
ရွှေတစ်ကျပ်သား ခြောက်ဆယ်စျေးဆိုတော့ ယင်း
နှစ်ရာသည် ရင်းနှီးစားသောက်ရန် တောင့်တင်းသည်
ဆိုရမည်။

ဦးဆာမိမရှိတော့သည့်နောက်မှာ ဒေါ်ညွှန့်ကို လုပ်ကျွေ
ဖို့ ချိုကြီးတာဝန်ဖြစ်လာ၏။ အသက်ကလည်း ဆယ့်ရှစ်နှစ်
လာပြီဆိုတော့ လူပျိုဖားဖားဖြစ်လာပြီ။

ဦးဆာမိ လက်ကျန်ဆိုက်ကားကိုပြုပြင်ပြီး ချိုကြီး ဆို
ကားနင်းရတော့၏။ ပေါင်းတည်မြို့မှာ လူငယ်တို့လုပ်အ
ဖြင့် လုပ်စားနိုင်သောအလုပ်များကား ဆိုက်ကားနင်း၊ မြ
လှည်းမောင်း အလုပ်အပြင် ရေစည် ရေလှည်းတိုက်သ
အလုပ်လည်း ရှိသေး၏။

မြေလတ် မကျတကျ ကုန်းတွင်းပိုင်းရောက်သည့်မြို့ ဖြ
သောကြောင့် မြစ်များနှင့် အလှမ်းဝေးသလို နီးကပ်သေ
ချောင်းမြောင်းများကလည်း မိုးအခါ၌ရေစီးသန်သလော
နွေရာသီတွင် လုံးဝခြောက်သွေ့ပြီး သဲအတိ သောင်အ



ပြီး၏။ ရေတွင်းတွေမှာလည်း ရေခန်းကာ အောက်ခြေသဲနှင့်
မြေကွင်းပေါ်လာသည်။

ရေရှားပြီဆိုတော့ ရေကန်တွေမှ ရေကို ရေစည်တွန်း
လှည်း၊ နွားလှည်းများဖြင့် သယ်ယူ၍ အိမ်များသို့လှည့်ပြီး
ရောင်းရသည့်အလုပ်မှာ ဝင်ငွေတစ်မျိုးရပြန်၏။

ချိုကြီးက မြို့ကလာသည့်ကောင်ဖြစ်၍ ရေစည်နွားလှည်း
လုပ်ရန်က နွားမကိုင်တတ်၍မဖြစ်။ လက်တွန်းလှည်းတွန်းဖို့
ကလည်း အားကောင်းမောင်းသန်မလုပ်တတ်။ သည်တော့
စက်ဘီးစီးသလို လွယ်လွယ်လုပ်ရသည့် ဆိုက်ကားကိုပင် နင်း
လေတော့သည်။

ဓာတ်တော်ကျောင်းမှာပင် ဆက်၍နေထိုင်ကြကာ ချိုကြီး
က ဆိုက်ကားနင်းပြီး မွေးစားအမေ ဒေါ်ညွှန့်ကို ကျွေးမွေးရ
သည့်အလှည့် ရောက်လာလေ၏။

ဆိုက်ကားက ပေါင်းတည်မြို့တွင်းမှ လမ်းတိုတွေမှာဆွဲရ
သည်။ အလွန်ဆုံး ခရီးအဝေးဆုံးမှာ ပေါင်းတည်မြို့၏
အရှေ့ဘက်အထွက်ဆိုလျှင်နတ္တလင်းမြို့အထိ တချို့ဆွဲကြ၏။
အနောက်ဘက်ဆိုလျှင် နတ်ပုတီးအထိ ဆွဲသည်။ တောင်ပိုင်း
မှာ သိမ်ကြီးရပ်၊ မြောက်ပိုင်းမှာ မှတ်တိုင်လမ်းမှ လမ်းသစ်
တန်းအတွင်း လမ်းအဆုံးထိသာ။

မြင်းလှည်းကတော့ အရှေ့ဘက်မှာ နတ္တလင်းမြို့အထိ၊
အနောက်ဘက်မှာ ချားယားကုန်းအထိ၊ တောင်ဘက်မှာ
သဖန်းကုန်းရွာအထိနှင့် မြောက်ဘက်တွင် မှတ်တိုင်ရွာအထိ
ဖြစ်သည်။

ဆိုက်ကားဂိတ်တွေကလည်း ဘုရားကြီးလမ်းဂိတ်၊ ရန်ကုန်
ပြည်ကားဂိတ်၊ ဈေးနားမှ ငါးလမ်းဂိတ်၊ ရှစ်လမ်းဂိတ်
ရုပ်ရှင်ရုံဂိတ် စသည့်အပြင် ဘူတာရုံဂိတ်ရှိ၏။ ဘူတာရုံဂိတ်
မှာ ချိုကြီး ဆိုက်ကားဂိတ်ထိုး၏။ ဘူတာရုံဂိတ်သည် ကိုချစ်
တို့ ဆန်စက်နှင့်နီးသောကြောင့် ဆန်စက်ကလူတွေနှင့် ယင်း
ဂိတ်က ဆိုက်ကားတွေ အလုပ်သဘောဆက်သွယ်ကြရာက
ချိုကြီးနှင့် ကိုချစ်စံ သိကျွမ်းခဲ့ကြရခြင်းဖြစ်လေသည်။

ချိုကြီးက အရွယ်ရောက်လာချိန်မှာ အလုပ်ကလည်း
ဆိုက်ကားနင်းရသည့်အလုပ်ဆိုတော့ ငွေလွယ်လွယ်ရသည်
ထင်ပြီး လွယ်လွယ် သုံးတတ်လာ၏။ ဒေါ်ညွန့်က အိုပြီ
ဦးဆာမိကလည်း မရှိတော့၍ ချိုကြီးကို ဆူမည့် ပူမည့်သူမရှိ
တော့ပြီ။

သည်တော့ ချိုကြီး အပေါင်းအသင်းစုံရာက အရက်
သောက်တတ်လာ၏။ အရက်မူးလာတော့ သွေးဆိုးလာ၏
ဟိုလူနှင့်ရန်ဖြစ် သည်လူနှင့် ရန်ဖြစ် စသည်ဖြင့် ချိုကြီး၏
သတင်းမွှေးလာ၏။

ဆတ်ဆတ်ထိ မခံတတ်သော သူ့စိတ်သဘောကြောင့်
အပေါင်းအသင်းတွေက ကြည့်ပေါင်းရသည်၊ ပင်ရင်း စိတ်
သဘောကောင်းသော်လည်း အရက်ကလေးဝင်လာလျှင် လူ
စိတ်ပျောက်တတ်သည့် သဘော။

သူက ရန်ကုန်မြို့ကြီးကလာသည့်အကောင်။ အင်္ဂလိပ်
ကားလည်း မတောက်တခေါက်တတ်လေတော့ နယ်က



ပေါင်းအသင်း ဆိုက်ကားသမားအချင်းချင်းလည်း သူက
သည်ဟု အမြဲအထင်ရှိနေသူ။
ငယ်စဉ်ကတည်းက မိဘအရင်းအချာအစစ်နှင့် မနေခဲ့ရ
ဖြင့် အထိန်းအကွပ်ဆိုဆုံးမမှုနည်းပါးခဲ့သဖြင့် ချိုကြီးမှာ
လာလျှင် စိတ်လွတ်ကိုယ်လွတ်လုပ်တတ်၏။

ဆိုက်ကားဂိတ်မှာ ထင်းခနဲ စိခနဲဆိုလျှင် ချိုကြီးပါ
။ မကြာခဏ ရိုက်မှုဖြစ်သည်။ အချင်းချင်းဆိုတော့ ရုံး
ရောက် ဂါတ်ရောက်မဖြစ်တဲ့ ပြီးသွားသည်က များခဲ့သည်။
ကြောင့် ချိုကြီး လက်ယဉ်သည်ဟု ပြောစမှတ်ပြင် ပြုထား
လေသည်။

ကိုချစ်စံက ရန်ကုန်မှ မန်နေဂျာတွေ ကိုယ်ပိုင် မော်တော်
ား စီးသည်ကို တွေ့မြင်ပြီး အားကျလာခဲ့၏။ သို့သော် သူ့
တွက် ပေါင်းတည်မြို့မှာ သွားစရာ လာစရာနေရာက သိပ်
းများစားစား မရှိချေ။

ကောက်ပဲသီးနှံရုံး ဆိုတာကလည်း အရှေ့လယ်ပြင်တန်း
ဆယ့်သုံးလမ်းထိပ်မှာ အနီးကလေးသာ။
ဈေးကြီးကလည်း မီးရထားလမ်းကျော်လျှင်ပင် ရောက်
ပြီ။ သည်တော့ မော်တော်ကား ဝယ်စီးမည့်အစား ကိုယ်
ဆိုက်ကားသဘောမျိုး သုံးချင်လာ၏။

စက်ဝင်းနှင့် မနီးမဝေး ဂိတ်မှာရှိနေသော ချိုကြီး၏
တင်းကို ကြားရပြီးနောက် ချိုကြီးလို လက်သွက်ခြေသွက်ရှိ
တစ်ယောက်ကို ကိုချစ်စံ မွေးချင်လာသည်။ ဆိုက်ကားကို

အသုံးပြုရင်း သူ့အတွက်လည်း ကိုယ်ရံတော်လို အဖော် ကောင်း တစ်ယောက်ရမည်ဟု ကိုချစ်စံတွက်မိ၏။ ထို့ကြောင့် ချိုကြီးကိုခေါ်ပြီး ဆွေးနွေးခဲ့သည်။

ချိုကြီး၏နေ့တွက်ကို တာဝန်ယူသည်။ လစဉ်စားဖို့ စက် ထဲက ဆန်ကြိုက်သလိုယူစား။ ယင်းကာလက ဆန်စက် အလုပ်သမားများ ဆန်အတွက်သိပ်မပူပင်ရပေ။ ကိုယ် အလုပ် လုပ်သည့် စက်ကဆန်ကို ဝယ်ချင်ဝယ်၊ တောင်းချင်တောင်း ပြီး ချက်စားလို့ရ၏။ စက်သူဌေးကလည်း တခြားသောဘက် မှ ဝင်ငွေပိုနေလေတော့ ဆန်အဖိတ်အစဉ် အလေအလွင့် လောက်ကို ဂရုမစိုက်ချေ။

ချိုကြီးမှာ ဂိုတ်မထိုးတော့ဘဲ စက်ဝင်းထဲ၌ ဆိုက်ကားရပ် ထားပြီး ကိုချစ်စံ၏ ပရိုက်ဗိတ် ဆိုက်ကားကဲ့သို့ ဖြစ်နေလေတော့ သည်။

တစ်နေ့လုံး ကိုချစ်စံအပြင်ထွက်လျှင် ချိုကြီး ပါရသည်။ ကိုချစ်စံ စက်မှာနေသည့် အချိန်များ၌ ချိုကြီးမှာ စက်ထဲ ကြိုက်ရာနေရာမှာ အိပ်ချင်အိပ်နေ၊ ကျားမိုင်းဝင်ပြီး ကစား ချင် ကစားနေနိုင်သည်။ ဂိတ်မှာလို အားကုန်သုတ်ပြီး နင်း တာမျိုးမရှိ။ ခရီးသည်ကို အလုအယက် ခေါ်ရတာမျိုး အချင်းချင်း မာန်စောင်ရတာမျိုး မရှိတော့ပေ။

သည်လိုနေရာက စမ်းစမ်းအား ချိုကြီး စတင်၍တွေ့ရ လေသည်။



သူ တွေ့ရသည့်အချိန်မှာ စမ်းစမ်းအား စပါးလောင်းသူ အလုပ်သမ လေးထက် ကိုချစ်စံ၏ အိမ်တော်ပါကလေး တစ်ယောက်အသွင်ဖြင့် တွေ့ရခြင်းဖြစ်၏။

စမ်းစမ်းကတော့ သူ့ကို ဂရုတစိုက်မဖြစ်မိပေ။ ချိုကြီးကို ဆိုက်ကားသမားတစ်ယောက်၊ အရက်သောက်တတ် ရန်ဖြစ် တတ်သည့် လူကြမ်းလူရမ်း တစ်ယောက်လို့သာ သဘောထား က ခပ်ကြောက်ကြောက် ခပ်ရွံ့ရွံ့နှင့် ဆက်ဆံခဲ့မိ၏။

ချိုကြီးကလည်း အဆန်း။

မိန်းမတကာကို တွေ့ဖူးမြင်ဖူးနေပါလျက်နှင့် စမ်းစမ်းကျ တော့မှ စိတ်က စွဲစွဲလမ်းလမ်း ဖြစ်လာရ၏။ သူ စမ်းစမ်း အပေါ် စွဲလမ်းသည့်စိတ်ကား တဏှာပေမ ရာဂတို့ဖြင့် ဖွဲ့ နှောင်အပ်သော စိတ်မျိုးမဟုတ်ပေ။

ငါးရာနှစ်ဆယ့်ရှစ်သွယ်သော ဖြူစင်သည့် ပကတိ သန့် ရှင်းသော စိတ်ဖြင့်သာလျှင် ချစ်ခင်၍ သံယောဇဉ်တွယ်တာ မိခြင်း ဖြစ်သည်။

ချိုကြီးက တစ်ကောင်ကြွက်။ လောကကြီးအလယ်သို့ သူ ရောက်လာရာ၌ မိရင်းဖရင်းမရှိ။ မွေးစားမိဘနှင့်သာ ကြီး ပြင်း ခဲ့ရသူဖြစ်သည်။ ညီမရှိ၊ အစ်ကိုအရင်းမရှိသလို အစ်မ အရင်း ညီမအရင်းလည်း မရှိခဲ့ချေ။

ထို့ကြောင့် ယခု စမ်းစမ်းကို တွေ့လျှင်တွေ့ချင်းပင် ရင် ထဲမှာ လှိုက်လှိုက်လှဲလှဲ ခင်မိတော့သည်။ သို့သော် စမ်းစမ်းက တော့ သူ့ကို ကြောက်ကြောက်ရွံ့ရွံ့ ရှိခဲ့၏။

ကိုချစ်စံနှင့် အနေကြာလာတော့လည်း စမ်းစမ်းမှာ ချိုကြီးကို မတွေ့လို့မဆုံလို့ မရတော့ပေ။ နိစ္စဓူဝ ထမင်းဝိုင်းမှာသော် လည်းကောင်း၊ အလုပ်ထဲမှာသော် လည်းကောင်း ကိုချစ်စံ၏ အိမ် အဝင်အထွက်မှာကအစ တွေ့နေရတော့သည်။

သည်တော့လည်း မေးထူးခေါ်ပြောရာမှ စကားလက်ခံပြောမိတော့သည်။ စကား ပြောကြည့်ပြန်တော့ ချိုကြီးအပေါ် ကြောက်ရွံ့စိတ်များ လျော့ပါးလာရသည်။

ချိုကြီးသည် တခြားသူများအပေါ် ဆိုးရွား ဘုကျသလိုရှိသော်လည်း စမ်းစမ်း အပေါ်ကျတော့ အလွန်သည်းခံနိုင်သူ ဖြစ်သည်ကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့ရလေတော့သည်။

သူတို့ အသိုင်းအဝိုင်းထဲတွင် ကိုချစ်စံ၊ မြင့်မြင့်တို့က အသက်အကြီးဆုံး။ သုံးဆယ်နီးပါးအရွယ်တွေ ရောက်လာကြပြီ။

ချိုကြီးက ခင်မောင်ဦးထက် တစ်နှစ်ကြီးသည်။ ချိုကြီး နှစ်ဆယ့်ငါးနှစ်၊ ခင်မောင်ဦး နှစ်ဆယ့်လေးနှစ်၊ စမ်းစမ်းက နှစ်ဆယ်ဆိုတော့ လေးငါးနှစ်ကွာကြသည်။

ထို့ကြောင့် ချိုကြီးက စမ်းစမ်းအား တွေ့ကတည်းကပင် မိစမ်းဟု 'မိ' တစ်လုံးတပ်ပြီး ချစ်စနိုးခေါ်ခဲ့လေသည်။

တွေ့စက ရိုင်းသည်ထင်ခဲ့သော ချိုကြီး၏ အတွင်းသဘောကို သိလာရတော့ စမ်းစမ်းမှာ ချိုကြီးအား ခင်မင်မိသည်။ ခင်မောင်ဦးနှင့်လည်း ချိုကြီး ခင်မင်ရင်းနှီးခဲ့သည်။



သို့သော် ခင်မောင်ဦးအပေါ် ကျပြန်တော့ ချိုကြီးက အမြဲအနိုင်ယူလိုသည်။ ခင်မောင်ဦးကတော့ ချိုကြီး၏ဘဝကို သိနားလည်ပြီး ဖြစ်သောကြောင့် သနား ကရုဏာသက်၍ သည်းခံ ခွင့်လွှတ်ထားခြင်းပင်။

ခင်မောင်ဦးနှင့် စမ်းစမ်းတို့ ချစ်ကြပြီဆိုတော့ ချိုကြီး မနေတတ်မထိုင်တတ် ဖြစ်ရ၏။

ဘာကြောင့်မှန်းတော့ မသိချေ။

❋

## အခန်း ( ၂ )

"ရေ့....ဆရာ၊ ဖိနပ်က မနေ့ညကတည်းက ရန်ကုန်က
ပါလာတာ၊ ဦးမြမောင်က လူလွှတ်ပြီး ပို့ခိုင်းတော့မလို့တဲ့
ခု ကျွန်တော်သွားယူတာ အတော်ပဲ"

ချိုကြီးက ဖိနပ်စက္ကူဘူးကို စားပွဲပေါ်သို့ တင်လိုက်ရင်
က ပြောလိုက်ခြင်း ဖြစ်လေသည်။

"အေးကွာ....ငါလဲဘောင်းဘီနဲ့ ဝတ်ဖို့က ဖိနပ်လိုနေတုန်း
ရတာ အတော်ပဲ"

ကိုချစ်စံက ပြောရင်းပင် စက္ကူဘူးကိုဖွင့်လိုက်ပြီး အထဲ
ဖိနပ်ကို ထုတ်လိုက်သည်။ ဖိနပ်မှာ သားရေအကောင်းစာ
ဖြင့် ပြုလုပ်သည့် ရန်ကုန်မြို့ စကော့ဈေး ဘာတာဖိနပ်ဆို
မှ ရှူးဖိနပ်ဖြစ်သည်။ သမင်မွေးရောင်ထပြီး ပြောင်လက်
ကာ ခွာမှာ စပါယ်ရှယ် လိမ္မော်စိတ်သံခွာအစား သံမ
ခွာ အဝတ်ညှပ်ချုပ်ထားသဖြင့် လမ်းလျှောက်လျှင် တဂေါ
ဂေါက် အသံမြည်လေသည်။



စစ်ကြိုခေတ်မှ သည်အတက် စစ်ပြီးခေတ်အထိ တချို့
ယောက်ျားတွေ ရှူးဖိနပ်စီးကြလျှင် လမ်းလျှောက်ရာ၌ အသံ
တဂေါက်ဂေါက်မြည်မှ သဘောကျသည့် ခေတ်ကလည်း
တောနယ်တွေမှာ အရှိန်မကုန်သေး။

ကိုချစ်စံ ပေါင်းသင်းနေသည့် အသိုင်းအဝိုင်းကလည်း
ဆန် ဝန်ထောက်များအပြင် တောသူဌေးများလည်း ပါလေ
သေးရာ ထိုခေတ် ထိုအချိန်က တောသူဌေးများမှာ ကုတ်ရှူး
စီးလေ့စီးထရှိကြပြီး တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် ဖြစ်ကြ
သည်။

တချို့က ရှီးကုမ္ပဏီမှ တမင်မှာပြီး အင်္ဂလန်လုပ် ဆက်
ဆွန်း ရှူးဖိနပ်မှစီးကြ၏။ရှီးကုမ္ပဏီတိုက်ခွဲမှ ပေါင်းတည်မြို့
ဘုရားကြီးလမ်းတွင် ဘုရားကြီးလမ်းကို ကျောပေးလျက် တိုက်
ကြီး ရှိလေသည်။

ပေါင်းတည် ရှီးကုမ္ပဏီမှာ စစ်ပြီးခေတ်တွင်လည်း ပြန်၍
ဖွင့်ထားခဲ့ပေရာ ကိုချစ်စံ ယခု မှာစီးသော ဖိနပ်မျိုးက
ဘာတာကုမ္ပဏီက လုပ်သဖြင့် ရှီးတိုက်သို့ မရောက်သေး။ ထို့
ကြောင့် အပေါင်းအသင်းများ အလယ်မှာ ဖိနပ်အသစ်နှင့်
ကြွားဝါရန်အတွက် ကိုချစ်စံ အကျေနပ်ကြီး ကျေနပ်နေလေ
သည်။

ထိုအချိန်မှာ စမ်းစမ်းက အခန်းတွင်းသို့ ဝင်လာသဖြင့်
စကားစပြတ်သွား၏။

"ဟော....ဖိနပ်အသစ်ပါလား၊လှလိုက်တာနော်၊ဘယ်သူ့
ဖို့လဲဟင်"

စမ်းစမ်းက ရှူးဖိနပ်ကို ကိုင်ကြည့်ရာက မေးသည်။

"ငါ့ဖို့ဆိုရင် နင်ယုံမှာလား မိစမ်း"

ချိုကြီးက ဝင်ဖြတ်မေး၏။

စမ်းစမ်းက ချိုကြီးအား မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း....

"ရှင်နဲ့ ဒီဖိနပ်မျိုးနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်မ မေးတာက ဆရာ့မိတ်ဆွေ တစ်ယောက်ယောက်မှ လားလို့ မေးတာ"

"အောင်မယ်လေးဟာ....တို့များတော့ တယ် လူအထင်သေးရန်ကော၊ ကြည့်နေ....တစ်နေ့တော့ ချိုကြီးတို့လဲ ဒီဖိနပ်မျိုး စီးပြနိုင်အောင် ကြိုးစားပြမယ်"

ကိုချစ်စံက ရယ်မောပြီး....

"ကိုယ့်ဖို့လေ စမ်းစမ်းရဲ့၊ မြကလပ်မှာ မြို့နေသူဌေးတွေက ဖိနပ်ချင်းပြိုင်လွှန်းလို့ တမင်ဝယ်ပြီး စီးပြမယ်လို့ ရန်ကုန်မှာယူရတာ"

'မြ'ကလပ်၊ မြဟိုတယ်မှာ ယင်းအချိန်က ပေါင်းတည်မြို့တွင် နာမည်ကြီးသည့် စားသောက်ဆိုင်ကြီးတစ်ခုပင်ဖြစ်လေသည်။

ပေါင်းတည်မြို့တွင် မြဟိုတယ် အမှုထမ်းများ ကလပ်၊ တင်းနစ်ကလပ်၊ ဘိလိယက်ခုံ စသည်တို့ရှိသည့်အပြင် တရားမဝင် ကစားကြသော ဂျင်ဝိုင်းများ၊ ဂျောက်ဂျက်ဝိုင်းများကိုလည်း ဖွင့်ထားကြသေး၏။

သည့်အပြင် ကိုချစ်စံက ယုံကြည်စိတ်ချရသူ မိတ်ဆွေများအား ငွေလှည့်ချေးထားပြီး ၎င်းမှရသည့် အတိုးကို စုသေး



၏။ကိုချစ်စံ ငွေများချေးထားသူတွေကလည်း များသောအားဖြင့်တော့ တောရွာမှ စပါးအဝယ်တော်များ၊ စပါးပွဲစားများ (ယနေ့ခေတ်မှာတော့ မရှိတော့ပြီ။)သို့ ချေးငှားသည်က များ၏။

ကိုချစ်စံသည် ငွေကြေး ချမ်းသာကြွယ်ဝက တစ်နေ့တွင် သူကိုယ်တိုင်က ဆန်စက်ပိုင်ရှင် စက်သူဌေးဖြစ်လိုသော ဆန္ဒပြင်းပြသဖြင့် ငွေကို ရသည့်နည်းဖြင့် သမာသမတ်ရှာဖွေကာ စုဆောင်းဆောင်း ရှိလေသည်။

စပါးခိုးခြင်း၊ အချိန်အတွယ်ခိုးခြင်း စသည့်နည်းမျိုးကိုတော့ သူ လုံးဝမသုံး။ ဘာရ်ဝါဂျာ ကုမ္ပဏီ၏ ငွေများကိုသည်း တစ်ပြားတစ်ချပ်မှ လစ်ထား၊ ကဲ့ထားခြင်းမျိုးမပြု။

သူ၏ အကျင့်စာရိတ္တ ကောင်းခြင်း၊ အလုပ်ကိုရိုသေခြင်းကြောင့်လည်း ဘာရ်ဝါဂျာ ကုမ္ပဏီက သူ့ကို စိတ်ချထားသည်။ ငွေစာရင်းများပင် စစ်ဆေးခြင်းမပြုဘဲ ကိုချစ်စံ တင်ပြသည့် နှစ်ချုပ်စာရင်းမှန်သမျှ ကျေနပ်စွာလက်ခံလေသည်။

၎င်းပြင် ကိုချစ်စံ၏ စေတနာမှာ....

ယင်းကာလက စပါးကို အစိုးရသို့ ရောင်းချင်ရောင်း၊ ရောင်းချင်လျှင် ပုဂ္ဂလိက အမြတ်ကြီးစားသို့ ရောင်းနိုင်လေ ဝိသမလောဘသမားများက အစိုးရသို့မရောင်းရန် သွေးပေးပြီး ငွေနှင့်မဏ်လုံးပေးကာ တောဆင်းစပါးဝယ်ကြ။ သူတို့အထဲမှာ နိုင်ငံခြားသား အရင်းရှင်တချို့၏တပည့်ပန်းများ ပါဝင်လေရာ ကိုချစ်စံ၏ အပေါင်းအသင်းများ ဖြစ်ကြသည်။

ကိုချစ်စံက တစ်ဖက်က စပါးဝယ်သည့်အတွက် ပွဲခရ
သလို သူ့စက်မှာ ကြိတ်ခွဲရန် ဆွယ်ပေးသည့်အတွက်လည်း
ဘာဘူများထံမှ သီးခြားပွဲခရသေး၏။

သည်တော့ မန်နေဂျာလခဆိုသည့်ကလည်း မည်ကာမတ္တ
မျှသာ။ ဘေးဝင်ငွေကြောင့်ပင် ကိုချစ်စံ ခေါင်းမော့ပြီး
တထောင်ထောင် လုပ်နေနိုင်ခြင်းပင်။

ကိုချစ်စံမှာ တစ်ခုကောင်းသည့် အကျင့်ကတော့ သူ့ကို
မှီခိုလာသူ ဆင်းရဲ နွမ်းပါးသူများအား တတ်နိုင်သရွေ့
စောင်မကြည့်ရှုလေ့ ရှိခြင်းဖြစ်၏။

အလုပ်မရှိသူများအား သူ အုပ်ချုပ်ရသည့် ဆန်စက်တွင်
သင့်တော်ရာနေရာရှိက အလုပ်ပေးသည်။ဘာမှမပေးနိုင်လျှင်
ရင်းနှီးစားဖို့ ငွေပေးသည်။ လာတောင်းလျှင် ဆန်တစ်တင်း
လောက်တော့ အသာလေး ပေးလိုက်သည်ချည်း။

စက်အုပ်ချုပ်သည့် လုပ်ငန်းဘက်ကျတော့လည်း ကိုချစ်
က စေ့စပ်သေချာသည်။ ဘာဘူတွေ၏ ဝင်ငွေ ထွက်ငွေ
စာရင်းအတိအကျလုပ်ပြီး မှန်မှန်ကန်ကန်အပ်၏။ ကြေးပြား
တစ်ပြား မလျော့မကွာစေရ။

နဂိုကမှ သူ့ဖခင်၏ကျေးဇူးကြောင့် အလုပ်ခန့်ထားခဲ့
သော ဘာရ်ဝါဂျာဘာဘူကြီးမှာ ကိုချစ်စံ၏အလုပ်လက်ရေး
ကောင်းမွန်မှုကြောင့် ပို၍စိတ်ချကာ အားလုံးကို ပုံအပ်ထား
သည်။ ထို့အပြင် လခရယ်ဟု သီးခြား ထပ်၍ မသတ်မှတ်
တော့ဘဲ ကိုချစ်စံ လိုရာသုံးရန် လစဉ် အသေးသုံးစရိတ်ဟု
လစာ၏ထက်ဝက်ကို သတ်မှတ်ပေးလိုက်ပြန်၏။



ရတနာရှိရာ ရတနာလာ၊ ရေများရာမိုးရွာဆိုသည့် ဥပမာ
လို ကိုချစ်စံအဖို့ ငွေဆိုသည်မှာ ရပြီးရင်း ထပ်၍ရရင်း ဖြစ်
နေရတော့၏။

ငွေဆိုသည်ကား သည်းခြေကြိုက်တတ်သည့် အရာပင်
ဖြစ်၏။ ငွေကြေး လက်ဝယ်များများရှိသူတို့၏ လောဘ
ကား အတောသတ်၍ မရပါချေ။ ရှိပြီးရင်း ရှိချင်သည့်
စိတ်က တား၍မနိုင်တော့။ ငွေလောဘ၏ ပင်လယ်တွင်
ကူးခပ်ကာ တစ်ဖက်ကမ်းသို့ ရောက်သွားကြသူတွေရှိသလို
ငွေပင်လယ်ကြီးအတွင်းဝယ် ငွေဝဲသြဃထဲ၌ စုံးစုံးမြုပ်နစ်
သွားကြသူတွေလည်း ဒုနဲ့ဒေးရှိ၏။

ထို့ကြောင့် ကိုချစ်စံက ငွေကို ရှိပြီးရင်း ရှိရင်းကြောင့်
အတောမသတ်ရှာလိုသော ဆန္ဒက ပြင်းပြသည်။ ငွေကိုရင်း
လျှင် ငွေတွင်းတွေ့ရမည်ဟူသောဝါဒကို လက်ကိုင်ထားလာ
ပေသည်။

တပည့် မွေးသည်၊ ကျွေးသည်၊ ခိုင်းလည်း ခိုင်းသည်။
တပည့်တွေအထဲမှာ သူ့အတွက် ယုံကြည်စိတ်ချရဆုံး တပည့်
ကတော့ ချိုကြီးပါ။

သည်ကြားထဲမှာ မာတ်တော်ကျောင်းမှာနေသည့် ချိုကြီး
၏ မွေးစားအမေ ဒေါ်ညွန့်က မမာပြီး သေဆုံးသွားသည်။

ချိုကြီး မာတ်တော်ကျောင်းမှာ ဆက်မနေချင်တော့ပေ။
ဘုန်းကြီးကျောင်းမှာနေရတော့ သူအရက်သောက်ပြီး စကား
မပြောရဲ။ ဦးပဉ္စင်း ဦးလှကြီးကိုလည်း ကြောက်ရသည်။

ထို့ကြောင့် ကိုချစ်စံထံ ခွင့်ပန်ပြီး စက်ထဲမှ စတိုခန်းထဲမှာ ချိုကြီး ပြောင်းရွှေ့လာနေလေတော့သည်။

စက်ထဲသို့ ချိုကြီးရောက်လာပြီဆိုတော့ ယခင်ကလို အပြန်မိုးချုပ်မှာ အားနာနေစရာ မလိုတော့။ ဘယ်အချိန် ပြန်ပြန် ဘယ်အချိန် ကိုချစ်စံ ထွက်ချင်ထွက် ချိုကြီးက ကိုယ့်ခြံဝင်းထဲမှာမို့ ကိုချစ်စံအဖို့ ကားရော ဒရိုင်ဘာပါ အိမ်မှာရှိနေသည့်နှယ်။

တစ်နေကုန် ကိုချစ်စံအတွက် သွားစရာလာစရာ ပို့ပေးပြီးသည်နှင့် ချိုကြီးမှာ အရက်မူးတော့သည်။ ဆန်စက်ထဲမှာနေရတော့ သူ့ကို ပြောမည့်ဆိုမည့်သူ မရှိတော့ပြီ။ ခေတ်တော်ကျောင်းမှာလို ဦးပဉ္စင်းကြီးကိုလည်း ကြောက်၍ ပုန်းအိပ်ဖို့ မလိုတော့ပေ။

ခင်မောင်ဦးက သူ့တန်းလျားအခန်းကလေးမှာ သပ်သပ်ရပ်ရပ် ကျကျနနနေတတ်သူဖြစ်၏။ စာရေးစားပွဲကလေးနှင့် တစ်ယောက်အိပ်ခုတင်လေးနှင့် သန့်ရှင်းသပ်ရပ်စွာ ထားသည်။ ဝတ်ပြီးသား လုံချည် အင်္ကျီများကို အဝတ်ဟောင်းခြင်းကလေးထဲသို့ ထည့်ထားပြီး တစ်ပတ်တစ်ခါ ထုတ်လျှော်၏။ တန်းပေါ် လွှားထားလေ့မရှိ။

စမ်းစမ်းက စက်ရေကန် ရေချိုးဆိပ်မှာ ကိုချစ်စံအိမ်မှ အဝတ်တွေ ကူလျှော်ပေးရင်း ခင်မောင်ဦး၏ ရှပ်အင်္ကျီနှင့် စွပ်ကျယ်တို့ကိုပါ ယူလျှော်ပေးနေသည်။

ချိုကြီးကတော့ အဝတ်အထည်ကို ဝတ်မိပြီဆိုလျှင် မချွတ်တမ်း ဝတ်သူ။ ဟောင်းနွမ်းစုတ်ပြတ်ပြီး ကိုယ်ပေါ် တင်လို့မရတော့သည့်အခြေကျမှ စွန့်ပစ်တတ်၏။ ထို့ကြောင့် ချိုကြီးကိုကြည့်လိုက်လျှင် အမြဲပေရေညစ်ပတ်ပြီး အရက်နဲ့ နောက်ချေးနံ့ ရောထွေးနေသည့်အနံ့ကို ရနေ၏။

စမ်းစမ်း အဝတ်လျှော်နေသည်ကိုတွေ့တော့ ရေကန်ဆိပ်သို့ ချိုကြီးဆင်းလာသည်။တစ်သက်လုံး ရွှံ့အထပ်ထပ် သံချေးအလိမ်းလိမ်းကပ်နေသော သူ့ဆိုက်ကားကို ရေဆေးရန် ရေဆိပ်နား ရောက်လာခြင်းဖြစ်၏။ သည်တစ်ခါမှ ဘာစိတ်ကူးရသည် မသိပေ။

ဘာလီပုံးကိုကိုင်ပြီး ရေစပ်မှရေကိုငုံ့ခပ်ရင်းက စမ်းစမ်းကို တစ်ချက်ခေါင်းငဲ့ကြည့်သည်။

"ငါ့အင်္ကျီလေးပါ ထည့်လျှော်ပေးပါလား"

စမ်းစမ်းက မော့ကြည့်သည်။

"ရှင့်မှာ လျှော်စရာအင်္ကျီကော ရှိလို့လား"

"အဲထင်မသေးပါနဲ့စမ်းစမ်းရယ်၊ငါလဲငယ်ငယ်ကတည်းက ဘိုဝတ်စုံဝတ်ခဲ့တာပါ၊ ခု မဝတ်ချင်လို့ ဘာမှ မဝယ်တာပါ"

မိစမ်းက မျက်စောင်းပစ်ထိုး၏။ မိစမ်း၏ မျက်စောင်းတစ်ချက်တစ်ချက်မှာ ချိုကြီးအဖို့ ပန်းတစ်ပွင့်နှင့်ပေါက်လိုက်သလို ထင်မိ၏၊ ဒါကြောင့်လည်း မကြာခဏ မိစမ်းကို မထိတထိ စလေ့ရှိခြင်းပင်။

"တော်စမ်းပါ၊ရသမျှ ဟိုအရည်နဲ့ပဲကုန်နေတာ မသိတာမှတ်လို့၊ ထမင်းလဲမပူရ၊ နေဖို့လဲမပူရဘဲနဲ့ သူ့ကြည့်လိုက်ရင်တယ်တော့မှ ပြောင်ပြောင်ရောင်ရောင်မရှိဘူး"

"ဘယ်ပြောင်ရောင်ပါမလဲဟာ၊ ဆိုက်ကားသမားပဲ၊ ဆ
အင်စပက်တော်လေးမှ မဟုတ်တာဟာ"

ခင်မောင်ဦးကို စောင်းချိတ်၍ ပြောလိုက်ခြင်းဖြစ်လေ၏
"ဟင်းနေ့ာ်....ကိုချိုကြီး၊ စကားပြောရင် လွတ်အော
ပြော၊ ဟိုပိန္နဲပင်ဆွဲထည့်၊ ဒီပိန္နဲပင်ဆွဲထည့် မလုပ်နဲ့"

"အင်း....သူ့ဟာကျတော့ တယ်သိ"

"ဘာ သူ့ဟာလဲ"

စမ်းစမ်း၏ ဆာ်တောက်တောက် အပြောကလေးကိုပ
ချိုကြီး တဟဲဟဲနှင့် သွားကြီးအကျဲ့သားလုပ်ပြီး သဘောက
နေလေသည်။

"ရှင့်ဝင်ငွေနဲ့ရှင် စုတတ်ဆောင်းတတ်ရင်လေ ကိုချိုကြ
ဒီလိုတောင် မနေရဘူး"

စမ်းစမ်းက အဝတ်ညှစ်ရာက လှမ်း၍ပြောသည်။

"ခုကော ငါ ဘယ်လိုနေရလို့လဲ၊ နင်တို့လိုပဲ အသက်ရှ
နေတာ မဟုတ်လား မိစမ်းရဲ့"

"အသက်တော့ ရှင်နေတာပေါ့၊ ရှင့်ကို ပြောလိုက်ရ
ဒါမျိုးချည်းပဲ"

"ဟ....ငါက ဘာသံယောဇဉ်မှရှိတဲ့ကောင် မဟုတ်ဘ
လေ၊ သံယောဇဉ်မရှိတော့လဲ ငါတစ်ယောက်တည်း ရတ
သုံး ကုန်တော့ ပြီးရောပေါ့"

"သံယောဇဉ်ဆိုတာ ဘယ်ပြောနိုင်ပါ့မတုံး၊ တစ်နေ့
ရှိချင်ရှိလာမှာပေါ့"



"ကဲ....ဒါဖြင့် အခု နင်ကရော ငါ့အပေါ် သံယောဇဉ်
ရှိလို့လား ပြောစမ်း"

ချိုကြီးက ကောက်ကာငင်ကာ မေးလိုက်၏။ စမ်းစမ်း
မျက်နှာပျက်သွားသည်။ နှုတ်ဆိတ်သွား၏။

ချိုကြီးက ဆေးပြင်းလိပ်တိုကို မီးညိအောင်ညှိပြီး တရှူး
ရှူး ဖွာ၍ ပါးစပ်ထဲဝင်သွားသော ဆေးပြင်းလိပ်ဖင်စီခံအစ
များကို ထွီခနဲ ထွေးပစ်လိုက်ရင်း....

"အလကားပါဟယ်၊ ငါ့အဖို့တော့ ဒီဘဝမှာ သံယောဇဉ်
ဆိုတာ ငါကသာထားရပြီး ငါ့အပေါ်ကျတော့ ဘယ်သူ
ကမှ ထားမှာမဟုတ်ပါဘူး၊ အေးလေ...ဒါကြောင့်ပဲ တစ်ခါ
တစ်ခါ ငါကလဲ ဘယ်သူ့အပေါ်မှာမှ သံယောဇဉ်ဆိုတာ
မထားတော့ဘဲ နေချင်သလို နေတာပေါ့"

ချိုကြီးက သူ့ခံစားချက်နှင့်သူဆိုလာလေတော့ စမ်းစမ်း
မှာ ကရုဏာသက်ဝင်လာမိရပြန်၏။

ချိုကြီးက ရေတစ်ပုံးထပ်ခပ်ပြီး သူ့ဆိုက်ကားကိုယ်ထည်
ပေါ်သို့ ဗွမ်းခနဲလောင်းချပြီး အဝတ်ဖြင့်ပွတ်သပ်၍ ဆေး
ကြောနေလေသည်။

စမ်းစမ်းက အဝတ်များလျှော်နေရာက ချိုကြီးကို တစ်ချက်
ကြည့်လိုက်ပြီး....

"ကိုချိုကြီး....ကျွန်မ တစ်ခု အစီအစဉ်လုပ်ပေးချင်တယ်၊
ရှင် သဘောတူရင့်ပေါ့လေ"

"ဘာလဲ"

"ရှင်ရတဲ့ပိုက်ဆံထဲက ဥပမာ တစ်လ အစိတ်၊ သုံးဆယ် စသည်ဖြင့်ပေါ့၊ ကျွန်မကိုပေးထားရင် ကျွန်မ ရှင့်အတွက် လုံချည် အင်္ကျီ ဝယ်ပေးမယ်၊ အဲဒီအခါကျတော့လဲ ကျွန်မ လျှော်ဖွပ်ပေးမှာပေါ့၊ ရှင် သားသားနားနား ဝတ်ရမယ် လေ"

ချိုကြီးက သူ၏ မည်းတူးနေသော သွားကြီးများကိုပြ ရယ်ရာက ဆေးပြင်းလိပ်တိုကို သစ်ပင်ခွကြားပေါ် တင်လိုက် ပြီး....

"ဟဲ....ဟဲ....လူသားနားဖို့မလိုပါဘူး မိစမ်းရယ်၊ င့ စိတ်ထားက အမြဲသားနားနေတာပဲဟ"

"ရှင့်ပြောလိုက်ရင် ဒီလို ဘုကန့်လန့်စကားပြန်ပြောဖို့ တတ်တယ်၊ တော်ပြီ....စေတနာထားလဲ့ အလကားပဲ"

စမ်းစမ်းက နှုတ်ခမ်းစူပြီး တစ်ဖက်သို့ပြန်လှည့်သွားက သူ့ အဝတ်အစားတွေ လျှော်နေလေသည်။

ချိုကြီးက သစ်ပင်ခွကြားမှ ဆေးပြင်းလိပ်တိုကိုယူ၍ ပါး စောင်မှာ ခဲလိုက်ပြီး ဆိုက်ကားပေါ် တက်နင်း၍ထွက်ခဲ့၏ စက်ရှေ့ပေါက်နားရောက်သည်တွင် ကိုချစ်စံ အခန်းတွင်း ထွက်လာသော ခင်မောင်ဦးက သူ့ကို လက်ယပ်ခေါ်သဖြ ဆိုက်ကားရပ်လိုက်၏။

"တို့ ရုံးဘက်ခဏသွားရအောင်"

ချိုကြီးက အခန်းတွင်းမှ ကိုချစ်စံကို လှမ်း၍ကြည့်သည် ကိုချစ်စံအမိန့်မရဘဲ မည်သူ့ကိုမျှ သူမပို့။ သူ့ဆိုက်ကား သည် ကိုချစ်စံ၏ တသီးပုဂ္ဂလယာဉ် မဟုတ်လား။



"ငါပြောပြီးသားပါကွာ၊ ဆရာခိုင်းတဲ့အလုပ်ပါ၊ မင့်ကို ငါက ခေါ်တာမဟုတ်ပါဘူး"

ခင်မောင်ဦးက ထပ်ပြော၏။

"လျှာရှည်မနေနဲ့၊လာ တက်"

ခင်မောင်ဦး ဆိုက်ကားပေါ် တက်ထိုင်၏။ ချိုကြီး နင်း ထွက်လာခဲ့သည်။ ကိုချစ်စံ နောက်မှကြည့်၍ ပြုံးရင်းကျန်ရစ် သည်။

ချိုကြီးက ဆိုက်ကားကိုနင်းလာရာမှ မီးရထားသံလမ်း ရောက်တော့ ကုန်းပြေပြေကလေးကိုမော့၍တက်ရ၏။

"ငါ ဆင်းပေးရမှာလား"

ခင်မောင်ဦးက မေး၏။ တချို့ ဆိုက်ကားများမှာ သည် ကုန်းတက်ရောက်လျှင် ဆင်းပေးပြီး ဆိုက်ကားအခွ ချည်း တက်ရသည်။

"မလိုပါဘူးကွာ၊ မင်း ကိုယ်လုံးကလေးလောက်တော့ အသာလေးပါ"

ချိုကြီးက ဗလကောင်းသူပီပီ သူ့ သိက္ခာအကျမခံသည့် ပုံစံဖြင့် ပြန်ပြောပြီး ကုန်းကို တောက်လျှောက်နင်းတက်လာ လေသည်။

"မင်း တော်တော်အားသန်တာပဲ"

ခင်မောင်ဦးက ရယ်၍ပြော၏။

"မင်းလို လူဖလံလေးမှမဟုတ်တာ၊ တစ်သက်လုံး ပင်ပင် န်းပန်း လုပ်လာတဲ့ကောင်ကွ"

"အေးပါ၊ မင်းကိုရော ဘယ်သူက မြို့အုပ်မင်းလို ရုံးထိုင်တယ်လို့ ပြောလို့လဲ"

ချိုကြီးအကြောင်းတော့ ခင်မောင်ဦး အတွင်းသိအစဉ်းသိ ဖြစ်၍ ပြောချင်ရာပြော မှေ့မယူကြေး။ ချိုကြီးကလည်း ခင်မောင်ဦး ဆိုလျှင်တော့ သူပြောချင်ရာပြောရလျှင် ပြီးရော။ နိုင်လည်းနိုင်၏။ မနိုင်လျှင်လည်း အတင်းအနိုင်လုပြီး ပြောတတ်လေသည်။

ခင်မောင်ဦးနှင့် စမ်းစမ်းတို့ မေတ္တာရှိနေကြသည်ကိုလည်း ချိုကြီး အသိ။ ဒါကျတော့ သူက သဘောတူ၏။ သည့်ပြင် တခြား တစ်ယောက်ယောက်ကသာ စမ်းစမ်းအား ထိကပါးရိကပါး လုပ်လျှင်တော့ ချိုကြီးက ကျေနပ်မည် မဟုတ်။

"မင်းတို့ဟာက မယူကြသေးဘူးလား"

ချိုကြီးက အရှေ့လမ်းထဲသို့ ဆိုက်ကားကို ချိုးကွေ့လိုက်ပြီး မေးလိုက်ခြင်းဖြစ်၏။

"ဘာမေးတာလဲကွ"

"မင်းနဲ့ စမ်းစမ်းနဲ့ ပြောတာ"

"ငါ မိန်းမတစ်ယောက်ကို လုပ်ကျွေးနိုင်လောက်အောင် အရည်အချင်းမရှိသေးဘူး ချိုကြီး"

"ဖွီး...."

ချိုကြီးက ဆေးပြင်းလိပ်တိုကို ပါးစပ်မှချွတ်၍ တံတွေးနှင့် ဆေးချေးများကို ထွေးထုတ်ပစ်လိုက်သည်။



"မင်း ဒီလောက်ဝင်ငွေရှိပြီး အလုပ်နဲ့အကိုင်နဲ့ကများကွာ၊ ငါနဲ့လဲလို့က်ချင်တယ်"

ချိုကြီးက မခံချင်စိတ်နှင့်ပြောသည်။

ခင်မောင်ဦးက တမင်တကာ ရွဲ့ပြောခြင်းဖြစ်၍ ချိုကြီးစိတ်ကို ဆွ ပေးခြင်းဖြစ်ရာ....

"အေးပေါ့ကွာ၊ ငါကတော့ ငါ့ဝင်ငွေနဲ့ မယား တစ်ယောက် မစားလောက်သေးဘူးထင်နေတာ"

"တော်စမ်းပါ ငဦးရာ၊ မင်းလို နုံနဲ့နဲ့ကောင်တော့ လောကမှာ ငါ မတွေ့ဖူးသေးဘူး၊ မိစမ်းက မင်းကိုကြိုက်လို့ ပေါ့ကွာ၊ ငါ့ကိုများ အဲဒီလို နည်းနည်းလေး ကြိုက်ကြည့်စမ်း၊ ဟင်း...."

"ဒါဖြင့် မင်းကအခု မိစမ်းကို ကြိုက်နေတယ်ဆိုပါတော့ ဟုတ်လား ဟေ...."

ခင်မောင်ဦးက ထပ်၍ မသိချင်ဟန်ဆောင်၍ မေးလိုက်ပြန်၏။

"မကြိုက်ပါဘူးကွာ၊ ကြိုက်လို့ကော ငါ့လိုကောင်ကို သူက စိတ်ကူးပါ့မလား၊ ငါက သူ့ကို နှမလေးလိုခင်တာပဲ ရှိတယ်၊ မင်းနဲ့ကြိုက်နေလို့ သူ ကောင်းကောင်းမွန်မွန်နေရရင်ပဲ ပြီးတာပဲ၊ ဒါငါမြင်ချင်တယ်"

ချိုကြီးက သူ့စိတ်ရင်းမှန်ကို ပြောပြလိုက်၏။ ခင်မောင်ဦးလည်း ဒါကိုသိပါသည်။ ဒါကြောင့်လည်း ချိုကြီးအား ခင်မင်ရင်း ချစ်ရခြင်းဖြစ်၏။ အလားတူ ချိုကြီးလုပ်သမျှ ပြောသမျှ ခွင့်လွှတ်ကြည်ဖြူထားရခြင်းပင်။

ကောက်ပဲသီးနှံရုံးရှေ့ရောက်တော့ သစ်ပင်ရိပ်မှာ ရပ်ပေးလိုက်၏။ ခင်မောင်ဦးဆင်းသွားတော့မှ ချိုကြီးက ဆယ့်သုံးလမ်းထိပ်က ပိတောက်ပင်အောက်သို့ ဆိုက်ကားကို ရွှေ့လာခဲ့ကာ နေရိပ်တွင် ဆိုက်ကားရပ်၍ ဆိုဖာနှစ်ခုကို ဆင့်ပြီး ဆိုက်ကားပေါ် ပက်လက်လှန်၍ နေလိုက်မိ၏။

ချိုကြီးက ဆိုက်ကားပေါ်မှာ လှဲနေရင်း ပိတောက်ပင်ကြီး၏ အပေါ်မှ အကိုင်းများကို မော့၍ကြည့်လိုက်မိ၏။ မြူနီစီပယ် ရေကန်ဘက်မှ ဖြတ်၍ တိုက်ခတ်လာသော လေမှာ ရေငွေ့ကိုဖြတ်လာရသဖြင့် အေးမြနေသည်။ ပိတောက်ရွက်များကို လေတို့သွားသောကြောင့် တဖျပ်ဖျပ် မြည်ကျန်ခဲ့သည်။

ချိုကြီး ကြားဖူးသည်။

ဤပိတောက်ပင်ကြီးနှင့် အရှေ့လမ်းမှ ချစ်ပုံပြင်တစ်ခု။ သည်အရှေ့လမ်းမှာပင် ဖြစ်ပွားခဲ့ပြီးနောက် သည်ပိတောက်ပင်ကြီးကို မြစ်ဖျားခံထားသည့် ပုံပြင်ဟောင်း။

နှစ်အားဖြင့်ဆိုလျှင် နှစ်ပေါင်းငါးဆယ်နီးပါးရှိခဲ့လေပြီ။ စစ်ကြိုခေတ်က....

အရှေ့လမ်း၏ အလယ်ပိုင်းမှာ အလွန် လှပ ချောမွေ့သော အမျိုးသမီးကလေး တစ်ယောက် ရှိ၏။ သူမသည် ပေါင်းတည်ဈေးကြီးထဲတွင် အထည်နှင့်အလှကုန်ပစ္စည်းများ ရောင်းချသည့် ကုန်သည်၏ သမီးချောတစ်ဦးလည်း ဖြစ်၏။ ငွေကြေးချမ်းသာ ချောင်လည်သလောက် အနေအထိုင်လည်း ပိရိသူဖြစ်သည်။



တစ်မြို့လုံးရှိ ကာလသားတို့က ရင်ရင်ခေါ်သည့် မိန်းကလေးကို ပိုးကြပန်းကြလေသည်။ တချို့ ငွေကြေး အလွန်ချမ်းသာသည့် ရွှေသူဌေးတို့ကပင် တစ်ဖက်လှည့်ဖြင့် ငွေနှင့်ပေါက်ကာ အငယ်အနှောင်းအဖြစ်မြှောက်တင်ကြရန် ကြားအောင်သွယ်များနှင့် ကမ်းလှမ်းကြသည်အထိ၊ ယုတ်စွအဆုံးပြောရလျှင် ရင်ရင်၏ အလှကျက်သရေနှင့် အပျိုစင်ပွင့်ပန်းသတင်းကား မိမိတို့မြို့နယ် တစ်ခုတည်းတွင်သာမကဘဲ ပြည်ခရိုင် တစ်ခရိုင်လုံးမှာပင် သတင်းမွှေးပျံ့လှ၏။

သို့သော် သူ၏ ချစ်ရေးကံကား ဆန်းကြယ်လှပါသည်။ သူချစ်မိသော ယောကျ်ားပျိုကလေးကား ငွေကြေးအားဖြင့် ချို့ငဲ့ကာ ရရစားစား၊ ဈေးတောင်းခေါင်းရွက်သူ၏ သားဖြစ်၏။ သို့သော် ထိုယောကျ်ားပျို မောင်ချစ်ဖွယ်မှာ ဂီတပညာရှင်ဖြစ်၏။ နောင်အခါတွင် မြန်မာပြည်အရပ်ရပ်၌ သူ၏ တယောသံ လျှမ်းလျှမ်းတောက်ကျော်ကြားလာမည့် ဂီတပညာရှင်လောင်းလျာ ဖြစ်တော့သည်။

သူတို့နှစ်ယောက် ချိန်း၍တွေ့ကြသည်ကား ဤပိတောက်ပင်ကြီး၏ အောက်မှာဖြစ်၏။ မိန်းကလေးအား မောင်ချစ်ဖွယ်က တယောသံ ပေးလိုက်လျှင် ရင်ရင်က အိမ်ပေါ်မှ တိတ်တခိုး ဆင်းလာပြီး ပိတောက်ပင်ကြီးအောက်၌ ချစ်သူနှစ်ဦး ချိန်း၍တွေ့ကြတော့၏။

သည်လိုနှင့် သူတို့နှစ်ယောက်၏ ချစ်ကြိုးမှာ ခိုင်ခိုင်မြဲမြဲ တည်းနှောင်မိကြပြီးနောက် တစ်နေ့သောအခါဝယ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာလေသည်။

မောင်ချစ်ဖွယ်နှင့် ရင်ရင်တို့ကြားမှာ အောင်သွယ် လုပ်ပေးနေသော ခင်ခင်ဆိုသည့် ကောင်မလေးက တစ်ညတွင် မောင်ချစ်ဖွယ်အား ရင်ရင်က သူ့မိဘ သဘောတူသူနှင့် စေ့စပ်ပေးမည်ဖြစ်၍ ခိုးလှည့်ပါရန် မှာကြားသည်ဟု အဆိုရှိလာ၏။

ထို့ကြောင့် ချိန်းသည့် လကွယ်နေ့ည သန်းခေါင်ယံ၌ မောင်ချစ်ဖွယ်က ဥပိတောက်ပင်ကြီး အောက်သို့ လာ၍ စောင့်ရန် ခင်ခင်မှတစ်ဆင့် မှာကြားလာသည်။

ထိုကြောင့် ချိန်းဆိုထားသောနေ့ ညဘွင် မောင်ချစ်ဖွယ်သည် အဝတ်အထည် အပြည့်အစုံနှင့် ငွေကြေးအနည်းငယ် ရှာဖွေပြီး သူငယ်ချင်း၏ မြင်းလှည်းဖြင့် ပိတောက်ပင်ကြီးနှင့် မလှမ်းမကမ်းရှိ မြူနီစီပယ်ကန်ပေါင်ရိုး၌ မှောင်ရိပ်ခို၍ လာရောက်စောင့်နေလေရတော့သည်။

ချိန်းထားသည့်အချိန် ရောက်သည့်တိုင် ရင်ရင် ရောက်မလာ။ တကယ်ရောက်လာသူက ခင်ခင်။ ရင်ရင်အထွက်ရခက်သဖြင့် ပြီးမှ သီးခြားထွက်လာလိမ့်မည်။ ယခု ပုန်းအောင်းနေမည့် နေရာသို့ သူတို့ အရင်ဆုံး သွားနှင့်ကြမှ ဖြစ်မည်။ ယခု ခင်ခင်က ရင်ရင်၏ အဝတ်အထည်များ ယူလာသည်ဟု ဆိုသဖြင့် ခင်ခင်ညွှန်ပြရာ ရပ်ကွက် မြောက်ပိုင်းဆီသို့ မြင်းလှည်းဖြင့် မောင်ချစ်ဖွယ်နှင့်ခင်ခင်တို့နှစ်ယောက်တည်း လာခဲ့ကြ၏။

သန်းခေါင်ကျူး၍ အရုဏ် လင်းလုသည့်တိုင် ရင်ရင် ပေါ်မလာ။ မောင်ချစ်ဖွယ်က တစ်ခေါက် ပြန်ကြည့်ရန်



ခင်ခင်အား တိုက်တွန်း၏။ သို့သော် တကယ်တော့ ရင်ရင်က ချိန်းဆိုခြင်းမရှိ။ ခင်ခင်က မောင်ချစ်ဖွယ်အား ပရိယာယ်ဆင်၍ သူ့အဝတ် သူယူလာကာ မောင်ချစ်ဖွယ်နောက်သို့ တမင်လိုက်လာခြင်းသာဖြစ်၏။

ကြားထဲက အောင်သွယ်နှင့်ညားရသည့်အဖြစ်ကို မောင်ချစ်ဖွယ် ကြုံရလေပြီ။ ခင်ခင်အား ပြန်ပို့ရန်လည်း မဖြစ်တော့။ ခင်ခင်က သူ့အိမ်မှာ မောင်ချစ်ဖွယ်နှင့် လိုက်သွားပြီဟု စာရေးထားပစ်ခဲ့ပြီ။ မောင်ချစ်ဖွယ် အနှုပ်ခံရခြင်းဖြစ်၏။

ထိုမျှနှင့်ပြီးလျှင် တော်သေး၏။ ခင်ခင်လည်း ရုပ်ရည်အားဖြင့် ခေသူ မဟုတ်ပါ။ ချေးသည်သားသမီးဖြစ်၍ စားနိုင်သောက်နိုင်ထဲကဆိုတော့ မောင်ချစ်ဖွယ်နှင့် အဆင့်အတန်းစကား ပြောစရာမလိုတော့။

ထို့ကြောင့် မောင်ချစ်ဖွယ်မှာ ခင်ခင်အား သန်းခေါင်ထက် ညဉ့်မနက်တော့သည့်အတူတူ မချစ်သော်လည်း အောင့်ကာ နမ်းလိုက်ရလေသည်။

ခက်သည်က မိုးလင်းတော့ မောင်ချစ်ဖွယ်အား ရဲက လာ၍ ဖမ်းခြင်းပင်။ မောင်ချစ်ဖွယ်ကတော့ ဘာကြောင့်မှန်းမသိ။ ရဲက သူ့ကိုဖမ်းခြင်းမှာ လူသတ်မှုဖြင့် ဖမ်းခြင်းဖြစ်၏။

အကြောင်းမူ မောင်ချစ်ဖွယ်နှင့်ခင်ခင်တို့ ခိုးပြေးကြသည့် ညသန်းခေါင်ကျော်မှ နံနက်ဝေလီဝေလင်းအချိန်တွင် အဆိုပါ ပိတောက်ပင်ကြီး၏ အောက်ဆုံးအကိုင်း၌ ရင်ရင် တစ်ယောက် လည်ပင်းညှစ်သတ်ခံရသည့် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသောကြောင့် ဖြစ်လေသည်။

မောင်ချစ်ဖွယ်ငှားစီးသော မြင်းလှည်းဆရာက မောင်ချစ်ဖွယ်က ရင်ရင်အား ခိုးရန်ငှားကြောင်း အစစ်ခံရာမှ ဆက်နွယ်၍ ဖမ်းခြင်းဖြစ်၏။ ခင်ခင်နှင့် အတူပြေးသည့်အိမ်၌ မိုးလင်းအထိရှိနေကြကြောင်း အိမ်ရှင်ကပါ အလီဘိုင်ပြ၍ထွက်ဆိုသည်။

တစ်မြို့လုံး ဤသတင်းမှာ ဟိုးလေးလေးတကျော် ဖြစ်သွားရ၏။ မောင်ချစ်ဖွယ်က ရင်ရင်ကို ချိန်းခေါ်ပြီးတော့ ရင်ရင့်လက်ဝတ်လက်စားတွေကိုယူ၊ ရင်ရင်ကိုသတ်ပြီး ခင်ခင်နှင့် ပြေးကြသည်ဟူ၍ သတင်းထွက်လာသည်။

မောင်ချစ်ဖွယ်ကို မသင်္ကာမှုဖြင့် အချုပ်ထဲဝင်ရ၏။ သက်သေပြစရာမရှိ။ ကယ်မည့်သူမပေါ်၊ နောက်ဆုံးတော့ မောင်ချစ်ဖွယ်လည်း ရင်ရင့်ပစ္စည်း ဘာမှမယူမှန်း စစ်ဆေးတွေ့ရပြီး သက်သေလည်း မခိုင်လုံ၊ သည်ကြားမှာ ရင်ရင့်ကို သတ်သူက ပေါ်လာ၏။

ထိုသူကား ခင်ခင်နှင့်ချစ်နေကြရာမှ ခင်ခင်က မောင်ချစ်ဖွယ်ဘက်သို့ပါသွားသဖြင့် ထိုညမှာပင် ခင်ခင်၏အကြံအစည်ကိုသိကာ မောင်ချစ်ဖွယ်၏ အချိန်းမျိုးဖြင့် ရင်ရင်ကို ချိန်းခေါ်ပြီး ပစ္စည်းယူ လူသတ်၍ မောင်ချစ်ဖွယ်လည်း ထောင်ကျအောင် ခင်ခင်ကိုလည်း သောကရောက်အောင် စီစဉ်၍ ကျူးလွန်ခြင်းဖြစ်ကြောင်း ထိုသူက အဖမ်းခံ၍ ဝန်ခံသည်။

သည်တော့မှ ပြဿနာပြီး၏။ တစ်မြို့လုံးကတော့ သည်လောက် သူများချစ်သူကြားမှာ ဝင်မွှေသည့် ခင်ခင်အား ဒေါသဖြစ်ကြသည်။



"ဒီအောင်သွယ်မကို သတ်ပစ်ဖို့ကောင်းတာ"

"သူရှုပ်လို့ ကြားက ရင်ရင် သေရတာကွ"

"ဟုတ်တယ်၊ ငါသာဆို ဒီကောင်မကိုပဲ ပြန်သတ်မှာ၊ ရင်ရင်က သနားပါတယ်၊ ချစ်သူလဲ ဆုံးရသေးတယ်၊ အသေလဲ ခံရတယ်"

"ငါဆို ဒီကောင်မကို သတ်မှာ....သတ်မှာ....သတ်မှာ"

တစ်စုံတစ်ယောက်က သူ့လက်ကို ကိုင်သဖြင့် ချိုကြီး ဆတ်ခနဲ လန့်နိုးသွား၏။

"ဘာ....ဘယ်သူ့ကိုသတ်နေတာလဲကွ၊ ဘယ်ကောင်မကို များ သတ်နေရတာလဲ"

"ဟော...."

သည်တော့မှ ပိတောက်ပင်ကြီး၏ဇာတ်လမ်း စဉ်းစားရင်း အိပ်ပျော်ပြီး ယောင်နေသောချိုကြီးက ဖျတ်ခနဲ ဖြစ်သွားပြီး....

"ငါ မှေးခနဲ အိပ်ပျော်သွားပြီးတော့ ယောင်သွားတယ်ကွ"

"အေး....ငါ ရုံးထဲကထွက်လာတော့ မင်း ဟောက်ပြီး အိပ်နေတာကိုး၊ ကဲ....သွားကြစို့"

ဆိုက်ကားထွက်လာတော့မှ ခင်မောင်ဦးက မေးကြည့်ရ၏။ ချိုကြီးက ပိတောက်ပင်ဇာတ်လမ်း ပြောပြ၏။

သည်ဇာတ်လမ်းမှာ ပေါင်းတည်သား ပေါင်းတည်သူတိုင်းလိုလို သိကြပြီးဖြစ်၏။ ခင်မောင်ဦးက ရယ်လိုက်ပြီး....

"မင်းဂ လဲကွာ၊ ခုနစ်ဆွေး ရှစ်ဆွေးက ဇာတ်လမ်းကို တွေးပြီး ခုမှ ဘာထယောင်နေတာလဲ"

"အေးကွ၊ ငါလဲ မဆီမဆိုင် လျှောက်စဉ်းစားရာက ခေါင်းထဲဝင်လာတာပဲ"

"အဲဒီတုန်းက အချစ်အတွက် လူတွေဟာ မဆင်မခြင် လုပ်တတ်ကြတာကိုး"

သည်တော့ ချိုကြီးက ဆိုက်ကားနင်းနေရာက ပြန်လှည့် ကြည့်လိုက်ပြီး....

"အေး....ဒါဖြင့် အခုတော့ လူတွေက အချစ်အတွက် ဆင်ဆင်ခြင်ခြင် လုပ်နေကြလို့လားကွာ၊ ခုလဲ မဆင်မခြင်လုပ်လို့ အမှုတွေ သောင်းခြောက်ထောင် ဖြစ်နေတာပေါ့၊ ဟော ကောင်....မှတ်ထား၊ လူငယ်လူရွယ်တွေဟာ အချစ်အတွက် ဆိုရင် မိုက်ရူးရဲလုပ်ချင်တတ်ကြတာကွ၊ ဒီသဘောကိုသိထားရင် အမှားအယွင်း မဖြစ်တော့ဘူးပေါ့"

"အံမာ....ပညာရှိကြီးက ငါ့ကိုလာပြီး ဆုံးမနေပါပြီ၊ ဟား....ဟား"

ခင်မောင်ဦးက ရယ်သည်။

"ကဲ....ခု ဘယ်သွားမှာလဲ၊ မင်းအလုပ်က ပြီးပြီလား"

ချိုကြီးက အရှေ့လမ်းထောင့်သို့ရောက်၍ လမ်းမကြီးမှ မော်တော်ကားနှင့် မြင်းလှည်းများကို ရပ်စောင့်ရင်း မေးလေသည်။

"ငါ့အလုပ်က ပြီးပါပြီ၊ ဈေးနားမှာပဲ ငါ ဆင်းနေခဲ့မယ် လေ၊ မင်း ပြန်တော့ပေါ့"



ချိုကြီး ဈေးနားသို့ ဆက်နင်းလာပြီးနောက် ဘီဘီစတိုး ရှေ့တွင် ရပ်ပေး၏။ ခင်မောင်ဦး ဆင်းသွားတော့မှ ဘုရားကြီး လမ်းအတိုင်း ဆက်နင်းလာခဲ့သည်။

ဘူတာနားမှ မှတ် တိုင် လမ်း ဂိတ် သို့ ရောက်သည့်တွင် ဆိုက်ကားခဏရပ်ပြီး လက်ဝဲဘက်သို့ ကွေ့ဝင်ကာ ဘူတာ နောက်ကျောဘက်မှ ဆေးမွှေးတို့ အရက်ဆိုင်သို့ လာခဲ့လေ သည်။

သည်ဆိုင်မှာ နှုတ်ခမ်းမွေးဆိုင်ဟု ပေါင်းတည် ကာလ သား ဇိုးသမားများက ခေါ်ကြသောဆိုင်ဖြစ်၏။အကြောင်းမူ ဆိုင်ရှင်အဘိုးကြီး၏ နှုတ်ခမ်းမွေးကားကားနှင့် ရိုဏ်ကူးထားသော ဓာတ်ပုံကြီး ဆွဲချိတ်ထားလေရာ ၎င်းဓာတ်ပုံကို အကြောင်းပြု၍ ပထမသော် ခေါ်ကြခြင်းဖြစ်၏။

သည့်အပြင် ၎င်းဆိုင်ရှင်၏ သမီးကလေးအမည်ကလည်း တရုတ်လို 'ဆေးမွှေး' ဟု ခေါ်ပြန်လေရာ ဆေးမွှေးဆိုင်၊ နှုတ်ခမ်းမွေးဆိုင်ဆိုသည့် နာမည်က ပို၍ တွင်ကျယ်လာလေ၏။

ယင်းဆိုင်ကအရက်မှာ အရက်ဖြူကို တရုတ်ဆေးရောစပ် ထားခြင်းပင် ဖြစ်သည်။ မြို့ပေါ်မှ ငွေကြေးတတ်နိုင်သူများ ကတော့ ရမ်၊ ဘရန်ဒီ စသည့် အရက်ကောင်းများကိုသာ သောက်ကြ၍ သည်ဆိုင်သို့ လာလေ့မရှိကြ။

သည်ဆိုင်မှာက ချိုကြီးတို့လိုလူမျိုးတွေ၊မြင်းလှည်းသမား တွေ၊အလုပ်ကြမ်းသမားတွေလာကြပြီး ဈေးချိုချိုနှင့်သောက် သုံးလေ့ရှိပေသည်။ထို့ကြောင့်ပင် ဆေးမွှေးတို့ဆိုင်၌ ချိုကြီး

တို့ လူရင်းတစ်သိုက်က ပုံမှန်ထိုင်ကြသည့် ဖောက်သည်များ ဖြစ်ကြ၏။

ချိုကြီးဝင်လာတော့ ဆိုင်ထဲသို့ရောက်နေနှင့်သူ မောင်လှကြီးက ဆီး၍ပြော၏။

"ဘယ်လိုလဲကွ ချိုကြီး၊ စောစောက မင်းနဲ့ ခင်မောင်ဦးကို ဆန်ရုံးရှေ့မှာ တွေ့ခဲ့တယ်"

"အေး....ဒီကောင်က ဈေးနားမှာ ဆင်းနေခဲ့ပြီလေ"

"မင်းတို့နှစ်ယောက်ကလဲ ရည်းစားတစ်ယောက်တည်း ပြိုင်ချစ်နေကြပြီးတော့ တယ်တွဲတာကို၊ ဟာဒး....ဟား"

ချိုကြီးက တရုတ်မလေးလှမ်းပေးသော အရက်ပုလင်းကို ယူ၍ မောင်လှကြီးအား ရိုက်မည့်ဟန်ဖြင့် ရွယ်လိုက်ပြီး....

"ခွေးကောင်ကြီးနော်....ငါ့ကို ဒီလိုမနောက်နဲ့၊ မင်းမို့ သည်းခံတာ၊ ဒီ့ပြင်လူဆိုရင် ဒီနေရာမှာ ခေါင်းကွဲသွားပြီ မှတ်"

"မင်းကလဲကွာ....မောင်လှကြီး ပြောမယ်ဆိုရင် ပြောစရာ ပဲလေ၊ ဟုတ်သားပဲ"

တစ်ဖက်စားပွဲမှာ ထိုင်နေသော ထွန်းမောင်က ဝင်ထောက်ခံ၏။

"ဟေ့ကောင် ဘိန်းစား....မင်း ငါတို့ထဲဝင်မပြောနဲ့၊ ပါးရိုက်ခံချင်လို့လား"

"မင်းကလဲ ချိုကြီးရာ၊ စိတ်တိုရန်ကော၊ ကဲ....ငါ မေးမယ်၊ မင်း မိစမ်းကို မချစ်ဘူးလား ချစ်လား၊ ငါမေးတာဖြေလေကွာ"



ထွန်းမောင် ဝင်ပြောခါမှ ပိုပြီးရှုပ်ကုန်တော့၏။ ပြောမနာ ဆဲမနာ သူငယ်ချင်းတွေဆိုတော့ ချိုကြီးက ပြန်ဆဲရုံမှတစ်ပါး မတတ်နိုင်။

"ဟေ့ကောင် ချိုကြီး၊ ငါမေးတာဖြေလေကွာ"

ထွန်းမောင်က ပြောကာ ငါးခြောက်ကြော် အမြည်းပန်းကန်ကိုယူလာ၍ချပြီး ချိုကြီး၊ မောင်လှကြီးတို့ဝိုင်းတွင် ဝင်ထိုင်၏။

"တော်စမ်းကွာ....တခြားဟာတွေပြောကြစို့"

"အံမာ....စကားလွှဲမပစ်စမ်းပါနဲ့ ချိုကြီးရာ၊ တို့သူငယ်ချင်းတွေ ဆုံတုန်း ကြုံတုန်း ပြောကြရတာ၊ ကဲ....ငါမေးတာ ပြောကွာ"

"ဟုတ်သားပဲကွ၊ ဖြေလိုက်လေ"ဟု မောင်လှကြီးက ဝင်ပြောသဖြင့် ချိုကြီး မနေသာတော့ပေ။

"ငါ မိစမ်းကို ချစ်တာပေါ့ကွ"

"အဲ....ဟုတ်ပြီ၊ ချစ်ရင် ဘာဖြစ်လို့ ခင်မောင်ဦးနဲ့ မင်းကြည့်နေသလဲ"

"ငါနဲ့မှမလိုက်တာဘဲ"

"ဟာကွာ....လောကမှာ ယောကျ်ားနဲ့မိန်းမပဲ၊ မလိုက်ဘူးရယ်လို့ ဘယ်မှာရှိပါ့မလဲ"

ထွန်းမောင်က ဝင်ပြော၏။

"ငါက ဆိုက်ကားသမား ငပေငတေကွ၊ ငါ့လိုကောင်နဲ့ မိစမ်းရရင် ဒုက္ခရောက်မှာ၊ ခင်မောင်ဦးက ပညာတတ်၊ အစိုးရအလုပ်နဲ့ ဆိုတော့ တစ်နေ့ကျ ရာထူးတိုးပြီး သူ့ဘဝ

ကောင်းမှာ၊ ဒါကြောင့် ငါ မောင်နှမလိုပဲ သဘောထားပြီး နေတာ အကောင်းဆုံး ထွန်းမောင်"

"ဟင်း....မင်းကတော့ တကယ့်ကို သဘောထားကြီးတဲ့လူပါလားဟေ့"

သည်တော့ မောင်လှကြီးက ဝင်၍ထောက်ပြန်သည်။

"ငါတို့ကတော့ ကိုယ့်လက်ထဲရောက်နေတဲ့ပစ္စည်း ဘယ်တော့မှ လက်လွှတ်မခံတတ်ဘူးကွ၊ လက်လွှတ်ပြီဆိုရင်တော့ ကိုယ်ညံ့လို့ပဲ ဖြစ်ရမယ်"

"လောကမှာ သဘောထားကြီးတာတို့၊ အနစ်နာခံတယ်ဆိုတာတို့က ဝတ္ထုတွေ၊ ရုပ်ရှင်ဇာတ်ကားတွေထဲမှာသာပါကွာ၊ အပြင်မှာတော့ စိတ်ကူးယဉ်တဲ့ကောင်ခံရမှာပဲ"

သည်လိုဆိုတော့လည်း ချိုကြီး၏စိတ်ထဲတွင် သူတို့ပြောတာ ဟုတ်တုတ်တုတ်ပါလားဟု ထင်လိုက်မိပြန်၏။ ချိုကြီးသည် သူ့ကိုယ်သူ မဝေခွဲတတ်။ ပိုင်ပိုင်နိုင်နိုင်လည်း မဆုံးဖြတ်တတ်ချေ။

တစ်ယောက်ပြောလျှင် ဟုတ်နိုးနိုး၊ နောက်တစ်ယောက်က မဟုတ်ဘူးဟုပြောလျှင်လည်း မဟုတ်ပြန်ဟု ထင်တတ်၏။ ကိုယ့်စိတ်ကိုယ်မပိုင်ဘဲ ယုံလွယ်မှားလွယ်သူဟုပင် ခေါ်ရပေလိမ့်မည်။

သူ့ကိုယ်သူ ပြန်၍ မေးခွန်းထုတ်ကြည့်ပြန့်တော့လည်း ရသည့်အဖြေက မရေမရာ မသေချာ။ မိစမ်းအား တကယ်ပင် နှမလေးလို ချစ်နေမိသလိုလို။ တစ်ခါတစ်ခါလည်း ချစ်သူကဲ့သို့ ချစ်ကြည့်ချင်သလိုလိုဖြစ်မိ၏။



ခင်မောင်ဦးနှင့် မိစမ်းတို့ ကြည်နူးနေကြပြန်တော့လည်း ဒါကို သူ သဘောကျပြန်သည်။ သူ့အချစ်သည် မိစမ်းအပေါ် ငါးရာနှစ်ဆယ့်ရှစ်လည်းမက ထောင့်ငါးရာလည်းမကျချေ။

"ဟေ့ ကောင်ကြီး....တကယ်တော့ မိစမ်းရော၊ ခင်မောင်ဦးရော မင်းကို ခိုင်းကောင်းလို့ ညာခိုင်းနေတာကွ၊ သိလား ချိုကြီး"

ထွန်းမောင်က ထပ်ပြော၏။ သည်စကားက ချိုကြီးအား ...ားစွာ နာကြည်းသွားစေခဲ့သည်။

"အောင်ကွာ....ထွန်းမောင်၊ ဒီလိုတော့မပြောနဲ့၊ ငါက ညာခိုင်းတာခံတဲ့ ငနုံအမှ မဟုတ်ဘဲ"

"အံမာကွာ....မင်းက ဟုတ်တာပြောတော့ နာလိုခံခက်...တယ်ပေါ့လေ"

"ဟေ့ကောင် ထွန်းမောင်၊ မင်း စကားဆက်မပြောနဲ့ ...၊ အောင်တော့၊ ငါကြာရင် သည်းမခံနိုင်တော့ဘူး"

ချိုကြီးက ပြောရင်း ထိုင်ရာမှထ၏။

"အံမာကွာ.... တို့အချင်းချင်း ဒီကိုစ္စ ပြောတာနဲ့များ ...င်းက ငါ့ကို ရန်လုပ်ချင်တယ်ဆိုရင်တော့ လုပ်စမ်းကွာ၊ ...ုက်သလိုလုပ်"

ထွန်းမောင်က ချိုကြီးဘက်သို့ ခေါင်းကို ထိုးပေးပြီး ...င်းခွဲ တစ်လုံးပါ လှမ်းပေး၏။ မောင်လှကြီးက ဝင်၍ ...ားမှဆွဲထားကာ ဖျဉ်သည်။

"တော်ကြစမ်းကွာ၊ ထွန်းမောင်....မင်း ဘာမှ ဆက် မပြောနဲ့၊ ချိုကြီး ထိုင်ကွာ၊ မင်းတို့ဟာတွေက ကိုယ့်အချင် ချင်း တွေ့ဟာ၊ အရက်သောက်ရတာ နည်းနည်းမှ ငြ မကျဘူး"

မောင်လှကြီးက ဆဲရေးတိုင်းထွာ၍ပြောလိုက်ပြီး လူချ တစ်ခုံစီခွဲထားကာ ကြားမှာ သူက ဝင်၍ထိုင်လိုက်သည်။

ထွန်းမောင် စကားတန့်သွား၏။ ချိုကြီးလည်း နှုတ်ဆိ သွားသည်။ မောင်လှကြီးက ပုလင်းထဲမှ လက်ကျန်အရက် သုံးယောက်စလုံး၏ဖန်ခွက်များထဲသို့ ညီတူမျှတူ ငှဲ့၍ထ လိုက်သည်။

"တော်ပြီကွာ....ငါ ထပ်မသောက်တော့ဘူး"

ချိုကြီးက လက်ကာပြပြီး ဖန်ခွက်ကို ဘေးဖယ်ပစ်လို သည်။

"မင်းကလဲကွာ.... စိတ်တိုရန်ကော၊ ဒါလေးပြောတ များ ပွဲပါသွားမှာကျလို့"

"တော်ကွာ....ဘာမှ ဆက်မပြောနဲ့၊ ငါမကြားချင် ထွန်းမောင်"

မောင်လှကြီးက ကြားဝင်ရပြန်၏။

"တော်ကြပါဆိုနေမှပဲ၊ မင်းတို့နှစ်ယောက်ကလဲ ပြေ လို့ကို မရဘူး၊ ကဲ....မကျေနပ်ရင် မင်းတို့နှစ်ယောက်စ ငါ့ကို ဝိုင်းထိုးကြကွာ"



မောင်လှကြီးက ခေါင်းထိုးပေးပြန်သဖြင့် ချိုကြီးနှင့် ထွန်းမောင် နည်းနည်းငြိမ်သွားသည်။ ချိုကြီး ဆတ်ခနဲ ထိုင် ရာမှ ထသည်။

"ဒါက ဘယ်တုံးကွ ချိုကြီး"

"သွားမယ်ကွာ"

"သောက်ဦးလေ မင့်ခွက်ကျန်"

"တော်ပြီ"

သည်တွင် ထွန်းမောင်က ဝင်၍ပြောပြန်သည်။

"အေးပေါ့ကွာ....ငါပြောတာ စိတ်ဆိုးလို့ အရက် ဆက် မသောက်ရင် နောက်လဲ တို့နဲ့မသောက်ဘဲနေပေါ့"

"ဘာပြောတာကွ ဟေ့ကောင်"

ချိုကြီးကဒေါသဖြင့်ပြန်လှည့်လာပြီး ခွေးခြေကိုကောက်၍ ကိုင်ကာ ထွန်းမောင်အား လွှဲရိုက်ချလိုက်သည်။

ကြားထဲက မောင်လှကြီး ဝင်တွန်းပစ်လိုက်၍ ထွန်းမောင် ကို ထိမသွားခြင်းပင်။ ထွန်းမောင်ကလည်း ပုလင်းလွတ်ကို ကောက်လိုက်သည်။

"ဩော်....မင်းကဒီလိုလား၊ လာလေကွာ"

"ဟေ့ကောင်တွေ....တော်ကြစမ်း၊ မင်းတို့က အချင်း ချင်း ပြောလို့ကိုမရဘူး၊ ငါတော့ သေသာသေချင်တယ် ချိုကြီး၊ လာကွာ....ငါ လိုက်ပို့မယ်"

မောင်လှကြီးက ချိုကြီးကိုဖက်၍တွဲပြီး ဆေးမွေးဆိုင်ထဲမှ ဆွဲထုတ်လာခဲ့ရတော့သည်။ ထွန်းမောင်မှာ ဆိုင်ထဲတွင် တက် တခေါက်ခေါက်ဖြင့် ကျန်ရစ်ခဲ့တော့၏။

မမျှော်လင့်ဘဲဖြစ်ရသော ရန်ပွဲကြောင့် မောင်လှကြီး လည်း စိတ်မကောင်းနိုင်တော့။ ဘူတာရုံကျော်လာသည် အထိပင် သူတို့နှစ်ယောက်စလုံး စကားမပြောဖြစ်ကြ။

ချိုကြီးကလည်း အံ့တကြိတ်ကြိတ်နှင့်။

မောင်လှကြီးလည်း ချိုကြီး၏မျက်နှာကို တမော့ကြည့် ကြည့်နှင့်ပင်။

"ဟေ့ကောင်"

မောင်လှကြီးက ခေါ်လိုက်၏။

ချိုကြီးက ဖျတ်ခနဲ လှည့်ကြည့်သည်။

"မင်း ခု ဘယ်သွားမှာလဲ"

မောင်လှကြီးက ဆက်မေး၏။

"ငါ....ငါ...."

ချိုကြီး စကားဆက်မပြောနိုင်ဘဲ ထစ်နေ၏။

"အေးပါ....ဒေါသအလျှောက် မင်းတို့ချင်းဖြစ်ကြတယ် ဆိုတာ ငါသဘောပေါက်ပါတယ်ကွာ၊ တကယ်တော့ ဖြစ်ရ ကောင်းမယ့်လူတွေမှ မဟုတ်တာ"

"အေး....ဟုတ်တယ်ကွာ လှကြီး၊ ငါလဲ ဘယ်လိုလုပ် သတိလစ်သွားတယ် မသိဘူး"

ချိုကြီးက သူ့စိတ်ရင်းအတိုင်းပင် ပြောပြလိုက်လေ သည်။

"အေးပါကွာ....မင်းတို့ချင်းကလဲ ရေကို ဓားနဲ့ခုတ်ရ သာ ပြတ်ချင်ပြတ်မယ်၊ အပေါင်းအသင်းဆိုတော့ ဘယ်



တော့မှ ပြတ်မယ့်ကောင်တွေ မဟုတ်ဘူး၊ ပြီးတာလဲ ပြီးစေ ပေါ့ကွာ၊ ကဲ....မင်းကို ငါက ဘယ်လိုက်ပို့ရမှာလဲ ချိုကြီး"

မောင်လှကြီးက ပြောရာမှ တစ်ပါတည်း ဆက်၍ မေး လိုက်၏။

"ဘယ်မှမပို့နဲ့ကွာ၊ ငါ့ဟာငါပြန်မှာပါ"

ဘူတာထိပ်ရောက်တော့ မောင်လှကြီးက ချိုကြီးကို ဆွဲ ထားသော သူ့လက်ကို လွှတ်လိုက်သည်။ ချိုကြီးက သူ ရပ် ထားသော ဆိုက်ကားဆီသို့ တန်းတန်းမတ်မတ် လျှောက် သွားလေသည်။

ဆိုက်ကားသော့ဖြုတ်ပြီး ချိုကြီးက ဆိုက်ကားပေါ်တက် နင်းထွက်လိုက်၏။

※

## အခန်း ( ၃ )

စပါးပေါ်ချိန် ရောက်လာပြီ။

တောင်သူလယ်သမားတို့လက်ထဲမှာ ငွေရွှင်ချိန်ဖြစ်သလို စပါးပွဲစားတွေ လက်များမှာလည်း ငွေသီးချိန်လည်းဖြစ်၏။ ဤသို့သောအချိန်မှာ ကိုချစ်စံက ရွာစဉ်လိုက်ပြီး ငွေချေးထားသူတွေထံမှာ ငွေတိုးလိုက်တောင်းရသည်။ ဤဆို့ လိုက်တောင်းရာ၌ လက်စွဲတော် ချိုကြီးက ပါစမြဲ။

ထို့ကြောင့် ငွေတိုးနှင့် ကြွေးတောင်းရန် သူတို့ ဆရာတပည့်နှစ်ယောက် ထွက်လာကြသည်။ ဦးစွာပထမ ပေါင်းတည် မြို့နှင့် ဆက်လျက်ရှိသော မြို့တောင်ဘက်ကျသည့် သိမ်ကြီး ရပ်သို့ ရောက်ကြ၏။

သိမ်ကြီးမှ ပွဲစားကြီး ဦးစံဘိုးထံမှ ငွေရင်းပြန်ဆပ်နှင့် ငွေတိုးကို ရပြီးလျှင် ဆက်လက်၍ တောင်တွင်းစုရွာသို့ ထွက်ခဲ့ကြပြန်သည်။ ပေါင်းတည်မြို့မှ ထွက်လာလျှင် တောင်ဘက်



စုးစုးမှာ သိမ်ကြီး၊ တောင်တွင်းစု၊ ဘိုကုန်း စသည့်ရွာများကို ကျော်ဖြတ်ပြီးသော် သဖန်းကုန်းရွာကြီးတွင် မော်တော်ကားလမ်း ဆုံးလေသည်။

သဖန်းကုန်းရွာသည် အလွန်ကြီးမား၍ စည်ပင်သော ရွာကြီး တစ်ရွာဖြစ်၏။ (ယခုအခါ တိုက်သစ်တွေ၊ ဆန်စက်တွေနှင့် ဒုတိယပေါင်းတည်မြို့ဟု ဆိုရလောက်ပေပြီ )သဖန်းကုန်းနှင့် ပေါင်းတည်မှာ မြင်းလှည်းများ ပြေးဆွဲလျက် ရှိလေသည်။

သဖန်းကုန်းမရောက်မီ ကြားကရွာတွေမှာ တစ်ရွာဝင်တစ်ရွာထွက် ကိုချစ်စံက သူ့ကြွေးသမားတွေဆီ ဝင်၍ ငွေတိုးတောင်းပြီး ပြေလည်ခဲ့ရကား သဖန်းကုန်း ရွာကြီးသို့ ရောက်လာလေတော့၏။

သဖန်းကုန်းရွာမှာ ကိုချစ်စံ ငွေများချေးထားသူက စပါးစားလည်းလုပ်၍ စပါးအဝယ်လည်းလုပ်သူ ကိုဒေါက်တို။

ကိုဒေါက်တိုသည် လူက စကားပြော လေအေးအေးကလေးနှင့် ကန္တကလျှရှိသလောက် လက်ယဥ်သူဖြစ်သည်။ ကိုချစ်စံဆီက သူချေးယူထားသည့် ငွေကလည်း နည်းနည်းနောနော မဟုတ်။ စပါးဝယ်ဖို့ ကြိုတင်ယူထားငွေ ငါးထောင်။

အဲသည်အခါချိန်က ဂျစ်ကားတွေပေါ်ခါစ။

ဂျစ်ကားတစ်စီး နှစ်ထောင်။

အိမ်တစ်လုံး သုံးထောင်၊ မြေကျယ်ကျယ် ခြံပါပြီး....။

ကိုချစ်စံ ယူသည့်အတိုးက တစ်ရာသုံးကျပ်တိုးဆိုတော့ ငွေ တစ်ထောင်မှာ သုံးဆယ်။ ငါးထောင်မှာ တစ်ရာ့ငါးဆယ်။ အတိုးကချည်း တစ်လကို တစ်ရာ့ငါးဆယ်။

သည်အတိုးကို တစ်နှစ်ပေါင်းပြီးမှပေးတော့ တစ်နှစ်မှာ တစ်ထောင့်ရှစ်ရာ ပေးရ၏။ ငွေချေးငွေရင်း ငါးထောင်ကို တစ်နှစ် တစ်ထောင့်ရှစ်ရာ ပေးရသည်။ အတိုးကိုချည်း ပေါင်းလိုက်ပါလျှင် သုံးနှစ်ပေးရသော အတိုး ငါးထောင် သုံးရာဆိုတော့ အရင်းကို ကျော်နေပေပြီ။

ကိုဒေါက်တို ချေးယူထားသည်က လေးနှစ်နီးပါး ရှိ ဖြစ်၏။

ကိုချစ်စံနှင့် ချိုကြီးတို့နှစ်ယောက်က မြင်းလှည်းပေါ် ဆင်းကြလျှင် ကိုဒေါက်တို၏ခြံဝင်းထဲသို့ ဝင်လာခဲ့ကြ သည်။

"ကိုဒေါက်တို....ဗျို့....ကိုဒေါက်တို"

ကိုချစ်စံက လှမ်း၍ခေါ်သည်။ အိမ်ထဲမှ ကိုဒေါက်တို လှမ်း၍ ခေါင်းပြူကြည့်ကာ....

"ဩော်....မန်နေဂျာကြီးပါလား၊ လာဗျာ"

ကိုဒေါက်တို၏အိမ်မှာ မျဉ်ထောင်သွပ်မိုး ထရံကာ သည်။

ကိုဒေါက်တိုက တံခါးဖွင့်ပေးသဖြင့် ကိုချစ်စံနှင့်ချိုကြီး ဝင်ခဲ့ကြ၏။ သူတို့ဝင်လာသည့်အချိန်တွင် ကိုဒေါက်တို စားပွဲပေါ်မှာ အရက်ပုလင်းထောင်လျက်။

"ဘယ်ကလှည့်လာကြတာလဲ မန်နေဂျာရဲ့"



"ငွေတိုးတွေ လျှော့ကော်တောင်းတာပေါ့ဗျာ"

ကိုဒေါက်တိုက အရက်မူးနေသည့်ကြားက မျက်လုံးဖြဲ ကြည့်လိုက်၍....

"ဟဲ....ဟဲ....ကျုပ်ဆီကတော့ ငွေရဖို့ သိပ်မလွယ်သေးဘူး ထင်ပါတယ် မန်နေဂျာကြီးရယ်၊ ကျုပ်က ငွေပြန်မပေါ်သေး ဘူးလေ"

ကိုဒေါက်တို၏ အမူအရာက မထိတထိရှိလှ၏။

ကိုချစ်စံကတော့ ကိုဒေါက်တိုမူးနေ၍ ရိတိတိပြောနေ သည်ဟုပင် ယူဆကာ ခပ်ပြုံးပြုံးနေရင်း....

"ခင်ဗျားဇနီးကောဗျာ ကိုဒေါက်တို၊ သူ ဘယ်ကိုသွား လဲ...."

"ရှိပါတယ်ဗျာ၊ နောက်ဖေးခြံထဲမှာ နွားတွေ အစာထည့် ကျွေးနေတယ်၊ မသောင်းရေ....ဟောဒီမှာ မန်နေဂျာကြီး လာတယ်ဟေ့"

ကိုဒေါက်တိုက လှမ်း၍ အော်ခေါ်လိုက်၏။

"ဩော် .... မေ့နေလိုက်တာကွာ၊ ချိုကြီး ရော့....ထည့် သောက်လေ၊ မင်းလဲ သောက်တတ် သုံးတတ်တာပဲ"

"နေပါစေ ဦးလေးရာ"

ချိုကြီးက ကြမ်းပြင်မှာထိုင်၍ ဆေးပြင်းလိပ်တစ်လိပ် ညှိ ၍ ဖွာရာ တံခါးရွက်ကိုမှီလိုက်၏။

"ဂျလောင်း....ချွင်"

တံခါးရွက်ကြားမှ သံထည် တစ်စုံတစ်ခု လဲကျသွားသံ ကြောင့် လက်မြန်နားပါးသော ချိုကြီးက လက်ပြန်ဖမ်းဆွဲ ထားလိုက်သည်။

တံခါးကြားမှ လဲကျသွားသည့် သံထည်ပစ္စည်းကား သံ တူးရှင်းငန်းပြားတစ်ချောင်း ဖြစ်၏။ချိုကြီးက သံတူးရှင်းကို တံခါးကြားမှာ ပြန်၍ နေရာတကျ ထောင်ထားလိုက်ပြီးလျှင် ဆေးပြင်းလိပ်ကို အားပြင်းပြင်း ရှိုက်ဖွာနေလေသည်။

ကိုဒေါက်တိုက လှမ်း၍ခေါ်လိုက်သဖြင့် နောက်ဖေး ခြံ ဝင်းဆီမှ ဇနီး ဒေါ်သောင်းနှင့်အတူ ခြံအလုပ်သမား တစ် ယောက်လည်း တက်လာကြလေ၏။

"မိန်းမရယ်....ဟောဒီမှာ မန်နေဂျာကြီးက အတိုးလာ တောင်းနေပြီ၊ ကဲ....ဘယ်လိုလုပ်ကြမှာလဲ"

"စပါးဖိုးငွေတွေမှ ပြန်မရသေးဘဲရှင်"

ကိုဒေါက်တိုက အရက်တစ်ခွက်ကိုငှဲ၍ မော့ချပြီး....

"ကဲ....မန်နေဂျာကြီး မြင်တဲ့အတိုင်းပဲ"

သည်တော့ ကိုချစ်စံက အလုပ်စကား ပြောရတော့၏။

"မဟုတ်ဘူးလေ ကိုဒေါက်တို၊ ခင်ဗျားဟာခင်ဗျား စပါး ဖိုး ပေးထားတဲ့ငွေတွေ ပြန်မရတာကတခြား၊ ကျုပ် အတိုးရ ဖို့က တခြားပဲဗျ"

ကိုချစ်စံ၏စကားကြောင့် ကိုဒေါက်တို ဆတ်ခနဲ ခေါင်း ထောင်လာ၏။ ပြီးတော့ ကိုယ်ကိုမတ်၍ ကိုချစ်စံအား ပြန် စိုက်ကြည့်သည်။

"ဘာ....ဘာ....ဘယ်လိုဗျ မန်နေဂျာရဲ့"



သည်အချိန်မှာ အိမ်ပေါ်သို့ တင်ဝင်း တက်လာ၏။

တင်ဝင်းက ကိုဒေါက်တို၏ ငယ်ကျွန်တပည့်။ အိမ်ပေါ် မှာ အသံခပ်ကျယ်ကျယ် ကြားကတည်းက အရိပ်အခြည် ပြီး မယောင်မလည်နှင့် တက်လာကာ အကဲခတ်သည့် ပုံ သဏ္ဍာန်မျိုး ဖြစ်လေသည်။

"ဘာ....ဘယ်လိုရမှာလဲ ကိုဒေါက်တို၊ ကျုပ်ချေးထားတဲ့ ငွေထဲက အတိုး လိုချင်တာပေါ့ဗျာ၊ အတိုး မဆပ်နိုင်ရင်လဲ အရင်းတော့ ပြန်ဆပ်ပေးပေါ့"

"ဟဲ....ဟဲ....ကိုချစ်စံ၊ ခင်ဗျား ကျုပ်ဆီက စားထားတဲ့ အတိုးတွေကချည်းပဲ ခင်ဗျားရဲ့ ငွေရင်းကို ကျော်နေပါပြီ ဗျာ၊ ဒီတော့ ကျုပ်က ခင်ဗျားရဲ့အတိုးမပြောနဲ့ အရင်းကိုပါ မပေးဘဲထားရင်တောင်မှ ခင်ဗျားမနစ်နာပါဘူး"

ကိုဒေါက်တိုက ရယ်ကျဲကျဲနှင့် မထီလေးစားပြော၏။

ကိုချစ်စံ အခံရခက်သွားသည်။

"ဘာဗျ....ဘယ်လိုပြောလိုက်တာလဲ၊ ငွေကို ချေးတယ်ဆို တာ အတိုးအညွန့်ကိုစားချင်လို့ ချေးတာပဲ၊ အရင်းအတိုင်း ဆိုရင် ဘယ်သူက အလုပ်ရှုပ်ခံပြီး ချေးနေဖို့လိုမှာလဲ၊ ပြီး တော့ ခင်ဗျားကို ချေးတာမှ ရွှေတို့၊အိမ်တို့၊ ကျွဲ၊ နွားတို့ကို အပေါင်ထားပြီး ချေးတာမဟုတ်ဘူး၊ အသားလွတ်ချေးတာ၊ ဒီမျက်နှာတော့ ထောက်ဦးမှပေါ့"

ကိုချစ်စံက ခပ်ဆတ်ဆတ်ပင် ပြန်၍ပြော၏။

ကိုဒေါက်တိုက ပမာမခန့်သည့် အမူအရာဖြင့် ပြန်၍ကြည့် လိုက်ပြီး သဘောကျစွာ ရယ်သည်။

"ဟား....ဟား....ကိုချစ်စံ၊ ခင်ဗျားနဲ့ ကျုပ်နဲ့က အပေါင်ပစ္စည်းထားဖို့ လိုသေးလို့လားဗျာ၊ ခင်ဗျားရဲ့ဆန်စက်အတွက် ကျုပ်ဝယ်ပေးတဲ့၊ တာဝန်ယူပေးတဲ့ စပါးပုံကြီးတွေဟာ ဘယ်နှစ်ပုံရှိခဲ့ပြီဆိုတဲ့ ကျေးဇူးလဲ ထည့်တွက်ဦးမှပေါ့ဗျာ"

"ဒါက ဆီပေးလို့ ဆေးရတဲ့သဘောပါ၊ ခင်ဗျားလဲ ပွဲခရတယ် မဟုတ်လား"

"အင်းလေ....ရတော့ ရတာပေါ့၊ ဒါပေမယ့် ကျုပ်တခြားဆန်စက်ကို သွားပေးရင်လဲ ဖြစ်တာပဲ၊ ခင်ဗျားကို သံယောဇဉ်နဲ့ပေးတာ"

"ကျုပ်ကလဲ ခင်ဗျားကို ဒီကျေးဇူးတွေ ထောက်ပြီး ပစ္စည်းပေါင် မပါဘဲနဲ့ အလွတ်ငွေချေးတာပဲ"

"ကဲဗျာ....ကျုပ်က ပြန်မဆပ်ဘူး၊ တစ်ပြားမှမပေးတော့ဘူးဆိုရင် ခင်ဗျား ဘာလုပ်မလဲ"

"တရားစွဲမှာပေါ့၊ ကျုပ်မှာ ရှေ့နေရှိတာပဲ"

"တရားစွဲရအောင် ငွေချေးတဲ့ အော်ဒီမန်စာချုပ်မှ မရှိဘဲ၊ ဘာအထောက်အထားပြမလဲ"

"သက်သေတွေရှိတယ်လေ၊ ပြီးတော့ ခင်ဗျား ငွေတိုးမဆပ်နိုင်လို့ ဟိုလက ကျုပ်ဆီရေးပေးတဲ့စာလဲ ရှိတာပဲ"

သည်တော့ ကိုဒေါက်တို နည်းနည်းဖြုံသွား၏။

ကောက်ကျစ်စဉ်းလဲသော အကြံသမားပွဲစားပီပီ တစ်ဖက်လှည့် ပြောပြန်သည်။

"ထားပါတော့လေ၊ ကဲ....ခင်ဗျားငွေ ပြန်ဆပ်ပါမယ်တဲ့ ခင်ဗျား ဘယ်နှစ်လ စောင့်နိုင်မလဲ"



"တစ်လမှ မစောင့်နိုင်တော့ဘူး၊ ဒီရက်အတွင်း ပြန်လို ျင်တယ်"

ကိုချစ်စံ၏အသံက မာလာသည်။

"ဒီလို တုံးတိမပြောနဲ့ ကိုချစ်စံ၊ ကျုပ်တို့ဟာ လူရင်းတွေ ဟာ၊ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာ မပျက်ကြရရင် ကောင်းမယ်"

"ခင်ဗျားက စ,ပြီးဖျက်တာကိုး၊ ကျုပ်က လမ်းအတိုင်း ပြောတာကို ခင်ဗျားက ဘုတုတု၊ ကြွပ်ဆတ်ဆတ် လုပ်နေ တော့ ဒီနည်းနဲ့ပဲ ခင်ဗျားနဲ့ကျုပ် လမ်းခွဲကြရမှာ"

"ကိုချစ်စံ....ခင်ဗျားစကား ပြင်ပြီးပြောစမ်းဗျာ"

"မပြင်နိုင်ဘူး ကိုဒေါက်တို၊ ခင်ဗျားက စ,ဖောက်တာပဲ၊ ျုပ်ဘက်က ပျက်တာမှမဟုတ်တာ"

"ဒါဖြင့် မဆပ်ဘူး၊ ခင်ဗျားကြိုက်တာလုပ်"

"လုပ်မယ်၊ လာဟေ့....ချိုကြီး၊ ပြန်ကြစို့"

ကိုချစ်စံက လှည့်၍ပြန်မည်အပြုတွင် ဘေးမှာ ရပ်ကြည့် နေသော တင်ဝင်းက ခွေးခြေဖြင့် ကိုချစ်စံအား ရိုက်ချလိုက် ၊ ချိုကြီးက ပြေးဝင်ပြီး ဆောင့်တွန်းလိုက်သဖြင့် တင်ဝင်း ရေကပြင်သို့ ပက်လက်လန်ကျသွားသည်။

ကိုဒေါက်တိုက ထရံမှာထိုးထားသော ငှက်ကြီးတောင် ားကိုဆွဲယူပြီး ကိုချစ်စံအားပိုင်းရန် ရွယ်လိုက်စဉ် ချိုကြီးက ံခါးကြားမှာ ထောင်ထားသောတုတ်ကိုမြင်သည်နှင့် ဆွဲယူ ီး ကိုဒေါက်တို၏ခေါင်းကို လွှဲရိုက်ချလိုက်တော့၏။

ကိုဒေါက်တို ကြမ်းပေါ်သို့ ခွေကျသွားတော့၏။

"အောင်မယ်လေး....လာကြပါရှင်၊ ဒီမှာ သတ်ကုန်ကြပ
ပြီ"

ကိုဒေါက်တိုမိန်းမ၏ အော်သံကြောင့် အိမ်နီးနားချ
များ ဝိုင်းအုံလာကြ၏။ ကိုချစ်စံကိုလည်း သိကြသူများဖြ
သောကြောင့် ရန်မူကြခြင်းမပြုချေ။

"ကဲ....ကဲ....ပေါင်းတည်ဆေးရုံပို့မှ ဖြစ်မယ်၊ မြင်းလှည်
ခေါ်ပါ"

ကိုဒေါက်တိုအား မြင်းလှည်းဖြင့်တင်ပြီးလျှင် ပေါင်းတ
ဆေးရုံသို့ ပို့ကြရလေတော့၏။

အိမ်ထဲမှ ဆူသံညံသံတွေကြောင့် လူတွေဝိုင်းလာကြတေ
သည်။

တင်ဝင်းက ဆေးရုံသို့လိုက်သွားသည်။

ချိုကြီးအား ပေါင်းတည်ရဲစခန်းသို့ ပို့ကြသည်။ ကိုချစ်
လည်း လိုက်လာခဲ့ရတော့၏။

ချိုကြီးကို စခန်းမှာ စစ်ချက်ယူသည်။ သက်သေခံတုတ်
သိမ်း၏။

ကိုချစ်စံ၏ မျက်နှာကြောင့် တစ်ကြောင်း၊ ဆေးရုံ
အကြောင်းပြန်ချက် အခြေအနေ မသိရသေး၍တစ်ကြောင်
ချိုကြီးကို ဘာမှမလုပ်ကြသေး။

ညနေငါးနာရီထိုးသည့်တွင် ဆေးရုံမှအကြောင်းပြန်ကြာ
လာသည်။ ဒေါက်တိုခေါင်းမှာ လေးချက်ချုပ်ရ၏။ သ
ပြန်ရလာပြီ။



သည်တော့မှ ချိုကြီးအား အချုပ်ခန်းထဲသို့သွင်းပြီး ရိုက်မှု
ဖွင့်ရတော့၏။ ရာဇသတ်ကြီး ပုဒ်မ ၃၂၆ (အပြင်းအထန်
ကျင်စေမှု)။

ကိုချစ်စံ အလုပ်များရလေပြီ။

* * *

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မရောက်ဖူးခဲ့။

ရဲစခန်းနှင့် အချုပ်ဆိုသည်ကို ခုမှပင် ချိုကြီး မြင်ဖူး
သည်။ ဦးစွာ ပထမ သူ့အား ကိုယ်ပေါ်တွင် ရှာဖွေပြီး
နောက် အချုပ်ခန်း သံတံခါးသော့ကိုဖွင့်ပြီး သူ့ကို အချုပ်
ထဲသို့ သွင်းလိုက်၏။

ထိုခေတ်က ရဲစခန်းတွေနှင့် ရဲတွေမှာ ယနေ့ခေတ်
ည်သူ့ရဲများ၏ ကျင့်ဝတ်နှင့် လားလားမျှမတူပါ။

ဥပမာ အချုပ်သားတစ်ယောက်ကို အချုပ်ထဲသို့ သွင်း
တာကိုပင် စတင်၍ ကြည့်ပါစို့။

သူခိုး၊ ဓားပြ၊ မုဒိမ်းသမား အချုပ်သားဆိုလျှင် အချုပ်
ခန်းသို့ သွင်းတာကိုက မအေနှမ စသည့် သံစုံကို ဆဲဆိုကာ
နောက်မှ တင်ပါးကို ဖိနပ်ဖြင့် တအားကုန် ဆောင့်ကန်ပြီး
အချုပ်ထဲသို့ ထည့်သွင်းလေ့ရှိကြ၏။

ဝင်လျှင်ဝင်ချင်း ဆောက်နှင့် ထွင်းလိုက်သည့် သဘော
င် ဖြစ်၏။ ဒါပေသိ လူသတ်မှုလို အမှုမျိုးဖြင့် ဝင်လာရ

သော အချုပ်သားကိုတော့ နည်းနည်း ရှိန်သည်။ သွင်း
သွင်းစဉ်မျှသာ....

ကဲ...ဘယ်နည်းနဲ့ပဲ အချုပ်ထဲ သွင်းလိုက်ပါစေ၊ အ
ရောက်တော့ စတင်ကြုံရမည့် အဖြစ်မှာ....

အဲသည့်ခေတ်က ရဲစခန်း အချုပ်ခန်းတွင်းမှာပင် အချ
တန်းစီး (ဝ) တစ်နည်းနည်းအားဖြင့် အကြောင်းကြော
ကြောင့် အချုပ်ခန်း သက်ရှည်နေသော အချုပ်မင်းသ
တို့က ရှိနေကြစမြဲ။

ဦးစွာ ပထမ အချုပ်ခန်းတွင်းသို့ ဝင်လာသည့် လူသ
အချုပ်သားဆိုလျှင် တန်းစီး အချုပ်မင်းသားက စတင်
ကိုင်ပါလိမ့်မည်။ သူ့ကို အချုပ်ဝင်ကြေး ငါးကျပ်စပြီး
ရ၏။ သို့မပေးလျှင် အချုပ်ခန်းတွင်းမှ သေးအိုးနှင့် မိလ္လ
အိုးကို နောက်ဆုံး ရောက်လာသည့်လူသစ်က တာဝန်ယူ
သွန်ရပါလိမ့်မည်။

ယခု ချိုကြီးအချုပ်ထဲသို့ ဝင်လာလာချင်းပင် အတွင်းမ
မှောင်လွန်း၍ ဘာမှ မမြင်ရသေး။ အချုပ်ခန်းဝတွင် မ
တတ်ကြီး ပေ၍ ရပ်နေမိလေသည်။

"ဟေ့ကောင်....ဘာရပ်နေတာလဲ၊ ဒါ မင်းအမေ့လ
အိမ် မှတ်လို့လား ထိုင်"

ရုတ်တရက် ပေါ်ထွက်လာသည့် အမိန့်ပေးသံကြော
ချိုကြီး နားကြားပြင်းကတ်သွားသည်။ အသံလာရာဆီ
ပြန်လှည့်၍ ကြည့်လိုက်တော့ အမှောင်အကျင့်ရလာသေ
မျက်လုံးက အခန်းထောင့်မှာ ထိုင်နေသူကို မြင်သွား၏



"ကျုပ်ဟာကျုပ် ရပ်နေတော့ ဘာလုပ်ချင်လဲ"
ချိုကြီးကလည်း ခပ်ဆတ်ဆတ်ပင်ပြန်၍ မေးလိုက်သည်။
"မင်းက ဘာအမှုလဲကွ"
တန်းစီးအချုပ်မင်းသားက ထပ်မေးသည်။
"ရိုက်မှုဗျ"

"လာပါကွာ၊ အေးအေးဆေးဆေး ထိုင်ပြီစကားပြော
ကြရအောင်"

သည်တော့မှ အချုပ်ခန်းအတွင်းဝယ် ကြွက်ကလေးတွေ
လို ငြိမ်နေကြသော အခြားအချုပ်သားလေးဦးကိုပါ ချိုကြီး
တွေ့ရပါတော့၏။ သူတို့အားလုံးသည် တန်းစီး၏ အမိန့်
အောက်မှာ ပြားပြားဝပ်နေကြရပုံ ပေါက်၏။

ချိုကြီးလျှောက်သွားပြီး တန်းစီးနားမှာ ထိုင်လိုက်သည်။
ကျန်အချုပ်သားတွေက ကြည့်နေကြ၏။

"ရော့ကွာ....ဆေးလိပ်သောက်"
"ကျုပ်မှာ ဆေးပြင်းလိပ်ပါတယ်"
ချိုကြီးက ခါးပုံစကြားထဲမှ ဆေးပြင်းလိပ်ကို လက်ဖြင့်
တ်သပ်ပြီး တန်းစီး၏ ဆေးလိပ်မှမီး ညှိ၏။

"ခင်ဗျားကရော ဘာမှုလဲ"
ချိုကြီးက ပြန်မေးသည်။
"ခါးပြမှုကွ ကြာနေတယ်"
ချိုကြီးက သူ့အမှုအကြောင်း ပြောပြ၏။ ကျန်အချုပ်
သားတွေက ဝိုင်း၍ နားထောင်နေကြသည်။

"တို့က တောဘက်ကကွ၊ ဒီအချုပ်ထဲမှာ မြို့သားဆို
မင်းတစ်ယောက်ပဲ ရှိတယ်"ဟု တန်းစီးကပြောကာ
နာမည် တုတ်ရွှေဟု မိတ်ဆက်ပေးလေသည်။

"ခင်ဗျားတို့ ထမင်းစားတော့ ဘယ်မှာစားသလဲ"
ချိုကြီးက မေးကြည့်၏။

"ဒီဂါတ်က ကျွေးတာပေါ့ကွာ"

ထိုခေတ်က အချုပ်သား ကျွေးမွေးစရိတ်ဟု သတ်မှ
ထားသော်လည်း တကယ်ကျွေးတော့ သတ်မှတ်ချက်ထ
များစွာ လျော့နည်းပါသည်။ ပေါပေါများများရှိပါလျ
နှင့် တမင်တကာ လျှော့ကျွေးခြင်းဖြစ်၏။

"မင်းကတော့ ဒီမြို့ပေါ်မှာဆိုတော့ မင်းအိမ်က လ
ပို့မှာပေါ့ကွာ မပူပါနဲ့၊ တို့ထက်တော့ ပိုပြီးကောင်းတ
စားရမှာပါ"

ချိုကြီးက အချုပ်နံရံကိုမှီ၍ အတွင်းမှမြင်ကွင်းကို
သဲသဲကွဲကွဲ ကြည့်ရတော့၏။

အချုပ်ခန်းမှာ ဆယ့်နှစ်ပေပတ်လည် သာသာမျှ
သမံတလင်း ခင်းထားသည်။ အမိုးကနိမ့်၍ ပြတင်းပေါ
မရှိသဖြင့် နေ့ခင်းမှာပင် မှောင်လှ၏။ ရဲစခန်းရုံးခန်းဘ
သို့ မျက်နှာမူထားသည့် အချုပ်ခန်းဝ သံတိုင်းများမှရသ
အလင်းရောင်နှင့် လေဝင်ပေါက်သာ အားပြုနေရသ

အခန်းတွင်းမှ ညှီစို့စို့ ဟောင်စပ်စပ်နိုင်လှသော
မှနံ့နံ့နှင့် မစင်ခြောက်နံ့တို့ကို အရင်ဦးစွာ ရှူရှိုက်ရ
သည်။



အချုပ်သားလေးယောက်နှင့် တန်းစီးတုတ်ရွှေ အပါ
ဝင် ငါးဦးစလုံး၏ အဝတ်အထည်တို့မှာ ညစ်ပေ စုတ်
တ်လျက်ရှိရာ ချိုကြီး၏အဝတ် အချောဆုံးက သူတို့အထဲ
ာ ဗိုလ်စွဲကာ တောက်ပြောင်သည် ထင်ရလောက်၏။

"ငါနဲ့ ဟိုနှစ်ယောက်က အမှုတွဲကွ၊ ကျန်နှစ်ယောက်က
းမှုနဲ့ ရိုက်မှု"

တစ်ယောက်က နွားခိုးမှုဖြစ်သည်။ ကျေးရွာတွေမှာ
ွားခိုးမှု၊ နွားခိုးပြီး ပေါ်မှု စသည့် အမှုတွေ မကြာခဏ
တွေ့ရတတ်လေသည်။ လူသတ်မှုများလည်း မကြာခဏ
ရောက်လာတတ်၏။

တစ်ယောက်အမှုအကြောင်း တစ်ယောက်က ပြောပြရင်း
ဖြင့် အချုပ်ထဲမှာပင် တစ်ဦးနှင့်တစ်ဦး မိတ်ဆွေဖြစ်၍လာ
ကြတော့၏။ ချိုကြီးအား တုတ်ရွှေက လေးလေးစားစား
လုပ်လာရ၏။

ထိုခေတ် ထိုကာလက နေရာတကာမှာ ကြီးနိုင်ငယ်ညှဉ်း
လုပ်လေ့လုပ်ထ ရှိကြ၏။ ငွေနှင့်အာဏာတို့က လွှမ်းမိုး
သော ခေတ်ဖြစ်လေသည်။

ချိုကြီး အချုပ်ထဲဝင်လာသည်က နေ့လယ်ဘက်မှာ ဖြစ်
သောကြောင့် ညနေစောင်းတွင် ညစာအတွက် ထမင်းချိုင့်
င့် ခင်မောင်ဦး ရောက်လာလေတော့သည်။

"ငါလဲ နေ့လယ် ရုံးမှာ မင်းသတင်းကြားတယ်၊ ဒါပေ
ယ့် ဝန်ထောက်ကခိုင်းထားလို့ မအားတာနဲ့ မလာရဘူး
ဝ၊ ခုမှ အားတာ"

"ကိစ္စမရှိပါဘူးကွာ၊ ဒါနဲ့ အခု ဒီထမင်း ဘယ်သူပေး လိုက်တာလဲ၊မင်းဝယ်လာတာလား"

"မဟုတ်ဘူး၊ မမမြင့်က သူ့အိမ်ကချက်ပြီး ငါ့ကို အပ် ခိုင်းလိုက်တာ၊ ဆရာကတော့ မင်းကိစ္စကို လူကြီးတွေနဲ့ လုံးပန်းနေရလို့ မအားဘူး"

မမမြင့်ဆိုသည်မှာ ကိုချစ်စံ၏မိန်းမကို ဆိုလိုခြင်းဖြစ်လေ သည်။ ချိုကြီးကား သည်လိုမှမပို့လျှင် တခြားပို့မည့်သူမရှိ ချေ။

ချိုကြီးက ထမင်းချိုင့်ကိုဖွင့်ပြီး ပါလာသည့် ဟင်းနှင့် နယ်ဖတ်စားရ၏။ ခါတိုင်းဆိုလျှင် ညနေစောင်းစ သည် အချိန်မျိုးမှာ အရက်သောက်လို့ကောင်းတုန်း။ ထမင်းကို ညမိုးချုပ်၍ ကိုးနာရီလောက်မှ စားသည့်ကောင်။

ခုတော့ ညနေငါးနာရီမှာ ထမင်းစားရပြီး အချုပ်ခန်း ၏ အနံ့အသက်များကြောင့်လည်းကောင်း၊ ထမင်းစားချိန် မဟုတ်သေး၍လည်းကောင်း၊ စား၍ ကောင်းစွာမဝင်။ ဗိုက် ပြည့်ရုံမျှသာ စားလိုက်ရ၏။

တုတ်ရွှေက ချိုကြီးထမင်းချိုင့်ထဲက ပိုနေသည့်ထမင်းနှင့် ဟင်းတို့ကို ကျန်အချုပ်သားများသို့ ဝေမျှ ပေးလိုက်၏ သူတို့တစ်တွေအဖို့တော့ ဤလိုဟင်းလျာများက နတ်သုဒ္ဓါ တမျှပါ။

"မင်းအတွက် အာမခံ မရနိုင်ဘူးလို့ ပြောတာပဲကွ"

ခင်မောင်ဦးက ဆို၏။ တုတ်ရွှေက ဝင်ပြောသည်။



"ဟုတ်တယ်၊ ဆေးစာက ဒဏ်ရာပြင်းတယ်ဆိုရင် အာမခံ လုံးလုံးမပေးတဲ့ အမှုတွေကွ၊ ငါကြည့်ပါလား၊ ခုထိ အပြင် မရောက်သေးတာ၊ အမှုက စ,လုံးရေတောင် မစ,သေး ဘူး"

ချိုကြီးက သည်အချုပ်ခန်းတွင်း၌ တစ်ညနေ ဝင်နေရ သည်ကိုပင် စိတ်ညစ်ညူးလှပါပြီ။

"အာမခံမရရင် ဘယ်လိုလုပ်ကြမှာတဲ့လဲ မောင်ဦးရဲ့" ဟု ခင်မောင်ဦးအား မေးမိ၏။

"ထောင်ကြီးချုပ်ကို ပို့မှာပေါ့"

"ဟာကွာ"

ချိုကြီး နားကြောစိမ့်သွား၏၊

တုတ်ရွှေက ဝင်ပြောပြန်သည်။

"ကိုယ့်လူ ထောင်ချုပ်ကြီးက ဒီနေရာထက် ကောင်းတယ် မှတ်၊ တော်ကြာ ဟိုရောက်မှ သဘောကျနေမယ်၊ နာမည် သာ လန့်စရာကောင်းတာ၊ လက်တွေ့မှာ အားလုံးပြေလည် ရင် ပြီးတာပဲ၊ ဟိုကျတော့ မောင်ရင် သဘောပေါက်မှာ ကွာ"

ခင်မောင်ဦးက ချိုင့်ကိုသိမ်း၏။

"ကဲ....မင်းဖို့ ဆေးပြင်းလိပ်တစ်ထုပ်နဲ့ မီးခြစ်ထုပ်၊ ရော့ ကွာ....ပိုက်ဆံလဲ လိုလိုမည်မည် ယူထားပေါ့၊ စားချင်တာ ဝယ်ခိုင်းရင်ရတယ်လို့ ရဲစာရေးကြီး မေးပြီးပြီ"

ငွေငါးဆယ်ပေးခဲ့ပြီး ခင်မောင်ဦး ပြန်သွားလေသည်။

ချိုကြီးက ဆေးပြင်းလိပ်ထုပ်ကိုဖွင့်ပြီး အားလုံးဝေမျှပေးလိုက်သည်။ ဆေးပြင်းလိပ်မှာ ပေါင်းတည် မြောက်ပိုင်းလိပ်သော သန်းတင်အေးဆေးပြင်းလိပ်ဖြစ်၍ ချိုကြီးအကြိုက်ပင်....။

ချိုကြီးအဖို့ အပြင် လောကမှာ တွယ်တာစရာ ဘာသံယောဇဉ်မှမရှိ။ ထို့ကြောင့် အချုပ်ထဲသို့ ရောက်သည့်တိုင် ပူဆွေးတမ်းတခြင်း မဖြစ်ချေ။

ညနေစောင်း၍ နေဝင်တော့ အချုပ်ခန်းက ပို၍မှောင်လာ၏။ မီးတစ်ပွင့် ထွန်းပေးထားရာ မီးလင်းလာသော်လည်း မီးရောင်က ဖျော့တော့သဖြင့် မြင်ရရုံမျှသာ။

သည်တော့မှ အရက်သောက်နေကျအချိန် ရောက်ပြီဖြစ်၍ အရက်ကို သတိရလာသည်။ လေချဉ်တွေ ပျို့တက်လာသည်။

ကြိတ်မှိတ်ပြီး နေလိုက်ရလေသည်။

ဂါတ်ရှေ့မှ ကင်းလဲသံ၊ စကားပြောသံများ ကြားရပြီး ညဦးပိုင်း ခုနစ်နာရီလောက်မှာပင် ဂါတ်ဝင်း တစ်ခုလုံး တိတ်ဆိတ်သွားတော့သည်။

အလေ့အကျင့် ရနေကြပြီ ဖြစ်၍လောမသိ။ တုတ်ရွှေနှင့် အချုပ်သားလေးဦးတို့ သမံတလင်းပေါ်တွင် အဝတ်စုတ်များခင်းပြီး လဲလျောင်းနေကြလေပြီ။

ချိုကြီးက ခင်မောင်ဦးပေးသွားသော ဒလီအခင်းကလေးကို ချခင်းပြီး လှဲလိုက်သည်။ လှဲ၍မှ တစ်မိနစ်မပြည့်မီ ကိုယ်



ပေါ်သို့ တရှုရှုဖြင့်တက်လာသော ကြမ်းပိုးနှင့် ဒလီအောက်ဆစ်ခနဲ ထိုးလိုက်သည့်ဒဏ်ကြောင့် ထထိုင်လိုက်မိသည်။ မီးရောင်မှာ ကြမ်းပိုးရှာလို့မရ။

သည်ကြားထဲမှာ ခြင်တွေကလည်း တစီစီ အော်နေပြန်သေးသည်။ ငုတ်တုတ် ထထိုင်မိသည်။ ခုမှ အချုပ်၏ ညပိုင်းအရသာကို ကောင်းစွာ မြည်းစမ်းကြည့်မိသေတော့သည်။

ငုတ်တုတ်ထိုင်ရတာ ညောင်းလာတော့ ပြန်လှဲချလိုက်မိ၏။ ရဲစခန်းတွင်းသို့ ဝင်လာသော ခြေသံများ၊ ပြန်၍ ထွက်သွားကြသော ခြေသံများ စသည်ဖြင့် ကြားနေရသည်။ ရုံးခန်းနှင့် အချုပ်ခန်းကြားမှာ နံရံတစ်ခုကာထားသောကြောင့် ဝင်လာသူများ၊ ထွက်သွားသူများကို သေသေချာချာ မမြင်ရချေ။ အသံတွေသာ ကြားနေရသည်။

အမှုလာတိုင်သူများ၊ စစ်ချက်ယူနေသူစသည်ဖြင့် မသဲမကွဲစကားသံသာ ကြားရ၏။ ပြီးတော့ တဖြည်းဖြည်းနှင့် အသံတွေက တိတ်သွားသည်။

ရဲကင်းမှ ကိုးချက်သံချောင်း ခေါက်သဖြင့် ညကိုးနာရီရှိမှန်း သိသည်။ တုတ်ရွှေတို့ လူစုံကတော့ အိပ်ပျော်နေကြလေပြီ....။

အရက်လည်း မသောက်ရ။ ဗိုက်ကလည်း ခုမှ ဆာသလိုဖြစ်လာ၍ အချုပ်ခန်းတွင်းရှိ သောက်ရေအိုးမှ ရေနှစ်ခွက်ခပ်ပြီး ဆင့်သောက်ချလိုက်ရသည်။ ပြီးတော့ ဒလီပေါ်သို့လှဲအိပ်လိုက်မိ၏။

တော်တော်နှင့် အိပ်မပျော်ပေ။

မိစမ်းကို သတိရမိ၏။ ခုလောက်ဆိုလျှင် သူ့သတင်း
ကြားလောက်ပြီး ဘယ်လိုများနေမည်နည်း။ သူ့ကို သနား
နေမည်လား သို့မဟုတ် စက်ဆုပ် ကြောက်ရွံ့နေမည်လား
စသည်ဖြင့် အမျိုးမျိုးတွေးတောကာ အိပ်မပျော်နိုင်။

ညဥ့် သန်းခေါင်ကျော်တော့ အိပ်၍ပျော်သွားလေသည်။
သိပ်မအိပ်လိုက်ရဘူးဟု ထင်သည်။ လူသံ စကားပြောသံ
ကြောင့် လန့်နိုးလာလေသည်။

အချုပ်ထဲမှာပင် နောက်ဖေးကိစ္စ ပြီးကြရသည်။ မြင်သ
မရှက်၊ ယိုသူရှက်ဆိုသည့် စကားမှာ သည်နေရာတွင် လက်
တွေ့ ကြုံရလေပြီ။

နံနက်လင်းလင်းချင်းပင် ခင်မောင်ဦး ရောက်လာလေ၏
လက်ဖက်ရည်ချိုင့်နှင့် ရေမုန့်၊ ဘူးသီးကြော် ပါလာသည်။
တစ်ညလုံး ဆာနေသဖြင့် ပြောင်ဘလင်းခါသွားအောင် စား
ပြီး ဘိဘိစဘိုး လက်ဖက်ရည်ကိုသောက်၍ ဗိုက်ဖြည့်လိုက်ရ
လေသည်။

"ဆရာဦးချစ်စံ လာလိမ့်မယ်၊ ဒီနေ့ မောင်ရင့်ကို ရုံးထုတ်
မယ်တဲ့ကွ"

"ရုံးထုတ်တယ်ဆိုတာ ဘာလဲကွ"

ချိုကြီးက ပြန်မေး၏။ သည်တွင် ဘေးမှ တုတ်ရွှေက ဝင်
ပြောသည်။

"ရုံးထုတ်တယ်ဆိုတာ မောင်ရင့်ကို တရားရုံးခေါ်သွားပြီး
တရားသူကြီးရှေ့မှာ ရမန်ယူမှာ၊ ပြီးတော့ ထောင်ကြီးချုပ်
ပို့မှာကွ"



သည်တော့မှ အမှုအခင်းတို့၏ အပေါ်အဝေါ်နှင့် လုပ်
ထုံး လုပ်နည်းတို့ကို စတင် လေ့လာမိလေတော့၏။

"ငါလဲ တရားရုံးကို လာခဲ့ပါမယ်ကွာ၊ တော်ကြာကျရင်
ဆရာချစ်စံတို့ လာကြလိမ့်မယ်"

ခင်မောင်ဦး ပြန်သွားသည်။ ချိုကြီး ဆေးပြင်းလိပ်
သောက်ရင်း စဉ်းစားနေမိသည်။ ပြီးမှ တုတ်ရွှေအား မေး
ကြည့်ရလေသည်။

"ထောင်ကြီးချုပ်ဆိုတော့ ဘယ်ထောင်ကို ပို့မှာလဲဗျ၊
ည်သောင်ကိုလား, ပေါင်းတည် ထောင်မှာပဲလား"

ပေါင်းတည်ထောင်မှာ ရှေးအခါက ကလေးထောင်
အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။သရက်မြို့ ဘော်စတယ်
ခေါ် လူငယ်အကျင့်စာရိတ္တ ပြုပြင်ရေးကျောင်းဟု မတိုင်မီ
က ကလေးသူငယ်များအား ပြစ်ဒဏ်သဘောမျိုး ချမှတ်ရာ၌
ထားရာအဖြစ် အင်္ဂလိပ်အစိုးရက ပေါင်းတည်မြို့တွင် ထောင်
ပ်သေးသေး ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် သရက်မြို့ ဘော်စတယ်ဟူ၍ ပေါ်ပေါက်လာ
တော့ ပေါင်းတည်ထောင်ကို လူကြီးထောင်အဖြစ်နှင့် လူ
းရေ ကန့်သတ်ပြီး ထားခဲ့လေသည်။

ထောင်ဒဏ် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ချမှတ်ခံရ
သည့် အကျဉ်းသားများနှင့် ထောင်ဒဏ် ငါးနှစ်အထက်
ချခံရသော အကျဉ်းသားများကို ထားရှိခြင်းမပြုချေ။ အမှု
ပြီးမိ အချုပ်သားများကိုတော့ ထားလေသည်။

ပေါင်းတည်ထောင်မှာ အနံ့အလျားအားဖြင့်ပါ တခြား
ထောင်များထက် ငယ်လေသည်။ အချုပ်ခန်းများ၊ အချုပ်
ဆောင်များ၊ ထောင်ကျဆောင်များကအစ လူဦးရေအနည်း
ငယ်မျှသာ ထားရှိနိုင်သော ထောင်ငယ်တစ်ခုဖြစ်၏။

ထောင်၏ တည်နေပုံမှာ....

ပေါင်းတည်မြို့၏ အရှေ့ဘက်သို့ ဦးတည် နေသော
ရန်ကုန်–ပြည်လမ်းမကြီးပေါ်တွင် ရန်ကုန်မြို့သို့ အထွက်
ဘက် လမ်းမကြီးပေါ်၌ တည်ဆောက်ထားသည်။

ထောင်၏ ဘူးဝရှေ့မှာ အဆိုပါ ရန်ကုန်–ပြည် လမ်းမ
ကြီးဖြစ်၍ အနောက်ဘက်မှာ ထောင်ခြံယာခင်းနှင့် ထောင်
ရေကန်များရှိသည်။ အရှေ့ လယ်ပြင်ဘက်တန်းသို့ ကျော
ပေးထားသည်။ ထောင်၏ လက်ယာဘက်တွင် ယခင်က လယ်
ကွင်း ကွင်းပြင်ကြီးရှိ၍ ယခုတော့ အထက်တန်းကျောင်းကြီး
နှင့် မီးစက်ရုံတို့ရှိလေသည်။

ထောင်နှင့် လမ်းတစ်ဖက် ရှေ့မျက်နှာစာမှာ ရဲစခန်းနှင့်
တန်းလျားများ မျက်စောင်းထိုးတွင် ရာဇဝတ်တရားသူကြီးရုံး
နှင့် စက်ရှင်မင်းကြီးရုံးတို့ ရှိကြသည်။

ထောင်၏ ပတ်ဝန်းကျင်မှာလည်း လူနေအိမ်ကြီး အိမ်
ကောင်းများ ရှိကြသည်။ မြို့နှင့်ထောင်မှာ တစ်ဆက်တည်း
လို ဖြစ်နေသောကြောင့် မြို့တွင်းမှ အသံဗလံများ ကြားနေ
ရလေသည်။ ထို့ကြောင့် ထောင်ဟူသော နံရံခြားထားရ
သော်လည်း မြို့၏အငွေ့အသက်များနှင့် မကင်းလှပေ။



ဆယ်နာရီလောက်တွင် ကိုချစ်စံနှင့် စက်ထဲမှမိတ်ဆွေများ
ရောက်လာကြသည်။

ရဲအစောင့်ဖြင့် ချို့ကြီးအား လက်ထိတ်ခတ်၍ ရုံးအထုတ်
မှာပင် စမ်းစမ်းနှင့် ခင်မောင်ဦးတို့ ဆိုက်ကားဖြင့် ရောက်
လာကြလေသည်။ ချို့ကြီးအား လက်ထိတ်ခတ်လျက်နှင့် မြင်
လိုက်ရသောကြောင့် စမ်းစမ်း မျက်နှာမကောင်းတော့ပေ။
ချို့ကြီးကလည်း စမ်းစမ်းအား တစ်ချက်လှမ်း၍ ကြည့်လိုက်ပြီး
လျှင် ရဲအစောင့်နှင့်အတူ ပါလာခဲ့ရလေသည်။

တရားရုံးရောက်တော့ တရားခွင် စတင်နေပြီဖြစ်၍ တစ်
ဖက် ခန်းမှာ စောင့်နေရသည်။

သူတို့အလှည့် ရောက်သည်တွင် ချို့ကြီး တရားခွင်သို့ ဝင်ခဲ့
ရတော့၏။ ရှေးအခါက တရားခွင် တည်ဆောက်ပုံမှာ တရား
သူကြီးများ ထိုင်ရန် လေးပေကျော်မြင့်သည့် ခုံရှည်ကြီးပေါ်
မှာ စတိတ်ကိုတင်ထားပြီး စားပွဲရှည်ကြီးနောက်မှ ပန်းပွတ်
များ တုထွင်းထားသည့် ကုလားထိုင်ရှည်ကြီးများပေါ်မှာ
တရားသူကြီးတစ်ယောက်တည်း ထိုင်၏။

အောက်အနိမ့်မှာ တစ်ဖက်တစ်ချက်တွင် စားပွဲနှစ်လုံးနှင့်
ခုံများထားပြီး တရားလိုရှေ့နေနှင့် တရားခံရှေ့နေတို့ တစ်
ဖက်စီ ထိုင်ကြသည်။

တရားခံအတွက်တော့ ယနေ့ခေတ်လို ထိုင်ခုံမထားပေး
ပါ။ တရားသူကြီးရှေ့တွင် ဝက်ခြံငယ်ပြုလုပ်ထားပြီး တရား
ခံမှာ ယင်းဝက်ခြံကလေးအတွင်း ဝင်၍ မတ်တတ်ရပ်ပြီး
စစ်ဆေးခံရလေသည်။

ဝက်ခြံတွင်း၌ ချိုကြီး မတ်တတ်ရပ်လျက်ရှိပြီး သူ့လက်
မှာ လက်နှစ်ဖက် ပူးခတ်ထားသော လက်ထိတ်သံကြိုး
တစ်ဖက်ကို ဝက်ခြံအပြင်မှ ရဲသားအစောင့်ကို ကိုင်ထား
သည်။

ကိုချစ်စံကချိုကြီးအတွက် ရှေ့နေငှားလာပြီးလေပြီ။အ
တစ်ခုဖြစ်ပြီဆိုလျှင် ထိုခေတ်ထိုအခါက ရှေ့နေစရိတ်၊
စရိတ်က ခေါင်ခိုက်နေစမြဲ။

ထို့ကြောင့် တော်ရုံလူမှာ အမှုအတွက် ရှေ့နေစရိတ်
ရုံးစရိတ် မတတ်နိုင်သဖြင့် ကြိတ်မှိတ်ပြီးခံသွားရရှာသူ
လည်း ဒုနဲ့ဒေး။

အမှုဖြစ်တုန်းစားဖို့ အိမ်အတွက်က သတ်သတ်ရှာရ
မည်။ သည်တော့ အမှုတစ်ခုဖြစ်ပြီးလျှင် အမှုနိုင်သည်
အပထား အမှုသည်ကတော့ ခါလီကျ၍ကျန်ခဲ့တာကများ
ထို့ကြောင့်ပင် ရှေးတုန်းက စကားတစ်ရပ်ရှိခဲ့၏။ 'ဘယ်သူ
အမှုဖြစ်ဖြစ် ကြာတော့ ရုံးစားသွားတာပါ' ဟူသတတ်။

ချိုကြီး၏အမှု ရဲကစ္စဲတင်ချက်ကို ရုံးတော်က လက်ခံ
ရမန်ကြီးတစ်ပတ်ချုပ်ထားရန် ရမန်ပေးလိုက်၏။

တရားခွင်မှထွက်တော့လည်း ချိုကြီးမှာ လက်ထိတ်
ရဲအစောင့်နှင့်ပင်။ ရုံးမှနေ၍ ရဲစခန်းအချုပ်သို့ မပြန်
တော့ဘဲ ထောင်သို့တန်းသွားရမည်ဖြစ်သောကြောင့် ထော
သို့ မပို့မီ မှာချင်တာ၊ ပေးချင်တာတို့ကို နားလည်မှု
ခွင့်ပြုသည်။



ခင်မောင်ဦးနှင့် စမ်းစမ်းတို့က ချိုကြီးအတွက် ဆေးပြင်း
လိပ်ထုပ်၊ မီးခြစ်၊ သရက်သီးသနပ် စသည်တို့ကို ပြေးဝယ်
လာကြ၏။ ထိုခေတ်က ထောင်အဝင်မှာ ငွေနှင့်လိုက်လျှင်
ထောင်တွင်းသို့ ပစ္စည်းသွင်းဖို့လွယ်သည့်ခေတ်။

"စိတ်မပူနဲ့ ချိုကြီး၊ ငါ့ရှေ့နေက မင်းအမှု နှစ်များများ
မကျစေရဘူးတဲ့၊ ကတိပေးတယ်"

ကိုချစ်စံက အားပေး၏။

ချိုကြီးကတော့ ဘာမှနားမလည်ရှာ။ သူ့ဘဝမှာ ဘာမှ
ခြေခြေမြစ်မြစ်မရှိချေ။ ပြုသမျှခံရမည့် အခြေအနေ။

ခေါင်းကြီးကိုသာ ငုံ့ထားရ၏။

"ငါ့အသက်ကိုကယ်တဲ့အတွက် မင်းကိုလဲ ငါ ကူညီမှာ
ပါ ချိုကြီးရာ၊ နောက်ပိုင်းအတွက် ဘာမှစိတ်မပူနဲ့၊ ငါ့
တာဝန်ထား၊ အထဲမှာ ကျန်းကျန်းမာမာရှိဖို့ပဲလိုတယ်"

ထောင်တွင်းသို့ ဝင်ခါနီးဆဲဆဲ၌ ကိုချစ်စံက သည်သို
အားပေးလိုက်ပါလေသည်။

တရားရုံးမှ ထောင်ဘူးဝအထိ တစ်ဖာလုံပင်မဝေးသော
ကြောင့် ရဲအစောင့်များနှင့် သမ်းလျှောက်လာကြရ၏။

ထောင်ဘူးဝရောက်တော့ တာဝန်ကျ ရဲကြပ်က အထဲ
ဝင်၍ စာရွက်စာတမ်းများပေးပြီးသည်နှင့် ထောင်၏ဘူးဝ
တံခါး ပွင့်လာသည်။

"ကဲ....ဝင်တော့"

ရဲအစောင့်က ပြောသဖြင့် ဘူးဝတံခါးလေးမှ ချိုကြီး
ငုံ့ပြီးဝင်လာခဲ့ရလေတော့သည်။ ထောင်တွင်းသို့ ရောက်

တော့မှ ထောင်တွင်း၏မြင်ကွင်းကို ချိုကြီး စတင်တွေ့
တော့၏။

ဂျာစီအင်္ကျီလည်ဟိုက်တွေနှင့် ပုံစံလုံချည်အဖြူမှာ အနက်
ကျားတွေ ဝတ်နေကြသူတွေ။ ရဲများကဲ့သို့ ဝတ်ဆင်ထားကြ
သော်လည်း တံဆိပ်ချင်းမတူသည့် ထောင်ကြပ် ထော
ဝါဒါတွေ စသည်ဖြင့် တွေ့ရသည်။

ထောင်မှူးကြီးရုံးခန်းတွင်ထိုင်လျှင်ထိုင်ချင်း ဦးစွာပထ
တွေ့ရသည်က ပုံစံ။

ပုံစံထိုင်နည်းကို အကျဉ်းသားဘုတ်ကိုင်လား၊ ဘာလာ
မသိ။ ထိုလူကြီးက သူ့အား သင်ပြပေး၏။

"ဆောင့်ကြောင့်ထိုင်ပြီး ရှေ့ကို လက်နှစ်ဖက်ချထား
ခေါင်းမော့မကြည့်နဲ့၊ကြမ်းပြင်ကိုစိုက်ကြည့်နေနော်၊ ညော
တယ်လို့ဆိုပြီး ဖင်ထိုင်လျက် ပြန်ထိုင်မချလိုက်နဲ့၊ ထိုင်တဲ့ဖ
အီသွားမယ်"

ကိုလိုနီစနစ်၊ ကြိုးနီစနစ်၏ အကြွင်းအကျန်သဏ္ဍာန်ရှိ
မကုန်သေးသောကာလဖြစ်၍လည်း ဤကဲ့သို့သော အခြိမ်
အခြောက်တွေနှင့် လက်တွေ့ပေါင်းစပ် သင်ပြခြင်းဖြစ်၏
လူသားဝါဒ မထွန်းကားသေးသလို....

စစ်ဆေးမည့် ထောင်မှူးလေးက ချိုကြီးနှင့် ပတ်သ
သည့် စာရွက်စာတမ်းများယူလာပြီး ကုလားထိုင်မှာ ထို
သည်။ ရမန်အမိန့်၊ ထောင်ပို့ဝရမ်း၊ မှုခင်းအကျဉ်းချု
မှတ်တမ်းနှင့် ရဲပဏာမသတင်းပေးတိုင်ကြားချက် မိတ္တ
စသည်။



"နာမည်"

ထောင်မှူးလေးက မေး၏။

"ကျွန်တော့်ကိုမေးတာလားဗျာ"

ချိုကြီးက ပြန်မော့၍ ဖြေသည်။ ထောင်မှူးလေးက
ပြုံးလိုက်သည်တွင် ဘေးမှာရပ်နေသော ဘာယာက ချိုကြီး၏
နှရောင်းကို ဖနောင့်ဖြင့် တစ်ချက်ပေါက်ပစ်လိုက်သည်။

"မင်းကိုမမေးလို့ ဘယ်မအေ့လင်ကို မေးရမှာလဲကွ၊
ကဲ...."

"အမယ်လေးဗျ...."

ချိုကြီး နံဘေးအောင့်သွားပြီးလျှင် ခွေသွားရာမှ ပြန်ထူ
လာ၏။

"ခုနအတိုင်း ပုံစံပြန်ထိုင်စမ်း"

ချိုကြီး ပြန်ထိုင်ရလေသည်။

"နာမည်"

"ချိုကြီးပါ"

"ဒီထဲမှာ မောင်အေးချိုဆိုကွ"

"ဟုတ်ကဲ့....ငယ်နာမည် မောင်အေးချိုပါပဲ၊ ဒါပေမယ့်
လူတွေက ချိုကြီးလို့ ခေါ်ကြပါတယ်"

"တယ်ရှည်တဲ့ကောင်ပဲ၊ တစ်ခါတည်းပြောရောပေါ့"

ဘာယာက နံပါတ်တုတ်ဖြင့်ချိုကြီး၏ထိပ်ကို တောက်ခနဲ
တစ်ချက်ခေါက်လိုက်ပြန်သည်။ ချိုကြီး ထိပ်ပူသွားရပြန်၏။

"အဖေနာမည်"

"မသိဘူးခင်ဗျ"

"ဟော....အဖေမသိရအောင် မင်းအမေက ဝေသာလီဗျိုင်းလို လေဥ,ဥပြီးမွေးတာလားကွ"

ပြောပြောဆိုဆိုဘာယာကတစ်ချက်ထပ်၍နှက်လိုက်ပြန်ရာ ချိုကြီး ကျောကုန်းမှာ အုန်းခနဲမြည်သွားပြီး ရှေ့သို့ ဟပ်ထိုးကျသွားပြန်သည်။

"ကျွန်တော် အဖေရင်းမရှိပါဘူးဗျာ၊ မွေးစားအဖေပဲရှိပါတယ်"

"အေး....အဲဒီ အဖေနာမည်ပဲပြော"

"ဦးဆာမိ"

"အလုပ်အကိုင်"

"မရှိတော့ဘူးဗျ၊ သေပြီ"

"ဟင်....သေတဲ့ ခွေးသားက ခုလို ထောင်ထဲရောက်လာမလားကွ၊ တော်တော်အူတဲ့ကောင်၊ မင်းအလုပ်အကိုင်ကိုမေးတာ၊ ကဲကွာ....ဒီကောင် အ့ဦး....န့ဦး"

ဘာယာက ချိုကြီးအား နားရင်းကို လက်ဝါးစောင်းဖြင့် တစ်ချက်ရိုက်ထည့်လိုက်ပြန်ရာ ချိုကြီးမှာ ဘေးယိုင်သွားပြီး နားထင်ကိုပွတ်လျက်...

"ဆိုက်ကားနင်းပါတယ်"

"အသက်"

"နှစ်ဆယ့်ခုနစ်"

"အမှုက...."

"တုတ်နဲ့ရိုက်တာပါ"



ထောင်မှူးလေးက ပြုံး[illegible]န်၏။ ဘာယာက နံပါတ်တုတ်ချိုကြီး၏နံကြားသို့ ဆောင့်ထိုးလိုက်ရင်း....

"တုတ်နဲ့ပဲရိုက်ရိုက်၊ ဓားနဲ့ပဲထိုးထိုး၊ အခု မင်းကို ဖမ်းတာ ဘာမှုလဲလို့မေးတာကွ မအေ....ရဲ့"ဟု ရင့်သီးစွာ[illegible]း နံပါတ်တုတ်စာ သုံးလေးချက် ဆက်၍ကျွေးလိုက်ပြန်[illegible]်။

[illegible]ျိုကြီး အဝင်မှာပင် အတော်လေးအီနေလေပြီ။မျက်ရည်[illegible]လည်လာသည်။

"ရိုက်မှုပါ"

[illegible]ျိုကြီး သဘောပေါက်သွားပြီ။အမှုအမည်ကိုဖြေလိုက်၏။[illegible]ခုတော့ ထောင်မှူးလေးက ကြိုပြောမထား၊ အမှု[illegible]ကြောင်းလည်း ဘာယာက မသိသေးသဖြင့် ကပျာကယာ[illegible]ဆေးရခြင်းဖြစ်၏။

[illegible]ပြီးသော့မှ ချိုကြီးကို မတ်ဘတ်ရပ်ခိုင်းလိုက်၏။

"အဝတ်ချွတ်ကွာ"

[illegible]ာယာက ပြောသဖြင့် ချိုကြီးက သူ၏ သစ်ခထေးနေပြီး[illegible]ျင်းလိပ်စော်နံ့ဟောင်နေသည့် ရှပ်အင်္ကျီကိုချွတ်သည်။

"လုံချည်ပါ ချွတ်ကွာ"

[illegible]ကြီး ရှက်သလိုဖြစ်နေပြီး ပြန်ကြည့်နေခိုက် ဘာယာက[illegible]ဉ်ခါးပုံစကို ဆောင့်ဆွဲလိုက်ရာ လုံချည်ကွင်းလုံးကျွတ်[illegible]ားပြီး မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်သွားတော့သည်။

"[illegible]ုက်မနေနဲ့၊ ဒါထောင်ကွ၊ မင်းကြီးတော်လင်ရဲ့အိမ်[illegible]ဘူး၊ ဖင်ကုန်းစမ်း"

ချိုကြီး ဘာလုပ်ရမှန်းမသိဘဲဖြစ်နေစဉ် ဘာယာက က
ကိုဆွဲပြီး ကုန်းခိုင်း၍ ဗိုက်ကို ဒူးဖြင့်ပစ်တိုက်လိုက်ရာ အလို
ရှေ့သို့ ကုန်းပြီးသားဖြစ်သွား၏။

ထောင်ထဲသို့ အကြံအဖန်များကို စအိုဝမှ သွင်းယူ
ခြင်း ရှိမရှိ ရှာဖွေခြင်းဖြစ်လေသည်။

ဗြိတိသျှလက်အောက်ခံ သူ့ကျွန်ဘဝတုန်းက ထောင်မှ
မှ အကျဉ်းသားတို့သည် အလွန်ချုပ်ချယ်လေကြသည့်ကြာ
အကြံအဖန်များ လုပ်လေ့ရှိကြ၏။

ချိုကြီးအတွက် ထောင်အင်္ကျီဂျာစီနှင့် ထောင်လုံ
မပေးသေးပါ။ အကျဉ်းကျမဟုတ်သေးသဖြင့် မူလ ကိုယ်
ပါလာသော အဝတ်နှင့်ပင် နေနိုင်၏။

ပြီးတော့မှ ဘာယာက အဆောင်ကိုင်လက်သို့ ချို
အား လွှဲအပ်ပေးလိုက်လေတော့သည်။

ထောင်တွင်း၌ ထောင်ကျဆောင်နှင့် အချုပ်ကျဆော
ဟူ၍ ခွဲခြားထားလေရာ ချိုကြီးမှာ အချုပ်ကျဆောင်
လိုက်လာခဲ့ရလေသည်။

အဆောင်ကိုင်ဘာယာက တစ်ဆင့် သူ့အား အချ
ဆောင် တန်းစီး၏လက်ဘို့ လွှဲပြောင်းပေးပြန်၏။ အချ
ဆောင် တန်းစီးဆိုသည်ကလည်း အချုပ်သားချင်းထဲမှ ခ
ရက်ကြာနေသူကို ခန့်ထားခြင်းဖြစ်သည်။ ဘဝတူချင်းပင်။

"မင်းမှာ ဘာတွေပါလာသလဲ"

အချုပ်အိပ်ဆောင်ထဲ ရောက်သည်နှင့် တန်းစီးက ဆီ
မေးခြင်းဖြစ်၏။



"ဘာမှမပါဘူး၊ မြင်တဲ့အတိုင်းပါပဲ"

ချိုကြီးက လက်နှစ်ဖက်ဖြန့်ပြ၏။

"တော်တော်အ,တဲ့ကောင်၊ မင်း ထောင်ထဲဝင်လာတုန်း
မင်းအတွက်ပေးလိုက်တဲ့ ပစ္စည်းတွေပြောတာ"

သည်တော့မှ ချိုကြီးက ဆေးပြင်းလိပ်နှင့် စားစရာများ
ကြောင်း၊ ထောင်းဘူးဝမှာကျန်ခဲ့ကြောင်း ပြောပြ၏။

တန်းစီးက ပြုံးကြည့်ရင်း....

"အေး....ဟုတ်ပြီ၊ ဒါဆို တော်ကြာနေ ဒီကိုရောက်လာ
မယ်၊ အဲဒါတွေအားလုံး ငါ့ကိုပေးထား၊ မင်းလိုချင်တဲ့
ချိန်ကျရင် ငါ့ဆီလာတောင်း၊ မင်းဆီမှာ ထားခွင့်မရှိဘူး"

"ဟုတ်ကဲ့"

ချိုကြီးက တန်းစီးကိုပင် အလွန်အမင်း ကျေးဇူးတင်သွား
တော်ပါသေးရဲ့၊ ပစ္စည်းတွေပါမလာ၍ ဆုံးကုန်ပြီထင်
တာ၊ မောင်မင်းကြီးသား ကယ်ပေလို့။

အမှန်တော့ ထောင်ဝမှ ဆေးလိပ်တစ်ရာသွင်းလိုက်သည်
သက်ဆိုင်ရာပုဂ္ဂိုလ်ထံသို့ ရောက်လာတော့ ဆေးလိပ်
စိတ်ပဲ ပါတော့သည်။

အဆောင်တွင်းမှာ မည်သူမျှ စားစရာနှင့် ဆေးလိပ် မီးခြစ်
သည်တို့ ဆောင်မထားရ၊ ဝှက်ထားခွင့်မရှိ။ တန်းစီးလည်း
တွေ ထားခွင့်မရ။ သူလည်း အချုပ်သားပဲဟာ။

သို့သော် နောက်မှရောက်လာသူ လူသစ်တွေအပေါ်
န်းစီးတို့က ဗိုလ်ကျသည့်သဘောဖြင့် သူတို့ကပဲ ယူထား

သိမ်းထားပေးသလိုလိုနှင့် လက်ဝါးကြီး အုပ်ကြခြင်းဖြစ် မအူမလည် လူသစ်တွေ ခံကြရခြင်းပင်။

ရှေးခေတ်က ထောင်ထဲမှာပင် သည်လိုခေါင်းပုံဖြတ်စ က ကြီးထွားခဲ့ပါသည်။ မသိနားမလည်သူအပေါ်မှာ သည်အချင်းချင်းလည်း အနိုင်ယူကာ လက်ဝါးကြီးအုပ် သည်ပင်။

ချိုကြီး ထောင်ထဲရောက်သွားသည့်အချိန်မှာ ညနေ နာရီ။

လေးနာရီခန့်တွင် 'ထမင်းဆွဲ...ထမင်းဆွဲဟေ့' ဟူ အသံကြားရသဖြင့် အချုပ်ထောင်ကလူတွေ လှုပ်လှုပ်သ ထကြသည်။

"လာ...ငါနဲ့လိုက်ခဲ့ကွ"

တန်းစီးကခေါ်သဖြင့် ချိုကြီးမှာ ထလိုက်လာခဲ့ရ၏ အားလုံး ထမင်းရုံကလေးရှိရာသို့ စုပြုံသွားကြပြီး တန်း ရပ်ကြရ၏။

တန်းစီရသည့်စနစ်မှာ စစ်ပြီး သည်ဘက်ခေတ်ကျ လူတွေ သုပ်ဖူးသည်ထင်သော်လည်း ထောင်ထဲမှာက စစ် ခေတ်ကတည်းကပင် နေရာတကာမှာ တန်းစီစနစ် ကျင့်သ ပြီဖြစ်သည်။

တန်းစီးလူကြီး၏အမည်မှာ ကိုဘဆိုင်ဟုသိရ၏။ကိုဘ က ထမင်းပန်းကန်လွတ်တစ်ချပ်နှင့် ရေခွက်တစ်လုံး တော ပေးသည်။



ပန်းကန်ထိုးခံလိုက်တော့ ထမင်းရုံတာဝန်ကျက ပန်းကန် ထဲသို့ လုံးတီးဆန်နီးပါးညွှံ၍ ဝါနေကာ ပေါက်စေးကျကွဲ နေသော ပေါက်ပေါက်လှော်လို ထမင်းဖြူ ကြမ်းကြမ်းကြီးကို ယောက်မနှင့် နှစ်ခါကော်၍ ထည့်ပေးလိုက်ပြန်သည်။

ပြီးမှ ထမင်းပန်းကန်နှုတ်ခမ်းတွင် ငါးပိစိမ်းစား လက် တစ်ဆစ်ခန့်ကို ဇွန်းဖြင့်ကော်၍ ကပ်သုတ်ပေးလိုက်၏။ ရေ ခွက်ကလေးထဲသို့ ပဲဟင်းရည်ကျဲ လောင်းထည့်ပေးသည်။

"ကဲ...သာဟေ့"

ကိုဘဆိုင်က ရှေ့မှခေါ်သွား၍ ချိုကြီးက နောက်မှလိုက် လာရသည်။ သစ်ပင်တစ်ပင်အောက်တွင် ထိုင်ကြ၏။ သူတို့လို ပင် ဟိုနေရာတစ်စု သည်နေရာတစ်စုထိုင်ပြီး စားကြသူတွေကို တွေ့ရသည်။

တချို့က အဆောင်ပြန်သွားပြီး အဆောင်မှာစားကြ၏။

ချိုကြီးက ထမင်းကိုကြည့်ပြီး မဲ့သလိုဖြစ်သွား၏။ ညှံ့လိုက် တဲ့ဆန်။ ငါးပိကလည်း သဲရှပ်ရှပ်နှင့် ကြမ်းလိုက်တာမှ ထော် လို့။

ထမင်းပန်းကန်ထဲသို့ ပဲဟင်းရည်လောင်းထည့်ရာ ထမင်း ထဲ၌ ရေတွေချည်း ပြန်ထွက်သွား၏။ပဲဖတ်က ပါလေယောင် မျှသာ။

ထမင်းတစ်လုတ်ယူ၍ စားလိုက်၏။ မျို၍မရနိုင်အောင် ဖြစ်သွားသည်။

"ကြိတ်မှိတ်စားကွ၊ တဖြည်းဖြည်းတော့ စားတတ်လာမှာ ပဲ၊ ထောင်ထဲမှာ ဒါမှမစားရင်လဲ ငတ်ပြီး သေသွားလိမ့်

မယ်၊ စားရင်း အကျွင့်ရသွားမှာ၊ တို့လဲပဲ ရောက်စကာ ဒီလို ဖြစ်ဘာကွ''ဟု ုဘဆိုင်က အားပေး၏။ ချိုကြီး ကြိတ်မှိတ် စားသော်လည်း ပန်းကန်ဟစ်ဝက်မျှပင် မကုန်တော့ပေ။

ထမင်းပန်းကန်နှင့် ရေခွက်ယူ၍ ထမင်းရုံသို့ ပြန်ပေးပြီး အဆောင်ပြန်ရောက်တော့ တချို့ အချုပ်သားတွေမှာ အိပ်ရာ ပေါ်လှဲ၍ ထမင်းလုံးစီနေကြလေပြီ။

နေ့ဖို့ညစာ သိမ်းဆည်းထားပြီး ထန်းလျက်၊ ကြံသကာ လေးများစားကာ အချိုတည်းနေကြ၏။

"နောက် ထောင်ပင်စာလာရင် သရက်သီးသနပ်တို့၊ ငါးပိကြော်တို့၊ ငါးခြောက်ကြော်တို့ မှာလိုက်ကွာ၊ အဲဒါ တွေနဲ့ ဆောင်ထမင်းနဲ့ ရောစားရတယ်"

ကိုဘဆိုင်က အကြံပြု၏။

အမှန်တော့ အဆောင်တွင်းမှာ ဘည်သည့်အစားအသောက် မှ ထားခွင့်မရှိ။ တန်းစီးနှင့် နားလည်မှုယူပြီး ပေးကမ်းကာ ဝှက်ထားကြခြင်း ဖြစ်လေသည်။

ထမင်းစားပြီး ခဏမှာပင် အဆောင်တံခါးမကြီးများ ပိတ်သွားတော့၏။ အုတ်ရိုးကြီးထဲမှာပင် တံခါးမှာ တစ်ထပ် ထပ်၍ ပိတ်လှောင်လိုက်ခြင်းပင်။

အချုပ်ဆောင်က ရဲစခန်းမှ အချုပ်ခန်းထက်တော့ ကျယ် ကျယ်ဝန်းဝန်းရှိလေသည်။ အိပ်ရာတွေ တန်းစီထားပြီး ကိုယ့် နေရာနှင့်ကိုယ် နေကြရ၏။ ဆေးလိပ် သောက်သူသောက်၊ ကျားကစားသူ ကစားနှင့် ပြင်ပကမ္ဘာနှင့်တော့ အဆက် အသွယ် ပြတ်တောက်လျက် ရှိနေလေပြီ။



ချိုကြီးမှာဆေးပြင်းလိပ်ကိုခဲရင်း မဝတဝ ထမင်းကြောင့် အချိန်မတော်ကျလျှင် ဆာလာချေ့းမည်တု သိသဖြင့် သူ့ ားစရာများကို စစ်ကြည့်ရသည်။

တော်သေးရဲ့....ဘုရားကြီးလမ်း 'ဘန်အစ်' မုန့်ဆိုင်က ရှတ်မုန့်ထုပ်တစ်ထုပ်နှင့် မြေပဲယိုတစ်ထုပ် ကျန်ပေသေးလို့ ဆာလျှင် ဒါကိုစားပြီး ရေနှင့်ပဲ မျှောချရတော့မည်။

သို့သော် ညဉ့်ဦးပိုင်း မိုးချုပ်သည်နှင့်ပင် အိပ်ဆောင်မီး တွ ပိတ်သွား၏။ အပြင်မှာသာဆိုလျှင် လူတွေ သွားကြ လာ ု လှုပ်ရှားကြတုန်း ဖြစ်မည်။

ထောင်ထဲမှာတော့ အိပ်ချိန်မတန်ဘဲနှင့် မီးမှိတ်ပြီဆိုလျှင် ပ်ပေတော့။ ထိုင်နေလို့မရ၊ စကား တစ်ယောက်နှင့် တစ် ာက် လှမ်းပြောလို့မရ။

မအိပ်ချင်ပေမယ့် လှဲနေမှ။

ချိုကြီး ာည်း အိပ်ရာပေါ် ခဏမျှလှဲချလိုက်၏။ သို့သော် က အိပ်ပျက်ထားသည့် အတွက်ကြောင့်လော မသိ။ ခဏ ပင် အိပ်ပျော်ခြင်းသို့ ရောက်သွားရလေတော့သည်။

ဒုက္ခဘုံကြီးကို ခေတ္တမျှမေ့လျော့၍ သွားခြင်းသာတည်း။

## အခန်း ( ၄ )

"အမှုကတော့ ရိုက်မှုပဲ၊ ဒါပေမယ့် ဥပဒေစကားနဲ့ဆို
တော့ အပြင်းအထန် နာကျင်စေမှုလို့ ဆိုတယ်၊ ကိုယ်အ
ချက်ယွင်းဘဲ့အတွက် အပြစ်ဒဏ်က ကြီးသွားနိုင်တယ်၊ဒါ
မယ့် တစ်ဖက်က ဓားနဲ့ဟာကို ခုခံ ကာကွယ်တယ် ဆို
ပေါ်အောင် သက်သေပြရမှာပေါ့၊ ဒါမှ ထောင်ဒဏ်က
တောင် လျော့သွားနိုင်တယ်"

ကိုချစ်စံ ငှားရမ်းထားသော ရှေ့နေကြီး ဦးကျော်ဇေ
ဤသို့ဆိုလေသည်။ ဦးကျော်ဇေသည် အထက်တန်း ရှေ့
ကြီး ဖြစ်၍ ပေါင်းတည်မြို့ အရှေ့လမ်းမှာပင် နေသူဖြစ်
အသက်အားဖြင့် လေးဆယ်ကျော်မျှသာရှိပြီး သိက္ခာသမ
ရင့်ကျက်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် လေးစားခံရသူ ပုဂ္ဂိ
လည်း ဖြစ်ပေသည်။

"ကြည့်သာလုပ်ပါ ဆရာရယ်၊ ငွေရေးကြေးရေးကတေ
ကျွန်တော့်တာဝန်သာထားပါ၊ ကိုယ့်တပည့်ကိုတော့ မ
မနေ ကြိုးစင်ပေါ် မရောက်အောင် လုပ်ရမှာပဲ"



ထိုကာလက ဥပဒေကို လူတွေက နားမလည်ကြသေး။ အင်္ဂလိပ်မင်း၏ ဝေ့လည်ကြောင်ပတ် ရေးသား ပြဋ္ဌာန်းခဲ့သော ဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုခြင်း မပြုကြသေးသလို အစိုးရကလည်း ဥပဒေပညာ ပြည်သူထဲသို့ စိမ့်ဝင် ပြန့်ပွားအောင် မြူစု ဖြန့်ဖြူးပေးသည်။ ယနေ့ခေတ်လို မဖြစ်လာသေး။

သည်တော့ အမှုတစ်ခု ဖြစ်လာပြီဆိုလျှင် ငွေနှင့်စက်ပြီး လိုက်ကြရသည်။ ရှေ့နေကို ပုံ၍ယုံကာ အားကိုးကြရ၏။

ထိုစဉ်က ရှေ့နေကြီးများကလည်း မသိနားမလည်သော အမှုသည်များအပေါ်တွင် အခွင့်အရေးမယူကြ။ သိအောင် နားလည်အောင် ရှင်းပြကြသည်။

ရုံးတွေဘက်ကလည်း ရှေ့နေကို တလေးတစား ဆက်ဆံ အလေးပေးကြ၏။ သူ့သိက္ခာ ကိုယ့်သိက္ခာ ရှိကြ၏။

"အဲဒါ ကြည့်သာလုပ်ပါတော့ ဦးလေးကျော်ဇေရယ်"

ကိုချစ်စံက ထပ်၍ပြောပြန်သည်။

"တဲ....ဒါဖြင့် စိတ်ချဗျာ ကိုချစ်စံ၊ ကျုပ် လိုအပ်တာတွေ ဆက်လုပ်မယ်၊ အာမခံကတော့ မရနိုင်တဲ့ အမှုဆိုတော့ ဒီအတွက်တော့ မကြိုးစားနဲ့တော့၊ ဆရာဝန်ရဲ့ ဆေးစာက ဒဏ်ရာကြီးတယ် ဆိုထားတာဗျာ"

"ဟုတ်ကဲ့ ဆရာ"

"ရုံးထုတ်တဲ့နေ့ကျရင်တော့ ကျုပ်လဲ အမှုအခြေအနေ ထပ်လေ့လာကြည့်ပေးပါ့မယ်"

ကိုချစ်စံ ရှေ့နေထံမှ ပြန်ခဲ့၏။

သူ့စက်မှ ရုံးခန်းသို့ရောက်တော့ ခင်မောင်ဦးနှင့်စမ်းစမ်းတို့ ရှိနေကြသည်ကို တွေ့ရ၏။

"ဆရာ့ရှေ့နေကြီးဆီသွားတယ်ဆိုလို့ စောင့်နေကြတာ"

"အေးကွာ....ငါလဲ ရှေ့နေနဲ့ဆွေးနွေးရသေးတာပေါ့"

ကိုချစ်စံက သူ ဆွေးနွေးခဲ့သည်များကို ပြန်သည်၍ပြောပြရလေသည်။

စမ်းစမ်းကတော့ ဘာမှဝင်မပြောဘဲ ကိုချစ်စံနှင့် ခင်မောင်ဦးတို့ ပြောကြဆိုကြသည်ကို နားထောင်နေ၏။

"ဥပဒေမှာ မိမိကိုယ်ကို ခုခံ ကာကွယ်ပိုင်ခွင့်ဆိုတာ ရှိတယ်တဲ့ကွာ၊ ငါတို့ရှေ့နေကြီးက ပြောတယ်"

ကိုချစ်စံက ပြောသည်။

"ဘယ်လိုဟာလဲဗျာ"

ခင်မောင်ဦးက ပြန်မေးသည်။

"ဥပမာကွာ....မောင်မဲက ဓားကိုင်လာပြီး မောင်ဖြူကို ခုတ်တယ်ဆိုပါတော့၊ မောင်ဖြူကတုတ်နဲ့ပြန်ရိုက်လို့ မောင်မဲသေသွားတယ်၊ အဲဒီမှာ မောင်ဖြူဟာ မောင်မဲရဲ့အန္တရာယ်ပြုဘာကို ကိုယ့်အသက်လွတ်အောင် ကာကွယ်ခုခံတဲ့အနေနဲ့ လုပ်ပိုင်ခွင့်ရှိတယ်တဲ့၊ မောင်ဖြူ လူသတ်မှုမဖြစ်ဘူး၊ အဲ....ဒါပေမယ့် မောင်ဖြူက ပြန်ပြီး ခုခံကာကွယ်တဲ့နေရာမှာ တုတ်နဲ့ တစ်ချက်ပဲရိုက်ရမယ်၊ သုံးလေးချက် ရိုက်တယ်ဆိုရင်တော့ မသေသေအောင်သတ်တဲ့ သဘောမျိုး၊ လူသတ်မှုမြောက်ပြန်ရော"

"ဒါဖြင့် ခု ချိုကြီးအမှုကကော ဘယ်လိုလဲ ဆရာ"



"တို့ရှေ့နေကြီးကတော့ ကွင်းလုံးကျွတ် လွတ်အောင် လျှောက်လဲပေးမယ်လို့ ပြောတာပဲကွာ"

"ဟာ... ဒါဆို သိပ်ကောင်းတာပေါ့ ဆရာရယ်၊ ပိုင်ပြီပေါ့"

"အေး....တစ်ဖက်က တင်ဝင်းတို့ကလဲ ပြည်မြို့တက်ပြီး ရှေ့နေကြီး ဦးစိန်ကို ငှားလာတယ်တဲ့ကွ၊ ဦးစိန်ကလဲ ထက်တဲ့ ပုဂ္ဂိုလ်နော်၊ ရန်သူကို အထင်သေးလို့ မဖြစ်ဘူး"

"ဒါပေါ့ ဆရာရယ်၊ သူတို့ဘက်ကတော့ ဘာပဲဖြစ်ဖြစ် ချိုကြီး ထောင်ကျစေချင်ကြမှာပါ"

"အေးပေါ့....ဒါပေမယ့် ဆရာ့အတွက် ဝင်ကူညီတာပဲ"

"ချိုကြီးကရိုက်တာ တစ်ချက်တည်း မဟုတ်လား ဆရာ"

"မဟုတ်ဘူးကွ...သုံးချက် ဆက်ပြီးရိုက်တာ၊ ဒီကောင်က လက်မြန်တယ်လေကွာ၊ ဆကာဝန်ရဲ့စစ်ချက်မှာ သုံးချက်လို့ ပါတယ်"

"ဒါပေါ့ ဆရာရယ်၊ ရုံးရောက်တော့လဲ ပြဿနာအတိုင်းပဲပေါ့"

"အေးကွာ....ကဲ....ငါလဲ ဘာဘူဆီ သွားလိုက်ဦးမယ်၊ ငွေတွေ သွားအပ်ရဦးမယ်ကွာ"

ကိုချစ်စံ ငွေအိတ်ဆွဲပြီး ထွက်သွားတော့သည်။ ခင်မောင်ဦးနှင့် စမ်းစမ်းတို့ နှစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

စမ်းစမ်းက နဖူးမှစို့ထွက်လာသော ချွေးကလေးများကို သုတ်ပစ်ရင်း....

"ဒီလိုဆို ကို့ချိုကြီး ထောင် နှစ်များများကြီး မကျတော့ဘူးပေါ့နော်"

"ဟာကွာ ... ဒါက ရှေ့နေရဲ့အပြောပဲ ရှိသေးတာ၊ တကယ့်တကယ်ကျရင် ရုံးမင်းက ဘယ်လိုအမိန့်ချမယ် မသိသေးဘူး စမ်းရဲ့"

တကယ်တော့ ခင်မောင်ဦးကလည်း သူ ရေရေလည်လည် နားမလည်သည့် ကိစ္စဖြစ်၍ သေချာစွာပင် မပြောနိုင်ပေ။ စမ်းစမ်း အဖို့မှာတော့ ချိုကြီးတစ်ယောက် ထောင် နှစ်များများ မကျဘူးဟုဆိုလျှင်ပင် စိတ်သက်သာရာရသည်။

ခုမှ စမ်းစမ်း စဉ်းစားလို့ရ၏။

ချိုကြီးကို သူ မမုန်း။ သနားသည်။ သူ့အပေါ် ချိုကြီး ကောင်းခဲ့သည်များကို ပြန်၍စဉ်းစားမိ၏။

*   *   *

တစ်ခါက စက်ရေကန်မှာ သူ ရေချိုးရင်း အဝတ်လျှော်နေတုန်း ချိုကြီး ရောက်လာသည်။

"ဟဲ့ ကောင်မလေး....ဆပ်ပြာပေးစမ်း"

စမ်းစမ်းက ချိုကြီးကို မော့ကြည့်ပြီး....

"အံမာ....လူကိုများ ကောင်မလေးတဲ့....ဟင်း"

"ဟဲ့....နင်က ကောင်မလေးမဟုတ်လို့ ကောင်မကြီးဖြစ်နေပြီလား ဟင်၊ ပေးစမ်း....နင့်ဆပ်ပြာ"



ချိုကြီးက သူ့ကို သည်လိုပြောစဉ်တုန်းက ဘာကြောင့် ...်းမသိ။ စမ်းစမ်းစိတ်မှာ မခံချိမခံသာ ဖြစ်ခဲ့ရဖူးလေသည်။ ...ကိုများ ကောင်မလေးတဲ့၊ ငါဟာ အရွယ်ရောက်နေပြီ။ ...ျိုတစ်ယောက် ဖြစ်နေတာကို သူက အသိအမှတ်မပြုဘူး။ ...ယ်လိုလူကြီးမှန်းလည်း မသိဘူးဟု စမ်းစမ်း မကျေမနပ် ...်မိ၏။

ချိုကြီးနှင့်သူသည် မျက်နှာချင်းဆိုင်လိုက်တိုင်း အမြဲဘုကျ ...လေ့ရှိခဲ့သည်။ ချိုကြီးက သူ့ကို တကယ့် ကလေးပေါက်စ ...းလို ဆက်ဆံသည်ကိုပင် ဘာကြောင့်မှန်းမသိ။ မကျေနပ် ...ှင့်မရဲ ဖြစ်မိလေသည်။

ခုတော့ သူ အင်မတန် ပြောချင်ရာပြော၊ သည်းခံခွင့်လွှတ် ...်သော အစ်ကိုကြီး တစ်ယောက်ကဲ့သို့ ခင်မင်ရသည့် ...ကြီးတစ်ယောက် ထောင်အချုပ်ထဲသို့ ရောက်နေရှာပြီ။ ချိုကြီးကို သနားမိ၏။

"ကဲ....ထမင်းသွားစားကြစို့"

ခင်မောင်ဦးက ပြောသဖြင့် စမ်းစမ်းက ခင်မောင်ဦးနှင့် ...ူ ကိုချစ်စံအိမ်သို့ လာခဲ့ကြတော့သည်။

ကိုချစ်စံမှာ စမ်းစမ်းက နံနက်ကတည်းက ကူညီချက်ပြုတ် ...းခဲ့ပြီဖြစ်သဖြင့် ကိုချစ်စံဇနီး မြင့်မြင့်မှာ ဂျလေးထိန်းရုံ ...်မည်မျှသာ။

"မမြင့် ထမင်းစားပြီးပြီလား"

"ခုပဲ ငါစားပြီးတယ်၊ နင်တို့နှစ်ယောက် မစောင့်နိုင်တာ ...ားလိုက်တာပဲ၊ ကဲ....နင်တို့စားကြလေ"

စမ်းစမ်း မီးဖိုထဲသို့ဝင်ပြီး စားပွဲခုံချကာ ထမင်းခူးခပ်နေ၏။ ခင်မောင်ဦးက သူ့တန်းလျားသို့သွားပြီး လွယ်အိတ်ထားကာ အခန်းသော့ခတ်ပြီး ပြန်လာသည်။

"လာ....အစ်ကို၊ ထမင်းပြင်ပြီးပြီ"

စမ်းစမ်းက ခေါ်သဖြင့် ခင်မောင်ဦးက မီးဖိုထဲသို့ ဝင်လာခဲ့ရတော့၏။ ထမင်းဝိုင်းမှာ ဆုံမိကြတော့ မြင့်မြင့်လည်း ကလေးငယ်ချီ၍ အနားမှာလာထိုင်သည်။

စမ်းစမ်းက ခင်မောင်ဦး၏ ထမင်းပန်းကန်ထဲသို့ ဟင်းများ ထည့်ပေးကာ သူကိုယ်တိုင်လည်း မျက်နှာချင်းဆိုင်၍ စားနေသည်ကို ကိုချစ်စံကတော့ မြင့်မြင့်က ကြည့်နေလေသည်။

"ချိုကြီးအမှုက ဘယ်လိုတဲ့လဲ"

မြင့်မြင့်က မေးသည်။ တကယ်တော့ မြင့်မြင့်သည် ကိုချစ်စံ၏ ဇနီးမယားဖြစ်သော်လည်း လင်တစ်ယောက်လုံး ဘာတွေ လုပ်နေသည်ကို သိခွင့်ရသူတစ်ယောက် မဟုတ်ချေ။

အိမ်မှာနေ၊ ပေးတာယူ၊ ကျွေးတာစား၊ ကလေးမွေး ဘဝကလွဲ၍ တောသူပီပီ ရိုးရိုးစင်းစင်းနှင့် နေရရှာသူပါ။

ခင်မောင်ဦးက ရှေ့နေကြီးနှင့် ဆွေးနွေးပြီးသမျှကို ရှင်းလင်း ပြောပြ၏။ ဘူးလုံးနားထွေးနှင့်ပင် မြင့်မြင့်လည်း အမှုအကြောင်း သေသေချာချာသိမည် မထင်။

* * *



ထောင်ဝင်စာနေ့။

ချိုကြီး ထောင်ဝင်စာအတွက် နံနက်ကတည်းက မျှော်နေ၏။ ထိုခေတ် ထိုကာလတုန်းကတော့ ထောင်ဝင်စာဆိုသည်မှာ ရန်ကုန်ထောင်ကြီးမျိုး၌ အကြောင်းမဟုတ်။ ရန်ကုန်ထောင်မှာ ဒေသမြို့နယ် အရပ်ရပ်တို့၌ လာရောက် ထောင်ကျကြသော လူပေါင်းစုံရှိ၏။

သင်းတို့တစ်တွေအတွက် ထောင်ဝင်စာသည်အလုအယက်စဉ်အမြဲ ဖြစ်နေသည်။ ထောင်ဝင်စာ လာတွေ့ရမည့်သူတွေ တစ်ပုံတစ်ပင်။

ပေါင်းတည် ထောင်လိုဟာမျိုးမှာတော့ ထောင်ဝင်စာတွေ့မည့်ရက်မှာ တွေ့မည့်သူကို လက်ချိုး ရေတွက်လို့ပင်ရင်သည့်ခေတ်။

ဘာကြောင့်နည်း။

ပေါင်းတည်ထောင်လိုမှာ ထောင်ကျနေသူတွေ၊ ထောင်အချုပ်ရောက်နေသူတွေက ပေါင်းတည်မြို့နှင့် သုံးလေးမိုင်ကဝေးကွာသော ကျေးလက်တောရွာမှ လူများဖြစ်ကြ၍ သူတို့အတွက် အိမ်သူအိမ်သားတွေက စီစဉ်ချက်ပြုတ်ပြီး ထောင်ဝင်စာ လာတွေ့ဖို့ရာမှာ လာတစ်ရက်၊ တစ်ညအိပ်၊ ထောင်ဝင်စာ တစ်ရက်၊ ပြန်တစ်ည စသည်ဖြင့် ဝေးကွာသောခရီးကြောင့် တော်ရုံနှင့် ထောင်ဝင်စာလာ၍ တွေ့ကြရိုးမရှိ။

ကဲ....သည်တော့ ထောင်ထဲက သူတို့လူတွေ ဘယ်လိုစားသို့ ဘယ်လိုနေလဲ မေးပါအုံး။

ဖြေပါမည်။

နွားနှင့် ဖက်ရှန်းလုပ်လာခဲ့ရသည့် တောင်သူလယ်သမား
တွေမှာ ထိုခေတ်က သူတို့ရွာက အိမ်မှာစားရသည့် ထမင်း
ဟင်းထက်စာလျှင် ထောင်ကကျွေးသည့် ထမင်းဟင်းက
အဆင့်အတန်း မြင့်သေးသည်ဟု ဆိုရပါမည်။

အဘယ့်ကြောင့်နည်း။

လယ်ရှင်တွေ နှုတ်ယူသွားသဖြင့် လယ်သမားတွေမှာ ဖြ
သလို စား၊ ဖြစ်သလို နေခဲ့ရလေသောကြောင့် ထမင်းမ
ဟင်းမလှ ဖြစ်ခဲ့ရသောကြောင့်ပါ။

သည့်တော့ သူတို့ရွာကလူတွေ ထောင်ဝင်စာ တွေ့ပြီ
ဟင်းကောင်း ကျွေးကောင်းပို့ပေးဖို့ နေနေသာသာ သူတို့ပ
မစားရ၍ သည်ကိစ္စ သူတို့စိတ်ထဲတောင် မတွေးကြပါ။

အဲ....သူတို့ တကယ် ထောင်ဝင်စာလာတွေ့ကြပြီဆိုတော့
ထောင်ကျအကျဉ်းသား၏ မိခင်၊ ဖခင်၊ သားသမီး သေဆုံး
သည့် သတင်းပေးဖို့ကလွဲပြီး တခြားကိစ္စရှိပေမယ့် နည်းသည်
ဟု ဆိုရမည်သာ။

သို့မို့ကြောင့် ယခု ထောင်ဝင်စာ လာတွေ့သည်ဆိုတော့
ချိုကြီး ချက်ချင်းပင် ဆူးဝမှ ထောင်ဝင်စာတွေ့ရာ နေရာသို့
ရောက်လာရတော့သည်။

ထောင်ထဲမှ အတွေ့ခံရသူ လူဦးရေကနည်းပါးလေတော့
အေးအေးဆေးဆေး စကားပြောခွင့်ရ၏။

"ကိုချိုကြီး....နေကောင်းလား"

စမ်းစမ်းက မေးသည်။



"ကောင်းလို့ ခုလိုတွေ့ရတာပေါ့ ကောင်မလေးရဲ့၊ဟဲ....
"

ချိုကြီးကတော့ သူပြောနေကျအတိုင်းပင် ဘုပြောသည်
င်ရအောင် စကားကမတတ်ချေ။ ခုတော့ သည်လိုအပြော
းကို စမ်းစမ်းက ပို၍ နားဝင်ချိုလာ၏။ ဒုက္ခနှင့်သနားစိတ်
အရင်းခံထား၍ ဖြစ်ပေမည်။

"ကိုချိုကြီးဖို့ စားစရာတွေ ယူလာတယ်"

"အေးဟာ....အထဲမှာ ငတ်တာနဲ့တော့ အတော်ပဲ၊နင့်ကို
ကျေးဇူးတင်ပါတယ် မိစမ်းရယ်၊ဒါနဲ့ ဟိုကောင် ငဦးကော"

ချိုကြီးက ခင်မောင်ဦးကို အဖျားဆွတ်၍ 'ငဦး' ဟု ခေါ်
လ ခေါ်ထ ရှိပေသည်။

"သူ အခုကစပြီး ကွင်းဆင်းနေရပြီ၊ သူ့ဆရာ ကိုမောင်
ခန်းကြီးက မမာတော့ လူစားလိုက်ရတယ်"

ကွင်းဆင်းရသည် ဆိုသည်ကတော့ ခါတိုင်းလို ဆန်စပါး
ပို့သည့်နေရာမှာ နေရခြင်းမဟုတ်ပါ။ မြို့ပြင်လေးရပ်ရှိ
ကျေးရွာများမှ ကောက်ပဲသီးနှံရုံးမှ အဝယ်ဒိုင်ဖွင့်ထားသော
ပါးများ လာရောက်၍ ရောင်းချရာနေရာသို့ သွားပြီးလျှင်
င်းဝယ်ယူသော စပါးများ မှန်ကန်ခြင်းရှိမရှိနှင့် ကောက်ပဲ
းနှံရုံး၏ ကိုယ်စားလှယ်အဖြစ် သွားရခြင်း ဖြစ်လေသည်။

အရင်တည်းက အခေါ်အားဖြင့်တော့ ကွင်းဆင်းခြင်းကို
ပါးဒိုင်သွားသည်ဟု ခေါ်ကြ၏။ ယင်းသို့ သွားသည့်အခါ
ားတွင် စပါးဒိုင်များ ဖွင့်လှစ်ထားသော ရွာများမှ စပါး
ရောင်းသူ မြေရှင်၊ လယ်ရှင်များက ဆန်ရှုံးစာရေးများ၊ ဆန်

အင်စပက်တော်များအား နေဖို့တည်းဖို့ အိမ်မှအစ သော
စားစရာအဆုံး လိုလေသေးမရှိအောင် ပြုစုပေးကြရသည်
စီးပွားရေးသမားများက ဝန်ထမ်းကိုမွေးပြီး အမြတ်ထု
သည့် ထိုခေတ်ကပါ။

"ဟဲ့....ဒါဆို နင့်ရည်းစားတော့ စပါးဒိုင်ဖွင့်တဲ့ ရွာ
အိမ်ထောင်ကျနေ့လိမ့်မယ်နော် မိစမ်း"

ချိုကြီးကပြောပြီး သူ၏ မည်းတူးနေ၍ ဆေးပြင်းလိပ်
နံနေသော ပါးစပ်ကြီးကို ဖြဲကာ တဟဲဟဲရယ်နေ၏။

"မသနာကြီး....နိမိတ်မရှိနမာမရှိ၊ တွေ့ကရာတွေ ပြေ
မနေနဲ့၊ဟင်း"

မိစမ်းက ခင်မောင်ဦး နောက်ရည်းစားကိစ္စ ဘာသ
ကြောင့် ပြန်၍ပြောမိ၏။

"အေးပါဟာ....ငါက အကောင်းပြောတာ၊ အဲဒီတေ
ငဦး ရွာတွေသွားပြီး စပါးဒိုင်ဆင်းရင် နင်လဲ လိုက်သွ
နော်"

"ဘာလို့လိုက်ရမှာလဲ"

"ဟ....တော်ကြာ နင် လက်လွတ်နေမှာ"

"တော်စမ်း....ကိုချိုကြီး၊ ခုထက်ထိ သူများကို စ
နောက်ဖို့ မလျှော့သေးဘူး"

"ကဲ....အဲဒါတွေ အသာထားစမ်း၊ နင်တို့ ဈေးထဲ
အထည်ဆိုင်ကို အလုပ်ပြောင်းပြီး လုပ်မယ်ဆို"

ချိုကြီးက သည်တစ်ခါတော့ ခပ်တည်တည်ပင် အလု
အကြောင်း မေးခြင်းဖြစ်၏။



"အဲဒါလဲ ဆရာဦးချစ်စံက လုပ်ပေးမယ် ပြောတာပဲ ကို
ကြီးရယ်၊ ဈေးထဲက ဒေါ်အေးဆိုင်ကလဲခေါ်လှပြီ၊ ကျွန်မ
 ဆရာသဘောမတူဘဲနဲ့ ဘယ်သွားရဲမှာလဲ"

"ဒါပေါ့ဟယ်....ခုလဲ နင့်အလုပ်က စပါးလောင်းတဲ့
အလုပ်လို့ စာရင်းထဲမှာ နေ့တွက်ပေးဖို့ မှတ်ထားတာက လွဲ
း စပါးမလောင်းရဘဲ ဆရာ ကိုချစ်စံက သူ့အိမ်အလုပ်
ုပ်ပေးတာနဲ့ကို နေ့တွက် ထုတ်ပေးနေတယ် မဟုတ်လား၊
ရာ့ ကျေးဇူးကန်းပြီး တခြား ထွက်သွားတယ်လို့ ထင်ရင်
ကောင်းဘူးပေါ့"

"ဟုတ်တယ် ကိုချိုကြီး၊ ကျွန်မလဲ ဒါကိုပဲ စဉ်းစားနေရ
တာပါ"

စမ်းစမ်းအဖြစ်ကလည်း ချိုကြီး ပြောသည့်အတိုင်းပင်။
ပါင်းတည် ဈေးထဲက အထည်ဆိုင်မှာ အငှား အရောင်း
ာရေးမအဖြစ် သွား၍ထွက်လျှင် လစာမှာ သည်မျှပဲရမည်။
ယခု ဆန်စက်မှာ စပါးလောင်းအလုပ်ဟု စာရင်းစင်ပြထား
သော်လည်း တကယ်လက်တွေ့မှာ ကိုချစ်စံ၏ အိမ်အလုပ်နှင့်
င် ပြီးရသောကြောင့် စပါးမလောင်းရဘဲ သည်မျှပဲရ၏။
တာထူးသေးသနည်း။

ဒါပေမယ့် ဘာကြောင့်မှန်းမသိ။

စမ်းစမ်းက ဈေးထဲမှာ ဖိုးလိမ်း ပြင်ဆင်ပြီး ဈေးထိုင်
ရောင်းရသည့် အလုပ်ကို ပို၍သဘောကျသလို ရှိပါ၏။ ငယ်
ယ်သူ မိန်းမပျိုကလေးတို့၏ သဘာဝ ဖြစ်ရိုးဖြစ်စဉ်အတိုင်

ကြော့ကြော့မော့မော့ လှလှပပနေ၍ လူလုံးပြချင်သည့် စိတ်
ပင်လော။

ဈေးထဲမှာဆိုလျှင် လစာနှင့် ကိုယ့်ထမင်းကိုယ်စားရမည်
ခုတော့ နံနက်စာ ညစာမှာ ကိုချစ်စံအိမ်မှာစား၍ မပူပ
ရ။ အိမ်က အမေ- တစ်ယောက်တည်း အတွက်ပဲ ပူရ၏။ ဒ
တောင်မှ အမေ့အတွက် ထမင်းရော ဟင်းပါ ကိုချစ်စံအိ
က ပိုလျှင် ယူသွားခွင့်ရသေးသဖြင့် စမ်းစမ်းတို့ သားအ
အတွက် တစ်နည်းအားဖြင့်တော့ စရိတ်ငြိမ်းသည်ဟုဆိုသေ
ရပေမည်။

ထို့ကြောင့်ပင် သူတို့သားအမိမှာ မူလရှိရင်းစွဲထက် ရွှေ
တို ငွေစကလေးများပင် အနည်းအကျဉ်း ပိုက်မိလာကြလေ
သည်။

စမ်းစမ်းက စက်မှာ စပါးလောင်းတုန်းကတော့ အဝတ်
အထည် သိပ်ဂရုမစိုက်။ ယခု စပါးလောင်း မလုပ်ရတော့
အဝတ်အစား ပြောင်ပြောင်လက်လက် ဝတ်လာသည့်အပြင်
ရွှေလေး၊ ငွေလေး လက်ဝတ်လက်စားကအစ ကိုယ်ပေါ်မှာ
ဆင်လာသည်။

သည်ကြားထဲမှာ ခင်မောင်ဦးကလည်း တူနှစ်ကိုယ် ရွှေ
ရေး စီမံကိန်းအရ သူ့အောက်ဆိုက် ရသမျှတို့ကို စမ်းစမ်း
ထံမှာ စုဆောင်းရန် ပေးထားလေသောကြောင့် စမ်းစမ်း
လက်ထဲမှာ ထုပ်ထုပ်ပိုက်ပိုက် မဟုတ်တောင်မှ အတော်
အသင့်တော့ စုထားပြီးသား ဖြစ်နေလေပြီ။



"နောက်တစ်ပတ် ကိုချိုကြီး ဘာစားချင်သလဲဟင်၊ လို
ချင်တာ မှာလေ"

စမ်းစမ်းကပြောမှ ချိုကြီးမှာ ငေးကြည့်နေရာက သတိဝင်
လာသလို ဖြစ်လာပြီး....

"အေး....ဟို....နောက်တစ်ပတ်ကတော့ နင်တို့ ထောင်ဝင်
ာ လာဖို့ မလိုတော့ဘူးလေဟယ်၊ ငါ ရုံးထွက်ရမှာပဲ"

"ဒါဖြင့်လဲ ရုံးကိုပဲ စားစရာယူလာခဲ့မယ်နော်၊ စားချင်
တာပြော ကိုချိုကြီး"

"အဆင်သင့်တာသာ လုပ်ခဲ့ပါဟာ၊ ထောင်ထဲက ထမင်း
ထက်တော့ ကောင်းမယ့် ဟာ ချည်းပါပဲ၊ ကဲ....ပြန်တော့၊
ထောင်ဝင်စာ အချိန်စေ့တော့မယ်"

စမ်းစမ်းသည် ချိုင့်နှင့်ပစ္စည်းများ သိမ်းလိုက်ပြီး ထိုင်ရာမှ
ထ၏။ ပြီးတော့ ချိုကြီးအား တစ်ချက် စိုက်ကြည့်သည်။

"သွားတော့လေဟယ်"

ချိုကြီးက ပြောလိုက်တော့ စမ်းစမ်း ခေါင်းကလေး ငုံ့
ပြီး လှည့်ထွက်သွားလေတော့သည်။

စမ်းစမ်း၏ နောက်ကျောကလေးကို ငေးကြည့်ကာ ချိုကြီး
သက်ပြင်းချမိသည်။

❋

မြောင်ကိုင်၍ ကိုချစ်စံအား ထိုးသတ်ရန် ဝင်ရောက်လာခဲ့သောကြောင့် တွေ့မိတွေ့ရာအနီးရှိ အိမ်ရှင်ဒေါက်တို၏ အိမ်ထရံတွင် ထောင်ထားသော တုတ်ကို ချိုကြီးကယူ၍ ရိုက်လိုက်ခြင်းသာ ဖြစ်ကြောင်း၊ ဆရာ၏အသက်ကို ကြားဝင်၍ ကယ်လိုက်ခြင်းသာဖြစ်ကြောင်း၊ ကြိုတင်စီစဉ်ပြီး ကျူးလွန်သော ပြစ်မှုမျိုး မဟုတ်ကြောင်းဖြင့် တင်ပြလျှောက်လဲသွားလေသည်။

ယခုအမှုမှာ မိမိ၏ ဆရာအတွက် ခံခုကာကွယ်ခြင်းသာ ဖြစ်ကြောင်း ရာဇသတ်ကြီးဥပဒေ (ယင်း ရာဇသတ်ကြီးကို ပြစ်မှုဆိုင်ရာဟု ပြောင်းလဲခေါ်ဝေါ် သုံးစွဲခြင်း မပြုသေးပေ)ပုဒ်မ–၁၀၀ အရ မိမိကိုယ်ကိုသော်လည်းကောင်း၊ မိမိ မိမိရှေ့မှောက်တွင် ကျရောက် တွေ့ကြုံရမည့် တစ်ပါးသူ၏ အသက်အန္တရာယ်ကိုသော်လည်းကောင်း၊ ကာကွယ်ခုခံခွင့်ရှိသည်ဟု သတ်မှတ်ထားသည့်အတိုင်း တရာခံချိုကြီးအား အပြစ်မှ ကွင်းလုံးကျွတ် လွှတ်ထိုက်ပါကြောင်း လျှောက်လဲသွားလေသည်။

အမှုကို အပြန်ပြန်အလှန်လှန် ကြားနာစစ်ဆေးပြီးလျှင် ခုခံကာကွယ်ခွင့် မှန်သော်လည်း ကာကွယ်ခွင့်ကို လိုအပ်သည်ထက် ပို၍ သုံးသည်ကို တွေ့ရှိရကြောင်း၊ ရိုက်သည့်ဒဏ်ရာမှာ သုံးချက်ဖြစ်နေသောကြောင့် ပုဒ်မ (၃၂၆)ကို ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် တစ်နှစ် ချမှတ်လိုက်လေတော့၏။

ချိုကြီး ဝမ်းမြောက်သွားသည်။

## အခန်း ( ၅ )

ချိုကြီးအမှုကို ရုံးတော်က အကြိမ်ကြိမ် စစ်ဆေးခဲ့လေ
သည်။

အချင်းဖြစ်စဉ်က အနားတွင်ရှိနေကြသော သက်သေ
များကိုလည်း စစ်ဆေးသည်။ တင်ဝင်းကိုယ်တိုင်လည်း စစ်
ဆေးခဲ့လေသည်။

အားလုံး၏ ထွက်ချက်အရမှာ တင်ဝင်းက ကုလားထိုင်
နှင့်ရိုက်ရန် စတင်သူဖြစ်ကြောင်း၊ သို့သော် ဒေါက်တိုက
မားမြောင်ထုတ်ပြီး ကိုချစ်စံအားထိုးရန် ဝင်အလာမှာ ချို
ကြီးက အနီးအနား တွေ့ရာတုတ်ဖြင့် ရိုက်ကြောင်း အစစ်ခံ
ကြသည်။

ချိုကြီးအတွက် ငှားထားသော ရှေ့နေကြီးကလည်း ချို
ကြီး ရိုက်ရာတွင် အသုံးပြုသော လက်နက်မှာ ဒေါက်တို
အားရိုက်ရန် တမင်တကာ အိမ်မှယူလာသော လက်နက်
မဟုတ်ကြောင်း၊ အခင်းဖြစ်ပွားချိန်တွင် ဒေါက်တိုက မား

ထောင်ကျသည့်တိုင် ဝမ်းမြောက်ရခြင်းမှာ ထောင်ဒဏ်နှစ်အများကြီး ချမှတ်မခံရခြင်းကြောင့် ဖြစ်၏။

"ကွင်းလုံးကျွတ် မလွတ်ပေမယ့် ထောင်ဒဏ်နှစ်များများ မကျရတာကတော့ တော်ပါသေးရဲ့ ချိုကြီးရယ်၊ တစ်နှစ်ဆိုတာလဲ မကြာလှပါဘူး၊ မင်း အထဲမှာ နေတိုင်းလဲ ဘာမှမပူနဲ့၊ တို့ ထောင်ဝင်စာမှန်မှန် လာတွေ့မှာပါ၊ ပြီးတော့ အပြင်ရောက်ရင်လဲ မင်းအတွက် ငါအားလုံး တစ်သက်လုံး တာဝန်ယူပါတယ်ကွာ"

ကိုချစ်စံက အားပေးစကားပြော၏။
ခင်မောင်ဦးက မျက်နှာမကောင်း။
စမ်းစမ်းက ငိုပြန်သည်။

* * *

သည်တစ်ခါ ထောင်သို့ပြန်အဝင်မှာတော့ ချိုကြီး မူလအချုပ်ထောင်သို့ မပြန်ရတော့ပေ။

အကျဉ်းသားတစ်ယောက် ဖြစ်သွားပြီမို့ အကျဉ်းကျများထားရာ အဆောင်သို့ ပြောင်းလာခဲ့ရတော့သည်။ ထောင်က သေးလေတော့ တစ်ဖက်အချုပ်ကျဆောင်မှာ နေစဉ်ကပင် တွေ့မြင်ဖူးနေသူ အကော်များများနှင့် ဆုံရသည်။ အကျဉ်းထောင်တွင်းမှာ အချုပ်သားဘဝဖြင့် သုံးလကျော်



နေခဲ့ရပြီး ဖြစ်သောကြောင့်လည်း အကျဉ်းကျဆောင်မှာ သူ့အတွက် စိမ်းမနေ။

အကျဉ်းကျဆောင်မှ အိပ်ဆောင်တန်းစီးက သဖန်းကုန်းရွာသားဖြစ်၏။ ချိုကြီးက ဆိုက်ကားသမား၊ တန်းစီးကိုကုလားက သဖန်းကုန်းပေါင်းတည်ဆွဲနေသော မြင်းလှည်းသမားဆိုတော့ မျက်နှာတန်းမိသည်နှင့်ပင် တစ်ခါတည်း မိတ်ဖွဲ့မိကြလေတော့၏။

ချိုကြီး အနေချောင်ပေပြီ။

အချုပ်သားဘဝတုန်းကတော့ ဘာအလုပ်မှ မလုပ်ရချေ။ စားပြီးအိပ် အိပ်ပြီးစား ဘဝနှင့် နေခဲ့ရ၏။ ယခု အကျဉ်းသား ဖြစ်လာတော့ အလုပ်ဘုတ်မှာ ပါရပြီ။

ပေါင်းတည်ထောင်မှကြိုးကျစ်အလုပ်၊ မိလ္လာသယ်၊ထင်းခွဲရုံ၊ ရေတင်နှင့် အပြင်တောင်ယာဘုတ်များ ရှိကြသည်။ မူလက ကလေးထောင်ဖြစ်ခဲ့ပြီး နေရာကျဉ်းသောကြောင့် အလုပ်ဘုတ်ကြီးကြီးများ သိပ်မရှိလှချေ။

ချိုကြီးက ကြိုးကျစ်လုပ်ငန်းဘက်မှာ တာဝန်ကျသည်။ ကြိုးကျစ်ရသည့်အလုပ်မှာ ကြိုးမဖြစ်မီ ဦးစွာပထမ အုန်းဆံများကို ပြားအောင်ထုရသည်။ ပြီးမှ အရှည်ဆွဲခြင်း သုံးပင်လိမ် တင်ကျစ်ခြင်း စသည်ဖြင့် လုပ်ရလေရာ အလွန် ပင်ပန်းသော အလုပ်ဖြစ်၏။ ထောင်ထဲက အလုပ်ဆိုမှတော့ သက်သက်သာသာ လုပ်ရသည်ဟု ဘယ်ရှိမှာမည်နည်း။ ပင်ပန်းရမည်၊ ထောင်ပဲ။

ကြိုးကျစ်ဘုတ်မှာပင် သဖန်းကုန်းသား ကိုကုလားကြီးက သူ့ဘဝဖြစ်စဉ် စကားစပ်မိရင်း ပြောကြရာက ခိုးမှုအကြောင်း ရောက်သွား၏။

"ငါက ခိုးမှုနဲ့ ကျလာတာကွ ချိုကြီးရ၊ ခိုးမှုနဲ့ ဒီထောင်ထဲမှာကျနေတဲ့ အကျဉ်းသားတွေထဲမှာ ငါ့အဖြစ်က အဆန်းဆုံးပဲ"

"ဆိုစမ်းပါဦးဗျာ"

သည်တော့ ကိုကုလားကြီးက ဆက်၍ ပြောပြသည်။

"ဒီလိုကွ ဟော့ကောင်ရ၊ ငါက မြင်းလှည်းသမားဆိုတော့ မိတ်ဆွေ အပေါင်းအသင်းကလဲ များတာပေါ့ကွာ၊ တစ်နေ့ကျတော့ ငါ့သူငယ်ချင်း သန်းလွင်တို့ရောက်လာပြီး တောင်တွင်းစုရွာနားမှာ လှည်းတစ်စီးနစ်နေလို့ သွားဆွဲတင်ကြမယ်၊ ငါ့မြင်းလှည်းနဲ့ လိုက်ပို့ပါဆိုတော့ ငါလဲရွာပြင် ပေတစ်ရာလမ်းပေါ်မှာ မြင်းလှည်းရပ်ပြီး စောင့်နေခဲ့ရော၊ နာရီဝက်လောက်ကြာတော့ သူတို့ ပြန်လာကြတယ်ကွာ၊ အချိန်ကလဲ ညကြီးမိုးချုပ်မှာ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနဲ့ သူတို့ပြန်လာကြတော့ ပစ္စည်းတွေ ထမ်းပိုးလာကြတယ်၊ ရေဒီယို၊ စက်ခေါင်းစတဲ့ ဟာတွေပေါ့ကွာ၊ မြင်းလှည်းပေါ် ရောက်ပြီး ပြန်ထွက်လာကြတော့ ပေါင်းတည်မြို့ဘက် မောင်းခိုင်းတာနဲ့ မောင်းပို့ရတာပေါ့၊ သူတို့ကို မြို့ပေါ်မှာထားခဲ့ပြီး ငါ မြင်းလှည်းနဲ့ ပြန်လာတယ်၊ နောက်သုံးရက်လောက်နေတော့ ပုလိပ်က ငါ့လာဖမ်းတော့တာပါပဲကွာ၊ အဲဒီပစ္စည်းတွေဟာ သန်းလွင်တို့ ခိုးပြတိုက်ကြတာ



တဲ့၊ ငါလဲ ဘုမသိ ဘမသိနဲ့ ထောင်သုံးနှစ် ကျပါလေရော ဟား....ဟား"

ကိုကုလားကြီးက သူ့ဟာသူ အူလည်လည်နှင့် ခံရပုံကို ပြောပြပြီး တဟားဟား ရယ်နေလေတော့သည်။ တောသူတောင်သားများ ပကတိ ရိုးသားကြ၏။ အပြစ်မဲ့စွာခံရ၍လည်း ခံရသည်ကိုပင် နာကြည်းဟန် မတူကြရှာပါ။

"တို့တောမှာ တစ်သက်လုံး ခိုးပြတိုက်စားတဲ့လူတွေရှိတယ်ကွ၊ ရှေးတုန်းက တို့ဘကြီးတစ်ယောက်ဆိုရင်အင်္ဂလိပ်မင်းက ခိုးပြမှုနဲ့ဖမ်းဖို့ကြံတာ ဘယ်လိုမှ မမိဘူး၊ သူက ခိုးပြခေါင်းဆောင်ပဲ၊ ဒါပေမယ့် တပည့်တွေကိုလုပ်ခိုင်းပြီး ကိုယ်တိုင် ဘယ်တော့မှ ဝင်မလုပ်ဘူးကွ၊ အပေါင်းအသင်းလဲ ကောင်းတယ်၊ သစ္စာလဲရှိတယ်၊ ဒီအလုပ်က သစ္စာရှိဖို့လိုတာပဲ"

ကိုကုလားကြီး သူ့ဘကြီး တိုးသက်ရှည် အကြောင်းကို စိတ်ရှည်လည်ရှည် ရှင်းပြသည်။

"ဘကြီးက လူသစ်တစ်ယောက် သူ့ခိုးပြအဖွဲ့ထဲဝင်လာရင် ရွာပြင်ခေါ်သွားပြီး 'ဟော့....ဟောဟိုက သွပ်မိုးတွေ့လား၊ မြင်ရလားလို့မေးတယ်၊ မြင်ပါတယ်ဗျာလို့ဖြေရင် အဲ....မင်း ဒီရွာကနေ သွပ်မိုးလှမ်းမြင်ရတဲ့ရွာဆိုရင် ခိုးပြမတိုက်နဲ့၊ အဲဒါ တို့ရွာနဲ့ရွာချင်းနီးစပ်တွေလိုသဘောထားရမယ်လို့ မှာတယ်၊ ခုခေတ်ကောင်တွေက ကိုယ့်ရွာကိုယ်ပြန်တိုက်တာ၊ သစ္စာမရှိတော့ မိတာပေါ့၊ ပစ္စည်းယူရင် တစ်ဝက်ပဲယူရတယ်၊ လူမသတ်ရဘူး၊ မညှဉ်းဆဲရဘူး၊ ဒါ

ကြောင့် ဘကြီးဓားပြတွေ အင်္ဂလိပ်က သိပ်အဖမ်းရခက်တာ ပေါ့၊ နောက်ဆုံး ကျော်စောမှုနဲ့ ဘကြီးကို ဖမ်းယူရပေမယ့် လွှတ်တာပဲ၊ ငွေနဲ့လိုက်ရတဲ့ခေတ်ကိုးကွ၊ ဘကြီး သေတော့ ဂိုဏ်းပျက်တာပဲ၊ ဘကြီးက သူ့အလုပ်ဟာ မသမာတဲ့အလုပ် ဆိုပြီး ရသမျှထဲက ဘုရားတည်၊ ကျောင်းဆောက်၊ ဇရပ် ဆောက်နဲ့ လှူဒါန်းသွားသေးတယ်ကွ"

ရှေးဖြစ်တောင်းကြားရသည့်ဇဟုသုတများလည်း ချိုကြီး ရရှိလေသည်။

ကိုကုလား၏ ဘကြီးတို့ခေတ်က ထောင်တွင်းမှာ အကြံ အဖန် လုပ်ကြသည်က အလွန်စွန့်စားရသော အလုပ်မျိုး ဖြစ်၏။ အုပ်စိုးသူက နယ်ချဲ့အင်္ဂလိပ်ဆိုတော့ ထောင်ကျ အကျဉ်းသားတွေ အပေါ် လူသားအမြင် မရှိ။ ပကတိ တိရစ္ဆာန်တွေလို သဘောထားသည်။ ရက်ရက်စက်စက် နှိပ် ကွပ်၏။

ကိုလိုနီစနစ်ဆိုးအတိုင်းပင် ထောင်ကျအချင်းချင်း ခွဲခြား ပြီး အုပ်ချုပ်ခိုင်းသည်။ အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ခွပ်ခိုင်းခြင်းပင်။

ထောင်ထဲရောက်နေသည့်အကျဉ်းသားတွေကလည်း ကိုယ့် ဘဝကိုယ် ဘာမှန်းမသိကြ။ အခွင့်အရေး နည်းနည်းကလေး ရမည်ဆိုလျှင် ကျော်ကာလွှားကာ ယူချင်ကြသည်ချည်းပင်။ သည်တော့ ရသမျှ ကိုယ့်အခွင့်အရေး ကိုယ်ယူကြသည်က မဆန်းတော့ပါ။



ပေါင်းတည်ထောင်ထဲမှာ အလားတူပင်။ ချိုကြီး တခြား သော အသိမိတ်ဆွေများ တိုးခဲ့ပါသေး၏။

သူတို့ကား....

ပေါင်းတည်အရှေ့ဘက် လက်ဦးစုရွာမှ ကိုဆင်ကြီး။

ကိုဆင်ကြီး အဖြစ်က ဆန်းသည်။

သူက ဆံပင်ညှပ်ဆရာပါ။ သူသည် မြို့နှင့် လေးမိုင်မျှသာ ဝေးသော်လည်း ရွာမှာ ဆံပင်ညှပ်ဆိုင်တည်ပြီး ထမင်း တစ် လုတ် စားနေနိုင်လောက်အောင်ပင် အလုပ်သဘော နား လည်သူ ဖြစ်ပါသည်။

ယင်းခေတ်က မြန်မာပြည်မှာ ဆံပင်ညှပ်သည့် စက်ကတ် ကြေး ပေါ်ခါစခေတ်။ သို့သော် ကိုဆင်ကြီးကစက်ကတ်ကြေး ကို လုံးဝမသုံးပါ။

မြန်မာလက်ညှပ်ကတ်ကြေးဖြင့် ဘီးခံပြီး သင်တုန်းဓား ဖြင့် အောက်ဆံပင်ရှင်းကာ ဘိုကေပုံရိုက် ဖမ်းညှပ်လေ့ရှိ ပါ၏။ ယင်းအခါက မြို့ဆံပင်ညှပ်ခ တစ်မတ်မှာ ကိုဆင်ကြီး ဆိုင်က တစ်မူး။ ထက်ဝက်ကွာပါသည်။

သူ့ဆံပင်ညှပ်ဆိုင်၏ ဆိုင်းဘုတ်ကိုလည်း ကြည့်ပါဦး။

'ဗုဒ္ဓဘာသာ ဆံပင်ညှပ်ဆိုင် ညှပ်သူ မောင်ဆင်ကြီး။ အာမခံနှင့် ညှပ်သည်။ ပုံမပေါ်လျှင် ခေါင်းတုံး တုံးပေး မည်' တဲ့။

ရွာမှ ကာလသားတွေ မောင်ဆင်ကြီးဆိုင်မှာတရုန်းရုန်း။ တယ့်နှယ်ဗျာ မြို့မှာ ဗုဒ္ဓဟူးနေ့ကျမှ 'နွားပွဲနေ့' သွားရင်

ဆံဝင်ညှပ်ရမှာ။ ခု ကိုယ့်ရွာမှာကိုယ် ဘယ်အချိန်ညှပ်ညှ
တစ်မူးနဲ့ရတယ်ဆိုတော့ ခိုင်းညှပ်ကြသည်။

ကိုဆင်ကြီး ကုသိုလ်ကံဆိုးချင်တော့ သူ့ဆိုင်သို့ ဆံပင်ညှ
လာသူတွေထဲက ဖောက်သူတစ်ယောက်ကပါလာသည်။ သူ
နာမည် ငဒွေး။ သည်ကောင်က နွားပွဲကအပြန် မြို့မှ နွား
ရောင်းပြန်လာသူ နှစ်ယောက်ထံမှ ဓားထောက်လုသည်
အဖွဲ့နှင့် ပေါင်းမိပြီး လုယက်၍ရလာသော ငွေဒင်္ဂါးပြား
များနှင့်လက်စွပ်တစ်ကွင်းကိုယူလာပြီးနောက် ဆံပင်ညှပ်ရင်
ကိုဆင်ကြီး၏ဆိုင်ထောင့် တိုင်နားမှာ အသာဝှက်ထားခဲ့၏
ညမိုးချုပ်မှာ လာယူမည့်အကြံနှင့်။

သို့သော် မိုးမချုပ်မီ သတင်းအရ ရဲပုလိပ်များနှင့် ရွာ
သူကြီးတို့ လိုက်လာကြကာ ကိုဆင်ကြီး၏ဆိုင်သို့ ဝင်ရှာကြ
ရာမှ အားလုံးတွေ့သွား၏။

ဘာညာမရှင်းရဘဲနှင့် ကိုဆင်ကြီးလည်း ကြံရာပါအဖြစ်
နှင့် ထောင်တစ်နှစ်ခွဲကျလာပါသည်။

ခု ထောင်ထဲရောက်တော့ သူ့အလုပ်က ထောင်ဆံပင်
ညှပ် ဆရာပါ။

ယင်းကဲ့သို့ပင် ထိုခေတ်ထိုအခါတုန်းက အမှုနှင့်ဆိုင်သည်
ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ ထောင်ထဲသို့ဝင်လာကြသူများ
ရှိကြပါသည်။ ဘာမှမသိရှာကြ။ ဗဟုသုတဆိုတာ ဝေလာ
ဝေး။ ရုံးကြောက် ဂါတ်ကြောက်နှင့်ပင် အကျဉ်းဒဏ်ကို
ရင်နှင့်အောင်ခံသွားရသူတချို့ ရှိခဲ့ကြပါသည်။



သည်လိုခေတ်နှင့်ကတော့ ချိုကြီးတို့က နည်းနည်းပါးပါး
သက်ရှုချောင်ပေသေးသည်ဟုဆိုရမည်။ ဒါပေမယ့် သိပ်
တော့ မသက်သာလှပါ။

ထောင်ထဲစရောက်လို့ အကျဉ်းသားအဖြစ် ရောက်ပြီဆို
တော့ နောက်တစ်နေ့မိုးလင်းမှာ ဘယ်သူကထည့်လွှတ်လိုက်
သည်မသိ။ မိလ္လာဘုတ်သို့တန်းဝင်ရ၏။

အခါကာလက မိုးတွင်းကြီး။

ပေါင်းတည်သည် မြေလတ်ပိုင်း၊ကုန်းပိုင်းကျသော်လည်း
ရေ့ရှိုးမနှင့် မလှမ်းသောကြောင့် ပဲခူးကွင်းသို့နှယ် မိုး
ားသည့်အခါ ရှိပါသည်။

သည်နံနက်မှာ မိုးက ပိုသည်းနေ၏။

ချိုကြီးတို့ မိလ္လာဘုတ်သမားတွေက အိပ်ဆောင်တွေ
ားလုံးမှ မိလ္လာအိုးတွေကိုယူကာ ထမ်းပိုးဖြင့် ထမ်းထား
သာ ရာဝင်စဥ့်အိုးကြီး ရှေ့တစ်လုံး နောက်တစ်လုံးထဲသို့
လောင်းထည့်ပြီး ထောင်အပြင်သို့ထွက်ပြီး သွန်ကြရလေ
သည်။

မိုးကလည်း သည်းလို့ကောင်းတုန်း။

ရှေ့မှထမ်းသည့် အကျဉ်းသားတစ်ယောက်က ခြေချော်
ပြီး လဲကျသွားလေရာ စဥ့်အိုးကြီးတစ်လုံးကွဲသွား၏။ အထဲက
ပစ္စည်းတွေ ပြန့်ကျဲထွက်ကုန်လေတော့သည်။

ချိုကြီးလည်း နောက်မှ စဥ့်အိုးက ကိုယ်ပေါ်ပိကျပြီး
ပစ္စည်းတွေ လောင်းချခံရသဖြင့် တစ်ကိုယ်လုံးမှာ နစ်ကုန်
တော့၏။

သူတို့ကို စည်းကြပ်ရသည့် ဘုတ်ကိုင်မှာ ဒေါသဖြ
တအားရိုက်နှက်ရန်လာသည့်တိုင် မစင်နံ့က ဟောင်လွန်
လှ၍ မရိုက်ဖြစ်တော့ဘဲ ဝေးဝေး ပြေးသွားလေသည်
ငိုအားထက်ရယ်အားသန်ရသည့်အဖြစ်သာ။

ချိုကြီးတို့အဖြစ်က ဝင်ဝင်ချင်း ဆောက်နှင့်ထွင်းဆိုသက
သို့ သည်လိုစခဲ့ရခြင်းပါ။

နောက်တစ်ခု....

ချိုကြီးဆိုသည့်ကောင်ကလည်း ပြောစမှတ်ဖြစ်အောင်ပေ
ကြုံကြုံဖန်ဖန်မှ တွေ့တတ်ပါလေသည်။

သည်တစ်ခါ သူတွေ့သည့် အကျဉ်းသားတစ်ယောက်က
ခိုးမှုနှင့် ထောင်တစ်နှစ်ကျလာသည့်သူ။

ငနဲနာမည်က ဘုန်းမွှေး။

ဘုန်းမွှေးက ပေါင်းတည်မြို့မှာ ရေစည်လှည်းသမား။
နွားနှစ်ကောင်ဝယ်ပြီး လှည်းဖင်တိုကလေးပေါ်မှာ ရေစည်
တင်ပြီး ရေတိုက်ရောင်းသူ။

ဘုန်းမွှေးက ချိုးရေမတိုက်။ သောက်ရေသက်သက် တိုက်
၏။ နန်းဦးကျောင်း ရေတွင်းကြီးမှ တစ်မြို့လုံးအတွက် သီး
သန့် သတ်မှတ်ထားသော သောက်ရေသက်သက်ကိုသာ တိုက်
၍ ရောင်းခြင်းဖြစ်လေသည်။

ထို့ကြောင့် ဘုန်းမွှေးသည် ပေါင်းတည်မြို့မှ ကြေး
ရတတ် အတော်များများတို့၏ နေအိမ်များသို့ ရေပို့ရဝင်း
ဝင်ထွက်လေ့ရှိ၏။ ရေမှာလည်း ချိုးရေမဟုတ်သဖြင့် အိမ်
ရှေ့ အိမ်အောက် စသည့်နေရာများသို့ ခပ်ထည့်ပေးရခြင်း



မဟုတ်ဘဲ သောက်ရေဖြစ်သောကြောင့် အိမ်ပေါ်ထပ်၊ အိမ်
မီးဖိုတွင်းပိုင်း စသည်အထိဝင်၍ လောင်းပို့ရခြင်း ဖြစ်လေရာ
လူကုံထံ ကြေးရတတ်တို့၏ အိမ်အတွင်းသို့ မကြာခဏ ဝင်
ရောက်ရလေသည်။

ယင်းအချက်ကပင် သူ့အား ဒုက္ခရောက်စေသည့် အချက်
ဖြစ်လာ၏။ တစ်နေ့တွင် ရွှေဆိုင်ရှင် ပန်းထိမ် သူဌေးသား
တစ်ယောက်၏ အိမ်မှ အိမ်ဖော်မိန်းကလေးက ရွှေလက်စွပ်
တစ်ကွင်းကိုခိုးပြီး သူ့ရေပုံးထဲသို့ ထည့်ပေးပြီး ရေတွင်းသို့
လိုက်လာသည်။ ရေတွင်းကျတော့မှ ပုံးထဲမှလက်စွပ်ကို နှိုက်
ယူ၏။ ဈေးသို့သွား၍ လက်စွပ်ရောင်းနေစဉ် မိန်းကလေးကို
ရဲကဖမ်းမိသည်။

မိန်းကလေးက အစစ်ခံသည့်အခါတွင် ဘုန်းမွှေးနှင့်နှစ်ဦး
သဘောတူ ခိုးပါသည်ဟုထွက်ဆိုသည်။ ဘုန်းမွှေးကလည်း
စောစောကတည်းက ကောင်မလေးနှင့် သိပ်မရှင်းလှ။

သည်တော့ ဘုန်းမွှေးလည်း ဘုမသိဘမသိနှင့် ထောင်
ကျလာရခြင်း ဖြစ်၏။ လက်စွပ်ခိုးသူ မိန်းကလေးကလည်း
အလားတူ ထောင်ကျရတော့သည်။

ဒါပေမယ့် တစ်ခုတော့ရှိ၏။

ဘုန်းမွှေးနှင့် မိန်းကလေးတို့မှာ သည်လက်စွပ် ခိုးရာမှစ
ပြီး အမှုတွဲ အတူတူဖြစ်လာသောကြောင့် ရုံးထွက်တိုင်း အတူ
တူ ဆုံလေ့ရှိခဲ့ရာမှ သူတို့ချင်း လကယ်ပင် မေတ္တာသက်ဝင်
သွားခဲ့ကြသည်။ ထို့ကြောင့် ထောင်ကထွက်လျှင် သူတို့ နှစ်
ယောက် ယူကြတော့မည်ဟု သိရ၏။ ဘယ်ဆိုးလို့တုံး။

ထောင်ထဲမှာ ဤသို့လျှင် ချိုကြီး အတွေ့အကြုံသစ်တွေ ရလာသည်။ မိတ်ဆွေသစ်တွေ တိုးလာသည်။

ချိုကြီးက အင်္ဂလိပ်စာလေး မတောက်တခေါက် ပြော တတ် ရွတ်တတ်သောကြောင့်လည်း အချင်းချင်းက သူ့ အပေါ် အထင်ကြီးကြ၏။

ယင်းခေတ်က ရုံးသုံးစာသည် အင်္ဂလိပ်စာသာ ဖြစ်နေပေ သေးရာ ထောင်ထဲမှာလည်း ဆုမှတ်ရက်၊ နံပါတ်ကြီး စသည် တို့ အားလုံးမှာ အင်္ဂလိပ်လို တစ်လုံးစနှစ်လုံးစ ဝင်ရောနိုင် သည့် ချိုကြီးအဖို့ မျက်နှာပန်းပွင့်ပါသည်။

ချိုကြီးအတွက် ကိုချစ်စံက ထောင်ဝင်စာ မှန်မှန်တွေ့၍ စားစရာများပေးနေသည်။ သူ မအား၍ မလာနိုင်သည့်အခါ ၌ ခင်မောင်ဦးကိုလွှတ်သည်။ ချိုကြီး ထောင်ကျနေရသော် လည်း အထဲမှာရော အပြင်အတွက်ပါ မပူပင်ရတော့ပေ။

သည်လိုဖြင့် ချိုကြီးမှာ ရောက်ရာပျော် ဖြစ်ရာဘဝ နေရင်း သူ၏ ထောင်ကျရက်များ တဖြည်းဖြည်း ကုန်ဆုံးသွားရန်ကို တစ်ရက်ပြီးတစ်ရက် စောင့်မျှော်လျက် အချိန်တွေကုန်လာခဲ့ ရတော့သည်။

❋

## အခန်း ( ၆ )

ချိုကြီး ထောင်ထဲရောက်ပြီး၍ မကြာမီအချိန်မှာပင် အပြင် ဘက်၌လည်း အခြေအနေ အရပ်ရပ်တို့က ပြောင်းလဲလာကြ ပြန်လေသည်။

ကိုချစ်စံ ဆောင်ရွက်ပေးသဖြင့် ပေါင်းတည်ဈေးကြီးထဲမှ ဒေါ်ချစ်၏အထည်ဆိုင်မှာ အကူ အရောင်းအဝယ်အလုပ်ကို စမ်းစမ်း ရခဲ့၏။ လခက တစ်လကိုးဆယ်။

ဈေးထဲသို့ ဈေးထွက်ရပြီဆိုတော့ ကိုချစ်စံ၏အိမ်မှာ စမ်း စမ်း လုပ်အားလျော့သွားသည်။ သို့ပေမယ့် ဆန်စက်ထဲမှ အလုပ်သမား ဇနီးတွေက လာကူကြသဖြင့် ကိုချစ်စံ၏ဇနီး မြင့်မြင့်အဖို့ မပင်ပန်းချေ။ စမ်းစမ်းတစ်ယောက် မရှိတော့ ၍လည်း အလုပ်အခက်အခဲ မတွေ့ရတော့။

စမ်းစမ်းက ဈေးသည် အရောင်းလုပ်သည်မှာ အကြံရှိ၏။ သူတို့သားအမိမှာ ဖခင်လက်ထက်ကပင် မစားရက်မသောက်

ရက် စုဆောင်းထားသည့် ရွှေတိုင်ငွေစကလေးများ ယခုတိုင် မပျောက်ပျက်သေး။ သည်ပစ္စည်းလေးတွေကို ထုခွဲရင်းနှီးပြီး တစ်နေ့သော် ဆိုင်ပိုင်ဖြစ်ရန်သာ ရည်ရွယ်ချက်ရှိလေသည်။

ချစ်သူ ခင်မောင်ဦးကလည်း သူ ရသည့် အောက်ဆိုက်ငွေကို စမ်းစမ်းသို့ အပ်ထား၏။ စမ်းစမ်းကလည်း စုစု ဆောင်းဆောင်းဖြင့် တစ်နေ့ သူတို့နှစ်ယောက် အိမ်ထောင်ပြုကြပြီးလျှင် နှစ်ယောက်ပေါင်းငွေဖြင့် တင့်တင့်တယ်တယ် နေနိုင်ကြရန် ရည်ရွယ်ကြလေသည်။ ငွေသားအဖြစ် ပို၍အဖတ်တင်စေရန် အလို့ငှာ သော်လည်းကောင်း၊ ဈေးထဲမှာ ထိုင်ရောင်းရတော့ ဆန့်စက်မှာလုပ်ရသလို မဟုတ်သဖြင့် အဝတ်အဆင်က အစ ဝတ်ဆင်လာရသလို ရွှေတိုင်ငွေစကလေးလည်း ဝတ်ဖို့လိုလာသည်။

ထို့ကြောင့် ခင်မောင်ဦးကဲ နားကပ်၊ ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက် စသည်တို့ကို ကြံလျှင်ကြံသလို လုပ်ပေးထားခဲ့ပြန်ရာ စမ်းစမ်းမှာ ဈေးသည်ဖြစ်လာသည်နှင့်ပင် အသွင်အပြင် တစ်မျိုးပြောင်းလာသလို ထင်ရလေသည်။

ဈေးထဲမှာက ဈေးသူဈေးသားချင်း ပေါင်းသင်းဆက်ဆံရသည်က အဆန်းသား။

ပေါင်းတည်ဈေးကြီးက နယ်မြို့၏ ဈေးဆိုပေမယ့် အဆင့်အတန်း အစားအနား ခွဲခြားမှုရှိ၏။

အထည်တန်းကလူတွေက သူ့မာနနှင့်သူ ရှိသလို ရွှေသည်တန်းကလည်း ဦးမငြိမ်ချင်ကြ။ ဖိနပ်တန်းကလည်း ဝင်ငွေကို လက်ဖျစ်တစ်တီး တွက်ပြပြီး ဝင့်ဝါသကဲ့သို့ ပရဆေးတန်းကလည်း တူနိုင်မည်မထင်ကြနှင့် ကိုးဆယ်ဆက္ကာလိမ့်မည် ဆိုသည့် အချိုးအစားထဲကသာ။



သည်တော့ ဈေးထဲမှာ နေတာထိုင်တာ၊ ဝတ်ဆင်တာက အစ တစ်ယောက်နှင့် တစ်ယောက်၊ တစ်ဆိုင်နှင့် တစ်ဆိုင် အပြိုင်အဆိုင်တွေ ဖြစ်လာကြတော့၏။

အဲ .... တိုး ရှေး ခေတ် တုန်း က ပေါင်းတည် ဈေးကြီးအကြောင်းကို ပြန်ပြောင်း ပြောပြရမည်ဆိုလျှင်ကော့ ပေါင်းတည် ဈေးကြီးသည် ပြည်ခရိုင်တစ်ခုလုံးတွင် မည်သူနှင့်မျှ မတူအောင်ပင် မြန်မာမှုဆန်သည့် ဈေးကြီးတစ်ဈေးဟုပင် ဆိုခဲ့ကြရသည်။

ဈေးကြီး၏ မူလနေရာကား ကွက်လပ်ကြီးမျှသာ။ ယင်းကွက်လပ်ကြီးမှာ နံနက် ရောင်းချိန်တန်ပြီဆိုလျှင် ဆယ့်နှစ်ပေပတ်လည် အိမ်တော်ရာ ဆီစိမ်ထီးကြီးများကို လာ၍ ဈေးအမှုထမ်းများက စိုက်ထူပေးကြရ၏။ ယင်းကဲ့သို့သော ထီးကြီးများအောက်မှာ ဈေးသည်တွေ ဈေးဆိုင်ဖွင့်ကြရ၏။

ယင်းကြောင့် မြန်မာဘုရင်ခေတ်တုန်းက ‘ထီးစိုက်’ ဆိုသည့် အမှုထမ်းတစ်စုအား ခေါ်ဝေါ် ခန့်ထားသည့် ဝေါဟာရနှင့် အမှုထမ်းမှတ်တမ်းတစ်ခုမှာ ပေါင်းတည် မြို့နီစပယ် ရုံးဟောင်းကြီးတွင် ရှိခဲ့ဖူးသည်ဟု လူကြီးသူမတို့ ဆိုစကားတစ်ရပ် ရှိခဲ့ပါသည်။

သည်တုန်းက ဈေးသည်တွေမှာ ဆိုင်ခန်းပေါ်သို့တက်၍ ဈေးမရောင်းကြသေး။ ဈေးရောင်းသည့် ကွင်းနေရာကို ဆိုင်ခန်းပေါ်သို့ မတင်တတ်ကြသေးဟု ဆိုရမည့်ကာလ။

သည့်နောက် တရုတ်ကုလား စသည့် လူမျိုးခြားတွေက ဈေးလောကတွင်းသို့ ဝင်ရောက်ကြတော့သည်။

အစဦးပထမ (ပေါင်းတည်သားတွေ အခေါ်အပြောနှင့်ဆိုရပါသော် ကနဦးက(သို့)လက်ဦးက)မှာ သည်တရုတ်ကုလားတွေက ဈေးထဲမှ ထီးစိုက်ဆိုင်တွေနားတွင် သူတို့ဈေးဆိုင်များ ကပ်၍မဖွင့်ရဲသဖြင့် သူတို့နေကြသော နေအိမ်များမှာပင် စမ်းသပ်သဘောဖြင့် ဆိုင်ဖွင့်ကြသည်။

နောက်တော့ သူတို့အိမ်ဆိုင်တွေမှာ တင်ရောင်းသည့်ပစ္စည်းတွေက နိုင်ငံခြားဖြစ်တွေဆိုတော့ ရွှေဗမာတွေ မျက်စိကျကြပြီး ဝင်ကြထွက်ကြရာမှ ဈေးရောင်းသည်မှာ ဆိုင်ခန်းဖြင့် ရောင်းလျှင်လည်း ရသားပဲဟူသည့် သဘောတရား တစ်ရပ် ဝင်လာ၏။

သည်ကစပြီး ထီးစိုက်ဆိုင်တွေ၏ဘေးမှာ လေးပင်ဆိုင်ခန်းလေးများ စတင်၍ဆောက်ကြပြီး လေးတိုင်စင်သဘောမျိုးဖြင့် တင်၍ရောင်းရာက ဈေးဆိုင်ခန်းစနစ် စပေါင်ခဲ့သည်။

နောက်မှာတော့ မြန်မာပြည်ကို နယ်ချဲ့တို့ လုံးဝသိမ်းပိုက်၍အပြီးမှာ သူတို့၏ကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းလာကာ ရောင်းဝယ်ဖောက်ကားကြရန်အတွက် ဈေးများ တည်ဆောက်လိုလာကြသည်။

နယ်ချဲ့ အင်္ဂလိပ်ကလည်း နိုင်ငံခြား အရင်းရှင်များနှင့်ပူးပေါင်း၍ စီးပွားရှာကာ တိုင်းရင်းသားများကို နှိမ်ရမည့်ဝါဒအတိုင်းပင် နယ်ချဲ့တို့၏မြေယာစီမံကိန်းမှာ ဈေးများဖွင့်ရန် မြေကွက်များဖန်တီး၍ အကွက်ချပေးခဲ့ကြသည်။



သည်ကစပြီး မြန်မာပြည်၏ မြို့ကြီးတိုင်းလိုလိုမှာ ဈေးတွေကို ဆိုင်နှင့်အခန်းနှင့် တည်ဆောက်လာကြသည်။

ဈေးကြီးများ၏ ပိုင်ရှင်မှာ တချို့မြို့များတွင် အစိုးရပိုင်၊ တချို့ အစိုးရတစ်ဝက် လူမျိုးခြားသူဌေးက တစ်ဝက်ပိုင်၊ တချို့ လူမျိုးခြားသူဌေးတစ်ဦးတည်းပိုင် စသည်ဖြင့် ဈေးတွေချုံလာကြ၏။

ပေါင်းတည်ဈေးကြီးကတော့ သည်လိုမဟုတ်ပေ။ အစိုးရက တည်ဆောက်မတည်ပြီးလျှင် မြူနီစပယ်က ငှားရမ်းသော ဈေးကြီးဖြစ်လေသည်။

ဆိုင်ခန်းတွေမှာ စနစ်တကျထားရှိပြီး ခုံတွေပေါ် ပစ္စည်းတင်၍ရောင်းသည့် စနစ်ကို ဦးစွာပထမ စ၍ထွင်ခဲ့၏။

တောကလူတွေက ဈေးလာကြတော့ မဝယ်တတ်ကြသေး။ ဟယ်....ဈေးရောင်းတဲ့ဟာကလည်း ကိုယ့်အိမ်ကိုယ် ထိုင်နေတာ ကျနေတာပဲ ဟု ထင်ကြဆဲ။

သည်ကမှ တစ်ဆင့်ထက် တစ်ဆင့် တိုးတက်အောင်မြင်လာသော ပေါင်းတည့်ဈေးကြီးအတွင်းမှာ....

ခုတော့ စမ်းဇမ်းလည်း အထည်ဆိုင်ကဈေးသည်မကလေးတစ်ယောက် ဖြစ်လာပါချေပြီ။

သည်နေရာမှာ မြို့ပေါ်သူ မြို့ပေါ်သားတို့၏ အဆင့်အတန်းဆိုသည်က ခွဲခြားပြစရာ လိုလာပါသည်။

"ဟဲ့ ...ဒီမိန်းကလေးက ဘာလုပ်လဲ"ဟု မေးပါအုံး။

"စက်ထဲမှာ စပါးလောင်းတယ်"

ဒါဆိုလျှင် အနိမ့်ဆုံးအလုပ်သမား (ဈေးအခေါ် ကူလီထမ်းပိုးသမား)ဟု အဆင်ရောက်ကြမည်။

"သူက ဈေးသည်ကလေးပါ"

ဒါဆိုလျှင် သူ့ပိုက်ဆံနှင့်သူ ရောင်းရောင်း၊ သူတစ်ပါး ပိုက်ဆံနှင့်ပဲ ရောင်းရောင်း၊ ဈေးသည်တစ်ယောက်နှင့် စပါးလောင်းသမားတစ်ယောက်၏ အဆင့်အတန်းက ကွာပါဘိ။

ခင်မောင်ဦးကလည်း သူယူမည့်မိန်းမ စမ်းစမ်းအား ဤသို့နှယ် အဆင့်အတန်း မြှင့်တင်ပေးလာခြင်းဖြစ်သည်ဟုဆိုသော် ရနိုင်ရာသည်။

ခင်မောင်ဦးလို အစိုးရဝန်ထမ်း တစ်ယောက်က စပါးလောင်း စပါးသယ်သည့် အလုပ်ကူလီမနှင့် လက်ထပ်မည့်အစား ဈေးသည်တစ်ယောက်နှင့် လက်ထပ်သည်ဆိုမှ တင့်တယ်ပေမည့်ခေတ် မဟုတ်လား။

ထို့ကြောင့်ပင် ခင်မောင်ဦးနှင့် စမ်းစမ်းတို့၏အဖြစ်က နှစ်ဦးနှစ်ဖက်စလုံး ကောင်းဖို့ဖြစ်သည့် ရေရှည်စီမံကိန်း တစ်ရပ်ဟု ဆိုရပေတော့မည်။

စမ်းစမ်းက ဒေါ်ချစ်၏ဆိုင်မှာ အငှားရောင်းသမားဖြစ်ပေမယ့် ဆိုင်ပစ္စည်းကို သူ့ပစ္စည်းလိုပင် သဘောထားသည်။ ရောင်းရေး ဝယ်ရေး ကျစ်လျစ်သည်။ မဖိတ်မစဉ်ရအောင် ဂရုစိုက်၏။ သည်မှစကာ ဆိုင်ရှင်ဒေါ်ချစ်ကလည်း စမ်းစမ်းကို အားကိုးအားထား ပြုလာ၏။ သူ့လင်က လူနွဲ့လူပျော့ ဘိန်းပုန်းစား။



ပေါင်းတည်က ဘိန်းပုန်းစားအကြောင်းတွေ၊ ပေါင်းတည်မှာ ဘိန်းစား အမျိုးမျိုးအလီလီ ရှိကြ၏။

နာမည်ကြီး ဘိန်းစား။

တရားဝင် ဘိန်းစားနှင့်....

ဘိန်းပုန်းစားဟူ၍ သုံးမျိုးသုံးစားတို့ ရှိခဲ့ကြဖူးပါသည်။

နာမည်ကြီး ဘိန်းစား....

သူတို့က မြန်မာများထဲမှ ပါကြသလို တရုတ်လူမျိုးများထဲမှလည်း ပါဝင်ကြပါသည်။

သူတို့သည် ကိုယ်ပိုင်လုပ်ငန်းရှင်ကြီးများ ဖြစ်ကြပြီး ဘိန်းစားသည်ကိုပင် တမင်ဘာခင်ဂုဏ်ယူကာ စားကြသူများ ဖြစ်ကြ၏။ ပြီးတော့ ဘုရားဒကာ ကျောင်းဒကာများလည်း ဖြစ်ခဲ့ကြပါသေးသည်။

သူတို့ခေတ်က ဘိန်းစားပေမယ့် ငွေရှိမှဘိန်းစားနိုင်သည်ဟူသည့် အထင်တစ်လုံးကြောင့် ဘယ်သူကမှ သူတို့ကို အထင်မသေးကြပါ။ လိုက်၍ အတုယူသူတွေပင် ပေါ်ပေါက်ခဲ့ကြဖူးသည်ဟု သက်ကြီးစကား သက်ငယ်ကြားဖူး၏။

နောက်တစ်မျိုးက တရားဝင် ဘိန်းစား။

သည်လူတွေက သူဌေးနှင့် ကြေးရတတ်စာရင်းများထဲမှာ မပါ။

များသောအားဖြင့် ဆင်အမှုထမ်းများ၊ ဆင်ထိန်းများ၊ ဆင်ကျောင်း၊ ဆင်ဦးစီးများ ဖြစ်ကြ၏။ (ယနေ့ခေတ်နှင့် မဆိုင်ပါ၊ ရှေးခေတ်ကပါ။)

ဆင်များ မုန်ထချိန် မုန်ယိုချိန်များတွင် စိတ်ငြိမ်ဝပ်စေရန် ဘိန်းစိမ်းကျွေးဖို့ အင်္ဂလိပ်အစိုးရက တရားဝင် ဘိန်းဝယ်ခွင့် လိုင်စင်နှင့် ခွင့်ပြုထား၏။

သို့သော် ဆင်များအတွက် ဝယ်ယူသည့် ဘိန်းများကို ဆင်များအား ကျွေးမည့်အစား ဆင်သမားတချို့က စားပစ်ရာမှ ဘိန်းစွဲလာကြပြီး တရားဝင် ဘိန်းအဖြစ်နှင့် ဘိန်းဝယ်ခွင့် တစ်နည်း ရကြသူများပါ။

နောက်ဆုံးက ဘိန်းပုန်းစား။

ဒါကတော့ အပြင်ပမှ ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ တချို့က သွေးရောဂါ၊ ဗိုက်နာရောဂါစသည်ဖြင့် ရောဂါတစ်မျိုးမျိုး ပျောက်ကင်းစေရန် ဘိန်းကိုဆေးအဖြစ်သုံး၍ ကုသမှု ခံယူခဲ့ကြရာမှ တစ်နည်းအားဖြင့် ဘိန်းစွဲလာကြသူများ ဖြစ်လေ၏။

သူတို့ကျတော့ ဘိန်းဝယ်ခွင့်မရသဖြင့် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ရှာကြံကြပြီး စားကြသူများပင် ဖြစ်ပေသည်။

ယခု စမ်းစမ်း ဈေးကူရောင်းပေးရသော ဒေါ်ချစ်၏ ခင်ပွန်း ဦးဖုန်းမှာ ဘိန်းပုန်းစား ဖြစ်လေသည်။ ဦးဖုန်းက ဘိန်းပုန်းစားဆိုတော့ အလုပ်အကိုင် သိပ်မလုပ်ချင်။ နေရာ တကာမှာ မယားက ဦးဆောင်မှု၊ သူက အိမ်မှာနေပြီး ခပ်ညက်ညက် စကားပြောကာ မယားကို အသားပေးပြီးလျှင် အေးအေးစားနေသူ။

ဒေါ်ချစ်ကလည်း လင်ကိုမချစ်တော့သည့်တိုင် မပစ်ခွာနိုင်သောကြောင့် သည်အတိုင်း ဆက်ထားရသည့်ဘဝမှာ သားထောက် သမီးခံ မရှိလေသောကြောင့် စမ်းစမ်း တစ်



ယောက် သူ့ဆီသို့ရောက်လာသည်ကိုပင် လက်ကတုံး တောင်ဝှေးပမှာ ထားသူ။

စမ်းစမ်းက ထက်သည်။

သွက်လက်ချက်ချာသလောက် ရှေ့ရေးကို မြော်မြင်တတ်သူလည်း ဖြစ်ဘိ၏။ ဒေါ်ချစ်၏အကြိုက်ကို လိုက်၍ လိုသမျှ ဈေးဆိုင် အလုပ်များအပြင် အိမ်အလုပ်တွေပါ စမ်းစမ်းက လုပ်ပေးလာသည်။

ထို့ကြောင့် ဒေါ်ချစ်က စမ်းစမ်းကို ပါးစပ်ဖျားမှမချ၊ စမ်းစမ်းမပါလျှင် သူ့အတွက် ဘာအလုပ်မျှ မပြီးသည့်အထိ ဖြစ်လာရတော့သည်။

"စမ်းစမ်းက ကိုဖုန်း မချစ်တို့ရဲ့ လက်စွဲတော်လေးပေါ့၊ တစ်ဆိုင်လုံးသူ့ လက်သူ့ခြေချည်းပဲ" ဟုဆိုသူကဆိုကြသလို....

"ကြည့်ပေါ့အေ၊ တစ်နေ့ကျ ကောင်မလေးက ဘိန်းစားအဘိုးကြီးကို ချုပ်မှန်းမသိချုပ်ပြီး အဘွားကြီးမချစ် ပက်လက်လန် ကျန်ခဲ့မှာ မျက်လုံးထောင့်ထောက်ပြီးသာ ကြည့်နေ" ဟု စကားတင်း ပြောသူကပြော။

"ကောင်မလေးက လူငယ်ပေမယ့် ပါးလိုက်တာမှလွတ်ရော့ ရွှေတောင်စက္ကူရှုံးတယ်တော့၊ တစ်ဖက်က ဆန်ရုံးကသူ့ကောင်လေးကို အမိဖမ်းထားသလို မချစ်ရဲ့ဆိုင်ကိုလဲ အလွတ်မပေးဘူးလေ၊ ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင် ပစ်ဖမ်းယံ့ပုံပဲ၊ ရပ်ကြည့်ပါလား" ဟု ဝေဖန်သူက ဝေဖန်။

"ကောင်မက ဆန်စက်မှာ ဇလားလောင်းရာက လာရတာမို့ ပေါ့တော်၊ ရိုးရိုးလက်လုပ်လက်စား ဈေးသည်မျိုးရှိး

များဆို ခက်မယ်”ဟု တစ်ဖက်က မှိုချိုးမျှစ်ချိုး ပြောသူက
ပြော စသည်ဖြင့် စမ်းစမ်းအား ဈေးထဲက ဝါသနာရှိသူ
တချို့တို့က အမနာပ စကားများ ပြောလာကြသည်အထိ
ဖြစ်လာရလေတော့သည်။

ဈေးသူဈေးသား ပါးစပ်ဆိုတာကတော့ သည်အတိုင်း
ပင်။ ဟုတ်၏မဟုတ်၏ မစဉ်းစားကြဘဲ ကိုယ်ထင်ရာ ကိုယ်
ပြောနေကြတာပင်၏။

စမ်းစမ်းကတော့ ပတ်ဝန်းကျင်ကပြောသည်ကို လုံးဝ
ဂရုမစိုက်ပေ။ သူလုပ်ရမည့်အလုပ်ကိုသာ သူ့ဘက်က တာ
ဝန် မပျက်အောင် မှန်မှန်လုပ်လာခဲ့လေသည်။

ခင်မောင်ဦးက ဆန်စပါးဒိုင်များသို့ ကိုယ်တိုင် ကွင်း
ဆင်း ဝယ်ယူရသောအဖွဲ့မှာ ပါလေတော့ စပါးသူဌေး
များ၊ စပါးပွဲစားများနှင့် ဆက်သွယ်လုပ်ကိုင်ရလေရာ အပြင်
ငွေ အောက်ဆိုက်လည်း ပို၍ရလာသည်။

ထိုခေတ်က စပါးပွဲစားနှင့် စပါးကုန်သည်တို့ပေါင်းပြီး
ကောက်ပဲသီးနှံရုံး ကိုယ်စားလှယ်နှင့်ပေါင်း၍ စီးပွားရှာကြ
သည့် မေတ်ဖြစ်လေရာ ခင်မောင်ဦးမှာ လက်ထဲငွေရွှင်နေ
လေတော့သည်။

ခင်မောင်ဦး အောက်ဆိုက်ရသမျှတို့မှာလည်း စားစရိတ်
သုံးစရိတ်ကအစ မကုန်ရလေတော့ စမ်းစမ်းလက်သို့ စုံစုံပို
အပ်နိုင်လေသည်။

ထို့ကြောင့် ကိုယ်ပိုင်ဈေးဆိုင် မတည်နိုင်မီစပ်ကြားမှာ
လက်ထဲရှိသည့်ငွေ ပျောက်ပျက်မသွားရအောင် ရွှေလုပ်ပြီး



မ်းစမ်းက ဝတ်ဆင်ထားခဲ့၏။ ဈေးဆိုင်ထိုင်သူ ဆိုတော့
သည်း တခြားဆိုင်များက သက်တူရွယ်တူ အပျိုများနှင့်
နိုင်လားငါလား ယှဉ်၍ ဝတ်နိုင်စားနိုင်မှ တန်ရုံကြလေရာ
မ်းစမ်း သည်လိုဝတ်သည်ကို ခင်မောင်ဦးက သဘောကျ
သည်။

ပတ်ဝန်းကျင်ကတော့ ဒေါ်ချစ်တို့ပစ္စည်းထဲက စမ်းစမ်း
လက်သို့ ပဲ့ပါနေပြီဟု ကဲ့ရဲ့ကြ၏။

ဒေါ်ချစ်ကတော့ စမ်းစမ်းတစ်ယောက် သူ့ထံမှာရှိသည့်
အတွက် ဈေးဆိုင်ထိုင်ရ သက်သာသဖြင့် အိမ်အလုပ်ကို ပို၍
င် လုပ်နိုင်လေသည်။ ထို့ကြောင့် စမ်းစမ်းမှာ နံနက်စော
စော ဈေးဖွင့်လျှင် ဆိုင်ထွက်ရသောကြောင့် နံနက်စာ မြန်
ားရန်အတွက် ဒေါ်ချစ်က သူ့အိမ်မှ ထမင်းချိုင့်ဆွဲလာပို့
း ဆိုင်ပေါ်၌ နှစ်ယောက်အတူ စားကြ၏။

စမ်းစမ်း၏ စားရေးအတွက်ပါ မပူပင်ရပြန်တော့ပေ။
ဈေးထဲမှာ တစ်နေကုန်နေရလေတော့ ကိုချစ်စံ၊ မြင့်မြင့်
တို့ဆီသို့ပင် စမ်းစမ်း မရောက်ဖြစ်နိုင်။ အခါကြီး ရက်ကြီး
ျးပိတ်ရက်များကျမှသာ တစ်ခေါက်တစ်ကျင်း ဆိုသလို
ရာက်ရသေတော့၏။

သည်နေ့ ဝါဆိုလပြည့်နေ့ဖြစ်သောကြောင့် ပေါင်းတည်
ျးကြီး ပိတ်သဖြင့် စမ်းစမ်းက ကိုချစ်စံတို့အိမ်သို့ အလည်
ရာက်လာလေသည်။

“မမြင့် နေကောင်းလား”

"ဟယ်....မိစမ်း ကြည့်စမ်း၊ မတွေ့ရတာကြာလို့ ဝ,လာ
လှလှလာသလိုပဲ"

"ဈေးနဲ့အိမ်နဲ့ မအားရလို့ မမြင့်တို့ဆီ မရောက်ဘူး
လေ၊ ခုမှလာရတာ၊ ဆရာအစ်ကိုကြီးရော"

စမ်းစမ်းက ကိုချစ်စံအား ဆရာဟုခေါ်သလို တစ်ခါ
တစ်ရံလည်း အစ်ကိုကြီးဟု ခေါ်တတ်လေသည်။

"ညည်းအစ်ကိုကြီးကတော့ ထုံးစံအတိုင်းပေါ့ဟယ်၊ အိမ်
ဆောက်ဖို့ မြေလိုက်ကြည့်နေတယ်၊ ငွေတိုးလဲ လိုက်တောင်
နေတာပဲ"

မြင့်မြင့်က သူ့ခင်ပွန်း သူမနိုင်တော့ဟန်ဖြင့် လေးလေး
တွဲတွဲ ဆိုရှာသည်။ တကယ်တော့ သူလည်း ပြောရဲသူမဟုတ်
ချေ။

"ခက်တာပဲနော်် မမမြင့်၊ ဒီငွေတိုးတောင်းတာနဲ့ ပတ်
သက်ပြီး တစ်ခါလဲ အတော်အမှုအခင်း ဖြစ်ခဲ့ရပြီ၊ ငွေလဲ
ကုန်လို့ ကိုချိုကြီးတောင် ခုထက်ထိ ထောင်ထဲက မလွတ်
သေးဘူး မဟုတ်လား"

စမ်းစမ်းက သတိသံဝေဂ ရသလိုပြောရင်း ချိုကြီး
အကြောင်းပါ တစ်ပါတည်း ထည့်ပြောလိုက်မိ၏။

"အေးလေ....ဒါပေမယ့် ငါမှ သူ့ကို မပြောရဲဘဲ၊ ပြီး
တော့ သူကလဲ သူ့ဝင်ငွေနဲ့သူ သူဈေးလို သုံးဖြုန်းနေပြီ
ငါ့ကိုလဲ မပူမပင်ရအောင် ထားလေတော့ ငါပြောလို့မဖြစ်
သေးဘူးလေ"



မြင့်မြင့်က သူ့အကြောင်းနှင့်သူဟု ရှင်းပြ လေ သည်။
ကိုချစ်စံ ငွေတိုး ဆုံးဆုံးနေသော်လည်း သူတို့အိမ်ထောင်စု
စီးပွားရေးမှာမူ ယုတ်လျော့သွားသည်ဟုမရှိ။ တစ်နေ့
ခြား တိုးပွားလာသည်သာ ဖြစ်၏။

အိမ်မှာဆိုလျှင် အိမ်ထောင်ပရိဘောဂမှအစ ရေဒီယို
ထိ ပြည့်ပြည့်စုံစုံရှိသည်။ မြင့်မြင့်မှာလည်း ရွှေအပြည့် စိန်
ပြည့်။

သည်ကြားထဲမှာ ကိုချစ်စံက ဆန်စက်နှင့် ပတ်သက်၍
လည်း အဘက်ဘက်က မလစ်ဟင်းရအောင် စနစ်တကျ စီမံ
ချုပ်ထားမှုကြောင့် ဘာရိဝါဂျာကုမ္ပဏီ၏ ဝင်ငွေမှာ
မြင့်၍သာ လာခဲ့၏။

ဆန်စပါးကိစ္စနှင့် ပတ်သက်ပြီး ကိုချစ်စံ စတင်ကိုင်ခဲ့သည်
ယနေ့အထိ လုံးဝအရှုံးပေါ်သည်ဟု စာရင်းဇယား မပြ
သေး။

သည်တော့ ကိုချစ်စံ ငွေတိုးပေးစားနေသည်ကိုသိသော်
လည်း ဘာဘူတွေက သူတို့အလုပ်နှင့် ငွေနှင့် မပတ်သက်
သောကြောင့် တစ်လုံးတစ်ပါဒမျှဝင်ရောက်ပြောဆို စွက်ဖက်
ခြင်းမပြုချေ။

သည်တော့ ကိုချစ်စံကလည်း သူပိုင်သမျှ နိုင်သမျှကို
ကာ ခွဲကာ ချေးငှားသွားသည်ချည့်။

"သူ ခုလို ငွေတိုးချေးစားနေလို့လဲ မမ ဘာမှ မဖြစ်ပါ
ဘူး"ဟူသည့် မြင့်မြင့်၏စကားကြောင့် စမ်းစမ်းက တစ်ခု
တွေးစားမိသွား၏။

ခင်မောင်ဦးသည် စပါးပွဲစားများ လယ်ပိုင်ရှင်များ
တံစိုးလက်ဆောင်ရသူဖြစ်၍ လက်ထဲမှာ ရွှေ ငွေအပြည့်
နိုင်သူဖြစ်၏။ သူ့ကိုလည်း ကိုချစ်စံကဲ့သို့ပင် ငွေတိုးပေး
စားရလျှင် ကောင်းလိမ့်မည်လားဟု တွေးသည်။

ခုတလော ခင်မောင်ဦး ခြေမငြိမ် အိမ်မကပ် လုပ်
သည်မှာ ငွေရရာရကြောင်းအတွက်ဟုလည်း သူသိထား
ကြောင့် ဖြစ်သည်။

"ညီမရယ်၊ ခင်မောင်ဦးကိုလဲ ဒီအတိုင်း လွှတ်မထား
နော်"

မြင့်မြင့်ကကောက်ကာငင်ကာ ပြောလိုက်သဖြင့် စမ်း
ဖျတ်ခနဲ ဖြစ်သွားရ၏။

"ဘာ....ဘာ....ဖြစ်လို့လဲ မမမြင့်"

"ဩော်ကွယ်၊ ယောကျ်ားဆိုတာ လက်ထဲမှာ ငွေလ
မယ် ပြီးတော့ ရုပ်ရည်ကအစ သားသားနားနားလဲ ရှိမ
ဆိုရင် လိုချင်သူတွေက ပေါပါ့ဘိ၊ ပြီးတော့ ခင်မောင်
ကလဲ အခု နယ်တွေ ရွာတွေဆင်းပြီးစပါးကောက်တဲ့အလု
လုပ်နေရပြီ မဟုတ်လား"

မြင့်မြင့်၏စကားမှာ စဉ်းစားစရာတွေ ပါလာသည်
စမ်းစမ်းတွေးမိ၏။ဤသို့တွေးမိသည့်အတိုင်းလည်းခင်မော
ဦးအပေါ် စဉ်းစားစရာအကြောင်းတွေဝင်လာ ပေါ်လ
လေသည်။

"ခုတလော ခင်မောင်ဦးက နယ်ဆင်းပြီး စပါးဒိုင်
သွားရတယ်၊ ရွာတွေမှာက စပါးပွဲစားတွေ၊ စပါးသူ



တွေဆိုတာက သူတို့ကိုယ်စားလှယ်တွေနဲ့ ခြေချင်း လိမ်လို့
နော်၊ ဒီတော့ကာ ခင်မောင်ဦးလို စပါးဒိုင် အင်စပက်တော်
လေးတစ်ယောက်ကို ပထမငွေနဲ့ မြှောက်မယ်၊ နောက်တော့
လူနဲ့ပါရင်းပြီး ဝယ်သင့်ရင် ဝယ်ကြလိမ့်မယ်၊ ဒီအလုပ်တွေ
က ငါ့ယောကျ်ားလုပ်ခဲ့တဲ့ အလုပ်ဟောင်းတွေနော်၊ ညည်း
လူ ခင်မောင်ဦးကို မျက်ခြည်မပြတ်နဲ့ မိစမ်း"

မြင့်မြင့်က တကယ့်သဘာဝကျကျ ဖြစ်ရပ်မှန်နှင့်တကွ
သူဖြတ်သန်းလာခဲ့ရသော ဘဝခရီးစဉ်မှ တချို့ကို ကောက်
နုတ် ပြောပြလိုက်ခြင်း ဖြစ်လေသည်။

မြင့်မြင့်၏စကားကို ကြားရတော့ စမ်းစမ်းမျက်လုံးများ
ပင် ပြာဝေဝေ ဖြစ်သွားရ၏။

ဖြစ်နိုင်သည်။

သူ့ချစ်သူ ခင်မောင်ဦးတစ်ယောက် ခုတလော သူ့ထံ
ရောက်မလာသည်မှာပင် ကြာခဲ့ပါပြီကော။

တကယ်ပင် နယ်စပါးဒိုင်တွေဘက်သို့ဆင်းပြီး စပါးဝယ်
သည့် ရှုပ်ရှုပ်အလုပ်နှင့်ပင် အချိန်ကုန်သလား။ ဒါမှမဟုတ်
ဆန်းဆန်းအလုပ်နှင့်ပင် နစ်မျောနေပြီလော။

စမ်းစမ်း စိတ်ပူလာလေသည်။

ဘာပဲဖြစ်ဖြစ် ချစ်သူခင်မောင်ဦးကို အမြန်ဆုံးသွားတွေ့
မှ ဖြစ်တော့မည်ဟု စမ်းစမ်း ဆုံးဖြတ်လိုက်မိလေတော့သည်။

တွေ့မှ....တွေ့ဦးမှ။

ခင်မောင်ဦးကို သွားတွေ့မှ။

## အခန်း ( ၄ )

တွေ့မည့်တွေ့တော့လည်း ရုံးပေါ်မှာ။

ခင်မောင်ဦးက အေးအေးဆေးဆေးပင် ကျားကစားနေ သည်။ သူနှင့် ကစားနေကြသူတွေကလည်း ရုံးသူရုံးသားတွေ ချင်း။ ငွေနှင့်ကြေးနှင့်မဟုတ်၊ အပျင်းပြေ ကစားနေကြခြင်း သာ။

ပြီးတော့ သည်နေ့ကလည်း ရုံးတက်ရသည့်နေ့မဟုတ်။ ရုံးပိတ်ရက် အားလပ်ရက်ဖြစ်နေသည်။

စမ်းစမ်း ရုံးပေါ်သို့တက်သွားတော့ မလာစဖူး အလာ ထူးသည့်အတွက် ခင်မောင်ဦးက အထူးအဆန်းသဖွယ်ကြည့် ပြီး ကျားကစားရာက ထလာ၏။

"ဟော....အစမ်း၊ ဘယ်က ဘယ်လို"

စမ်းစမ်းကလည်း ခင်မောင်ဦး မျက်နှာကို ကြည့်ရာက တခြားလူစိမ်းတွေဘက် အကဲခတ်ရင်း....



"ခြောက်....လမ်းကြုံတာနဲ့ ဒီဘက်ကိုရောက်လို့၊ ပြီးတော့ ကိုဦးရှိနေတယ်ဆိုလို့ပါ"

"လာ....အစမ်း၊ ထိုင်ဦးလေ"

ကျားကစားသူတွေက အလိုက်သိကြစွာဖြင့် ခင်မောင်ဦး တို့ကို ချန်ရစ်ခဲ့ပြီး ရုံးပေါ်မှ အလျှိုအလျှိုဆင်းသွားကြလေ တော့သည်။

ခင်မောင်ဦးနှင့် စမ်းစမ်းတို့ နှစ်ယောက်တည်းသာ ကျန် နေရစ်ခဲ့ကြ၏။

"ဆိုပါဦး အစမ်း၊ ဘာများ အရေးတကြီးရှိလို့ ရုံးလိုက် လာတာလဲဟင်"

တစ်ခါမှမလိုက်စဖူး ထူးထူးခြားခြား တစ်ယောက်တည်း ရောက်လာလေသော စမ်းစမ်းအား ခင်မောင်ဦးက မှတ်မှတ် ထင်ထင် မေးလိုက်ရတော့သည်။

"ဒီမယ် ကိုဦး၊ ခုတလော နယ်တွေ ရွာတွေ သွားနေရ တယ်ဆို"

"အေးလေ....စပါးဒိုင်တွေကို ဆင်းနေရတာပေါ့ အစမ်း ရယ်"

"ဘယ်ရွာတွေ သွားရလို့လဲ"

"ဟာ....စပါးဒိုင်တွေကတော့ တစ်ပြုံကြီးပေါ့၊ သဖန်း ကုန်း၊ ဘိုကုန်း၊ တောင်ယွင်းစု၊ မှတ်တိုင်၊ ပြီးတော့ နတ္တ လင်းဘက် ဆိုရင်လဲ နွယ်ခွေရှိတယ်၊ နေစမ်းပါဦး....ဘာပြု လို့များ မေးတာလဲ အစမ်းရဲ့၊ ဘာအကြောင်းထူးလို့လဲ"

ခင်မောင်ဦးက အံ့အားသင့်စွာပင် ပြန်၍ ရှင်းပြရင်းက မေးမိတော့သည်။

"ဒီလိုပါ အစ်ကိုရယ်၊ အဲဒီလို ရွာတွေသွားပြီး ညအိပ်ရတဲ့အခါ ပြန်မလာတော့ စိတ်ပူလို့ပါ၊ပြီးတော့ ရွာတွေမှာလဲ ချမ်းသာတဲ့သူတွေရဲ့ သမီးတို့၊ သူကြီးသမီးတို့ စတဲ့ဟာတွေက အစ်ကိုတို့လို ဆန်ဘက်ကလူမျိုးကို အမိအရဖမ်းမှာစိုးလို့ သတိပေးချင်လို့ပါ အစ်ကိုရယ်"

"ဟား...ဟား....အစမ်းရယ်၊ ကိုယ့်အတွက်တော့ ဒီကိစ္စမျိုး နည်းနည်းမှမပူနဲ့၊ကိုယ်ကလဲ အရက်တို့ ဘာတို့ သောက်တတ် စားတတ်တာ မဟုတ်တော့ တော်ရုံတန်ရုံ အမဲဖမ်းလို့ မရနိုင်ပါဘူးကွာ၊ ဟား....ဟား"

ခင်မောင်ဦးက သဘောကျသလိုဖြင့် ဟက်ဟက်ပက်ပက် ရယ်လေ၏။

"ဟင်း....သူများက စိတ်ပူလို့ လိုက်လာပြီး ပြောရတယ်၊ သူ့မှာတော့ ဘာမှမဖြစ်သလိုပဲ တဟားဟားလုပ်နေ"

စမ်းစမ်းက စိတ်ကောက်ချင်ယောင်ဆောင်ကာ ချစ်မျက်စောင်းလေး ထိုးပစ်လိုက်လေ၏။ ခင်မောင်ဦးမှာ စမ်းစမ်းက ဆိုင်းမဆင့် ဗုံမဆင့်လာပြီး စိတ်ပူကြောင်း ပြောပြနေသည်ကို ပို၍သဘောကျသလို ရယ်နေမိခြင်းဖြစ်၏။

"ဘာလဲ....လူကိုက ရယ်ကျဲကျဲလုပ်နေ၊သူများကဖြင့် စိတ်ပူရတာ"



"ဩော်....မပူပါနဲ့လို့ ပြောပြီးပါပြီကော အစမ်းရယ်....ကိုယ့်မှာ မင်းကလွဲလို့ တခြား ဘယ်သူ့ကိုမျှား မှန်းဖို့ လိုသေးလို့လဲ"

သည်တော့မှ စမ်းစမ်းမှာ အနည်းငယ် အေးဆေးလာသည်။ စောစောက သောကနှင့် ဒေါသတို့ ပြေလျော့သွားသည့်နှယ် အမူအရာ အေးဆေးလာ၏။

"ဒါနဲ့ မေးရဦးမယ် အစမ်းရဲ့၊ ကိုယ်တို့ အခြေအနေကောင်းရင် ပွဲမှာပဲ"

"ဘာကိစ္စအတွက်လဲ အစ်ကို"

"မြေကွက်လေ....မြေကွက်ဝယ်ဖို့ပေါ့"

"ဟင်....ဘယ်မှာလဲ"

စမ်းစမ်း မျက်လုံးကျယ်လာ၏။ သူတို့၏အနာဂတ်အတွက် မြေလေးတစ်ကွက် ဝယ်၍ အိမ်ကလေးတစ်လုံး ဆောက်ပြီး လျှင် လက်ထပ်ကြရန် အစီအစဉ်ရှိထားကြ၏။သို့တိုင်အောင် မြေကွက်ကိစ္စဘက် မရောက်ရသေး။

"မြေကွက်ကတော့ ကျယ်ပါတယ်၊ ဒါပေမယ့် မြို့အပြင်ဘက် နည်းနည်းကျနေလို့"

"ဘယ်နေရာမှာလဲ အစ်ကို"

"တာပွန်လမ်းဘက်မှာပဲ၊သိမ်ကြီးဘက် နည်းနည်းရောက်တယ်"

"မြို့နဲ့ တစ်ဆက်တည်းပဲ အစ်ကိုရယ်၊ မြင်းလှည်းတို့၊ ဆိုက်ကားတို့ စီးရင်လဲ ရတာပဲ၊ အစ်ကို ဆိုင်ကယ်တစ်စီး ဝယ်ထားရင် ရှုံးသွားလို့ရတာပေါ့"

"ဒါပေမယ့် ကိုယ်က တောင်ပိုင်းထက် မြောက်ပိုင်းဘက်မှာပဲ ပိုနေချင်တယ်"

အမှန်တော့ မြောက်ပိုင်းမှာ သူတို့ အနေကြာခဲ့ပြီဖြစ်၍ လူဟောင်းတွေ ဖြစ်နေကြပြီ။ သည့်ထက်ဆိုရလျှင် မြောက်ပိုင်းတွင် ကိုချစ်စံ၏ ဩဇာအာဏာ သက်ရောက်မှုကလည်း ရှိသည် မဟုတ်လား။

"ဟုတ်တယ် အစ်ကို၊ ညီမလဲ ကိုယ်နေ့နေကျ မြောက်ပိုင်းမှာပဲ နေချင်တယ်၊ ကြည့်ပါဦးလေ....တကယ်လို့ အဆင်ပြေပြီး ကိုယ်မှန်းထားတဲ့ဈေးနဲ့ ကိုက်မယ်ဆိုရင်တော့ တောင်ပိုင်းမှာလဲ ဝယ်လို့ဖြစ်မယ်ထင်ရင် ဝယ်ကြတာပေါ့"

"ဒါနဲ့ ရှေ့အပတ်ကျရင် ကိုယ် သ ဖန်း ကုန်း ဒိုင် ဘက်သွားစရာရှိတယ်၊ နတ္တလင်း၊ နွယ်ခွေကိုလဲ သွားစရာရှိတယ်၊ ညီမဈေးဆိုင် ခဏနားလို့ရရင်လိုက်ခဲ့ပေါ့၊ ဒီတော့မှ တောက လူတွေ၊ စပါးသူဌေးတွေ၊ သူကြီးတွေနဲ့ ကိုယ်တို့ ဘယ်လိုဆက်ဆံကြတယ်ဆိုတာ လက်တွေ့သဘောပေါက်မယ်"

"ဒါဆို လိုက်မှာပေါ့ အစ်ကိုရယ်"

စမ်းစမ်း သဘောကျသွားသည်။

သူ့ချစ်သူ ရွာတွေမှာ ဘာတွေဘယ်လို လုပ်နေသည်ကို သူ လက်တွေ့ မြင်တွေ့ရပေမည် မဟုတ်လား။

* * *



ပေါင်းတည်မှ မြင်းလှည်းထွက်လာကတည်းက စမ်းစမ်းမှာ မြူးထူးရွှင်ပျလျက်ရှိ၏။

မြင်းလှည်းသည် ရန်ကုန်-ပြည်လမ်းအတိုင်း နတ္တလင်းမြို့ဘက်သို့ ဦးတည်၍ထွက်ခဲ့ရာမှ ပေါင်းတည်မြို့အစွန်ကို လွန်လာပြီ။ လှေဆိုင်ချောင်းနှင့် သပြေကုန်းရွာနားသို့ ရောက်လာလေသည်။

နွေဦးကာလဖြစ်၍ မြေလတ်ပိုင်းဆန်သောဒေသ၏ ပူပြင်းခြောက်သွေ့ဟန်ရှိသော်လည်း ရိုးမတောင်တန်းနှင့် စိမ်းလန်း ဒေသ ပေါက်ရောက်သော သစ်ပင်၊ ဝါးပင်များကြောင့် မြင်ကွင်းမှာ အညာဒေသကဲ့သို့ လွင်တီးခေါင်မဆန်ဘဲ စိမ်းမြမြရှိလှသည်။

ပေါင်းတည်-နတ္တလင်း မြင်းလှည်းများအပြင် မော်ရစ်၊ အော်စတင်၊ ဖို့ဒ် စသည့် မော်တော်ကားငယ် ဖင်ပြတ်သစ်သားဘော်ဒီနှင့် ပြေးဆွဲနေကြသော ကားကလေးများလည်း ခရီးသည်များပြည့်ကျပ်နေ၏။

ပေါင်းတည်နှင့်နတ္တလင်းကို မြင်းလှည်းခ လူတစ်ယောက်တစ်မတ်၊ ကားလေးခမှာ တစ်ယောက်ပြားလေးဆယ်ဖြစ်ရာ တောသူ တောင်သားများက မြင်းလှည်းကိုသာ အစီးများကြ၏။ အကြောင်းမူ မြင်းလှည်းမှာ သက်သာသည့်အပြင် တောင်း၊ အိတ် စသည့်ပစ္စည်းများ တင်နိုင်ပြီး ကားကလေးများမှာ ပစ္စည်းတင်လို့မရချေ။

ခင်မောင်ဦးနှင့် စမ်းစမ်းတို့ကတော့ အေးအေးဆေး ဆေး သွားလိုကြသောကြောင့် မြင်းလှည်းကိုပင် တမင်တကာ စောင့်ဆိုင်းပြီး စီးလာခဲ့ကြခြင်းဖြစ်လေသည်။

သပြေကုန်းကို ကျော်လာတော့ လယ်ကွင်းများနှင့် လွင်ပြင်များမှ နံနက်စောစော တိုက်ခတ်လာသည့် လေပြည် အေးကြောင့် စိတ်မှာ ပို၍ ကြည်နူးချမ်းမြေ့ကြရတော့ သည်။

"အစမ်း....နတ္တလင်းဘက်ကို ခဏခဏ ရောက်သလား ဟင်"

ခင်မောင်ဦးက ကျောင်းကုန်းရွာကလေးကို လွန်လာ တော့ မြင်းလှည်းပေါ်မှလှမ်းကြည့်ရင်း မေးလိုက်၏။

"ငယ်ငယ်ကတော့ ဘွားဘွားတို့ရှိလို့ရောက်တယ်၊ အခု ကြီးလာတော့ မရောက်ဘူး၊ အလုပ်ကလဲ ဇယ်ဆက်သလို လုပ်နေရတာ မဟုတ်လား"

"ဒါဖြင့် နွယ်ခွေတို့၊ တာပွန်တို့ကိုတော့ မရောက်တာ ပိုပြီးကြာပြီပေါ့"

"ဟုတ်တယ် အစ်ကို"

မြင်းလှည်းသည် ကျောင်းကုန်းကို ကျော်လာ၍ ခဏနေ တော့ ဘိုးသာအောင် ကုန်းတံတားကြီး၏ ညိုမည်းမည်း တံတားကုန်း ခေါင်းပိုင်းကို လှမ်းမြင်ရ၏။

သူတို့ မြင်းလှည်းသွားနေသော မော်တော်ကားလမ်းနှင့် ဘေးချင်းယှဉ်လျက် ကပ်လျက် ရှိသော မီးရထားလမ်း၏



တစ်ဖက်တွင် ရွာတန်းရှည်များနှင့် အုပ်ဆိုင်းနေသော က်ပျောတောများရှိ၏။

မြင်းလှည်း၏လက်ယာဘက် ကားလမ်း၏အနောက်ဘက် တွင်မူ ဆယ်ပေကျော်ခန့်မြင့်သော ကြံပင်တောကြီးများမှာ မော်တော်ကားလမ်းအောက်စပ်မှသည် ဘိုးသာအောင်ကုန်း ာကြီးဆီသို့ တောတန်းငယ်လေးများသဖွယ် သွယ်တန်း လျက် ထူထပ်စွာပေါက်ရောက်လျက်ရှိလေသည်။

ကြံပင်တောကြီးများကို ငေးမောကြည့်လာကြရင်းကပင် ဘိုးသာအောင်ကုန်း တံတားပေါ်သို့ လှည်းဦး မော့ပြီး တက်လာကြကာ အတက်မှာပင် မြင်းလှည်းရပ်သွား၏။

ဘိုးသာအောင်ကုန်း တံတားကြီးသည် စစ် အ တွင်း က အကြိမ်ကြိမ် ဗုံးကြဲဖျက်ဆီးခံခဲ့ရသဖြင့် ပျက်စီးခဲ့ရာ နောက် ဆုံး အင်္ဂလိပ်များပြန်ဝင်လာ၍ မြှုပ်ဖြင့်ထားသည်မှာ မော် တော်ကားလမ်းဘက်မှ တံတားသည် တိုင်မဲ့ တံတား ဘေလီ ခေါ် စစ်သုံးယာယီတံတားမျိုးသာလျှင် ဖြစ်၏။

ထို့ကြောင့် တံတားပေါ်မှာ ကားတစ်စီးစာသာလျှင် ကျယ်ဝန်းသောကြောင့် တစ်ဖက်မှ ကား၊ သို့မဟုတ် မြင်း လှည်း စသည့် ယာဉ်တစ်စီးဖြတ်လျှင် တစ်ဖက် မျက်နှာချင်း ဆိုင်မှ ယာဉ်က စောင့်ပေးရလေသည်။ ယခု တံတားသစ် ကြီးလို နှစ်ဖက်သွား လမ်းကျယ် မဟုတ်သေး။

သည်အတက်မှာ တစ်ဖက်မှယာဉ်ကို စောင့်ရင်း မြင်း လှည်း အမောဖြေ၊ လူလည်း တံတားပေါ် လမ်းလျှောက်

သွားကြကာ တံတားအလယ် သို့မဟုတ် တစ်ဖက်အဆင်းသို့ ရောက်ခါမှ ပြန်တက်စီးကြရန်ဖြစ်၏။

ပေါင်းတည်နှင့် ဘိုးသာအောင်ကုန်းတံတားမှာ သုံးမိုင်ဝေး၍ တံတားမှ နတ္တလင်းမြို့သို့မူ နှစ်မိုင်ဝေးလေသည်။ ဘိုးသာအောင်ကုန်းဘံတားသို့ရောက်ပြီဆိုလျှင် နတ္တလင်းမြို့ကို လှမ်း၍မြင်ရပေပြီ။

ခင်မောင်ဦးနှင့် စမ်းစမ်းတို့နှစ်ယောက်တည်း မြင်းလှည်းမှ ဆင်းခဲ့သည်နှင့် တံတားပေါ်သို့ ဖြေးဆေးစွာ တက်လာခဲ့ကြ၏။ တစ်ဖက်မှ မော်တော်ယာဉ်တန်းအစုနှင့် မြင်းလှည်းများ တက်ဖြတ်ဝင်လာကြသောကြောင့် သူတို့စီးလာသော မြင်းလှည်းမှာ စောင့်ရဦးမည်။

ဘံတားအောက်မှ ချောင်းရေသည် နွေကာလမို့ ခြေသလုံး နစ်ရုံမျှလောက်သာ နက်တော့၏။ မိုးတွင်းဆိုလျှင်တော့ အရှေ့ရိုးမမှကျလာသည့် တောင်ကျရေများ ပြည့်နှက်နေကာ သစ်လုံးများမျှောချရာဖြစ်၏။

ယခုတော့ နွေကာလ ချောင်းရေသည် ရေစစ်လျက်ရှိပြီး သောင်များပင်ပေါ်နေကာ ယင်းသောင်များမှ လက်ယက်တွင်းကလေးများဖြင့် သောက်ရေခပ်နေကြသူကလေးများကိုပါ မိုး၍မြင်နေရ၏။

ကြံပင်တောများ ပေါများသည့် နေရာဒေသဖြစ်၍လည်း တံတားနှစ်ဖက်စလုံး၌ ကြံအရောင်းဆိုင်ကလေးများကို တွေ့ရလေသည်။



နတ္တလင်းနှင့် ပေါင်းတည် နှစ်ဖက်စလုံးမှ ရွာများမှာ ဆန်စပါးကိုသာ အားပြု၍ တစ်သီးစိုက်ဖြစ်ကြသော်လည်း ဘိုးသာအောင်ကုန်းရွာကြီး တစ်ရွာတည်းမှာမူ ဆန်စပါးထက် ကြံရွာကြီးဟု ခေါ်နိုင်ပေသည်။

ပေါင်းတည်မြို့သည် ပြည်ခရိုင်အတွင်းမှာရှိ၍ ရန်ကုန်ဘက်သို့လာသော ပြည်ခရိုင် အဆုံးသတ် နယ်နိမိတ်သည် ဘိုးသာအောင်ကုန်းချောင်းသည်ဘက်မှာဆုံး၏။

နတ္တလင်းမြို့သည် သာယာဝတီခရိုင်၏နယ်နိမိတ်အတွင်းမှာရှိ၍ ပြည်ဘက်သို့လာလျှင် သာယာဝတီခရိုင်၏နယ်နိမိတ်သည် ဘိုးသာအောင်ကုန်းတံတားဘက်လမ်းမှာ အဆုံးသတ်လေ၏။

တံတားကြီးကား ပြည်ခရိုင်နှင့် သာယာဝတီခရိုင်နှစ်ခုတို့၏ နယ်ခြားမျဉ်းပင်ဖြစ်တော့သည်။

သူတို့နှစ်ယောက် ဆက်၍လျှောက်ခဲ့ကြရာမှ နတ္တလင်းဘက်ကမ်းရှိ ရှမ်းရွာအရှေ့စပ်သို့ရောက်၍ ကြံရောင်းဆိုင်ကလေးဘေးမှ သစ်ပင်ရိပ်တွင် ရပ်သိုက်ကြ၏။

မြင်းလှည်းက လမ်းရှင်းသွားသဖြင့် မောင်းတက်လာပြီး အဆင်းတွင်ရပ်ပေးသောကြောင့် သူတို့နှစ်ဦးစလုံး မြင်းလှည်းပေါ်သို့ ပြန်ဘက်ကြသည်။ မြင်းလှည်း ဆက်ထွက်လေသည်။

နတ္တလင်းသချိုင်းကို လွန်၍ ရဲစခန်းကို ကျော်ပြီးလျှင် မြို့ကိုဝင်လာလေသည်။ မီးရထားလမ်းကူးဂိတ်နားရှိ သံဖြူရုံတွင် မြင်းလှည်းဂိတ်ဆုံးတော့၏။

သည်ကမှတစ်ဖန် ခင်မောင်ဦး၏စပါးဒိုင်ရှိရာ 'နွယ်ခွေ
သို့ တာပွန့်သွားသည့် မြင်းလှည်းကို ထပ်၍ပြောင်းပြီးစီး
ရဇေမည်။

"နတ္တလင်းဈေးထဲဝင်ပြီး တစ်ခုခု စားသွားကြရအော
နေ့ာ် အစမ်း၊ နွယ်ခွေက ရွာကလေးဆိုတော့ ဟိုကျ သ
ရေစာ မရှိဘူး၊ ထမင်းပဲစားရမှာ"

"အစ်ကို့ သဘောပဲလေ"

သူတို့နှစ်ယောက် သံဖြူရုံမှ ဆက်၍ လျှောက်ခဲ့ကြ
နတ္တလင်းဈေးကြီးဘက်သို့ ချိုးကွေ့လာခဲ့ကြလေသည်။

"အစမ်း....ဘာစားမလဲ၊ လက်ဖက်ရည်သောက်မလား

"ဟင့်အင်း....အသုပ်တစ်ခုခုစားတာပေါ့"

"ဒါဖြင့် မုန့်ကြွပ်ခေါက်ဆွဲ စားကြရအောင်၊ နတ္တလ
မှာ အဲဒါ နာမည်ကြီးတယ်၊ ကိုယ်တို့ ပေါင်းတည်မှာ မ
ဘူးလေ"

ဈေးထဲမှ မုန့်ကြွပ်ခေါက်ဆွဲဆိုင်သို့ ဝင်လာခဲ့ကြ၏။

ခေါက်ဆွဲမျှင်ကို ဆီချက်၊ ပဲမှုန့်၊ သံပရာရည်တို့ဆမ်း
မုန့်ဟင်းခါးရည်ကဲ့ ဟင်းရည်ဆမ်း၍ အပေါ်မှ မုန့်ကြ
ကြော် ရွရွလေးဖြူးပေးကာ ဟင်းချိုနှင့် စားရသည့်
ဖြစ်၏။ ရွှေတောင်ခေါက်ဆွဲနှင့် ခပ်ဆင်ဆင်တူပေသည်။

မုန့်ကြွပ်ခေါက်ဆွဲ စားကြပြီးနောက် ခင်မောင်ဦး
လက်ဖက်ရည်သောက်ချင်သည် ဆိုသဖြင့် မင်းလမ်းထိ
လက်ဖက်ရည်ဆိုင်သို့ ကူးလာခဲ့ကြပြန်သည်။



ထိုဆိုင်မှာ နတ္တလင်းမြို့မှ လူငယ် လူလတ်၊ လူကြီးစုံသလို အမှုထမ်းလည်း စုံလင်စွာ ထိုင်ကြသည့်ဆိုင်ဖြစ်၏။

"ဟာ....ခင်မောင်ဦး၊ မင်း ဘယ်သွားမလို့လဲ"

"ဟာ....ဆရာသန်းပါလား၊ လာဗျာ.... လက်ဖက်ရည်သောက်"

ဆရာသန်းမှာ နတ္တလင်း ကောက်ပဲသီးနှံရုံးမှ ဆန် အင်စပက်တော် ဖြစ်လေသည်။

"ကျွန်တော် နွယ်ခွေကို သွားမလို့ဗျ၊ စပါးဒိုင်ဘက်ကို"

"မင်းတို့ ပေါင်းတည်က ဒီဘက်လာပြီး တာဝန်ကျလို့လား၊ နွယ်ခွေမှာ တို့ နတ္တလင်းကလူတွေ ဆင်းနေကြတာပဲ"

"အိုးအိုကြီးက သွားပါဆိုလို့ ဆင်းခဲ့တာပဲ ဆရာသန်းရယ်"

အိုးအိုကြီးဆိုသည်မှာ ဆန်ရုံဝန်ထောက်အရာရှိကို ဆိုလိုခြင်းဖြစ်၏။ ယင်းကာလက နယ်တွေ ပူးပေါင်းပြီး လုပ်ရကိုင်ကြရသည်လည်း ရှိပေသည်။

"ဒီနှစ် စပါးသိပ်မဟန်ဘူးကွယ့် ခင်မောင်ဦး၊ တို့ဆီက မိုးမိလို့ စပါးပျက်တာများတယ်"

"အင်းဗျာ....ဘာဘူသူဌေးတွေရော၊ မြန်မာသူဌေးတွေကပါ ဈေးနှိမ်ထားတော့ ကျွန်တော်တို့ဌာနအနေနဲ့ နိုင်ငံခြား ပို့ဖို့ ကျုံးသာဝယ်နေရတယ်၊ တွက်ကိန်းကိုက်မှာ မဟုတ်ဘူး"

"အေးပေါ့....ဒီတော့ အခါတိုင်းနှစ်တွေလို တို့တစ်တွေ ငွေသိပ်ရှင်မယ်မထင်ဘူးကွာ"

သူတို့ချင်း အလုပ်အကြောင်းများ ပြောနေကြလေရာ စမ်းစမ်းကတော့ ဘာမှန်းနားမလည်ဘဲ လက်ဖက်ရည်သာ ငုံ့၍သောက်နေလေသည်။

လက်ဖက်ရည်ဆိုင်မှထလာတော့....

"နွယ်ခွေဆင်းရင်၊ အင်း...."

ဆရာသန်းက စကားဆက်မပြောဘဲကျန်ရစ်ခဲ့၏။စမ်းစမ်းက ဘာပြောမှန်းမသိဘဲ စဉ်းစားလာလေသည်။

"အစ်ကို....တိုဆရာကြီးပြောတာ ဘာအဓိပ္ပာယ်လဲ ဟင်"

"အလကားပါကွာ၊ နွယ်ခွေဒိုင်မှာ၊ ပြုတ်သွားတဲ့လူတွေ အကြောင်း ပြောတာပါ"

စမ်းစမ်း သိပ်ဘဝင်မကျပေ။

ဒါကြောင့် နွယ်ခွေသို့သာ မြန်မြန်ရောက်ချင်ဇောဖြင့် တာပွန်သွား မြင်းလှည်းပေါ်သို့ တက်ခဲ့ရလေတော့သည်။

မြင်းလှည်းသည် သံဖြူရုံဂိတ်မှထွက်ခဲ့ပြီးနောက် လမ်းသစ်တန်းကို ဖြတ်လာ၏။ လမ်းသစ်တန်းသည် ယနေ့ခေတ်လို နောက်ထပ်တိုးချဲ့လာသော ကွက်သစ်ကြီး မဖြစ်လာသေး။ မူလ မြေကွက်နေရာဟောင်း၊လှူဟောင်းများဖြင့် ခပ်ငယ်ငယ် သင့်ရုံမျှသာရှိလေရာ လမ်းသစ်တန်းကို ကျော်လာသည်နှင့် မြို့နှင့်အဆက်ပြတ်ပြီး မြို့ပြင်သို့ရောက်လာသလို ဖြစ်လာ၏။

နတ္တလင်း-တာပွန်သွားသည့် မြင်းလှည်းလမ်းမှာ မော် တော်ကားလမ်း ဖြစ်သော်လည်း စစ်ပြီးကာတည်းက ပြုပြင်



င်း မရှိ၍လည်းကောင်း၊ စပါးကားများ၊ သစ်တင်ကား းများ သွားလာသဖြင့် ချိုင့်များပေါက်၍ လမ်းပျက် လမ်း မ်းကြီး ဖြစ်လျက်ရှိ၏။

ခဏကြာတော့ နွယ်ခွေသို့ ရောက်လာတော့သည်။ သူတို့ ်ယောက် မြင်းလှည်းပေါ်မှဆင်းကြပြီး ရွာသို့လာခဲ့ကြ၏။

ထိုခေတ်က စပါးဒိုင်ဆိုသည်မှာ ယနေ့ခေတ် နိုင်ငံတော် စိုးရသို့ အပြည့်အဝ ရောင်းချကြသည့် စပါးဒိုင်များကဲ့သို့ ်နေရာတည်းမှာ စုပေါင်းပုံပြီး ရောင်းကြခြင်းမျိုး မဟုတ် ။

စပါးကို လက်ဝါးကြီးအုပ်ပြီး တင်ယူထားသော စပါးပွဲ းသူကြီး၊ စပါးအဝယ်တော်တို့က သူတို့ပိုင် မြေကွက် ယ်ကွက်ထဲများတွင် ဟိုတစ်စုသည်တစ်ပုံ စသည်ဖြင့် ပုံပြီး ာင်းချ ချင်တွယ်ယူကြခြင်းဖြစ်ရာ စပါးဒိုင်တွေမှာ တစ်ရွာ ည်းတွင် သုံးလေးနေ့ရာ ရှိတတ်လေသည်။

ထို့ကြောင့် ခင်မောင်ဦးမှာ သူ့ အလုပ်အတွက် သုံးလေး ရာသို့ မသွားမီ ဦးစွာပထမ စမ်းစမ်းအား နားနေရန် တွက် သူကြီးအိမ်သို့ အရင်သွားရတော့၏။

"ဟာ....လာ....လာ ဆရာလေး၊ မနေ့ကပဲ မျှော်နေသေး ယ်၊ အဖော်လှဲ ပါလာတာကိုး၊ လာကြဗျာ"

သူကြီးဦးမှည့်က ရည်ရည်မွန်မွန် ခရီးဦးကြိုပြုလေသည်။ ထိုင်စရာနေရာပေးပြီး ရေနွေး၊ ကွမ်းအစ်၊ ဆေးလိပ်များ ချပေးကာ....

"သူငယ်မလေးက ဘာတော်လဲ ဆရာလေး"

"ကျွန်တော့်ညီမ တစ်ဝမ်းကွဲလေးပါ"

"ဪ....ဪ"

ခင်မောင်ဦးက ဘာပြုလို့ သည်လိုပြောလိုက်သည် စမ်းစမ်းစိတ်က ဆင့်ခနဲဖြစ်သွား၏။ ရည်းစားဟူ၍ မသိ ချင်လို့လား၊ ဒါမှမဟုတ် ရည်းစားမရှိကြောင်း ပေါ်လ စေရန် လိမ်ပြောခြင်းလားဟု စမ်းစမ်း စဉ်းစားလေသည်။

"သမီးတို့ရေ....ကောက်ညှင်းပေါင်းနဲ့ အမဲကြော်ယူခဲ့ ကွယ်၊ ဆရာလေး ခင်မောင်ဦးတို့မောင်နှမ ရောက်လာပြ

သူကြီးဦးမှည့်က ပြောသဖြင့် ခဏမှာပင် ကောက်ည ပေါင်းပန်းကန်၊ အမဲကြော်ပန်းကန် ကိုယ်စီကိုင်၍ ထွက်လ သော မိန်းကလေးနှစ်ယောက် သူတို့နားသို့ ရောက်လာ တော့၏။

နှစ်ယောက်စလုံးမှာ စမ်းစမ်းနှင့် ရွယ်တူလေးများဖြ ကြပြီး စမ်းစမ်းအား မျက်စိကျွတ်ကျတော့မတတ် ကြည့်ကြ

စမ်းစမ်းက ဝတ်စားဆင်ယင်လာပုံမှာ မြို့သူပုံဖြစ် ရွှေငွေများလည်း ဝတ်လာလေသောကြောင့် ကျေးရွာ ကလေးများ မိန်းမချင်း လက်ဝတ်ရတနာအစ အကဲ ကြည့်ကြသည်ကို စမ်းစမ်း သဘောမပေါက်ပေ။

ကောင်မလေးနှစ်ယောက် ပြန်ထွက်သွားတော့မှ....

"ကဲ....စားလေ ညီမ"

ခင်မောင်ဦးက ပြောပြီး ကောက်ညှင်းပေါင်းနှင့် အ ကြော်ယူပေးရာ စမ်းစမ်းက စိတ်မပါတပါ စားရသည်။



"ညီမ ခဏနေခဲ့ဦးနော်၊ အစ်ကို အလုပ်ဘက် သွားလိုက်ဦးမယ်"

"စိတ်ချသွား ဆရာလေး၊ ထမင်းလဲ ဆရာလေး မလာသေးပေမယ့် ဆာတဲ့အချိန် ကျွေးလိုက်ပါ့မယ်"

ခဏနေတော့ ခင်မောင်ဦးထွက်သွား၏။စမ်းစမ်းက လိုက်သွားချင်သော်လည်း သူများတကာရှေ့၊ သူများရွာမှာမို့ ပြောမဖြစ်ဘဲ နေခဲ့ရလေသည်။

သူကြီး၏ အိမ်ဝင်းခြံမှာ ကြီးမားကျယ်ပြန့်သလို အိမ်ကြီးမှာလည်း သစ်ပေါဝါးပေါ ဆောက်ထားလေရာ နှစ်ထပ်နှစ်ဆောင်ပြိုင် အိမ်ကြီးဖြစ်၏။

ထုပ်ယောက်ဒိုင်းမြားတို့ကို လက်ယက်လျှို၍ သံမသုံးဘဲ ဆောက်ထားပြီး သွပ်မိုး၊ ပျဉ်ကာဖြစ်၏။ တိုင်များမှာ သစ်ပင်လုံးအတိုင်း ခုတ်လှဲပြီး ကူထမ်းသည့် တိုင်အလုံးလိုက်များဖြစ်သည်။

"ဘာမှ အားမနာနဲ့နော် ငါ့တူမကြီး၊လွတ်လွတ်လပ်လပ်သာနေ၊ ဒါနဲ့ နာမည်က ဘယ်လိုခေါ်လဲကွယ့်"

ဦးမှည့်က မေးသည်။

"ကျွန်မနာမည် စမ်းစမ်းပါ"

"အေး....ကဲ....သမီးတို့ရေ လာပါကွယ်၊ ဒီမှာ စကားစမြည် ပြောကြပါဦး"

မိန်းကလေးနှစ်ယောက် ရောက်လာတော့....

"ဒါက ကျုပ်သမီးအကြီး မတင်မြိုင်တဲ့၊ ဒါက အငယ် မတင်လှိုင်တဲ့"

သူကြီးဦးမှည့်က သူ့သမီးနှစ်ယောက်နှင့် မိတ်ဆက်ပေးလေသည်။

"ဟုတ်ကဲ့....အစ်မ ကျွန်မတို့ အိမ်မှာတော့ လွတ်လွတ်လပ်လပ် နေပါနော်၊ ရေမိုးချိုးချင်လဲ ရပါတယ်၊ ခြံထဲမှာ ရေတွင်းနဲ့ ရေသိပ်ပေါပါတယ်"

မတင်မြိုင်က ပျူငှာသန္တာရ စကားဆိုလေသည်။

ခဏနေတော့ မတင်မြိုင်က စမ်းစမ်းအား ခြံထဲသို့ လိုက်ပြလေသည်။

နွေရာသီကာလ ကုန်းပိုင်းပင်ဖြစ်သော်လည်း ရေတွင်းမှ ရေရ၍ လည်းကောင်း၊ စိုက်ပျိုးမြေအား ကောင်းသောကြောင့် လည်းကောင်း မတင်မြိုင်တို့ ခြံဝင်းကြီးထဲတွင် သရက်၊ ပိန္နဲ စသည့်သစ်ပင်များနှင့် အုပ်ဆိုင်းကာ သီးနှံများ ဖြစ်ထွန်းလျက်ရှိ၏၊

ဘိုးသာအောင်ကုန်းမြေနှင့် ဆက်နွယ်နေ၍လော မသိ။ ခြံ၏နောက်ဘက် လယ်ကွင်းစပ်မရောက်မီမှာ ကြံပင်တောကလေးများကို တွေ့ရပြန်လေသည်။ ပေါင်းတည်၌ကား ကြံကို တမင်တခင် စိုက်သူဟူ၍ အလွန်ရှားပေသည်။

စမ်းစမ်းက ကြံခင်းများကိုကြည့်ကာ အံ့သြနေသလို ဖြစ်သည်။

"ကြံပင်တွေက သိပ်သန်တာပဲနော်"

"ဟုတ်ဘယ် မမ၊ ကျွန်မတို့ စပါးနားချိန်မှာ ကြံစိုက်ကြတယ်"

"သွားကြည့်လို့ ရမလားဟင်"



"ရပါတယ် မမ"

မတင်မြိုင်၊ မတင်လှိုင်တို့ ညီအစ်မနှစ်ယောက်က စမ်းမ်းအား ကြံခင်းဆီသို့ ခေါ်ဆောင်လာခဲ့ကြလေသည်။

စမ်းစမ်းသည် ကြံခင်းများထဲသို့ တစ်ခါမှမဝင်ဖူးချေ။ ပါးတော၊ စပါးခင်းကြီးများထဲသို့တော့ ဝင်ခဲ့ဖူး၏။ မိမိတို့ရွာမှာ စပါးစိုက်ခဲ့စဉ်က ဖြစ်သည်။

စပါးတောမှာ စပါးသီးချိန် စ,ပြီဆိုလျှင် လူ့ရင်ခေါင်းလောက် မြင့်နေတတ်သည်။ လူတစ်ယောက် လမ်းလျှောက်သွားလျှင်ပင် အဝေးအမြင်မှ ကြည့်ပါက ခေါင်းကိုသာ မြင်သည်။ ကိုယ်လုံးမှာ ပိန်းပိတ်အောင် ကွယ်နေတတ်၏။

ယခု ကြံခင်း ကြံတောကြီး၌မူ လူဝင်သွားသည်နှင့်ပင် ခေါင်းရော လူပါ ပျောက်သွားတော့သည်။ ကြံပင်တွေ၏ အညွန့်အဖျားတွေက လူ၏တစ်ရပ်အထက်၌ သုံးပေခန့် မြင့်တက်နေပြီး အပင်ချင်းယှက်သလို ဖြစ်နေသောကြောင့် ဖြစ်သည်။

"ကျွန်မတို့ ငယ်ငယ်တုန်းက ဒီကြံတောကြီးတွေထဲဝင်ပြီး တူပုန်းတမ်း ကစားကြတာပေါ့ မမ၊ ဝင်ပြီး,ပုန်းလိုက်ရင် တစ်ခါတည်း ပျောက်သွားတာပဲ"

မတင်မြိုင်က ရှင်းပြ၏။ ညီမဖြစ်သူ မတင်လှိုင်က ကြံတောထဲမှ ကြံပင်တစ်ပင်ကို အသင့်ပါလာသော သူ့လက်မှ ဓားမ ညည်ဖြင့် ခုတ်ပိုင်းယူလိုက်ရင်း....

"ကြံတောတွေထဲမှာ ခဏခဏ လူသတ်မှု ဖြစ်တတ်ကြတယ် မမရဲ့"

စမ်းစမ်း ကျောချမ်းသွား၏။

"လူသတ်ပြီးရင် ကြံတောထဲ လာပစ်သွားကြရော၊ ပုပ် တော့မှ လူတွေက ရှာလို့တွေ့တာပဲ"

သည်တွင် အကြီးမဖြစ်သူ မတင်မြိုင်က ပြန်ပြော၏။

"လာပစ်ထားတာတင် ဘယ်ကမလဲ ညီမလေးရဲ့၊ တချို့ များ ကြံတောထဲခေါ်လာပြီး ကြံပင်တွေ ကြားထဲမှာတင် သတ်တာ၊ တော်ရုံတန်ရုံ မြင်နိုင်တာမှ မဟုတ်ဘဲ၊ ကြံပင်တွေ က အုပ်ကောင်းတာ မဟုတ်လား"

ညီအစ်မနှစ်ယောက်၏ စကားများကြောင့် စမ်းစမ်းက နေရတာ ကြောက်ရွံ့သလို ဖြစ်လာ၏။ သည်ညီအစ်မ နှစ် ယောက် စလုံးသည် ခင်မောင်ဦးနှင့်ချိတ်မိရန် ကြိုးစားနေ ကြသူများ ဖြစ်၍ မိမိအား ခြောက်လှန့်နေလေသလောဟု လည်း တွေးကာ ကျောချမ်းမိခြင်း ဖြစ်လေသည်။

သူသည် အိမ်မှာနေရစ်မိခြင်းပင် မှားလေပြီလော၊ သည် ရွာသို့ လိုက်လာခဲ့ခြင်းသည်ပင် မှားခဲ့ပြီလောဟု တွေးကာ သူ့ကိုယ်သူ အပြစ်တင်မိလေ၏။

ကြံတောကြီးထဲမှ ပြန်ထွက်ခဲ့ကြပြီး ခြံဝင်းထဲသို့ ဝင်လာ တော့ အသွားတုန်းကလို ခြေမသွက်တော့၊ ခြံဝင်းထဲပြန်ဝင် ရမှာကိုပင် စိုးထိတ်သလို ဖြစ်မိလေသည်။

ရေတွင်းကြီးနားသို့ ရောက်သည်တွင် အငယ်မ မတင်လှိုင် က ကြံပင်ကို ကိုင်းဖျားသပ်ပြီး ကြံချောင်းကို ဆစ်၍ပိုင်းကာ ဓားမရှည်ဖြင့် ဆစ်ခုတ်ပြီး ရေတွင်းမှ ရေတစ်ပုံးခပ်၍ ရေစင် အောင် ဆေးကြောလေသည်။



ရေတွင်းကြီးကို စမ်းစမ်းက ငုံ့ကြည့်လိုက်ရာ နွေရာသီဖြစ် ၍ ရေကျနေ၊ ခန်းနေချိန်ဖြစ်သောကြောင့် အလွန်နက်လှပြီး အောက်ခြေ၌ မည်းမှောင်နေသည်ကို မြင်တွေ့ရလေသည်။

မတော်တဆ သူ့ကိုများသတ်ပြီး သည်ရေတွင်းနက်နက် ကြီးထဲသို့ ပစ်ချထားလျှင်ဟူသော အတွေးက မဆီမဆိုင် ဝင် လာသေး၏။

သည်နေရာမှာ မြို့နေသူနှင့် တောနေသူတို့၏ ကွာခြား ချက် ဖြစ်သည်။ ရန်ကုန်လို မြို့ကြီးပြကြီးများမှာ နေသူမျိုးကို ဆိုထားဘိ၊ စမ်းစမ်းကိုပင်ကြည့်။

ပေါင်းတည်မြို့ပေါ်လိုနေရာမှာနေသည့် စမ်းစမ်း၏ စိတ် သတ္တိနှင့် သိပ်မဝေးကွာလှသော နွယ်ခွေရွာလိုမှာနေသည့် မတင်မြိုင်တို့ ညီအစ်မမျိုး၏ စိတ်သတ္တိတို့ကား ကွာချင်တိုင်း ကွာလျက်ရှိလေသည်။

"ရော့...မမ၊ ကြံစားဦး"

မတင်မြိုင်က လက်တစ်ဖက်မှ ဓားမရှည်ကို ကိုင်ထား လျက်က ကျန်လက်တစ်ဖက်ဖြင့် ကြံကို အခွံနွှာပြီးသား တစ် ချောင်း လှမ်းပေး၏။

ကြံချောင်း လှမ်းယူသော စမ်းစမ်း၏ လက်ဖျားများမှာ မသိမသာ တုန်ယင်လျက်ရှိလေသည်။

"မမ ကိုက်ရလွယ်အောင် အဆစ်ကလေးတွေ ဆစ်ပေး လိုက်ပါဦး"

မတင်လှိုင်က ပြောသဖြင့် မတင်မြိုင်က ကြံချောင်းကို သူ့လက်ထဲမှဓားဖြင့် ရစ်ပြီး အဆစ်ကလေးများ ဆစ်လှီး

ပေးလိုက်၏။ မတင်မြိုင် ဓားကိုင်ပုံ လှီးပုံမှာ သွက်လက် ပြီး ဓားကလည်းမြည့်နေအောင် ထက်သဖြင့် စမ်းစမ်းအူထဲ ယားလာမိလေသည်။

ကြံချောင်း တစ်ဆစ်ကိုက်စားလိုက်တော့ ချိုမြိန်လှသ အရသာက ရင်ထဲသို့ပင် စိမ့်ဝင်သွားသည်။

“မမ ပေါင်းတည်မှာ ကျောင်းနေတာလားဟင်”

မတင်မြိုင်၏အမေးကြောင့် ဖျတ်ခနဲဖြစ်သွားပြီး ပြန်လှည့် ကြည့်ရင်း....

“ဟင့်အင်း....ဈေးရောင်းတယ်”

“မမ ဘာရောင်းသလဲဟင်”

“အထည်ရောင်းတယ်လေ၊ ပေါင်းတည် ဈေးကြီးထဲမှာ ဒေါ်ချစ် အထည်ဆိုင်ဆိုရင် လူတိုင်းသိပါတယ်”

“ဆရာလေး ကိုခင်မောင်ဦးနဲ့ မောင်နှမအရင်းနော်”

သည်မေးခွန်း ဘာကြောင့် မေးသနည်းဟု စမ်းစမ်း သံသယစိတ်က ပိုဝင်လာမိသည်။

“တစ်ဝမ်းကွဲပါ”

ရည်းစားဟု ဖြေလိုက်ချင်သော်လည်း ခင်မောင်ဦးက နှမဟု ပြောဆိုမိတ်ဆက်ထားပြီး ဖြစ်သောကြောင့် လွဲပြော လိုက်ရသည်။ ခင်မောင်ဦးက ဘာကြောင့်များ သည်လိုပြော ထားရပါသနည်း။ ရည်းစားဖြစ်နေကြသည်၊ မကြာမီ ယူကြ တော့မည်ဟု အဖြစ်မှန်ကို ပြောလို့မဖြစ်ပေဘူးလား စသည် ဖြင့်လည်း စမ်းစမ်းတွေးမိ၏။



ခင်မောင်ဦးမှာ တစ်ခုသော လျှို့ဝှက်မှု ကေန်မုချ ရှိရ မည်ဟုလည်း သူ တွက်ဆကြည့်မိ၏။

“ရေချိုးဦးမလား မမ”

မတင်လှိုင်၏ စကားသံကြောင့် သူ့အတွေးစများ ပြတ် သွားသည်။

“ဟင့်အင်း....မချိုးတော့ဘူး၊ မနက်က အိမ်က ချိုးခဲ့ တယ်”

သည်ရေတွင်းနားမှာလည်း ကြာကြာမနေလို။ ခင်မောင် ဦး မြန်မြန်ရောက်လာပြီး သည်နေရာက မြန်မြန် ပြန်ထွက် သွားလိုစိတ်သာ ပြင်းပြနေမိတော့သည်။

သူကြီးအိမ်ဖြစ်၍လည်း လူဝင်လူထွက်က များလှ၏။ သူ ရောက်နေခိုက်မှာပင် လူတော်တော်များများ လာပြီး ပြန် ထွက်သွားကြသည်။

ခဏနေတော့ ခင်မောင်ဦး ရောက်လာ၏။ သူနှင့်အတူ အဖော်လူကြီးနှစ်ယောက်လည်း ပါလာလေသည်။ စမ်းစမ်း ရင်ထဲမှာ အားတက်သွား၏။

“ကဲ....ထမင်းစားကြမယ်၊ ပြီးရင် စပါးဒိုင် ပြန်သွားကြ မှာ၊ ညီမလဲ အစ်ကိုတို့နဲ့ လိုက်ခဲ့ပေတော့”

သည်အိမ်ကြီးက မြန်မြန်ပြန်၍ ထွက်ခွာရတော့မည် ဟူ သည့် အသိကြောင့် စမ်းစမ်းမှာ စိတ်လက်ပေါ့ပါးသလို ဖြစ် ရ၏။

မတင်မြိုင်တို့ ညီအစ်မက မိခင်နှင့်အတူ ထမင်းဝိုင်းပြင် လေသည်။ ထမင်းစား စားပွဲကြီးကား နှစ်ယောက်ခန်း တစ် ပြိုင်တည်း စားနိုင်အောင် ကြီးမားသော စားပွဲဝိုင်းကြီး ဖြစ် သည်။

ဟင်းများကလည်း ကြက်သားဟင်း၊ ဝက်သား၊ ချဉ်ရည် စသည်ဖြင့် ညှော်သည်အတွက် ကြိုတင်ချက်ထားသောကြောင့် စုံလင်လှ၏။ ငါးပိရည်ချို၊ တို့စရာစုံပါသည်။

ထမင်းဝိုင်းမှာ သူကြီးဦးမှည့်နှင့် ခင်မောင်ဦး၊ စမ်းစမ်း အပြင် ဒိုင်မှ ဆန်ရုံးတာလီ စာရေးတို့ပါသည်။

"စားနော် အစ်မ၊ အားမနာနဲ့"

မတင်မြိုင်က စမ်းစမ်းအား အနားမှထိုင်၍ ယပ်ခတ်ပေး ရင်း ထမင်းဖြည့်နေ၏။ စားသောက်ပြီးကြတော့ ခြံထွက် ငှက်ပျောသီး ဖီးကြမ်းနှင့်လက်ဖက်၊ ရေနွေးကြမ်းသောက်ကြ ပြီး နားကြသည်။

စပါးဒိုင်မှ ပွဲစားနှင့် ခင်မောင်ဦးတို့ ဦးမှည့်နှင့် စကား ပြောကြပြီးနောက် နှုတ်ဆက်ပြီး ထွက်လာခဲ့ကြတော့၏။

"မမ....နောက်လဲ လာလည်နော်"

မတင်မြိုင်တို့ ညီအစ်မက မှာ၏။

"အေး....အေး"

တကယ်တော့ နောက်ဘယ်တော့မှ မလာတော့ပါဟု စမ်းစမ်း ဆုံးဖြတ်ပြီး ဖြစ်လေသည်။



စပါးဒိုင်သို့ရောက်တော့ တဲတစ်ခုအတွင်းမှာ ဝင်နားနေ ကြ၏။ သည်မှာလည်း စားစရာ အကြော်အလှော်တွေ တစ်ပုံတစ်ပင် လုပ်ပေးထားသည်ကို တွေ့ရ၏။

ခင်မောင်ဦး အလုပ်ကတော့ စာရင်းများရေးမှတ်ပြီး လက်မှတ်ယိုင်ထိုးနေရသည်သာ။ ကျန်တာက သူတို့ဟာ သူ တို့ လှုပ်ရှားနေကြ၏။ လူရှင်းသွားတော့မှ စမ်းစမ်းက ခင် မောင်ဦးနှင့် နှစ်ယောက်တည်း စကားပြောခွင့်ရသည်။

"အစ်ကို တစ်ခုမေးပါရစေ"

"ဘာလဲ အစမ်း"

"ညီမကို ဘာဖြစ်လို့ မောင်နှမဝမ်းကွဲလို့ ပြောရတာလဲ ဟင်"

ခင်မောင်ဦးက စမ်းစမ်းအား သေသေချာချာ စိုက်ကြည့် လိုက်ပြီး....

"သမီးရည်းစားဆိုတော့ လက်မထပ်သေးခင် လျှောက် သွားနေတယ်ဆိုရင် စမ်းအပေါ်မှာ သူတို့ အထင်သေးကြ မှာ စိုးရိမ်လို့ပါ"

"ပေါင်းတည်မှာတော့ အားလုံးက သိနေကြတဲ့ဟာပဲ"

"ဟုတ်တယ်လေ၊ ဒါက ပေါင်းတည်မှမဟုတ်ဘဲ၊ သူများ မြို့ရွာမှာ ခုမှတွေ့တဲ့ လူစိမ်းတွေအဖို့ စမ်းအပေါ် အထင် အမြင် တစ်မျိုးမဖြစ်စေချင်လို့ပါ"

စမ်းစမ်းက သည်မျှနှင့် ထပ်၍မမေးတော့ပေ။ ခင်မောင် ဦး၏အဖြေမှာ သူ့အတွက် ကျေနပ်လောက် ဖွယ်ရာတော့ ထိပ်မရှိလှသေး။

စပါးဒိုင်မှာ ညနေသုံးနာရီကျတော့ အလုပ်သိမ်းကြ
သည်။ ခင်မောင်ဦးအတွက် ငှက်ပျောသီး၊ ကောက်ညှင်း
ထုပ်စသည့် လက်ဆောင်များ ပေးလိုက်၏။

မြင်းလှည်းဖြင့် ပြန်ခဲ့ကြပြီး နတ္တလင်း ရောက်တော့
ပေါင်းဘည်မြင်းလှည်းပြောင်း၍ စီးကြ၏။ မြင်းလှည်းပေါ်
ရောက်သည်အထိ သည့်ပြင်စကားတွေသာ ပြောလာခဲ့ကြ၏။
စောစောက မေးခွန်းကို စမ်းစမ်းက ပြန်ဆက်မမေးတော့
ခင်မောင်ဦးကလည်း ပြန်၍ ဆက်မပြောချေ။

ဘိုးသာအောင် ကုန်းတံတားကြီးသို့ ရောက်လာတော့ ကြံ
ခင်းတောကြီးများကိုကြည့်ကာ စမ်းစမ်း ကျောထဲမှ စိမ့်ခနဲ
ဖြစ်သေး၏။

"ကြံတောထဲမှာ လူသတ်ပြီး ပစ်ထားတတ်ကြတယ် မမ
ရဲ့" ဟူသည့် မတင်မြိုင်၏စကားကို ပြန်၍ ကြားယောင်လာ
သည်။

ခင်မောင်ဦးကိုပင် သူစိတ်မချမိသလို ဖြစ်မိ၏။ ဒါပေ
မယ့် သည်လိုရွာတွေ ဒိုင်တွေကို အားသည့်နေ့တွေ သူလိုက်
မှ ဖြစ်မည်။ ခင်မောင်ဦး မတော်တဆ သူ့ထက်သာသည့်
လူချမ်းသာ စပါးပွဲစား သူကြီးသမီး စသည်တို့နှင့် ချိတ်မိ
သွားပါက ခက်ချေမည်ဟု သဘောပေါက်၏။

ပေါင်းတည်ရောက်၍ မြင်းလှည်းပေါ်မှ ဆင်းကြပြီး
နောက် အိမ်သို့လာခဲ့ကြသည်။



"နောက် ဘယ်ရွာဘက်သွားစရာရှိသေးလဲ ကိုဦး"
စမ်းစမ်းက မေးသည်။
"ဘာပြုလို့လဲ"
"သွားရင် လိုက်ချင်လို့ပေါ့"
"လိုက်ရတာ ပျော်လို့လား"
"ပျော်တာပေါ့ အစ်ကိုရယ်"
"ဟုတ်ပြီ၊ ဒါဖြင့် နောက်တစ်ရွာသွားရင် ခေါ်မယ်
နော်"

❋

## အခန်း ( ၈ )

ရာသီတွေ ပြောင်းခဲ့လေပြီ။
တစ်နှစ်ဆိုသော အချိန်ဆိုသည်ကလည်း တကယ်တေ
ဘာမျှ မကြာလှပါချေ။
ဤအတောအတွင်း၌ ကိုချစ်စံသည် မြောက်ပိုင်းနွား
နားမှ မှတ်တိုင်လမ်းပေါ်တွင် မြေကွက်တစ်ကွက်ဝယ်ခဲ့ပြ
တိုက်တစ်လုံးဆောက်နေရာ ယခုအခါ တိုက်မှာ မပြီးပြ
သေးချေ။ မြေဖိုးနှင့် တိုက်ဖိုးမှာ နှစ်သောင်းကျော် ကုန်
ပြီးဖြစ်၍ လက်စမသတ်ရသေး။
ဘာရ်ဝါဂျာကုမ္ပဏီအတွက် ပေးသွင်းရမည့် စပါးဖိုး
ကျန်ငွေများ၊ စက်မှဆန်အဖြစ် ကြိတ်ခဲ့ပြီး ကောက်ပဲသီး
အဖွဲ့သို့ သွင်းသည့်ဆန်များမှရငွေများ၊ မီးရထားတွဲတင်
ထမ်းပိုးသယ်ခ စသည့်စာရင်းများကို မရှင်းရသေးပေ။
၎င်းအထဲမှ ငွေများကို သူတိုက်ဆောက်သည့်အထဲမှ
ထည့်သုံးထားခဲ့၏။ အပြင်မှာ အတိုးဖြင့် ချေးထားသေ



ငွေများမှ ရသည့်ငွေတိုးများဖြင့် ဘာရ်ဝါဂျာကုမ္ပဏီ၏ ငွေများကို ပြန်သွင်းပြီးမှ စာရင်းရှင်းလေ့ ရှိသည်မှာလည်း အဆင်ပြေပြေ ဖြစ်ခဲ့၏။ ဤသို့ ကျင့်သုံးလာခဲ့သည်မှာ ယခုဆိုလျှင် သုံးနှစ်ပင် တိုင်ခဲ့ပါပြီ။ ဘာပြဿနာမှမပေါ်သေး။

ဘာရ်ဝါဂျာကုမ္ပဏီကလည်း ကိုချစ်စံ ငွေတိုးချေးစားရုံမကလို့ ဆင်ပဲဝယ်ဝယ် သူတို့နှင့်မဆိုင်၊ သူတို့ငွေကို စာရင်းရှင်းချိန်တန်၍ သူတို့ရလျှင် ပြီးကြေး။

သည်တော့ ကိုချစ်စံမှာ သည်အလုပ်လုပ်ရင်း တစ်ဖက်က ကုမ္ပဏီငွေကို လှည့်သုံးနေရာက ခုတော့ မမျှော်လင့်ဘဲ ပြဿနာတစ်ရပ်က ဝင်လာ၏။

ကိုဆောင်း။

မှတ်တိုင်ရွာမှ စပါးပွဲစား။ ကိုချစ်စံ၏ လူယုံတော်ဖြစ်သလို အလွန်အားကိုးရသူလည်း ဖြစ်သည်။ ကိုဆောင်းက မှတ်တိုင်ရွာသား ဖြစ်သော်လည်း ဇနီးက ဘုရားငါးဆူရွာမှဖြစ်၍ ဇနီး၏ရွာမှာ လိုက်နေသည်။

ကိုဆောင်းကိုတော့ သူက ငွေတိုးချေးသည့် ငွေသာမကတော့ဘဲ ကိုဆောင်းက သူ့ဇာတိ မှတ်တိုင်ရွာမှ ဆရာတော်ကြီးအား သိမ်ဆောက်၍ လှူလိုသည်ဟုဆိုသဖြင့် သိမ်ဆောက်ရန် ငွေတစ်သောင်း သတ်သတ် ထုတ်ပေးထားခဲ့၏။

ယခု ဖြစ်ရပုံမှာ....

ကိုဆောင်း သိမ်ဆောက်မည့် ငွေတစ်သောင်း ရလာပြီဟူသည့်သတင်းကြောင့် ဘုရားငါးဆူရွာမှအိမ်ကို ဓားပြဝင်တိုက်တော့၏။ ငွေတစ်သောင်းပါမကဘဲ ဇနီး၏ လက်ဝတ်

လက်စားများပါ ပေးလိုက်ရပြီး ကိုဆောင်းက ပြန်လည်ခုံ
သဖြင့် ဓားပြများက သူ့အား ပစ်သတ်သွားခဲ့ကြသည်။

ကိုဆောင်း သေပြီဆိုတော့ သူ့ဇနီးကလည်း လက်ချည်း
ကျန်ခဲ့သဖြင့် ယင်းငွေတစ်သောင်းကို လုံးဝ မဆပ်နိုင်တော့
ကိုချစ်စံအနေဖြင့် သည်ငွေတစ်သောင်းကို လုံးဝ အဆုံးထား
လိုက်ရလေပြီ။

ကိုဆောင်းအိမ် ဓားပြတိုက်ခံရ၍ ကိုဆောင်းပါသေသည့်
သတင်းကို စပါးပွဲစားများက ယူလာကြကာ ထိုသတင်း
အပြင် ကိုဆောင်းအား ဓားပြဝင်တိုက်ခြင်းမှာ ကိုချစ်စံ
ထုတ်ပေးထားသော ငွေတစ်သောင်းကို လိုချင်၍ဖြစ်သည်။
သိမ်ဆောက်ဖို့ ထုတ်ပေးထားသည်ဟူသည့် သတင်းကလည်း
ပါလာသေးသည်။

သည်တော့ ဤမျှ ကိုချစ်စံက ကိုယ်ပိုင်တိုက်တစ်လုံးလည်း
ဆောက်နေဆဲမှာ သူတစ်ပါးကို ငွေတစ်သောင်းတောင် ချေး
နိုင် ငှားနိုင်ပါလားဟု ဘာရ်ဝါဂျာကုမ္ပဏီက မျက်လုံးပြူး
လာ၏။

ထို့ကြောင့် ကိုချစ်စံအား စာရင်းများ ရှောင်တခင် ဝင်
ရောက်စစ်ဆေးလေရာ ငွေငါးသောင်းလျော့နည်း၍ စာရင်း
ကွာလျက်ရှိသည်ကို တွေ့ရှိကြရလေတော့သည်။

ဘာရ်ဝါဂျာကုမ္ပဏီပိုင်ရှင် ဘာဘူကြီးက ကိုချစ်စံအား
ကွာနေသော ငွေငါးသောင်းကို တစ်လအတွင်း ပြန်သွင်းပြီး
စာရင်းပိတ်ရန် သတိပေးလိုက်၏။ ၎င်းရက် ကျော်၍မှ
မရှင်းနိုင်လျှင် တရားဥပဒေအရ တရားစွဲမည်ဆို၏။



သည်တော့ ကိုချစ်စံ ခေါင်းပူရလေပြီ။

ချေးထားသောငွေများကို အားလုံး လိုက်၍ ပြန်သိမ်း၏။
အတိုးကိုဘေးချိတ်ပြီး အရင်းတွေချည်း ပြန်သယ်လာ၏။ ပြီး
တော့ လက်ရှိဆောက်လုပ်ဆဲတိုက်ကိုလည်း ဘုရားကြီးလမ်းမှ
ရွှေဆိုင်ရှင်တစ်ယောက်သို့ အောက်ဈေးဖြင့် ထိုးအပ်လိုက်ရ
တော့၏။ အိမ်မှာရှိသမျှ ဇနီးသည်၏ စိန်၊ ရွှေ စသည့်-လက်
ဝတ်ရတနာများလည်း ရောင်းပစ်လိုက်သည်။ လက်ဝတ်
ရတနာတွေကိုတော့ ပေါင်းတည်မြို့မှာရောင်းလျှင် လူသိမည်
စိုး၍ ပြည်သို့ သွားရောင်း၏။

ကိုချစ်စံက သိက္ခာအကျမခံနိုင်။ ပြီးတော့ သည်ကုမ္ပဏီ
ဘာဘူ၏ငွေကို ပြန်မဆပ်နိုင်လျှင် တရားစွဲ ခံရမည့်အပြင်
အလုပ်ကလည်း ပြုတ်ရချေဦးမည်။ လောလောဆယ်ပင်
ကောက်ပဲသီးနှံရုံးမှပေးချေသော ငွေများကို ဘာဘူတွေက
တိုက်ရိုက်လက်ခံနေပြီ။ သူ့ကို ငွေ လုံးဝ ကိုင်ခွင့်ဆက်လက်
မပေးတော့ဘဲ မျက်လုံးဒေါက်ထောက်ပြီးကြည့်တာကို ခံနေ
ရချေပြီ။

သည်တော့ သည်ငွေငါးသောင်းကို ဖြစ်သည့်နည်းနှင့်
ပြန်၍သွင်းနိုင်ပါမှ ရှေ့ရေးလှပမည်။ သို့ပေမယ့် ပစ္စည်း
အားလုံး အကုန်ပြန်စုပေါင်း ရောင်းချလိုက်သည့်တိုင် ငွေက
ငါးထောင် လိုနေဆဲ။

ခင်မောင်ဦးမှာ စုမိဆောင်းမိငွေရှိသည်ကို သူသိ၏။ သို့
သော် ကိုချစ်စံက သ ဉ်လို တပည့်ဆီမှာ အောက်ကျခံပြီး
ချေးချင်။

ငွေငါးထောင်ရရှိရေးအတွက် ကိုချစ်စံခေါင်းမီးတောက်နေရလေပြီ။ သည်ကြားထဲမှာ ဘာဘူတွေက သူ့ကိုဝယ်ပေးထားသည့် ကိုချစ်စံစီးသည့် ဂျစ်ကားကိုပင် လကုန်လျှင် တစ်ခါတည်း ပြန်ယူတော့မလို သတင်းဖြစ်လာသည်။

ကိုချစ်စံ၏စိတ်မှာ ရှုပ်ပွေနောက်ကျိလျက်။

သည်အချိန်မှာ....

ချိုကြီးတစ်ယောက်ပင်လျှင် ထောင်မှ လွတ်လာခဲ့လေပြီဖြစ်သည်။ ချိုကြီးသည် အပြင်ရောက်လာတော့ ရုတ်တရက် ယောင်လည်လည်အူကြောင်ကြောင် ဖြစ်နေလေသည်။

ပြင်ပကမ္ဘာနှင့် နှစ်ရှည်လမျာ း ကွဲကွာခဲ့ရသူ အကျဉ်းသားများ၏ ဖြစ်ရိုးဖြစ်စဉ်အတိုင်းပဲဖြစ်၏။ သို့သော် ဘာပဲဖြစ်ဖြစ် သူထောင်ကထွက်သည့်နေ့မှာ လာ၍ကြိုသူ သူ့ဆရာ ကိုချစ်စံကြောင့်ပင် နေစရာစားစရာ မပူပင်ရ။

ချိုကြီးမှာ မူလနေရာဖြစ်သည့် ကိုချစ်စံ၏ ဆန်စက်ထဲမှ စတိုခန်းတွင် ပြန်မနေရတော့ပေ။ ချိုကြီး ထောင်ကျနေစဉ် ဘာရ်ဝါဂျာ ဘာဘူက ,ချိုကြီးအား သိပ်မလိုလားသောကြောင့် ယင်းစတိုခန်းကို ရုံးခန်းနှင့် တစ်ဆက်တည်းဆက်ဖွင့်ပြီး ပြုပြင်လိုက်၏။ ပြီးလျှင် ယင်းနေရာ၌ ဧည့်ခန်းငယ်ကလေးကို ခင်းကျင်းထားလိုက်ခဲ့လေသည်။

ထို့ကြောင့် ယခု ချိုကြီး ထောင်မှလွတ်လာတော့ ကိုချစ်စံ၏အိမ်သို့ပင် လိုက်၍နေရလေတော့သည်။



ကိုချစ်စံကလည်း သူ့အပေါ် ကျေးဇူးရှိသော ချိုကြီးအား အိမ်မှာ ကြည်ကြည်ဖြူဖြူပင် လက်ခံထားကာ စားဝတ်ရေး အားလုံး တာဝန်ယူထားပြီးဖြစ်၏။

ချိုကြီး ဆိုက်ကားနင်းစရာမလိုတော့သလို ကိုချစ်စံ အား ည်း လိုက်ပို့ လိုက်ကြို လိုက်စောင့် လုပ်စရာမလိုတော့ပေ။ ကြောင်းမှာမူ ကိုချစ်စံ စီးဖို့အတွက် ဘာရ်ဝါဂျာဘာဘူ က ဂျစ်ကားတစ်စီးပင် ဝယ်ပေးကာ ကိုချစ်စံကိုယ်တိုင် င်းနှင်သွားလာနေသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ချိုကြီး၏ အလုပ်မှာ နံနက်ပိုင်း ဈေးသို့ ချစ်စံကတော်သွားလျှင် ဆွဲခြင်းတောင်းဆွဲပြီး လိုက်သွား သယ်ပေးရ၏။ အိမ်ရောက်တော့ ထင်းခွဲ၊ ရေခပ် လုပ်လုပ်၊ နေ့လယ်အားချိန်မှာ ကလေး ကူထိန်းပေးရ ည်။

ညဘက်ကျတော့ အိမ်လုံအောင်စောင့်ရ၏။ ကိုချစ်စံက ါဘက်ရံ တစ်ညလုံး ပြန်ချင်မှ ပြန်လာတတ်သူဖြစ်၏။

အရပ်ထဲမှပြောကြသည်မှာ....

ကိုချစ်စံတစ်ယောက် အငယ်အနှောင်းပဲ ထားသလိုလို၊ း မလိုက်စားနေသလိုလို စကားများထွက်နေသောကြောင့် ာက် ကိုချစ်စံ အိမ်ပြန်မအိပ်လျှင် ဇနီးဖြစ်သူ မြင့်မြင့်မှာ မအေးရတော့။

ကိုချစ်စံ အပြောကတော့ ဆောက်လုပ်နေဆဲတိုက်တွင် ဆောက်ပစ္စည်းများကိုစိတ်မချ၍စောင့်အိပ်ခြင်းဖြစ်သည် ဆိုသည်။

ညနေစောင်းတော့ ချိုကြီးအား အရက်ဖိုးနှစ်ကျပ်ပေး
ကိုချစ်စံက အမိန့်ထုတ်ထားသဖြင့် မြင့်မြင့်က ပေးရ၏။ သ
တော့မှ ချိုကြီးက ငွေနှစ်ကျပ်ယူပြီး ဆေးမွေးဆိုင်သွ
အရက်တစ်ပိုင်းဝယ်သောက်ပြီး သူ၏ ဆည်းဆာအလှ
တွင် ယစ်မူးတော့၏။

ထိုစဉ်က အရက်မှာ အစိုးရတချက်လုပ်သော ဘီအီး
ဟု မပေါ်သေး။ ပုဂ္ဂလိက လိုင်စင်စီတွေ ချက်လုပ်
လောင်ချိုင်ခေါ် အရက်နှင့် တောဘက်ကရွာတွေမှချက်
သော ထန်းလျက်အရက်၊ ကောက်ညှင်းအရက်၊ ဆန်အ
စသည်တို့သာရှိ၏။

လောင်ချိုင်အရက်က ပုလင်းကြီးနှင့်အပြည့် တစ်ပုလ
သုံးကျပ်တစ်မတ်၊ တောအရက်တွေက နှစ်ကျပ်။

ငွေနှစ်ကျပ်ဆိုတော့ ချိုကြီးအဖို့ ချက်အရက်တစ်ပိုင်းရ
ကျန်တဲ့အကြွေက အမြည်းရသေး၏။ သူသောက်ဖို့ဆေးပြ
လိပ်ကိုတော့ မြင့်မြင့်က အထုပ်လိုက် အိမ်မှာဝယ်ပေးထ
ထေသည်။

ချိုကြီး၏ဘဝမှာ ဘာမှ မပူပင်ရတော့သည့်တိုင် တ
သော ဒဏ်ကိုတော့ အကြီးအကျယ် ခံစားရလေ၏။ ယ
သည်ကား လူရိုက်သမား၊ ထောင်ကျ၊ ထောင်ထွက်ဟူသ
သတ်မှတ်ချက်ကြောင့် အပေါင်းအသင်းဟောင်းများက ဝိုင
ယ်ထားခြင်းကို ခံရပြီး အပယ်ခံဖြစ်ရခြင်းပင်။



ယခင် သူနင်းခဲ့သော ဆိုက်ကားဂိတ်မှလူတွေကပင် လုံးဝ
ခေါ်အပြောမလုပ်ကြချေ။ သူကလည်း ဘယ်သူ့ကိုမှ ဂရု
က်နိုင်ဘဲ ခပ်တင်းတင်းနေသည်။

သို့သော် ဆေးမွေးဆိုင်၌ ဆုံနေကျဖြစ်သော ငယ်ပေါင်း
ယ်ချင်း မောင်လှကြီး၊ သူနှင့်ရန်ဖြစ်ခဲ့ဖူးသည့် ထွန်းမောင်
ကတော့ သူ့အား ယခင်အတိုင်းပင် ပြန်၍ ချစ်ခင်စွာ
က်ဆံကြလေသည်။

ထွန်းမောင်မှာ သူနှင့် ခိုက်ရန်ဖြစ်ခဲ့ဖူးသော်လည်း ယခုလို
ကြီး ခံစားကြုံတွေ့နေရသည့် အပယ်ခံဘဝ၌မူ သင်ပုန်း
ချေလိုက်ပြီးဖြစ်သည်။

"သူငယ်ချင်း ချိုကြီး၊ ဘာမှ အားမငယ်နဲ့ကွ၊ လောက
ငွေပဲနော်၊ အခုနေများ မင်း သိန်းထီပေါက်ကြည့်စမ်း၊
င်းကို ထောင်ထွက်လို့ ဝိုင်းပယ်ထားတဲ့လူတွေ မင်းအနား
ပ်လာလိမ့်မယ်၊ လက်ဖျောက်တီးလိုက်ရင် မင်းကြိုက်တဲ့
ကောင်မကို အနားရောက်လာစေရမယ်၊ တို့မြို့ကလူတွေက
ကိုပေါင်းတာမဟုတ်ပါဘူးကွာ၊ ငွေကိုပေါင်းတာ၊ ငါတို့
ငယ်ချင်းတွေကတော့ မင်း ဘယ်ဘဝရောက်နေပါစေ
ပါင်းနေမှာပဲ၊ ရော့....ချသိုက်ဦး"

ထွန်းမောင်က အရက်ကလေးခပ်ထွေထွေဖြင့် လက်ချာ
က်နေလေသည်။

"အေးပါကွာ....မင်းတို့ စိတ်သဘောထားကို ငါသိပါ
ယ်၊ ငါ့အမှားရှိလဲ ခွင့်လွှတ်ကြကွာ"

ချိုကြီးက ပြောပြီး အရက်တစ်ခွက်ထပ်ချွဲသည်။ မေ
လှကြီးက အမြည်းဝါးရင်း....

"ဟော ကောင် ချိုကြီး၊ ခုတလော မင်းဆရာ ကိုချ
ကြီး အတော် ငွေထွက်နေတယ်ကြားတယ်၊ ဟုတ်လား"
ဖြတ်၍မေးလိုက်၏။

"ငါတော့ မသိဘူးကွ၊ မေးလဲမမေးရဲဘူး၊ ဒါပေမ
ခုတလော ညသန်းခေါင်လောက် ပြန်လာရင်တော့ လ
မယား ရန်ဖြစ်သံသဲ့သဲ့ကြားရတယ်"

"အေးကွ....ဆင်ဝိုင်းကလူတွေနဲ့ ဆန့်ရုံးကလူတွေ ပြေ
တာတော့ ကိုချစ်စံကြီး ငွေတိုးချေးထားတာ ပြန်မရ
ငါးသောင်းကျော်လောက်ထိသွားတယ်ဆိုပဲ"

ထွန်းမောင်က ဝင်ပြော၏။

"ငါးသောင်းဆိုရင် ဒုတိယသိန်းဆုလောက်ရှိတာနော်
မနည်းဘူးဟေ့၊ ဒါပေမယ့် ကိုချစ်စံက လက်ထဲမှာ ဒီ
လောက်တော့ ကိုင်နိုင်မယ့်လူမျိုးပါကွာ၊ ပူစရာမလိုပါဘူး"

ချိုကြီးက အရက်တစ်ခွက်ထပ်ငှဲ့သောက်လိုက်၍ ဆေး
ပြင်းလိပ်တိုကို မီးညှိပြီးဖွာရာက....

"အင်း....ငါကလဲ ထောင်ထဲရောက်ပြီး အားလုံးနဲ့အဆက်
ပြတ်နေတော့ ဘာတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ မသိ
တော့ဘူး၊ အိမ်မှာလဲ ဒီကိစ္စမျိုးကို ငါက မေးဝံ့တာမှ
မဟုတ်ဘဲ"



"အေးပေါ့ကွာ... တို့ကလဲ ကြားရသမျှသတင်း ပြောရ
တာကွ၊ ဒါနဲ့ တစ်ဆက်တည်းပြောရဦးမယ်၊ မင်း အခု
လွတ်လာပြီးမှ ခင်မောင်ဦးနဲ့ တွေ့မိသေးလား"

"သိပ်မတွေ့မိဘူးကွ၊ ငါလွတ်လာပြီးလို့ သုံးရက်လောက်
နေတော့ တစ်ခါတွေ့တယ်"

"မင်းအပေါ် ဆက်ဆံပုံ ဘယ်လိုလဲ"

"အရင်အတိုင်းပါပဲကွ၊ ဒါပေမယ့် ဒီငနဲလဲ နည်းနည်း
ပုံပြောင်းချင်တယ် ထင်တယ်"

သည်တွင် ထွန်းမောင်က ဝင်ပြော၏။

"ပုံပြောင်းတာတော့ မပြောနဲ့တော့၊ ဒီကောင်က စပါး
ဒိုင်တွေမှာ ပွဲပေါက်တိုးနေတာကွ၊ ရွာတွေဘက် သွားပြီး
ကောင်မလေးတွေ ခြေတော်တင်နေတယ်လို့ သတင်းအနံ့
ထွက်လာတယ်၊ ငွေပေါ်ရင် ယောက်ျားဆိုတာ ဒါမျိုးလုပ်
မှာပေါ့၊ ဘယ်ဆန်းမလဲ"

"မိစမ်းကတော့ ငါ့ကို ဘာမှ ဒီအကြောင်းမပြောပါ
လား၊ ဈေးထဲမှာ နေ့တိုင်းတွေ့နေတာ"

"မင်း မိစမ်းလဲ ဘယ်သိပါ့မလဲ၊ ဒါကြောင့် ဒီကောင်က
မိစမ်းကို မယူသေးဘဲနဲ့ နေ့ဆွဲညဆွဲ ကြိုးရှည်ရှည်လှန်ထား
တာပေါ့"

ပြီး မောင်လှက ဝင်ပြော၏။

"တောက်...."

ချိုကြီး တောက်တစ်ချက်ခတ်၍ ဆေးပြင်းလိပ်တိုကို လွှင့်
ပစ်လိုက်သည်။

"ဒီကောင် ဒီအချိုးမျိုး ချိုးရင်တော့ ငါနဲ့တွေ့မယ် ဖြောင်မေးပြီး သတ်ပစ်မယ်"

"ဟာကွာ....ဒီလို စိတ်လိုက်မာန်ပါမလုပ်နဲ့ ချိုကြီးရာ စဉ်းစဉ်းစားစားလုပ်ပါ၊ ဒေါသကြောင့် မင်း တစ်ခါခံရ ဖူးတာ မမှတ်သေးဘူးလား"

မောင်လှကြီးက ဖျောင်းဖျသည်။

"ကောင်မလေးကလဲ ဒီလိုကောင်မျိုးရဲ့ လှည့်စားမှုကို အဟုတ်ထင်နေရင် သင်းပါ သတ်ပစ်ဖို့ကောင်းပြီ"

"ဟာကွာ....ချိုကြီးရာ၊မင်းဟာကလဲ မိစမ်းက ဘာအဖြစ် ရှိလို့လဲကွာ၊ မင်း မူးပြီထင်တယ်၊ တော်ကွာ .... တခြား အကြောင်း ပြောကြရအောင်"ဟု ထွန်းမောင်က ဝင်၍ စကား လမ်းလွှဲလိုက်ရလေတော့သည်။

အရက်ဆိုင်မှ လူချင်းခွဲပြီး ချိုကြီး အိမ်သို့ပြန်လာခဲ့သည်။ အိမ်ရောက်တော့ ထမင်းခူးခပ်စားပြီးလျှင် ဆေးပြင်းလိပ် တစ်လိပ်ခဲ၍ ဝရန်တာမှာအိပ်ရာခင်းကာ ပက်လက်လှန်ပြီး စဉ်းစားခန်း ဝင်နေမိ၏။

မြင့်မြင့်က ကလေးများကို သိပ်နေ၏။

အငယ်ဆုံးမွေးပြီးစ လသားကလေးမှာ တကျည်ကျည်ငို နေသဖြင့် ချိုကြီးကထပြီးယူချီကာ ချော့၍လမ်းလျှောက် ပွေ့ သိပ်ရပြန်သည်။ ဘာကြောင့်မှန်းမသိ၊ ကလေးသည် သူ့ကို အလွန်ခင်လေသည်။ ဘယ်လောက် ငိုနေစေကာမူ ချိုကြီး ယူ၍ချီလိုက်လျှင် တိတ်သွားတတ်၏။ ချိုကြီးကလည်း ကလေး ကို သံယောဇဉ်ကြီး၏။ အငယ်လေး အငယ်လေးနှင့် ပါးစပ်



မချသလို လက်ကလည်း မချတမ်းပင် ချီပိုးနေတတ်လေ သည်။

ချိုကြီး ကလေးချော့သိပ်နေစဉ်ပင် အိမ်ရှေ့ခြံဝင်းထဲသို့ စ်ကားဝင်လာသည်။ ကိုချစ်စံ မောင်းလာခြင်းဖြစ်၍ ဂျစ် ကားပေါ်မှ ကိုချစ်စံ ဆင်းလာ၏။

ဆင်ဝင်အောက်မှ အိမ်ပေါ်ထပ်လှေကားသို့ တန်းတန်း တ်မတ် တက်သွားသည်။ချိုကြီးက ကလေးချီရင်း မှောင်ရိပ် မှ ကြည့်နေသည်။ ကိုချစ်စံ၏ အမူအရာမှာ မှုန်ကုပ်ကုပ်နှင့် ဖြစ်သည်။

ကိုချစ်စံမှာ အရက် လုံးဝမသောက်တတ်သဖြင့် ဘယ် အချိန် ပြန်လာလာ စိတ်ချရသည်။ သူ့မှာ တစ်ခုကောင်း သော ဉာဉ်က ဤမျှ ငွေကြေး ကြွယ်ဝသည့်တိုင် အရက်နှင့် မိန်းမဘက်သို့ ခြေဦးလုံးဝမလှည့်ခြင်းပင်။

ခဏနေတော့ အိမ်ပေါ်ထပ်မှ အသံခပ်ကျယ်ကျယ်နှင့် ခပ်အုပ်အုပ်ပြောသံများ ကြားရ၏။

အသံက ကိုချစ်စံ၏အသံ၊ ခပ်အုပ်အုပ်ဖြစ်ပြီး ခပ်ကျယ် ကျယ် အသံက သူ့မိန်းမ မြင့်မြင့်၏အသံပင်ဖြစ်၏။

ချိုကြီးက မှောင်ရိပ်မှနေ၍ လှေကားပေါ်သို့ တစ်လှမ်း ချင်း ဖြည်းဆေးစွာ တက်လာပြီးလျှင် လှေကားအကွယ်မှာ ရပ်၍ နားစွင့်လိုက်မိလေသည်။

"အစ်ကိုကြီး ငွေဘယ်လောက်သုံးသုံး ကျွန်မ ဘာပြော လို့လဲ၊ အိမ်မှာလဲ ရှိတဲ့ရွှေကုန်ပြီ၊ ဘာကျန်သေးသလဲ၊ ဒီ လက်စွပ်ကလေးကတော့ အမေ့ စိန် လက် စွပ် က လေး မို့

အမြတ်တန်းထားတာပါ၊ ဒါလေးတော့ ချမ်းသာပေးပါ အစ်ကိုကြီးရယ်”

“မြင့်ကလဲကွာ....တယ်ခက်တာပဲ၊ ငါက ဒီလက်စွပ်ကို အပြီးရောင်းဖို့ မဟုတ်ပါဘူး၊ ခဏ ပေါင်မှာပါ၊ အဆင်ပြေတော့ ပြန်ရွေးပေးမှာပါကွ၊ လောလောဆယ် ငွေငါးထောင်လောက်ပဲ လိုနေတာ၊ အဲဒါ ပြန်မထည့်ထားနိုင်ရင် ဘာဘူတွေနဲ့ စကားပြောရမှာ”

“ဟာ....အစ်ကိုကြီးကလဲ ငွေငါးထောင်လောက်ကို ပွဲစားတစ်ယောက်ယောက်ဆီက ချေးပေါ့”

“ချေးတော့ သိက္ခာကျတယ်ကွ၊ ငါမှာ သူတို့ကို အပေါ်စီးက ဆက်ဆံနေတဲ့ကောင်၊ ဒီလို ဘာမဟုတ်တဲ့ ငွေလေးနဲ့ ချေးလား ငှားလားလုပ်ရင် ကိုယ့်အထုပ် ဖြေပြသလိုဖြစ်မယ်”

“ခက်တာပဲ....ကျွန်မပြောတယ်မဟုတ်လား၊ အစကတည်းက လက်ထဲမှာ ငွေပေါတုန်း ကိုယ်ပိုင်မြေလေး ဘာလေးဝယ်ထားပြီး အိမ်ဆောက်ပြုထားရင် ခုလိုအရေးကြုံတော့ ထုခွဲနိုင်တာပေါ့”

“ပြီးတာတွေ ပြောမနေစမ်းပါနဲ့ဟာ၊ ရက်ပိုင်းအတွင်း ငါ့လက်ထဲ သောင်းချီ ပြန်ဝင်လာမှာပါ”

“ဒါဖြင့် ခင်မောင်ဦးဆီ လှည့်ကြည့်ပါလားဟင်၊ သူလဲ အခု ပွနေတာပဲ၊ စမ်းစမ်းကိုတောင် ဆင်ထားတာ ရွှေတွေ ညွတ်နေတာ”

“ဟာ...ဖြစ်မယ် မထင်ဘူး”



“ကိုယ့်တပည့်သားတွေပဲ အစ်ကိုကြီးရာ၊ ကိုယ်ကျွေးမွေးပြုစုထားတဲ့ ကလေးတွေပဲဟာ၊ ချေးရင် သူတို့လဲ နေကြမယ် မထင်ပါဘူး”

“ဟင့်အင်း....ငါ ဒီလို ငယ်နိုင်လေးတွေအပေါ်မှာ အနိုင်မကျင့်ချင်ဘူး မြင့်မြင့်ရယ်၊ စေတနာရှိလို့ သူတို့သဘောနဲ့ သူတို့လာကူရင်တော့ မပြောတတ်ဘူး၊ နို့မဟုတ်ရင် ငါ့ကျေးဇူးမကင်းလို့ သူတို့အပေါ်မှာ အကျပ်ကိုင်တယ်လို့ သဘောထားရင် ငါ ခွေးဖြစ်မှာ”

အသံများ တိတ်သွားပြန်၏။

ချိုကြီးက အိပ်ပျော်နေသော ကလေးကိုပွေ့၍ လှေကားမှ ပြန်ဆင်းခဲ့ပြီးလျှင် အောက်ထပ်မှ ပုခက်တွင်းသို့ ထည့်ပြီး စောင်ခြုံ သိပ်ထားလိုက်၏။

ပြီးမှ အပေါ်သို့ တစ်ခေါက်ပြန်၍ တက်လာတော့ နား စွင့်ကြည့်ရပြန်သည်။ စောစောကအတိုင်း တိတ်ဆိတ်နေရာမှ ကိုချစ်စံ၏အသံက ပြန်ပေါ်လာ၏။

“ငါ ခုနေ ဖြုန်းခနဲ ခရီးထွက်သွားရင်လဲ ဘာဘူတွေက တစ်မျိုးထင်ကြလိမ့်မယ်၊ သူတို့လဲ ငါ့သတင်းတွေ ကြားကြသိကြပြီး ဖြစ်ရောပေါ့”

“စာရင်းက အစ်ကိုကြီးပဲ ကိုင်ထားရတာ မဟုတ်လားဟင်”

“အေးလေ....ဒါပေမယ့် သူတို့က ငွေရှင်ပစ္စည်းရှင်၊ ငါက သူတို့အလုပ်သမားဟာ၊ သူတို့ စာရင်းစစ်မယ်ဆိုရင် ငါက လုပ်ပေးရမှာ”

"ဒါဖြင့် ရှင်ယူသုံးထားတဲ့ငွေက အားလုံး ဘယ်လောက်ရှိလို့လဲ"

"ငါးသောင်းကျော်တယ်လေ၊ ခုပြန်ရှာတာလေးသောင်းလောက်တော့ တစ်နေရာက ရဖို့သေချာတယ်၊ ငါ ပြည်ကို ခဏသွားရဦးမယ်၊ ပြည်က ငါ့အဖေရဲ့ အဆက်အသွယ်တွေဆီက ဆီစက်ကနေ့ လေးသောင်းနဲ့ ဟိုကဒီက ဆွဲတာနဲ့ လေးသောင်းခွဲလောက်ဆို ခုလောလောဆယ် လိုတာက ငါးထောင်လောက်ပဲကွာ၊ ဒါကြောင့် မင်းကို ဒီလက်စွပ်ကလေး ခဏလုပ်ပါလို့ ပြောနေရတာပေါ့၊ ငါလဲ မင်းကို သနားပါတယ်၊ ငါ့အပေါ် အားလုံး အလိုလိုက်လို့ ခုမပြောရက်ပဲ ပြောရတာ"

"အင်း....ကျွန်မတော့ ဘာပြောရမှန်း မသိတော့ပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီး သဘောပဲ၊ လက်စွပ်က ငါးထောင် ရနိုင်ပါ့မလားဟင်"

"အပေါင်ခံမယ့်လူ ပြကြည့်ရမှာပေါ့၊ ငါးထောင်မရလို့ နှစ်ထောင် သုံးထောင်ရရင်လဲ ဘာပဲပြောပြော စုမိတာပေါ့၊ ကျန်တာ ထပ်ရှာမယ်၊ ပြီးတော့ အခုရာသီပြီးရင် မိုးဝင်လာတော့မယ်လေ၊ မိုးဝင်လာရင် ဘာဘူတွေက တစ်ရာသီပြတ်လို့ စာရင်းတွေချုပ်ကြတော့မှာ၊ အချိန်သိပ်မရှိတော့ဘူး"

"..............."

"..................."

သည့်နောက်တော့ အသံတွေကတိတ်သွား၏။



ချိုကြီးက ငြိမ်၍ နားထောင်နေရာမှ အောက်ထပ်မှ ကလေးငိုသံကြားရသဖြင့် ခြေဖော့ပြီး ဆင်းလာခဲ့သည်။

"အငယ်လေး....တိတ်ကွာ သားရယ်....အို....အို....အေး....အေး"

ချိုကြီးက ပုခက်ထဲမှကလေးကို ချော့သိပ်နေစဉ် လှေကားမှ မြင့်မြင့် ဆင်းလာသည်။

"ကလေးနိုးသွားပြီလားဟေ့"

"ဟုတ်ကဲ့...မမမြင့်၊ စောစောကအိပ်လို့ ပုခက်ထဲမှာ ကျွန်တော် သိပ်ထားတာ"

"အေးကွာ...ရာသီဥတုကလဲ ပူလွန်း အိုက်လွန်း တော့ ကလေးက ခဏခဏနိုးတာပေါ့၊ ပေး....ပေး၊ ငါ့ကိုပေး"

မြင့်မြင့်က ကလေးကိုချီပြီး ပခုံးပေါ်တင်၍ ဖြည်းဆေးစွာ လမ်းလျှောက်ရင်း ချော့သိပ်ပြန်သည်။ ချိုကြီးက သူ့နားရွက်ကြားမှာ ညှပ်ထားသည့် ဆေးပြင်းလိပ်ကိုယူ၍ ခါးကြားထဲမှ မီးခြစ်ထုတ်ပြီး မီးညှိသည်။

"ချိုကြီး....နင့်အစ်ကိုက သူ့ဖိနပ်ကို ပြောင်အောင်တိုက်ထားစမ်းတဲ့၊ ပြည်သွားဖို့ရှိတယ်တဲ့"

"ဘယ်ဖိနပ်လဲ မမမြင့်"

"ဟိုဟာယ်....နင် ဦးမြမောင်ဆိုင်က သွားယူလာတဲ့ ဖိနပ်ပေါ့၊ ရန်ကုန်ကို စပါယ်ရှယ်မှာချုပ်တဲ့ ဖိနပ်၊ ရှူးဖိနပ် အနီလေးဟာ"

"ဩော်....ဟုတ်ကဲ့ မမ၊ ခုညပဲ ကျွန်တော် ယူတိုက်ထားပါမယ်"

ချိုကြီးက လှေကား ခြေရင်းမှ ဖိနပ်များထားရာ စင်ကလေးနားသို့ လာခဲ့လေသည်။

ဖိနပ်စင်ပေါ်၌ မြင့်မြင့်၏ ခေတ်ဆန်ဆန် မိန်းမစီးဖိနပ်များအပြင် ကိုချစ်စံစီးနေကျ ဖိနပ်များ၊ လမ်းလျှောက်လျှင်စီးသည့် ကင်းဗတ် ဖိနပ်ဖြူ၊ ကုတ် ရှူးဖိနပ် စသည်တို့အထဲတွင် ဘူးနှင့် ကျကျနန ထည့်ထားသော ဘာတာရှူးဖိနပ်။

ချိုကြီးက ဖိနပ်ဘူးကိုယူလာပြီး မီးလုံးရှေ့မှာ ကြမ်းပြင်ပေါ်၌ထိုင်၍ ဘူးကိုဖွင့်လိုက်၏။

ဘူးထဲမှ သားမွေးရောင်သားရေဖြင့်ချုပ်ထားသည့် ဖိနပ်မှာ အရောင်မှိန်နေသည်။ ဘူးထဲမှာပင် ကီဝီ ဖိနပ်တိုက်ဆေးဘူးပါ တွေ့ရ၏။ ဖိနပ်ဖြီးသည့် ဝက်မှင်ဘီးကိုတော့ ဖိနပ်စင်မှာ ထ သွားယူရသည်။

ဖိနပ်ကို ကီဝီဖိနပ်ဆေးဖြင့်ပွတ်၍ ဝက်မှင်ဘီးဖြင့် ဖြည်းညင်းစွာ တိုက်ရင်း ချိုကြီးက စောစောက လှေကားပေါ်မှာ သူကြားခဲ့ရသည့် သူ့ဆရာလင်မယား၏ စကားသံများကို ပြန်၍ စဉ်းစားနေမိလေသည်။

ယခုအကိုင်းဆိုလျှင် အရက်ဝိုင်းတုန်းက မောင်လှကြီးနှင့်ထွန်းမောင်တို့ပြောစကား မှန်နေလေပြီ။ သူတို့ ပေးကြသည့် သတင်းကား တိကျနေချေပြီ။

သူ့ဆရာ ကိုချစ်စံသည် အလုပ်ကိုပင် ထိခိုက်မှုအရေးကြီးနှင့် ကြုံတွေ့နေရပြီဟု သူ သဘောပေါက်၏။

မတော်တဆ ဘာဘူတွေက လာပြီး စာရင်းစစ်လို့ ငွေကွာနေလျှင် ကိုချစ်စံတစ်ယောက် အလုပ်ကပြုတ်မည်။ဤသို့



လျှင် သူနေထိုင်မှီခိုအားထားရသည့် အဆောက်အအုံကြီး ခဲ့ ပြိုကွဲပျက်စီးမည်။ သူ့ကျေးဇူးရှင်ဆရာ၏ ဘဝတစ်ခု း ချိုးဖဲ့ ဖျက်ဆီးခံရချိမ့်မည်။

ဒါဖြင့် သူ့ဆရာမှာ အရေးတကြီး လိုအပ်နေသည့် ငွေကို အောင် တကယ်လို့များ သူ့အား ဓားပြထွက်တိုက်ခိုင်း မည်၊ လုယက်ခိုင်းလာမည်ဆိုပါက....

သူ ရဲရဲဝံ့ဝံ့ သခင့်အကျိုးတော်ကိုဆောင်ပြီး စွမ်းစွမ်းတမံ ဆောင်ပေးရမည်လော။

ဒါမှမဟုတ် ကိုယ်လွတ်ရုန်းပြီး ရှောင်ထွက် သွားရမည် လော။

❋

## အခန်း ( ၉ )

စမ်းစမ်းက ဈေးဆိုင် ခုံပေါ်မှာ ထိုင်၍ အထည်များ
ခေါက်နေရာက သူ့နံဘေးသို့ အရိပ်တစ်ခု ကျရောက်လ
သဖြင့် လှည့်ကြည့်လိုက်မိသည်။

"အမယ်တော်....လန့်လိုက်တာ"

ချိုကြီးက ဈေးတောင်းအလွတ်ကို ထိုင်ခုံပေါ်တင်လိုက်
က ဆေးပြင်းလိပ်ကို ပါးစပ်ကချွတ်ပြီး....

"ဘာလန့်တာလဲဟ မိစမ်းရ"

"ကိုချိုကြီးက အသံမပေး ဘာမပေးနဲ့ဆိုတော့ ဖြုန်း
လန့်သွားတာပေါ့တော့၊ ခု ဘယ်က လှည့်လာတာလဲဟ
လာလေ....ဆိုင်ပေါ်တက်ထိုင်"

"ခု အိမ်ကလာတာပေါ့ မိစမ်းရာ၊ မမြင့်က မနက်
ငှားသွားတဲ့ တောင်းကလေး ပြန်ပေးခိုင်းလို့၊ ဒေါ်ရှုကြ
သွန်ဆိုင် ပြန်ပေးမလို့၊ ပြီးတော့...."

ချိုကြီးက စကားရပ်ထား၏။



"ပြီးတော့ ဘာဖြစ်သေး၊ ဈေးကပြန်ပြီး အရက်ဆိုင်သွား
မယ် မတုတ်လား"

"ဟာ....နင်ကလဲ၊ငါပြောတာကိုဆုံးအောင်နားမထောင်
ဘူး၊ တစ်ဆိတ်ရှိ ဒီအရက်ပဲ ယိုးမယ်ဖွဲ့နေတော့တာပဲ"

စမ်းစမ်းက ခပ်ယဲ့ယဲ့ လေးပြုံးပြီး....

"ကဲ....ဒါဖြင့် ပြီးတော့ ဘာလဲပြောလေ"

"ပြီးတော့ နင်နဲ့ အေးအေးဆေးဆေး စကားပြောစရာ
ရှိလို့ပါ"

"အမယ်လေး....ကိုချိုကြီးရာ၊ ကျွန်မများ တခြားလူ ကျ
နေတာပဲ၊ ကဲ....ပြောစရာရှိ ခုပြောတော့ကော ဘာများဖြစ်
သွားမှာတဲ့လဲ ပြော"

ချိုကြီး ခေါင်းခါလိုက်ရင်း....

"ဒီကိစ္စက နင်နဲ့ငါ နှစ်ယောက်တည်း တစ်နေရာရာသွား
ပြီး နှစ်ကိုယ်ကြားပြောမှ ဖြစ်မယ့်ဟာ"

"ဘာလဲ...တော်က ကျုပ်ကို သမီးရည်းစားစကားပြော
မလို့လား"

"ဟာ....ဒီတိရစ္ဆာန်မကလေးဟာ၊ ငါတယ် ဖြောလိုက်ရ
ရင်....အရေးကြီးတဲ့ကိစ္စမို့ သူတစ်ပါး မကြားစေချင်လို့ပါ
ဟ"

"ဘယ်သူ့ကိစ္စလဲဟင်"

"ဆရာချစ်စံတို့ အိမ်တွင်းရေး"

စမ်းစမ်းမျက်လုံးကလေး ဝိုင်း၍သွားသည်။

"ဟင်....ဘာတွေဖြစ်နေလို့လဲ၊ ကျွန်မ ခုတလော မမြင်
ဆီ မရောက်တာကြာပြီ"

"အေးပေါ့....နင်က ခင်မောင်ဦးနဲ့ တောတွေ လျှောက်
လိုက်သွားနေတော့ ဘယ်သိပါမလဲ"

စမ်းစမ်းသည် ခုတလော ခင်မောင်ဦးခေါ်ရာ သဖန်း
ကုန်း၊ ဘိုကုန်း၊ မှတ်တိုင်၊ ချာယားကုန်းစသည့် စပါးဒိုင်များ
သို့ လိုက်သွားသဖြင့် ချိုကြီးနှင့်လည်း အတွေ့ရကျဲနေခဲ့ခြင်း
ဖြစ်လေသည်။

"အဲဒါကြောင့် နင်နဲ့ငါချိန်းပြီး တစ်နေရာရာမှာ အိမ်က
အကြောင်းတွေ ပြောပြချင်လို့ပဲ"

စမ်းစမ်းက တွေတွေကလေး လုပ်နေလေသည်။ ချိုကြီးက
စမ်းစမ်း၏ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် ရွှေတို ငွေစ
များကို ငေးစိုက်ကြည့်နေမိ၏။

"ကဲ....ဒါဖြင့် နက်ဖြန်ညနေကျရင် ကျွန်မ စျေးစောစော
သိမ်းခဲ့မယ်၊ ဘယ်မှာတွေ့ကြမှာလဲ"

"ဒီလိုလုပ်ဟာ၊ နင်က မြင်းလှည်းစီးပြီး ဆမြေကုန်းဘက်
ထွက်ခဲ့၊ ဒါမှမဟုတ် ဆိုက်ကားဖြစ်ဖြစ် စီးလာခဲ့ဟာ၊ လှေဆိုင်
ချောင်းနားထိုင်ပြီး ပြောကြတာပေါ့"

"ကောင်းတယ်....ကျွန်မလာခဲ့မယ်၊ ကိုချိုကြီးသာ အဲဒီက
စောင့်နေနော်"

"အေး....ဒါဖြင့် ငါသွားမယ်"

ချိုကြီးက တောင်းကလေးဆွဲယူ၍ စမ်းစမ်းဆိုင်မှ ထွက်ခဲ့
လေတော့သည်။ တောင်းကို ဒေါ်ရှုဆိုင်သို့ သွားပို့ခဲ့ပြီးလျှင်



၏ ဆည်းဆာယစ်မူးချိန် ရောက်ပြီဖြစ်၍ ဘူတာနောက်မှ
ားမွှေးအရက်ဆိုင်ကလေးသို့ လာခဲ့လေတော့သည်။
ဆိုင်ထဲမှာ လူရှင်းနေ၏။

"အားမ....အရက်တစ်ပိုင်း၊ မောင်လှကြီးနဲ့ ထွန်းမောင်
လာသေးဘူးလား"

ချိုကြီးက စားပွဲရှေ့မှာ ဝင်ထိုင်ရင်းမေးလိုက်၏။

"မလာကြသေးဘူး ချိုကြီး"

တရုတ်မကြီးက မပီကလာပြောကာ အရက်တစ်ပိုင်းနှင့်
န်ခွက်နှစ်လုံး လာချပေး၏။ တစ်ခွက်မှာ ရေထည့်ထား၏။
ကြီးက အရက်တစ်ခွက်ငှဲ့ထည့်၍ မော့ချပြီး ရေနည်းနည်း
သောက်ကာ စဉ်းစားနေသည်မှာ စမ်းစမ်း ကိုယ်ပေါ်မှ
က်ဝတ်လက်စားများအကြောင်း ဖြစ်၏။

သည်လက်ဝတ် လက်စားတွေ၏ တန်ဖိုးမှာ အနည်းဆုံး
ားထောင်ခန့်တော့ ရှိမည်။ ဒါတွေကို တကယ်လို့များ....

"ဟော့ ကောင်ကြီး....အမယ်....ဘယ်စောပါလား"

အော်ပြောသံနှင့်အတူ ဝင်ရောက်လာသည့် မောင်လှကြီး
သံကြောင့် ချိုကြီးအတွေး ပြတ်တောက်သွားရတော့၏။

"အေးကွာ၊ ဒီနေ့စောဆို စျေးထဲ ကိစ္စရှိလို့သွားရပ်း
င်ခဲ့တာပဲ၊ လာကွာ ချလေ"

မောင်လှကြီးက ဖန်ခွက်တစ်ခွက်ထယူပြီး ပဲလှော်တစ်
ထုပ်နှိုက်လာကာ ဝင်ထိုင်၏။ အရက်တစ်ခွက် ငှဲ့၍မော့ပြီး
ဲလှော်ကို ဝါးနေသည်။

"ဒီမှာ သူငယ်ချင်း၊ မင်းတို့ပြောတဲ့ကိစ္စ မှန်နေပြီကွ"

"ဘာကိစ္စလဲ"ဟု မောင်လှကြီးက ပြန်မေး၏။

"ဆရာချစ်စံ ငွေကွာနေတဲ့ ကိစ္စလေ"

ချိုကြီးက သူကြားခဲ့ရသည့် အိမ်ပေါ်မှာ ကိုချစ်စံနှ
မြင့်မြင့်တို့ ပြောနေကြပုံများကို အသေးစိတ်ပြန်၍ ပြော
လိုက်လေသည်။

"အင်း....အဲဒီလိုဆိုရင် မင်းဆရာတော့ ဒုက္ခပဲချိုကြီးရေ

"အဲဒါကြောင့်ပေါ့ကွာ၊ ဒီငွေကို မြန်မြန်ပြန်ထည့်နိုင်
အရေးကြီးနေတာပဲ၊ ဆရာကလဲ ခင်မောင်ဦးတို့ဆီ လ
မဖြန့်ချင်ဘူးဆိုတော့ ငါ့အနေနဲ့ အလိုက်သိစွာ ဆရာ့ကျေ
ဇူး ဘယ်လိုလုပ်ပြီး ဆပ်ရပါ့မလဲလို့ စဉ်းစားရကျပ်နေတ
ကွာ"

"ဟာကွာ....မင်းမှာ နေ့စဉ် အရက်ဖိုးတောင် အနိုင်နိုင်
ပြီးတော့ ဘာဝင်ငွေမှလဲ ရှိတာမဟုတ်ဘဲနဲ့ ဒီလောက် တ
ထမ်းဘစ်ပိုး ငွေကြီးကို ဘယ်လိုလုပ် ဝင်ကူပေးနိုင်ပါ့မလ
ဟ"

ချိုကြီးက အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်ချပြီး ဆေ
ပြင်းလိပ်ကို မီးညှိအောင်ညှိပြီး....

"မင်းက ဒီလောက်ပဲ သိတာကိုးကွ၊ ထောင်ထဲမှာတုန်
က ငါနဲ့မိတ်ဆွေဖြစ်ပြီး ခင်မင်ခဲ့တဲ့ ခါးပြမှုနဲ့ကျလာတဲ့ ကိ
ကုလားကြီးတို့လူစု အခု အပြင်ရောက်နေပြီလေကွာ၊ သူတို့
ပေါင်းပြီး တစ်ခုခု ကြံရဖန်လိုက်ရရင်"

"ဟာ...."



မောင်လှကြီး မျက်လုံးပြူးပြူးက ပို၍ လင်းကွင်းလောက်
ယ်လာသည် ထင်ရ၏။

"ဘာပြောတယ်ကွ၊ ခါးပြတိုက်ဖို့ ဟုတ်လား"

"အေးပေါ့"

"မင်းနှယ်ကွာ၊ ထောင် တစ်ခါကျပြီး တာ တောင်
ကြောက်သေးဘူးလား"

"ဒီ့ပြင်နည်းမှ မရှိတော့တာ"

"ဟာကွာ....ဒီမယ်သူငယ်ချင်း၊ ကိုယ့်ကျေးဇူးရှင် ဆရာ
ားကို ကျေးဇူးဆပ်တယ်ဆိုတာမှာ ဒီ့ပြင် တခြားနည်း
နဲ့လဲ ဆပ်လို့ရပါတယ်ကွာ၊ သူ့ပြဿနာထဲက ငွေပမာ
ဏ မင်းဘာဝတစ်ခုလုံးအတွက် မျှော်လို့မှန်းလို့ စိတ်ကူး
မရနိုင်လောက်တဲ့ငွေပါ၊ ငွေငါးထောင်ကို ရှာဖို့ဆိုတာ
းတို့ငါတို့အဖို့ ဘယ်လိုမှ မလွယ်ဘူး၊ ဒီတော့ ကြားထဲက
းကဝင်ပြီး ပူပနေနဲ့၊ မင်းလုပ်ပေးနိုင်တာက မင်းဆရာ
ဘာ်တဆ ဟစ်ခုခုဖြစ်ရင် သူ့ရဲ့ စိတ်ချမ်းသာရေး၊ ကျန်း
ရေးကို ကူညီစောင့်ရှောက်ပေးဖို့ပဲ၊ စိတ်ကူး မလွဲစမ်း
နဲ့ သူငယ်ချင်းရယ်"

မောင်လှကြီးက သူ့ကို ဖျောင်းဖျ တရားချလေသည်။
ကြီးက ဆေးပြင်းလိပ်ကိုသာ ဖိ၍ ဖွာနေ၏။

"တကယ်တော့ မင်းရဲ့စေတနာကို ငါသဘောပေါက်
တယ် ချိုကြီးရာ၊ လေးစားပါတယ်၊ ဒါပေမယ့် မင်းခုန
ာတဲ့ အကြံအစည်က မင်းကိုယ်မင်း ဒုက္ခရှာတဲ့ ကိစ္စ၊
ကယ်လို့ မင်းခါးပြတိုက်လို့ ရတဲ့ငွေနဲ့ ဆရာကို ကူညီလို့

ပြီးခဲ့ပြီထားဦး၊ တစ်နေ့ ဒီကိစ္စပေါ်လာရင် မင်းကိုပဲ အပြ
ဝိုင်းပြောကြမှာပဲ”

“အေးကွာ ငါနားလည်ပါပြီ၊ မလုပ်တော့ပါဘူး”

“ဒီလိုမှပေါ့ကွာ၊ ဟေ့....လောကမှာ ရိုးရိုးကျင့် မြ
မြင့်ကြ၊ မှန်တာကိုလုပ်တဲ့ကွ၊ ငါတို့ဟာ အရက်သမားေ
မယ့် သူတစ်ပါးပစ္စည်း မတရားမလုပ်ဘူး၊ ငါးပါးသီလ
အရက်ဆိုတဲ့ သုရာမေရိယကလွဲရင် လေးပါးလုံတယ်ကွ
ဟား....ဟား....ဟား”

မောင်လုကြီးက သဘောကျစွာပြောပြီး တဟားဟားန
ရယ်ချလိုက်တော့၏။

“ပြီးတော့ ငါ မင်းကို တစ်ခုတိုင်ပင်ချင်သေးတယ်ကွာ

“ပြောလေ”

“ဒါနဲ့ တိုကောင်ထွန်းမောင် ဘယ်သွားလဲ၊ ခုထိရော
မလာပါလား”

“ရန်ကုန်သွားတယ်ကွ၊ ရန်ကုန်မှာ သူ့ ဦးလေးက ဘတ်
ကားထောင်တော့ စပယ်ယာမရှိခင် သူ ခဏသွားလုပ်ပေ
ရတယ်၊ ရန်ကုန်စပယ်ယာအလုပ်က သိပ်ဟန်ကျတယ်ဆိုပဲ

“အေးကွာ....ငါအခုပြောမှာကလဲ ငါ့အလုပ်အကြော
ပါပဲ၊ ငါဒီလို ငုတ်တုတ်ကြီး ထိုင်ပြီး တော့ စားမနေ
တော့ဘူး၊ သူတစ်ပါးဆီ လက်ဖြန့်စားရမှာ ငါ့လို သန်သ
မာမာကြီးနဲ့ ရှက်တယ်ကွာ၊ ဒါကြောင့် ဆိုက်ကားပြန်နင
တော့မယ်လို့ စိတ်ကူးတယ်”



“အကောင်းဆုံးပေါ့ သူငယ်ချင်းရယ်၊ ဒါပေမယ့် မင်းပဲ
ပြောတယ်၊ မင်းကို ဝိုင်းပယ်ထားကြတယ်ဆို”

“အခု ကြာတော့ မေ့သွားကြပါပြီကွာ၊ ငါ့အမှုက
ခိုးမှုမှမဟုတ်တာ၊ မနေ့က ဂိတ်မှာပြောတော့ ငါဆိုက်ကား
အငှားတစ်စီးရဖို့ အဆင်ပြေလာတယ်”

“ကောင်းတယ်၊ အဲဒါဖြင့် မင်းဟာမင်း ဆိုက်ကားထွက်
နင်းပြီး ရတဲ့ငွေ စုပေါ့၊ သီတင်းဝါလကျွတ်တဲ့အခါ ဆရာ့
ကို လုံချည်တို့ဘာတို့နဲ့ ကန်တော့၊ ဆရာကတော်ကြိုက်တဲ့
စားစရာ ဝယ်ကန်တော့ပေါ့ကွာ”

“ဒါဖြင့် ငါ ဆိုက်ကားဂိတ် ဆက်သွားလိုက်ဦးမယ်၊ ပြန်
လာမှ သောက်မယ်ကွာ၊ သိပ်မူးနေရင် စကား ပြော လို့
မကောင်းဘူး”

“အေးကွာ စကားပြောလို့ ကောင်းမှ ဖြစ်မယ်ဟေ့၊
မူးနေရင် စကားကောင်းပြောတောင် ယုံကြမှာမဟုတ်ဘူး”

* * *

“နင်မယုံရင်တော့ မတတ်နိုင်ဘူး မိစမ်း၊ ငါကတော့
ငါ့နားနဲ့ ဆတ်ဆတ်ကြားရတာ ပြောတာပဲ”

သပြေကုန်းရွာဘေးမှဖြတ်၍ စီးဆင်းနေသော လှေဆိုင်
ချောင်းကလေးမှာ ရေစစ်နေသည့်အတွက် သဲပြင်ကျယ်ကျယ်
ကို မြင်နေရ၏။

မိုးတစ်ဖြိုက်နှင့်ဖြိုက် ရွာစပြုပြီဖြစ်၍ ချောင်းထဲမှ သဲပြင်မှာ ခြောက်သွေ့မနေတော့၊ စိုစွတ်လျက်ရှိသည်။

ချောင်း၏အရှေ့ဘက်ကမ်းတွင် ကုလားသချိုင်း သေးသေးလေး တစ်ခုရှိပြီး သချိုင်းပေါ်မှာ သစ်ပင်ကလေးများက အုပ်ဆိုင်းလျက် ရှိနေလေသည်။

ချိုကြီးနှင့် စမ်းစမ်းတို့နှစ်ယောက်မှာ ကမူလေးတစ်ခုပေါ်၌ထိုင်လျက် ချောင်းစပ်သို့ ငေးကြည့်ရင်း စကားပြောနေကြခြင်း ဖြစ်၏။ အရှေ့ဘက်ဝေးဝေးမှာ မြို့နှမ်းသော အရှေ့ရိုးမတောင်တန်းသွယ်ကို လှမ်းမြင်နေရသည်။

ဆရာကိုချစ်စံနှင့် မြင့်မြင့်တို့ ပြောကြသည့် စကားများနှင့်တကွ ကိုချစ်စံ အတိုးချစား ငွေရင်းမှာ ဆုံးရှုံးသဖြင့် ငွေပူနေသည့် ကိစ္စကို ချိုကြီးက သေသေချာချာ ရှင်းလင်းပြောပြပြီးသည့်အဆုံးတွင် စမ်းစမ်းမှာ သက်ပြင်းရှည်ကြီးချလိုက်မိလေတော့၏။

"အင်း....ဒီအတိုင်းဆိုရင်တော့ ကျွန်မလဲ ကိုခင်မောင်ဦးကို ပြောပြပြီး တိုင်ပင်ကြည့်ရတော့မှပဲ"

သည်စကားကြားရတော့ ချိုကြီး သိပ်ရွှင်ပျသွားဟန်ဖြင့်....

"ဟာ....ဒါအကောင်းဆုံးပဲ မိစမ်း၊ ငါပြောပြမယ်နော်၊ ဆရာက နင်တို့ဆီမတတ်သာလို့ လာပြီး လက်ဖြန့်ရင်လဲ နင်တို့ပေးရမှာပဲ မပေးလို့ မကောင်းဘူး၊ဒီတော့ ခုလိုကိုယ်က အလိုက်သိစွာပေးတာ အသင့်ဆုံးပေါ့"

ချိုကြီး အမှန်တကယ် ဝမ်းသာအားရစွာ ပြောမိ၏။



စမ်းစမ်းက ခေါင်းကလေး ယမ်းခါလိုက်ပြီး....

"တစ်ခုရှိတာက ဒီသတင်း ဘယ်ကကြားရလို့ ကျွန်မတို့လာပြီး ခုလို ငွေပေးတာလဲဆိုရင် ဒီမေးခွန်းကို ဘယ်လိုဖြေမလဲ ကိုချိုကြီးဟင်"

ချိုကြီး ငိုင်သွား၏။

ဟုတ်ပေသားပဲ။ သူကခိုးပြီး ချောင်းပြီး နားထောင်ခဲ့လို့ာ သိခဲ့ရသည့် သတင်းပဲ။ ဆရာချစ်စံက သူ့ကို အတိလင်း ဖွင့်ဟပြောပြပြီး လမ်းစရှာခိုင်းသည်မှ မဟုတ်တာ။

"အေး....အဲဒါဆိုရင်လဲ စဉ်းစားစရာပဲပေါ့ မိစမ်းရယ်၊ါက ချောင်းနားထောင်လာပြီး စေတနာဟာ ဝေဒနာဖြစ်ာလဲ စိုးရသေးတယ်၊ အကောင်းဆုံးကတော့ ခင်မောင်ဦးတွေ့ပြီး တို့သုံးယောက် တိုင်ပင်ကြပြီးမှ ကောင်းမယ်"

သည်တော့ စမ်းစမ်းက ပင့်သက်ကလေးတစ်ချက် ရှိုက်က်သည်။

"အင်း....ကိုဦးနဲ့တွေ့ဖို့ဆိုရင်တော့ ကြာမယ်ထင်တယ်"

"ဘာပြုလို့လဲဟ"

"သူက ခုတလော ရွာကဒိုင်တွေဘက် ဆင်းနေတာ၊ ပြန်ာရင်လဲ တစ်ရက်လောက်နားပြီး ပြန်ထွက်ပြန်ရော၊ ကျွန်မတောင် စကားဝအောင် ပြောချိန်မရဘူး"

"သူ ဘယ်စပါးဒိုင်မှာ ရှိတယ်ဆိုတာသိရင် နင်နဲ့ငါတို့ယောက် သူ့ဆီလိုက်သွားကြတာပေါ့"

"အဲဒါလဲ မသိဘူး"

"သူ့ရုံး လိုက်သွားမေးရင်ကော"

"တစ်ခါမေးပြီးပြီ၊ ရုံးက တစ်ရွာဒိုင်မှာ နှစ်ရက်လ
သတ်မှတ်ပေမယ့် သူက သုံးရက်ဖြစ်ချင်ဖြစ်သွားတာ၊ ငါ
ရက်ဆိုပေမယ့် အလုပ်ပြီးရင် လေးရက်နဲ့ ပြောင်းချင်ပြောင်
သွားတာတဲ့၊ မီးခိုးကြွက်လျှောက်လိုက်ရမလိုပဲ ကိုချိုကြီးရဲ့
သိပ်မလွယ်ဘူး"

စမ်းစမ်းက တစ်ခုစဉ်းစားပြီးမှ ထပ်၍ပြောသည်။

"ဒီလိုတော့ရှိတယ်၊ လခထုတ်ရက်မှာတော့ ပြန်မလာ
လို့ မရဘူးလေ ပြန်ကိုလာရမယ်၊ အဲဒီရက်စောင့်ပေါ့"

"လခထုတ်ဖို့ နီးပြီလား"

"ရှေ့အပတ်ထဲမှာပဲ"

ချိုကြီးက စမ်းစမ်း၏မျက်နှာကို စိုက်ကြည့်ပြီး အတန်
ကြာ စဉ်းစားနေ၏။

"ဘာစဉ်းစားနေတာလဲ ကိုချိုကြီး"

"ခင်မောင်ဦးအကြောင်းပေါ့၊ နင် ဒီကောင် ခြေပျက်
နေတာ မရိပ်မိဘူးလားဟင်"

"ဘယ်လို ခြေပျက်နေတာလဲ ကိုချိုကြီး"

"နင် တကယ်မသိဘူးလား"

"တကယ် မသိသေးလို့ပါ"

"နင့်ကောင်က နံတ္တလင်း၊ နွယ်ခွေက သူကြီးသမီးနဲ့
ဘာလိုလို ညာလိုလို ငါ သံ့သံ့ကြားတယ်၊ ဒီတော့ သိပ်
လဲ လွှတ်မထားနဲ့ဦး"

"ဟင်....ကျွန်မဖြင့် မကြားမိပါလား"



"အေးပေါ့၊ ဒါမျိုးက နင်ကြားလို့ ဘယ်ဖြစ်ပါ့မလဲ၊
တို့ယောက်ျားချင်းကတော့ မြွေမြွေချင်း ခြေမြင်ကြတာပေါ့
ဟ"

"ဒီတစ်ခါ ကျွန်မ သူနဲ့တွေ့ရင် မေးကြည့်မယ်၊ အဲဒီ
နွယ်ခွေက သူကြီးအိမ် ကျွန်မရောက်ဖူးတယ် ' ကိုချိုကြီးရဲ့၊
သူကြီးသမီး ညီအစ်မနှစ်ယောက်က ချောလဲ ချောတယ်
ပိုက်ဆံလဲရှိပြီး ရဲတင်းတယ်၊ ကျွန်မလဲ အဲဒါတွေနဲ့ ကိုဦးကို
သိပ်မသကာတာတော့ ကြာပါပြီ"

"အေး....နင်တုန့်ချည့်ချည့်လုပ်နေရင် ကျန်ရစ်ဖြစ်နေလိမ့်
မယ်၊ ကိုယ့်လက်ထဲရောက်ပြီးမှ ပြန် လွှတ် သွား မယ် နော်၊
တောက်....ခင်မောင်ဦးဆိုတဲ့ကောင် ငါနဲ့များ လဲလိုက်ချင်
စမ်းတယ်၊နင့်လိုမိန်းကလေးသာ ငါချစ်ရရင်လား တစ်မိနစ်
မဆိုင်းဘူး"

"တော်စမ်း ကိုချိုကြီး၊ ဘာတွေ လျှောက်ပြောနေတာ
လဲ" ဟု စမ်းစမ်းကပြောပြီးလျှင် မျက်နှာကလေး နီမြန်းကာ
ရှက်သွေးများ ဖြာသွား၏။

"တကယ်ပြောတာပါ မိစမ်းရယ်၊ ငါဟာနင့်ကို ပထမ
တုန်းက အဲသလိုချစ်မိတယ်၊ဒါပေမယ့် နောက်တော့ နင့်ဘဝ
နဲ့ ငါ့ဘဝဟာ တခြားစီပါလား၊ ငါဟာ နင့်ကို ဘာတစ်ခုမှ
ကောင်းအောင် လုပ်မပေးနိုင်ပါလားလို့ သဘောပေါက်ပြီး
စိတ်လျှော့ခဲ့တာပါ၊ ခုတော့ ဘာပဲဖြစ်ဖြစ် နင် စိတ်ချမ်း
ချမ်းသာသာ နေတာပဲ ငါကြည့်ချင်ပါတယ်၊ ငါ့နှမလေး
တစ်ယောက်လိုပဲ ချစ်ပါတယ်၊ ငါ့ရင်ထဲမှာ ကျိတ်ပြီးချစ်ခဲ့ရ

တာ ခုလို ပြောလိုက်ရလို့ ရင်ထဲမှာပွင့်ပြီး ပေါ့သွားပြီဟာ၊ နင် စိတ်ဆိုးချင်လဲ ဆိုးပေတော့”

ချိုကြီးက ရှည်လျားစွာပင် ပြောပြလိုက်မိ၏။ စမ်းစမ်းက ချိုကြီးစကားကို အလေးအနက် နားစိုက်ထောင်ရင်း ခေါင်းကလေးပင် ငုံ့ထားလိုက်မိလေသည်။

ချိုကြီး သူ့အပေါ် ထားသည့်စေတနာ၊ ချိုကြီး၏အနစ်နာခံပုံ စသည်တို့ကို တရေးရေး ပြန်၍လည်းတွေးနေမိတော့၏။

ချိုကြီး၏ အချစ် ဖြူစင်သန့်ရှင်းပုံကိုလည်း ခုမှ သဘောပေါက်သည်။ သနားရုံကလွဲပြီး ဘာမျှမတတ်နိုင်ပါ။ တစ်ဖက်မှ ဘဝတစ်ခုလုံး ပုံအပ်ရတော့မည့် ချစ်သူ ခင်မောင်ဦး တစ်ယောက်လုံး ရှိနေပြီမဟုတ်လား။

ဒါပေမယ့် အခု ခင်မောင်ဦးက မတည်မငြိမ်ဖြစ်လာသည် သိလာရတော့ ရင်ဘွင်းမှာ နာကျင်စွာခံစားရပါသည်။

“ငါပြောတာ နင် စိတ်ဆိုးလားဟင်”

ချိုကြီးကမေးလိုက်တော့မှ သတိပြန်ဝင်လာသလိုဖြစ်မိ၏။

“မဆိုးပါဘူး”

“အေး....ဒါဖြင့် ငါ သိပ်ဝမ်းသာတယ်၊ ငါ နင့်ကို နှမအရင်းကလေး တစ်ယောက်လိုပဲ သံယောဇဉ် ကြီးပါတယ်၊ အချစ်ကြီးရင် အမျက်ကြီးတတ်တယ်ဆိုတဲ့စကား ကြားဖူးတယ်နော်၊ ဒီတော့ ငါ့စိတ်ဆိုးအောင်တော့ မလုပ်ကြနဲ့”

စမ်းစမ်းက ဘာမှပြန်မပြောဘဲ ခေါင်းမော့ပြီး သစ်ပင်ပေါ်မှ သစ်ရွက်များကို ငေးကြည့်နေ၏။

“သွားကြစို့၊ မိုးချုပ်နေမယ်”



ချိုကြီးပြောကာ ထိုင်ရာမှထသည်။ စမ်းစမ်းလည်း ထလိုက်ရ၏။ ပြီးတော့ သူတို့နှစ်ယောက် ချောင်းကလေး နံဘေးအတိုင်း လျှောက်လာပြီး ကားလမ်းပေါ်သို့ တက်လာခဲ့ကြသည်။

ကားလမ်းပေါ်ရှိ ကုက္ကိုပင်ကြီးအောက်၌ရပ်ထားခဲ့သော ချိုကြီး၏ ဆိုက်ကားပေါ်သို့ တက်ကြပြီးလျှင် ချိုကြီးက နင်းထွက်လာခဲ့သည်။

ဆိုက်ကားနင်းလာရင်းပင် ချိုကြီးက သူတစ်ချိန်က ဝင်ခဲ့ရဖူးသော ပေါင်းတည်ထောင်ကို လှမ်း၍ ကြည့်လိုက်မိလေသည်။

“နင့်ကို ဘယ်ပို့ခဲ့ရမလဲမိစမ်း၊ ဈေးကိုလား၊ အိမ်ကိုလား”

“ဈေးပိတ်ပြီလေ၊ အိမ်ပဲပို့တော့”

ချိုကြီးက အရှေ့လမ်းကျော်လာတော့ ဖောင်သူကြီးလမ်းတွင်းသို့ဖြတ်၍ ကွေ့ဝင်လိုက်ပြီးမှ ဘုရားကြီးလမ်း၊ ရထားသံလမ်းဂိတ်ဘက်သို့ ပြန်ချိုးကွေ့နင်း၏။

စမ်းစမ်းကား သူ့အိမ်ရှေ့တွင်ရပ်၍ ဆင်းစေပြီးလျှင် ဆန့်စက်ဝင်းဘက်သို့ နင်းလာခဲ့လေသည်။

* * *

စက်ဝင်းထဲမှ အိမ်ကြီးရှေ့တွင် ကိုချစ်စံက ဂျစ်ကားကို စက်ဖုံးဖွင့်ပြီး နှိုက်နေသည်ကို တွေ့ရလေသည်။

"ဟာ....အတော်ပဲ၊ ချိုကြီးပြန်လာတာ"

ကိုချစ်စံက ဆီးကြို၍ပြော၏။

"ဘာခိုင်းမလို့လဲ ဆရာ"

"မက္ကင်းနစ်ဆီ ရေတိုင်ကီ ပို့ခိုင်းမလို့ကွ၊ ရေတိုင်ကီက ရေသိပ်ယိုနေတယ်"

ကိုချစ်စံကပြောကာ ဖြုတ်နေသောရေတိုင်ကီကို အပေါ်သို့ဆွဲထုတ်ရန် ချိုကြီးနှင့်အတူ ဆွဲကြ၏။ ပြီးမှ ချိုကြီးက ရေတိုင်ကီကို ဆိုက်ကားပေါ်သို့တင်ပြီး....

"မက္ကင်းနစ်ကို ဘာပြောမလဲဆရာ" ဟု ထပ်မေး၏။

"ရေသိပ်ဆူတယ်၊ အင်ဂျင်လာကြည့်ပါဦးလို့ပြောကွာ"

ကိုချစ်စံက ဝက်အူလှည့် သစ်သားရှိုးတပ် အသစ်ကလေးမှာ ပေနေသော ဆီချေးများကို ပွတ်သပ်ရင်း....

"ရေတိုင်ကီ အပ်သာပစ်ခဲ့တော့၊ စောင့်မနေနဲ့၊ ပြီးရင် သူတို့ဘာသာသူတို့ လာပို့လိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ၊ ဒါထက် ဟိုကောင် ခင်မောင်ဦး ခုတလော မလာတာကြာပြီနော်"

"အေးကွ၊ တောစပါးဒိုင်တွေ မိုးမကျမီ စာရင်းတို့၊ ငွေတို့ သွားရှင်းပေးနေတယ်လို့ ပြောတာပဲ"

"ကျွန်တော်ကြားတာတော့ ဒီလိုမဟုတ်ဘူး ဆရာ"

"ဟေ....မင်းက ဘယ်လိုများကြားလို့လဲ၊ ပြောစမ်းပါဦးကွာ"

ကိုချစ်စံက ပြန်၍မေး၏။



"ဒီလိုပါ ဆရာသမား၊ ဒီကောင် ခုတလော နယ်ဆင်းရာ ..." ဟု အစချီကာ ချိုကြီးက သူကြားရသည့် ခင်မောင်ဦး ...တင်းကို ပြောပြလိုက်တော့သည်။

ကိုချစ်စံက ဝက်အူလှည့်ကို မော်တော်ကားအံဆွဲထဲသို့ ...ည့်လိုက်ပြီး အံဆွဲထဲမှ ဆေးလိပ်ဘူးကိုယူ၍ စီးကရက် တစ် ...ိပ်ထုတ်ကာ ပါးစပ်မှာတပ်၍ မီးညှိသည်။ ပြီးမှ ဆေးလိပ် ...ခိုးများကို မှုတ်ထုတ်လိုက်ပြီး....

"အေးကွ၊ ငါလဲ ခုတလော ဒီငနဲ ခြေများတယ်ဆိုတဲ့ ...တင်းတော့ အကြားသား၊ ဘာဘူတွေက ဟောဒီ ငါစီး ...နေတဲ့ ဂျစ်ကားကို ရောင်းတဲ့သဘောနဲ့ ဆန်ဝန်ထောက်ကြီး ...ကို ပေးမယ်၊ လာဘ်ထိုးမယ်တိုင်ပင်ကြတော့ သူ့ကို ငါခေါ် ...ကာ ရောက်မလာဘူးကွ၊ မင်းကြားတဲ့သတင်းက ဖြစ်နိုင် ...တယ်"

ကိုချစ်စံက ပြောကာ ဂျစ်ကားကို ခြေဖြင့် တစ်ချက်ကန် ...လိုက်သည်။

"ဒီကောင်ဟာ အမှုထမ်းကွ၊ တို့လို အပြင်စီးပွားရေး ...သမားမဟုတ်ဘူး၊ ဒီတော့ တစ်နေ့ကျ ပြဿနာဖြစ်လာရင် ...တို့ဘက်သူ ရှန်းထွက်မှာပဲ၊ မိစမ်းကဲကော ဘာပြောသလဲ"

"သူလဲ မသိဘူးတဲ့၊ ကျွန်တော်ပြောပြမှ သိတာ"

"ကောင်မလေးကလဲ နုံလွန်းအလွန်းပါတယ်ကွာ၊ ခုထက် ...ထိ လက်မထပ်ဘဲနေတာသာ ကြည့်တော့၊ တကယ်ဆို အခြေ ...အနေကောင်းရင် ယူလိုက်ကြဖို့ကောင်းပြီပေါ့၊ ခုတော့ နေ့

ရွှေ့ ညရွှေ့နဲ့ လုပ်နေတာ တစ်ခုခု အကြောင်းရှိမယ်လို့ င
တော့ ထင်တာပဲကွာ”

ကိုချစ်စံက သူ့အမြင်ကို ပြောပြ၏။

“ဒါတော့ ကျွန်တော်မသိဘူး ဆရာရဲ့”

ချိုကြီးလည်း ဘာမှ ပြန်မပြောနိုင်။

“တစ်ခုတော့ရှိတယ်၊ ဒီကောင် အခြေပျက်နေတာ
ကြာပြီဆိုတာ ငါသိသင့်သလောက်တော့ သိပါတယ်ကွာ
အဲ....ဒါပေမယ့် ဒီကောင်မလေး မိစမ်းအပေါ်မှာသာ တ
ခုခု ဖောက်ပြန်ခဲ့ရင်တော့လား ဟင်း....ငါနဲ့အတွေ့ပဲဟေ့”

❋

## အခန်း ( ၁၀ )

ဖိနပ်ကို ပေါ်လစ်တိုက်ပြီး ဝက်မင်ဘီးနှင့်ဖြီးရသည့်အသံ
က တရှပ်ရှပ်မြည်နေ၏။

သည်တစ်ခါ ချိုကြီးတိုက်သည့် ဖိနပ်က ရန်ကုန်က ခုမှ
ပို့လိုက်သည့် ဖိနပ်ကောင်းဖြစ်သည်။ ကိုချစ်စံက တိုက်ခိုင်း
သဖြင့် ချိုကြီးက ပြောင်အောင်တိုက်ပေးနေခြင်း ဖြစ်လေ
သည်။

ချိုကြီးက ဖိနပ်တိုက်၍အပြီးတွင် ဖိနပ်ကို ချထားခဲ့ကာ
ဆိုက်ကားပေါ်သို့တက်၍ နင်းထွက်သွားလေသည်။

ချိုကြီးအထွက်မှာ ကိုချစ်စံထံသို့ ဝင်လာသူကတော့ ခင်
မောင်ဦး။

“ဟာ....အတော်ပဲကွာ၊ ငါလဲ မင်းကိုတွေ့ချင်နေတာ”
ဟု ကိုချစ်စံက ပြောပြီး ဖိနပ်ကို ကွပ်ပျစ်အောက်သို့ပစ်သွင်း
ထားလိုက်၍ ထိုင်ရာမှ ထသည်။

"မင်း ခုတလော ဘယ်သွားနေသလဲကွ၊ ပျောက်ချက်သား ကောင်းလှချည်လား"

"ကျွန်တော် သာယာဝတီသွားနေတယ် ဆရာရဲ့၊ ရုံးကိစ္စတွေ မပြတ်သေးလို့"

"စပါးဒိုင်တွေဆင်းတာ မဟုတ်ဘူးလား"

"စပါးဒိုင်က ရာသီကုန်ပြီ ဆရာ၊ ဒါပေမယ့် ကျန်တဲ့စာရင်းတွေ ရှင်းဖို့တော့ နက်ဖြန်ဆိုရင် နွယ်ခွေဘက် ပြန်ဆင်းရမယ်၊ ဆရာ့ဆီပြန်မရောက်ရင် စိတ်ပူနေမှာစိုးလို့ ပြန်ပြောတာပါ"

"အေးပေါ့ကွာ....မင်းအခန်းကို ပြန်မလာတာကြာတော့လဲ ငါတို့ကစိတ်ပူရတာပေါ့၊ ပြီးတော့ ကိုယ်ကြားတဲ့သတင်းက တစ်မျိုး"

"ဘယ်လိုများကြားလို့လဲ ဆရာရဲ့"

"မင်း နွယ်ခွေမှာ သူကြီးသမီးနဲ့ ပြေလည်နေကြတယ်ကြားသို့"

"ဟာ....ဆရာကလဲ"

ခင်မောင်ဦးက ပါးစပ် အဟောင်းသား ဖြစ်သွားပြီး ရယ်ကျဲကျဲလုပ်နေသည်။

"ဘယ်သူကပြောတာလဲ ဆရာ"

"ဒီလိုပဲကြားတာပေါ့ကွာ"

"ကြားစကားတွေပါ ဆရာရယ်....ကျွန်တော့်ဖြင့် စိတ်တောင် မကူးပါဘူး"



"အေး....ဒီလိုဆိုရင်တော့ ကောင်းတာပေါ့ကွာ၊ ခုတော့ ာကြားရ၊ ဒီဟာကြားရနဲ့ဟာ၊ မိစမ်းလဲ စိတ်မချမ်း ာ ဖြစ်နေရပြီ၊ မင်း သူ့ကို သေသေချာချာ ရှင်းပြလိုက် ွာ"

"စိတ်ချပါ ဆရာ၊ ဒီနေ့ပဲ ကျွန်တော် သူနဲ့တွေ့ပြီး ပြော ါမယ်"

ခင်မောင်ဦးက ကိုချစ်စံထံမှ ထွက်ခဲ့၏။ ကိုချစ်စံ ငွေလို ်ကိစ္စနှင့် ပတ်သက်ပြီး ဘာမှ ဖွင့်ပြောခြင်းမပြုသော ာင့် ခင်မောင်ဦးလည်း သူက စ၍မပြောသာ။

ထို့ကြောင့် အသာလျှိုပြီး ပြန်ခဲ့ရခြင်းပင်ဖြစ်သည်။

ဈေးထဲရောက်တော့ စမ်းစမ်းကို ဆိုင်ပေါ်မှာပင်တွေ့ရ ခင်မောင်ဦး ဝင်ထိုင်လိုက်တော့ စမ်းစမ်းက မျက်လုံး ကြည့်ပြီး....

"ဘာကိစ္စရှိလို့ပါလဲရှင်၊ ဘယ်အထည်လေးများ ဝယ်ဦး ်"

စမ်းစမ်းက သူစိမ်းဈေးဝယ်လူတစ်ယောက်အား ဆက်ဆံ ည့်နှယ် တမင် အရွဲ့တိုက်၍ မေးလိုက်ခြင်းဖြစ်သည်။

"ဪ ...မစမ်းစမ်းဆိုတဲ့ မိန်းကလေးကို သဘောကျလို့ ်ချင်လို့ပါ"

"ဈေးကတော့ မလျှော့ဘူးရှင့်"

"ဘယ်လောက်လဲ"

"ထောင့်ငါးရာပဲ"

ခင်မောင်ဦး ရယ်၏။ စမ်းစမ်းက မျက်စောင်းပ လိုက်ပြီး....

"ဘာလို့ ဒီမှာလာဝယ်နေလဲ၊ နွယ်ခွေမှာ ပေါက သွားဝယ်ပါလား" ဟု စိတ်ကောက်ချင်ယောင်ဆော သည်။

"အဲဒါ ရှင်းပြမလို့လာတာပေါ့"

"မရှင်းပြနဲ့၊ အပိုပဲ"

"ကိုယ်ပြောတာ ဆုံးအောင်ပဲနားထောင်ပါဦး"

"မထောင်ချင်ဘူး၊ လူကို ကလေးလေးအောက် အမျိုးမျိုးလိမ်နေ လှည့်နေတာ"

"ခက်ပါတိတော့ အစမ်းရယ်၊ တကယ်ပါ....မယ အစမ်း နွယ်ခွေကို ကိုယ်နဲ့လိုက်ခဲ့"

"ရောက်ဖူးသားပဲ၊ အဲဒီကောင်မနှစ်ကောင်က ရှင့်ဆ သည်းသည်းလှုပ်နေတာ မသိဘူးမှတ်လို့"

"အစမ်းကလဲကွယ်....ကိုယ်က အစမ်းကို ဘယ်တု လိမ်ပြောဖူးလို့လဲ"

"အခု လိမ်နေတာမဟုတ်လား"

"ကဲ....ဒါဖြင့် အစမ်း ယုံအောင် ကိုယ်တို့နှစ်ယောက် တက်ပြီး လက်မှတ်ထိုးမယ်၊ လက်ထပ်စာချုပ်ချုပ်ထား လေ"

"ဘယ်သူက လုပ်ပေးမှာလဲ၊ ရုံးမှာ အသိမှမရှိဘဲ"



ရွှေ့နေကြီးရှိသားပဲ၊ ချုံကြီးအမှုတုန်းက လိုက်ပေးတာ ကိုယ်နဲ့လဲ ခင်နေတာပဲ၊ သူ့ကို အကူအညီတောင်းမှာ "

ည်တော့ စမ်းစမ်း၏မျက်နှာကလေးမှာ ဝင်းလက်လာ ။

ဒါဖြင့် ဆရာဦးချစ်စံကိုလဲ မိဘအနေနဲ့ ခေါ်ရမယ်၊ မှာ အဖေမှမရှိတာ"

"အင်းပေါ့....ကိုယ် သုံးရက်လောက်နေရင် နွယ်ခွေ တစ် က် ပြန်ဆင်းရမယ်၊ အဲဒီကပြန်မယ့်ရက် တစ်ရက်ရက် ်နှံကြည့်ပြီး ရက်သတ်မှတ်ကြတာပေါ့"

ဒါဖြင့် ညနေဈေးသိမ်းရင် ဆရာကိုချစ်စံအိမ်မှာ ဆုံကြ လေ၊ ရွှေ့နေကြီးဆီသွားပြောဖို့လဲ ဆရာ့ကိုပဲ အားကိုး "

င်မောင်ဦးနှင့် စမ်းစမ်းတို့ ကြည်ကြည်လင်လင်ဖြစ်သွား သည်။

ဈေးသိမ်းချိန်ကျတော့ ခင်မောင်ဦး ပြန်ရောက်လာပြီး မ်းကိုခေါ်၍ ကိုချစ်စံဆီ လာခဲ့ကြတော့သည်။ အကျိုး ကြောင်း ပြောပြရာ ကိုချစ်စံရော မြင့်မြင့်ကပါ သဘောကျ ။

'ကောင်းတယ် ခင်မောင်ဦး၊ ရုံးတက်လက်ထပ်ပြီးရင်လဲ ကို့လင်မယား အရာမြောက်တာပဲ၊ အတူတူနေလို့ရပြီ ၊ မင်္ဂလာဆောင်ဖို့ တခမ်းတနားတွေလုပ်တယ်ဆိုတာ ာသနပါကွာ၊ အဲ....တစ်ခုတော့ ရှိတာပေါ့၊ ကိုယ့်မှာ

ငွေပိုရှိရင်လုပ်၊ဒါမှမဟုတ်လို့ ကိုယ်က သူများတွေလိုလက် ထားတာ များနေရင် ကိုယ့်ကျတော့ လက်ဖွဲ့ကြေးလျှော့ သဘောနဲ့လုပ်ပေါ့”

“ကျွန်တော် သီတင်းကျွတ်မှပဲလုပ်မယ်စိတ်ကူးထားတ ဆရာ”

“အေးလေ....မင်းတို့သဘောပဲ၊ ကဲ....ဒါဖြင့် ရုံးတ လက်ထပ်ဖို့ရက် ဘယ်လိုရွေးမှာလဲ”

ကိုချစ်စံက ပြက္ခဒိန်ချပေး၏။

နောက်ဆုံးတော့ အင်္ဂလိပ်လဆန်းတစ်ရက်နေ့ကို ေ ချယ် လိုက်ကြလေသည်။

❋

## အခန်း ( ၁၁ )

ပြက္ခဒိန်ကို လှန်လိုက်သည်။

ယနေ့ လဆန်းတစ်ရက်နေ့၊ ခင်မောင်ဦးနှင့် စမ်းစမ်းတို့ ရုံးတက်လက်မှတ်ထိုးပြီး လက်ထပ်ကြရန် သတ်မှတ်ထားသည့် ရက်။

ခင်မောင်ဦး ပြန်မရောက်လာသေး။

စမ်းစမ်း တစ်ယောက်ကတော့ လွန်ခဲ့သည့် သုံးလေးရက် ကပင် ပြင်ပြီးဆင်ပြီးဖြစ်သည်။ ခင်မောင်ဦးလာလျှင် ရုံးတက် လက်ထပ်ဖို့က အဆင်သင့်။

ရှေ့နေကြီးနှင့်လည်း ပြောပြီးဆိုပြီးသား။

ကိုချစ်စံနှင့်ဇနီး မြင့်မြင့်တို့ကလည်း ခင် မောင် ဦး နှင့် စမ်းစမ်းတို့ လက်ထပ်မည့်နေ့တွင် ကျွေးမွေးဧည့်ခံရန်အတွက် အိမ်မှာ နံနက်စာပင် အဆင်သင့် ပြုလုပ်ပေးရန် လျာထား ပြီးဖြစ်ကြသလို....

ချိုကြီးတစ်ယောက်မှာလည်း ခုတော့ ခင်မောင်ဦးနှင့် စမ်းစမ်းတို့ ပြေပြေလည်လည် ဖြစ်သွားတော့မည်မို့ ဝမ်းမြောက်စမ်းသာဖြင့် ကူညီလုပ်ကိုင်ပေးရန် သူ့မှာ ပြင်ဆင်လျက်....

သည့်အချိန်မှာမှ....

ခင်မောင်ဦးက ပေါ်မလာ။

ပထမတစ်ရက်....

ရုံးပြန်ချိန် နောက်ကျသည်။ အလုပ်အဆင်ပြေအောင် လုပ်နေရသည် စသည်ဖြင့် မျှော်နေကြသော်လည်း တစ်ရက်ကနှစ်ရက်သို့ ကူးလာလေတော့ သိပ်မဟုတ်တော့ပြီ။

စမ်းစမ်းရောက်လာတော့ ကိုချစ်စံကလည်းစိတ်ပူနေသည့် အချိန်ဖြစ်၏။

"ဘယ်လိုလုပ်ကြမလဲ ဆရာ၊ ကိုဦးကတော့ ခုထိ ပေါ်မလာတာထောက်ရင် နွယ်ခွေမှာ တစ်ခုခုများ ဖြစ်နေပြီလား မသိဘူး"

စမ်းစမ်းက ဒရောသောပါးပြော၏။

"နွယ်ခွေကို လူလွှတ်မကြည့်ဘူးလား စမ်းစမ်း"

ကိုချစ်စံက မေးလိုက်သည်။

"ဘယ်သူ့လွှတ်ရမှာလဲ ဆရာရယ်၊ ကျွန်မတစ်ယောက်တည်း ဈေးဆိုင်ပေါ်က ခွာလို့မှမရတာ"

"အေးကွာ....ခုလောက် ရက်ကြာနေရင်တော့ တစ်ခုခု ဖြစ်နေပြီထင်တယ်"

စမ်းစမ်းက မျက်ရည်ဝဲနေရာက ဆက်ပြောသည်။



"ကျွန်....ကျွန်မ နွယ်ခွေကို သွားချင်တယ် ဆရာ၊ လိုက်ပို့ ယ့်သူ မရှိဘူး"

"ချိုကြီး ခေါ်သွားပါလား"

ကိုချစ်စံက ပြန်ပြော၏။

"မဖြစ်ဘူးထင်ပါတယ် ဆရာရယ်"

"ဘာကြောင့်လဲဟ"

"ချိုကြီးက တဇောက်ကန်း၊ မိုက်ရူးရဲ၊ မတော်တဆ ဟို မှ တစ်ခုခုဖြစ်ပြီး ထိန်းမရသိမ်းမရဖြစ်ရင်...."

ကိုချစ်စံက ခေါင်းကုတ်သည်။

"ခက်တာပဲဟာ....နင့်ဟာက"

ကိုချစ်စံ ထပ်စဉ်းစားရတော့၏။

"ဆရာကိုယ်တိုင် လိုက်ခဲ့နိုင်ရင်တော့ အကောင်းဆုံးဖြစ် ပဲ ဆရာရယ်၊ ကိုဦးက ဆရာ့ကိုတွေ့ရင် ကျွန်မစကား းမထောင်တောင်မှ ဆရာ့သြဇာကို မလွန်ဆန်နိုင်ပါဘူး"

စမ်းစမ်းက အားကိုးတကြီးဖြင့် တင်ပြပြောပြဆိုလိုက်ခြင်း ်၏။

ကိုချစ်စံက သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ သူ့မှာ ည်း ငွေကွာနေ၍ ယူသုံးထားသော ကိစ္စကြီးက မပြတ် း။ တန်းလန်းဖြစ်နေဆဲဆိုတော့ သူ့တာသူ အလုပ်ကို ်ဆ၍မရသေး။

"လောလောဆယ်တော့ ငါလဲ မအားသေးဘူး မိစမ်း ယ်၊ နှစ်ရက်လောက်စောင့်ဟာ၊ နက်ဖြန် ငါပြည်သွားဖို့ သေးတယ်"

ကိုချစ်စံစကားကြောင့် စမ်းစမ်း အားလျော့သလို ဖြစ်
သွားရသည်။

အရေးဟဲ့ အကြောင်းဟဲ့ ဆိုတော့ ဘယ်သူ့ကို အားကို
ရမည်မှန်းမသိ။

ရှိပါစေတော့၊ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ဖြစ်သမျှကိုယ်ပဲခံ
ကိုယ်ထူကိုယ်ထပြီး ကိုယ့်ကိစ္စကိုယ်လုပ်မှဟု ဆုံးဖြတ်လိုက်ပ
တော့၏။

စမ်းစမ်း အိမ်ပြန်လာခဲ့သည်။

အိမ်ကျတော့ စိတ်ပျက်လက်ပျက် ထိုင်မိပြီး စဉ်းစား
သည်။ ဈေးထဲက လူတွေကိုလည်း သူနှင့် ခင်မောင်ဦးတို့
လက်ထပ် ကြတော့မည်ဟု အတိအလင်း ပြောပြထားပြီ
သား။

ဈေးထဲမှာ သတင်းဆိုသည်က ကူးစက်မြန်လွန်းသည်
ခင်မောင်ဦးနှင့် စမ်းစမ်းတို့အကြောင်းက စမ်းစမ်း ဈေ
ရောင်းနေသည့် အထည်တန်းတစ်ခုလုံးမှာ မသိချင်အဆုံး

သည်တော့ စမ်းစမ်းလည်း သည်အတိုင်းနေလို့ မဖြ
တော့ပါ။ တစ်ခုခုတော့ လုပ်ရလိမ့်မည်။

တစ်ညလုံး အိပ်၍မပျော်။

အိပ်ပျော်တော့လည်း အိပ်မက်တွေက ချစ်သူ ခင်မော
ဦး အကြောင်းသာလျှင် ဆက်ဆက်ပြီး မက်နေ၏။

အိပ်ရာကနိုးတော့ လင်းအရုဏ်ရောင်ခြည်ပျိုးစ။

ကပျာကယာထပြီး ရေချိုးရ၏။



သနပ်ခါးလိမ်း ပေါင်ဒါလိမ်းပြီးတော့ အဝတ်သစ်လဲရ
၏။ ကြည်ပြာရောင်ထဘီပြာရောင် အင်္ကျီလက်စကလေး ဝတ်
ပြီး စံပယ်တစ်ကုံးပန်၏။

မိုးတစ်ဖြိုက် ရွာလိုက်ပြီဖြစ်၍ စံပယ်က ပေါစပြုပြီ။

ရွှေငွေ လက်ဝတ်လက်စားတွေ ခါတိုင်းဈေးထွက်သည့်
အတိုင်းပင် ဝတ်ဆင်လိုက်ပါသည်။ ဈေးထွက်သည့်အလား
ထက်ပင် ပိုမည်ထင်၏။

နွယ်ခွေသို့ သူလိုက်ရမည်။

ဘယ်သူ့မှ အားကိုးမနေနှင့်၊ ကိုယ်ထူကိုယ်ထ၊ ဥစ္စာရှင်
လို ဥစ္စာရှင်ခဲ့မှသာ ဖြစ်တော့မည်။

ပထမ နွယ်ခွေသို့သွားမည်။

သည်လမ်းက သူ မသွားတတ်သော မသွားဖူးသော လမ်း
မဟုတ်ပါ။

ပေါင်းတည်မြို့မှ နတ္တလင်းမြို့သို့ မြင်းလှည်းစီးသွား။
နတ္တလင်းကျတော့ တာပွန်သို့ တစ်ခါ မြင်းလှည်းပြောင်းစီး။
အရင်က သူ ခင်မောင်ဦးနှင့် သွားဖူးခဲ့ပြီပဲ။ ပြီးတော့ နွယ်ခွေ
သူကြီး ဦးမှည့်အိမ်အထိ သူသွားတတ်ပြီးသား။

အိမ်ကထွက်တော့ မိုးဖွဲဖွဲလေးကျလာ၏။

စမ်းစမ်းက ဖဲထီးကလေးဖွင့်၍ ဈေးဘက်မှ ရန်ကုန်-ပြည်
လမ်းပေါ်သို့ တက်လာခဲ့လေတော့သည်။

မိုးရွာစပို့ လမ်းမမှာရှင်းလျက်။

*   *   *

မိုးက ရွာနိုင်လွန်းလှသည်။

တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမက စဲရွာပြီ ဆိုကတည်းကပင် မိုး၏အကျင့်က ဇယ်ဆက်တတ်သည်ဟု ဆိုရပေမည်။

မိုးဦးမကျသေးဟု ထင်မိသော်လည်း မမျှော်လင့်ဘဲ မိုးက ဆက်လာလေတော့ ကိုချစ်စံလည်း သူ့ကို ပေးထားသည့် ကုမ္ပဏီကဂျစ်ကားကို ရှေ့မှန်သုတ်တပ်ဖို့ ပြင်ရဆင်ရလေတော့၏။

ဂျစ်ကား၏ ရေတိုင်ကီက ရေယိုတာကလည်း မလုံသေး။ ကိုချစ်စံက သူသုံးထားသည့် ငွေတွေကို အချိန်မီ ပြန်ထည့်ဖို့ လုံးပန်းနေရသဖြင့် မော်တော်ကားကို ဂရုမစိုက်နိုင်။

ဘာဘူတွေကလည်း တစ်နေ့သောအခါ သူ့အပေါ် ခိုင်းစရာ မလိုတော့ဘူးဟုထင်လျှင် သည်ဂျစ်ကားကို လွယ်လွယ်ကလေး ပြန်သိမ်းသွားမှာဖြစ်၍ မပိုင်ဝက်မွေးအလုပ်ကို သူ ဂရုမစိုက်နိုင်။

သည်အချိန်မှာ မမျှော်လင့်ဘဲ ဝင်းထဲသို့ ဝင်လာသူကတော့ စမ်းစမ်း၏ မိခင်ကြီးပင် ဖြစ်တော့သည်။

"မောင်ချစ်စံ....ဆရာမောင်ချစ်စံ"

ကိုချစ်စံက ဂျစ်ကားမှန် ရေသုတ်ကို တပ်နေရာက ပြန်လှည့်ကြည့်ပြီး....

"ဟော....အမေသန်းပါလား၊ စောစောစီးစီး မိုးရွာကြီးထဲမှာ ဘယ်ကိုလာတာလဲဗျ"

"မင်းဆီကိုပေါ့ကွယ်"



"ဆိုပါဦး....ဘာများ အကြောင်းထူးလာလို့လဲ"

"မိစမ်းတစ်ယောက် ညက အိမ်ပြန်မလာဘူးလေ၊ အဲဒါ မင်းတို့အိမ်မှာများ မြင့်မြင့်နဲ့ အိပ်နေသလားလို့ လာမေးတာ"

"မလာဘူး အဒေါ်၊ သူ လွန်ခဲ့တဲ့ သုံးလေးရက်က လာပြီး ပြန်သွားကတည်းက ပေါ်မလာတာပဲ၊ ခင်မောင်ဦးနဲ့များ စပါးဒိုင်ဘက် လိုက်သွားလားမှ မသိတာ"

"ခင်မောင်ဦးနဲ့ လိုက်သွားတာတော့ မဟုတ်ဘူးကွယ့်၊ တစ်နေ့ညတုန်းကတော့ မောင်ဦး ပြန်မလာလို့ သူ နွယ်ခွေကို လိုက်သွားမှဖြစ်မယ် ပြောတာပဲ၊ အဲဒါ နွယ်ခွေကို သွားပြီး မေးကြည့်ချင်သေးတယ်"

"ကျွန်တော်လဲမအားဘူး အမေသန်းရဲ့၊ နို့မို့ ဆိုရင်တော့ သွားမေးပေးပါတယ်"

"မောင်ချိုကြီးကို လွှတ်ရရင် ကောင်းမလား မသိဘူး မောင်ချစ်စံ"

"ကောင်းသားပဲ....ချိုကြီး ညတုန်းကတော့ ရိပ်ခနဲ တွေ့လိုက်သား၊ သူ့ ဆိုက်ကားဂိတ်မှာပဲ ရှိမယ်ထင်တယ်၊ ကြည့်သွားပေါ့"

"အေးကွယ်....မင်းတို့အိမ်လာရင်လဲ အမေသန်း စိတ်ပူနေတယ် မြန်မြန်ပြန်ခဲ့လို့ပြောပြီး ပြန်လွှတ်လိုက်ပါကွယ်"

“စိတ်ချ အမေသန်း၊ ကျွန်တော်တို့ဆီလာရင် ချက်ချင်း ပြန်လွှတ်လိုက်ပါ့မယ်”

ဒေါ်သန်း ပြန်ထွက်သွားသည်။

ဆိုက်ကားဂိတ်ရောက်တော့ ချိုကြီးကိုရှာရာ မတွေ့သဖြင့် မေးကြည့်တော့ ချိုကြီး မနေ့ကတည်းကပင် ဂိတ်သို့လာမထိုးကြောင်း သိရ၏။

“ဒီကောင်ကြီး မနေ့ကတည်းက ဂိတ်လာမထိုးဘူးအမေ”

“ဘယ်သွားမယ် ပြောသလဲကွယ့်”

“ဘာမှလဲ မပြောဘူး၊ သူက သွားချင်ရာသွားတာ၊ တစ်ခါတလေလဲ ဆေးမွှေးတို့ဆိုင်ရောက်ပြီး မူးပြီး အိပ်ချင်အိပ်နေတာ၊ သူနှင်းတဲ့ ဆိုက်ကားအုံနာအိမ် သွားမေးကြည့်ရင် ပိုသေချာတာပေါ့”

“ဆိုက်ကားအုံနာက ဘယ်နားမှာနေလဲ”

“ဟောဟို ဖောင်သူကြီးလမ်းထိပ်က မီးရထားလမ်းကို မျက်နှာပြုထားတဲ့ ဝါးဆိုင်က ဒေါ်သောင်းပေါ့၊ မေးရင်ရပါတယ် အမေ”

ဒေါ်သန်း ဆက်ပြီး လျှောက်လာခဲ့ရလေသည်။

မီးရထားလမ်းရှေ့မှ ဝါးဆိုင်ရောက်တော့ မေးမြန်းရာ ဒေါ်သောင်းအား အသင့်တွေ့ရတော့၏။

ဒေါ်သန်းက ချိုကြီးကို မေးရသည်။



“မနေ့ကတော့ ဒီကောင် ဆိုက်ကား ထွက်သေးတယ်၊ ူနေ့ဘက် ဆိုက်ကား ပြန်သိမ်းပြီးကတည်းက ဒီနေ့ လာ ထုတ်ဘူးရှင့်၊ ဟိုမှာလေ....သူနှင်းတဲ့ဆိုက်ကား”

ဒေါ်သောင်းက သူ့ဝင်းခြံတွင်း၌ ထိုးရပ်ထားသော ိုက်ကားကို လက်ညှိုးထိုးပြသည်။

“ကျွန်မတို့လဲ သူ့ကိုမရှာတတ်ဘူး အမေကြီးရယ်၊ သူလာ င် ဘယ်လိုပြောရမလဲ မှာခဲ့ပေါ့”

“စျေးထဲက မစမ်းစမ်းရဲ့အမေ လာမေးတယ်၊ အိမ်ကို ာခဲ့ပါဦးလို့ပဲ ပြောပါနော်”

“ဟုတ်ကဲ့”

ဒေါ်သန်း ပြန်ထွက်လာခဲ့ရလေတော့၏။ကိုချစ်စံဆီလည်း ုက်ခဲ့ပြီ။ ချိုကြီးကိုလည်း ရှာမတွေ့၊ ခင်မောင်ဦးကလည်း ျောက်နေသည်။

ခင်မောင်ဦးနဲ့ နှစ်ယောက် ခိုးပြေးတာလည်း မဖြစ်နိုင် ါ။ လဆန်းတစ်ရက်နေ့ကျ သူတို့နှစ်ယောက်ကို ရှေ့နေကြီး အုန်းက တရားရုံးမှာတက်၍ လက်ထပ်ပေးဖို့ ပြင်ဆင်ပြီး ား။ သည်အခြေမျိုးကျခါမှတော့ သည်နှစ်ယောက် တိတ် ဆိတ် ခိုးပြေးကြဖို့ မလိုတော့ပါ။

ဒါဖြင့် ခု ဘယ်လိုဖြစ်ကြသနည်း။

စဉ်းစားရ ကျပ်နေလေသည်။

တစ်နည်းရှိပြန်သေး၏။ အဲဒါကတော့ စမ်းစမ်းသည် ခင် ောင်ဦးရှိရာ နွယ်ခွေသို့ လိုက်ရန်အတွက် ဖြုန်းခနဲ ချိုကြီး

ကိုပင် ခေါ်၍ သွားခဲ့လေပြီလော။နွယ်ခွေမှာ ကြာနေသေ
ကြောင့် ချိုကြီးနှင့် စမ်းစမ်းတို့နှစ်ယောက်စလုံး ပြန်မလာ
ယနေ့မှ ပြန်လာကြမည်ဟု ထင်၏။

သည်လိုထင်လိုက်တော့ ဒေါ်သန်း၏စိတ်ထဲမှာ အနည်
ငယ် ပေါ့သွားရသည်။

ထို့ကြောင့် တစ်နေ့တော့ ဆက်၍ မျှော်ဦးမည်ဟု စိတ်
လက်ချဖြင့် အိမ်ပြန်လာခဲ့သည်။

တစ်နေကုန်သွားခဲ့ပြီ။

မှောင်စပင် ပြုလာ၏။

စမ်းစမ်း ပြန်ရောက်မလာသေး။

ဒေါ်သန်းစိတ်မှာ ဗျာများရတော့၏။ မိုးက ခပ်ဖွဲ ဖွဲရွ
လာကာ ကောင်းကင် တစ်ပြင်လုံး မှောင်ညို့နေလေသည်
အိမ်မီးများပင် ထွန်းကြပြီ။

တစ်ညက နှစ်ည ပြန်ရောက်မလာလေတော့ မိန်းကလေ
မိဘရှင်ပီပီ အပူဆင့်လာရတော့၏။

မတော်ရာမှာ မသမာသူနဲ့များတွေ့ပြီး တစ်စုံတစ်ခုဖြစ်
လေပြီလားဟုလည်း သောကအလျောက် စိတ်ကူးတည့်
တွေးမိသည်။

ထို့ကြောင့် ဘာပဲဖြစ်ဖြစ်ဟု လိုရမည်ရ ပေါင်းတ
ရဲစခန်းသို့သွားပြီး စမ်းစမ်း၏သွင်ပြင် ရုပ်ရည်နှင့် ဓာတ်
ပေး၍ လူပျောက်တိုင်ခဲ့ရလေတော့သည်။ ပြီးမှ အိမ်ပြန်လ
ခဲ့၏။



ညဉ့်နက်သည်အထိ ဒေါ်သန်း အိပ်၍မပျော်နိုင်ပေ။ မီး
တ်ပြီး အိပ်ရာပေါ် လှဲလိုက်၊ ထလိုက်ပြီး မီးဖွင့်၍ ဆေးပေါ့
ပ် ညှိသောက်လိုက်နှင့် ကယောက်ကယက် ဖြစ်နေရတော့
သည်။

သည်လိုနှင့် ညဉ့်သန်းခေါင်တိုင်လာ၏။

မိုးလင်းအားကြီးများ ပြန်လာလေမည်လားဟု ထင်၍
မျှော်လင့်တကြီးနှင့် မိုးသာ မြန်မြန် လင်းပါစေတော့ဟု ဆု
တောင်းရင်းပင် သိမှေ့...သိမှေ့နှင့် အိပ်၍ပျော်သွားလေတော့
သည်။

❋

## အခန်း ( ၁၂ )

"ဒေါ်သန်း....ဒေါ်သန်း"

တစ်စုံတစ်ယောက်၏ ခပ်သဲ့သဲ့ ခေါ်သံကြောင့် ဖျတ်ခ
လန့်နိုးလာလေသည်။ အိမ်အပြင် တံခါးဝမှခေါ်သည့် အသ
ဖြစ်၏။

အချိန်က မိုးလင်းစအချိန်။ နံနက်ခင်း နေထွက်ပြူစ ငါ
နာရီခွဲသာသာခန့် ရှိပေပြီ။

"ရှင်....လာပါပြီ"

ကပျာကယာထ၍ အိမ်ရှေ့တံခါးကို ဖွင့်၏။ မြင်လိုက်
သော ရဲဝတ်စုံ ယူနီဖောင်းများကြောင့် ဒေါ်သန်း စိတ်
မှာ ထင့်ခနဲဖြစ်သွားသည်။

မနေ့ညက ဂါတ်တဲမှာသွား၍ လူပျောက်တိုင်စဉ်က သ
အား လက်ခံစကားပြော၍ စမ်းစမ်း၏ဓာတ်ပုံကို ယူထာ
လိုက်သော ဌာနပိုင်ကြီး ဦးဘသော်နှင့် ရဲသားနှစ်ယောက်
တို့ အိမ်ဝမှာ ရပ်နေကြ၏။



"အထဲဝင်ကြပါရှင်၊ဘာများအကြောင်းထူးကြပါသလဲ"
ဒေါ်သန်းက ဖျာခင်းပေး၏။

ဦးဘသော်က ဖျာပေါ် ဝင်ထိုင်ရင်း နံရံမှာ ချိတ်ထား
သာ စမ်းစမ်း၏ ကိုယ်တစ်ပိုင်းဓာတ်ပုံကို တစ်ချက် မော့
ကြည့်လိုက်၍....

"ဒေါ်ဒေါ်သမီး ဟုတ်မဟုတ် ခဏ လိုက်ကြည့်ပေးဖို့
ာခေါ်တာပါ"

"ဟုတ်လား....အခု ဘယ်ရောက်နေပါလဲရှင်၊ ဂါတ်တဲ
ရောက်နေတာယ် ထင်ပါရဲ့"

ဒေါ်သန်းဟာ ဝမ်းသာအားရမေးမိတော့၏။ ဦးဘသော်
 ကူ့ခြေဆည်လိုက်ပြီး....

"ကောင်းပါပြီရှင်၊ အဝတ်ကလေး ဘာလေးများ လဲ
ိုက်ပါရစေဦးနော်"

ဒေါ်သန်းသန်းက သွက်လက်စွာထပြီး အင်္ကျီနှင့်ထဘီလဲ
 မျက်နှာသစ်ပြီး ခေါင်းက ဆံပင်ကို တစ်ပတ်လျှို ထုံး၍
ွက်လာသည်။ ဘေးအိမ်မှလူများကလည်း စမ်းစမ်းပျောက်
နေသည်ကို သိပြီးဖြစ်ကြကာ ယခု ရဲတွေရောက်လာတော့
ူတို့အိမ်တွေမှ ထွက်ပြူကြည့်နေကြ၏။

ဒေါ်သန်းက ဘေးအိမ်ကို သူ့အိမ်ခဏကြည့်ဖို့ ပြော၍
အဖော်မိန်းမကြီး တစ်ယောက်ကိုပါခေါ်ကာ ရဲဂျစ်ကားဖြင့်
ပ် တက်၍ လိုက်ပါလာခဲ့ရလေတော့သည်။

ရဲဂျစ်ကားကလေးက ပေါင်းတည်မြို့ ဘုရားကြီးလမ်းမှ
ထွက်လာ၍ ရန်ကုန်-ပြည် လမ်းပေါ်သို့ ရောက်သည်တွင်

ရန်ကုန်သွားသည့်ဘက်သို့ ဦးတည်၍ မောင်းလာခဲ့လေတေ
သည်။

မြို့ပြင်ရောက်လာပြီး လှေဆိုင်ချောင်းကို ကျော်ခဲ့သေ
ဂျစ်ကားအရှိန်က မြန်ဆန် သွက်လက်လာ၏။ ဒေါ်သန်းဝ
ဘယ်အထိသွားရမည် မသိသောကြောင့်....

"ဘယ်ကို လိုက်ကြည့်ရမှာလဲရှင်၊ စမ်းစမ်းကို ဘယ်မှ
တွေ့ထားကြလို့ပါလဲ" ဟု မေးမိ၏။ ဌာနပိုင်ကြီး ဦးဘသေ
က ဆေးပြင်းလိပ်ကို မီးညှိပြီး....

"ဘိုးသာအောင်ကုန်းတင် ၊ ါ"

စကားသံ ပြန်၍ တိတ်ဆိတ်သွား၏။ ဂျစ်ကားစက်သံသ
ဆက်၍ကြားရပြီး ခဏမှာပင် ဘိုးသာအောင်ကုန်းတံတာ
ကြီး၏ အမိုးကို လှမ်း၍မြင်ရတော့၏။

တံတားကြီးနားမရောက်မီ ကုန်းမြေပြေ အတက်ကလေ
မှာ ဂျစ်ကားကို လမ်းဘေးသို့ချပြီး ရပ်လိုက်၍ အားလုံ
ကားပေါ်မှဆင်းကြတော့သည်။

ကားလမ်းကားမှ ကြံပင်တောကြီးမှာ စိမ်းစိုကာ ညို
လျက်ရှိ၏။ ကားလမ်းဘေး ခပ်လှမ်းလှမ်းမှ ရွာကြီးဆီသ
တန်းဖြောင့်သွားခြင်း ဖြစ်၏။

ကြံခင်းတောကြီး၏ အဝနားတွင် လူကြီးသုံးလေးယောက
ရပ်နေသည့်အပြင် လူစုမှာ ခပ်လှမ်းလှမ်းမှ ကြည့်နေကြ၏
ရဲသားနှစ်ယောက်က ကြံခင်းတောကြီးအနားမှာ ရပ်စောင
နေကြလေသည်။



ဒေါ်သန်းကတော့ ဘာမှန်းမသိဘဲ ဌာနပိုင်ကြီး ဦးဘ
သော်တို့နောက်မှ ကပ်လျှောက်ပါလာရရှာလေတော့၏။ ကြံတော
ကြီးအဝမှ အထဲသို့ ဝင်လာခဲ့ကြပြီး အတွင်းဘက် အတော်
ရောက်သည်တွင် ရဲသားတစ်ယောက် ထိုင်၍စောင့်နေရာမှ
သူတို့ကိုမြင်သဖြင့် ထ၍ ရပ်လိုက်၏။

ကြံတောထဲ၌ ကြံပင်များလဲကျကာ ယင်းလဲနေသော ကြံ
ပင်များကြားတွင် မိန်းမပျိုတစ်ဦးက မြေပေါ်မှာ ပက်လက်
လန်၍ လဲကျလျက်ရှိသည်ကို မြင်တွေ့ကြရလေတော့သည်။

အနားသို့ရောက်တော့မှ ဦးဘသော်က ဒေါ်သန်း၏
လက်ကို ကပ်စေပြီး ပြရင်း....

"ဒေါ်ဒေါ် ဒီမိန်းကလေးဟာ ဒေါ်ဒေါ် သမီး မစမ်း
စမ်း ဟုတ်မဟုတ် ကြည့်ပေးပါ" ဟု ပြောလိုက်၏။

ဒေါ်သန်းက သေချာစွာ ငုံ့ကြည့်ပြီး....

"အမယ်လေးတော့၊ ကျွန်မ သမီးလေးပါပဲ၊ ဘယ်လိုဖြစ်
ရပါလိမ့်"

ဒေါ်သန်းက အော်ဟစ်၍ ကပျာကယာ အလောင်းကို
ပြေးဖက်မည်ပြုလေရာ ဦးဘသော်က ပခုံးကို အသာမေး၍
ဆွဲထားရသည်။

"ခဏနေဦး ဒေါ်ဒေါ်၊ ကျွန်တော်တို့က အလောင်းကို
မြေရာ လက်ရာမပျက်အောင် စောင့်ထားပြီး သဲလွန်စရှာရ
ဦးမှာမို့ပါ၊ ဆေးရုံရောက်ရင် ဒေါ်ဒေါ်ကိုင်ကြည့်
ပါပြီ"

ဦးဘသော်က ပြောသဖြင့် ဒေါ်သန်းမှာ သမီး၏
အလောင်းကို မကိုင်တော့ဘဲ တဟီးဟီးနှင့်သာ အော်၍ငို
နေလေတော့သည်။

ဌာနပိုင်ကြီးနှင့် အဖွဲ့သားများက စမ်းစမ်း၏အလောင်း
ကို သေချာစွာ စစ်ဆေးကြ၏။ အလောင်းမှာ ပက်လက်
အနေအထားဖြင့်ရှိ၏။

ပါးစပ်နှင့် နှာခေါင်းဝတွင် သွေးများစို့ပြီး ခြောက်နေ
လေသည်။

အဝတ်အင်္ကျီမှာ တွန့်ကြေနေပြီး ကြယ်သီးတံ ပိတ်စ
ကွင်းများ ပြတ်နေသည်။ ထဘီမှာလည်း ရွံ့များရော၍ ပေ
ကျံနေ၏။ လည်ပင်းမှာ ညိုမည်းသောဒဏ်ရာများ တွေ့ရ
သည်။

"သူ အိမ်ကထွက်သွားတုန်းက လက်ဝတ်လက်စားတွေ
ဝတ်သွားလား ဒေါ်ဒေါ်"

ဦးဘသော်က မေး၏။

"ဝတ်သွားပါတယ်၊ ခါတိုင်းဈေးထွက်တော့ ဝတ်တဲ့
အတိုင်းပဲ ပြည့်ပြည့်စုံစုံ ဝတ်သွားတာပါပဲ"

ရွှေ ငွေ လက်ဝတ်လက်စားများ မတွေ့ရတော့သဖြင့်
ပစ္စည်းယူပြီး လူပါသတ်သွားခြင်းမှာ ဓာတ်သိလူထဲမှ ကျူး
လွန်ခြင်းပင် ဖြစ်ရမည်ဟု တွက်ရသည်။

အလောင်း၏ မျက်နှာမှာတော့ ကုတ်ခြစ်ရာ ဒဏ်ရာများ
မတွေ့ရ။



ထဘီမှာလည်း စုတ်ပြဲသော ဒဏ်ရာများ မတွေ့ရသဖြင့်
လက္ကာရ အပြုခံရခြင်းတော့ ရှိဟန်မတူဟု အကြမ်းဖျင်း
တွက်ကြသည်။ သို့သော် အတိအကျ မပြောနိုင်သေး။

အလောင်းအနေအထားကို သေချာစွာ စစ်ဆေးကြည့်ရှု
ကြပြီးနောက် မြင်းလှည်းတစ်စီး ငှားခိုင်းလိုက်၏။ မြင်း
လှည်းရောက်လာတော့ စမ်းစမ်း၏အလောင်းကို မြင်းလှည်း
ပေါ်သို့ တင်ပြီးလျှင် ပေါင်းတည်ဆေးရုံသို့ ပို့စေသည်။

ဌာနပိုင်ကြီး ဦးဘသော်က ရွာမှလူကြီးများနှင့် မေးမြန်း
စရာများ မေးမြန်းပြီးလျှင် ပြန်လာခဲ့ကြသည်။

စမ်းစမ်းကား အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ခဲ့
ရလေပြီ။

ဒေါ်သန်းကို ရဲသားတစ်ဦးက အိမ်သို့ ပြန်ပို့ပေးလေရာ
အိမ်ရောက်သည်နှင့် ဘေးပတ်ဝန်းကျင်မှ လူများအား
ဒေါ်သန်းက အကျိုးအကြောင်း ပြောပြ၍ အသုဘအိမ်
ပြင်ဆင်ရတော့၏။

ဒေါ်သန်းအကြောင်းကြားသဖြင့် ချက်ချင်းပင် ကိုချစ်စံ
နှင့် မြင့်မြင့်တို့ လင်မယား ရောက်လာကြတော့သည်။

"ကျွန်တော်တို့လဲ ကြားရတာ အံ့အားသင့်ပြီး ချက်ချင်း
ထ ပြေးလာကြတာပဲ"

"မောင်ချစ်စံရယ် မင်းညီမ အဖြစ်ဆိုးလှပါတယ်ကွယ်"
ဟု ပြောကာ ဒေါ်သန်းကငို၏။ လာ၍ မေးသူများအား
ဖြေရ ကြားရသဖြင့် မအားရပေ။

လူသတ်သမားကို မမိသေး။

သတ်သွားသည်မှာ နှစ်ရက်ခန့်က ဖြစ်မည်ဟု မှန်းကြသည်။ ဤသို့ဆိုလျှင် အိမ်မှထွက်သွားသည့် နေ့မှာပင် အသတ်ခံရခြင်း ဖြစ်သည်ဟု ဦးဘသော်က ယူဆကာ စစ်မေးစရာရှိသည်များကို လိုက်၍ စစ်မေးကာ စုံစမ်းထောက်လှမ်းခြင်းများ စတင်လေတော့သည်။

အလောင်းကို ဆေးရုံဆရာဝန်ကြီးက ခွဲစိတ်စစ်ဆေးရာ လည်ပင်း၌ အညှစ်ခံရခြင်း တွေ့ရသည်။ နောက်စေ့တွင် ရိုက်နှက်ထား၍ သွေးခြည်ဥနေသော ဒဏ်ရာတွေ့ရ၏။လည်ပင်း အညှစ်ခံရ၍ သေဆုံးရခြင်း တွေ့ရှိရသည်။

သားမယားအဖြစ် ပြုကျင့်ထားခြင်းကိုမူ မတွေ့ရပေ။ ထို့ကြောင့် မတရားကျင့်၍ သတ်ဖြတ်ခြင်းမဟုတ်ဘဲ ပစ္စည်းလုယူရာမှ ဖြစ်ပွားပေါ်ပေါက်လာသော လူသတ်မှုဟု မှတ်ချက်ချကာ မာတ်သိထဲမှ လူတစ်ဦးတစ်ယောက်၏ ကျူးလွန်ခြင်းဟု အကြမ်းဖျင်း တွက်ရသည်။

အချင်းချင်းထဲမှ ပျောက်ခြင်းမလှ ပျောက်နေသော လူနှစ်ယောက်ရှိ၏။

တစ်ယောက်က ခင်မောင်ဦး။

နောက်တစ်ယောက်က ချိုကြီး။

အသုဘချမည့်နေ့တွင် ခင်မောင်ဦး ပြန်ရောက်လာ၏။ သူနှင့်အတူ သူ့ရုံးမှ အကြီးအကဲဖြစ်သူ ဆန်ဝန်ထောက်ကြီးလည်း အတူပါလာ၏။

ခင်မောင်ဦးသည် ဝန်ထောက်ကြီးနှင့်အတူ သာယာဝတီသို့ လုပ်ငန်းအစည်းအဝေးသွားရာ ယခုမှ ပြန်ရောက်လာ



ခြင်းဖြစ်၏။ ထို့ကြောင့် စမ်းစမ်းသတ်မှုနှင့် ခင်မောင်ဦးအား စွပ်စွဲရန် မလိုတော့ပေ။

ခင်မောင်ဦးလည်း များစွာ ယူကျုံးမရ ဖြစ်ရတော့သည်။

ထို့ကြောင့် စွပ်စွဲစရာကျန်သည်က တစ်ယောက်သောသူ ချိုကြီးသာ ဖြစ်ရတော့၏။

ချိုကြီးက ရိုက်မှုဖြင့် ထောင်ကျခဲ့ဖူးသူ ထောင်ထွက်တစ်ယောက်။ ပြီးတော့ ဆိုက်ကားနင်းပြီး ခြေသလုံးအိမ်တိုင်လုပ်နေသူလည်းဖြစ်၍အရက်သောစာလည်း အမြဲသောက်သားသည့် အရက်သမား။

နွယ်ခွေမှာ ခင်မောင်ဦးရှိနေမည်ဟု အထင်ဖြင့် စမ်းစမ်းလိုက်သွားမည်ပြုတုန်းက ချိုကြီးအား အဖော်ခေါ်သွားရန် ကိုချစ်စံနှင့် တိုင်ပင်ကြဖူးခဲ့၏။ ထို့ကြောင့် ထိုနေ့နံနက်က စမ်းစမ်း နွယ်ခွေသို့အသွားမှာ ချိုကြီးနှင့်တွေ့ပြီး ခေါ်သွား သွားလေသလားဟု တွေးရသည်။

ဤသို့ ခေါ်သွားပြီးမှ အပြန်တွင် ချိုကြီးက စမ်းစမ်းအား အယုံသတ်ပြီး ပစ္စည်းလုရာမှ ဓာတ်သိချင်းမို့ သတ်ပစ်လေသည်လော။

ချိုကြီးကား ယနေ့အထိပင် ပေါ်မလာသေးပေ။ ကိုချစ်က ချိုကြီးအား ခြေဖြန့်၍ ရှာခိုင်းလိုက်လေသည်။

ချိုကြီးက ကိုချစ်စံအိမ်သို့ ရောက်မလာ။

ကိုချစ်စံ၏အိမ်သို့ ရောက်လာသည်က ရာဇဝတ်အုပ် ကိုအေးဝင်းနှင့် ရဲသားနှစ်ယောက်တို့ ဖြစ်လေသည်။

"ဆရာ့ကိုတော့ အားနာပါတယ်၊ဒါပေမယ့် ကျွန်တော် တို့ကတော့ အမှုတိုင်တယ်ဆိုရင် ဥပဒေအရ အရေးယူရမှာ မို့ တစ်ဆိတ်လိုက်ခဲ့ပါခင်ဗျာ"

"ခင်ဗျားတို့ ဘာအမှုနဲ့ ကျုပ်ကို လာဖမ်းကြတာလဲ" ဟု ကိုချစ်စံက အံ့အားသင့်စွာမေး၏။

တကယ်တော့ ကိုချစ်စံမှာ ဟန်လုပ်နေရသော်လည်း ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရတော့သည်။ စမ်းစမ်းသေတ်မှု အတွက် သူ့အား လာဖမ်းကြပြီဟု တွက်လိုက်၏။

နွယ်ခွေသို့ စမ်းစမ်းအားလိုက်ပို့ရာမှ ရွှေ ငွေ လက်ဝတ် လက်စားများကို လိုချင်လောဘကြောင့် စိတ်ရိုင်းဝင်ပြီး သူ သတ်ခဲ့ပြီဖြစ်သည်။ သူက အိမ်မှာ ဟန်မပျက် ပြန်နေပြီး တစ်ဖက်ကပျောက်နေသော ချို့ကြီးကိုပင် ထောင်ထွက် လူ သတ်သမားအထင် ရောက်စေရန် မျက်လှည့်ပြထားခြင်းဖြစ် ၏။

ယခု သူ့ကိုလာဖမ်းပြီဆိုတော့မှ ရင်ထဲမှာ ထိတ်ခနဲ ဖြစ် သွားရခြင်းပင်။ သူက မြို့ပေါ်မှာ လူကြီးလူကောင်းစာရင်း ဝင်မို့ သည်လိုမထင်ရာဟုလည်း တွက်ထား၏။

ရာဇဝတ်အုပ် ကိုအေးဝင်းက ပြန်၍ပြော၏။

"ဘာရ်ဝါဂျာကုမ္ပဏီရဲ့ မန်နေဂျာချုပ်က ခင်ဗျား ငွေ တစ်သောင်း အလွဲသုံးစားလုပ်မှုနဲ့ ဂါတ်မှာ တိုင်ချက်ဖွင့်လို့ လာဖမ်းရတာပါ"



တော်သေးရဲ့၊ ယုန်ထောင်ကြောင်မိ၊ ဆန်ခိုးမမိ ဖွဲခိုးမိလို ဖြစ်ပေါ့မလို့ဟု ကိုချစ်စံစိတ်မှာ ပေါ့သွားရလေသည်။ ထို့ ကြောင့် ဟန်မပျက်ပင် ပြန်၍မေးသော်လည်း သူ့အသံက တုန်နေ၏။

"ဘာ....ဘယ်လိုကွ"

ကိုချစ်စံက သေချာအောင် ထပ်မေး၏။

"ဘာရ်ဝါဂျာကုမ္ပဏီရဲ့ မန်နေဂျာချုပ်က ခင်ဗျား ငွေ တစ်သောင်းကျော် အလွဲသုံးစားလုပ်မှုနဲ့ ဂါတ်မှာ တိုင်ချက် ဖွင့်လို့ လာဖမ်းရတာပါ"

"ကောင်းပြီလေ၊ လိုက်ပါ့မယ်"

ကိုချစ်စံက ရှပ်အင်္ကျီထယူ၍ဝတ်၏။ ဧည့်ခန်းမှာ ထိုင်နေ သော မြင့်မြင့်မှာ မျက်နှာမကောင်းတော့ချေ။

"မြင့်ရေ....ကိုယ် ဂါတ်တဲ ခဏလိုက်သွားဦးမယ်နော်၊ ဒီ အမှုမျိုးက အာမခံရမှာပါ၊ ခင်မောင်ဦးရုံးကို လူလွှတ်ခေါ် ပြီး ကိုယ့်နောက်လိုက်ခဲ့ဖို့ပြော"

"ဟုတ်ကဲ့ အစ်ကို"

ရာဇဝတ်အုပ်နှင့်အတူ ကိုချစ်စံ လိုက်ပါလာခဲ့ရလေတော့ သည်။

ရဲဌာနတွင်းသို့ ရောက်သည်နှင့် ဌာနပိုင်ကြီး ဦးဘသော် မရှိသေးသဖြင့် ခေတ္တမျှ စောင့်ဆိုင်းနေရလေ၏။

ဂါတ်တဲတစ်ခုလုံးမှ လူတွေကလည်း ကိုချစ်စံနှင့် သိကျွမ်း သောကြောင့် အချုပ်ထဲသွင်းခြင်းမပြုလုပ်ဘဲ ရဲစာရေးကြီး၏ စားပွဲရှေ့မှာပင် ထိုင်နေရလေသည်။

ဘာရ်ဝါဂျာကုလားတွေသည် ယခုအခါတော့ ကိုချစ်စံ အပေါ် သည်းမခံနိုင်သည့်အဆုံး ရဲသို့တိုင်ကြားပြီး အမှုဖွင့်ကာ အမှုလုပ်တော့မည် ဖြစ်လေသည်။

ကိုချစ်စံ၏ စာရင်းများကို တစ်နေ့က စစ်ဆေးရာ၌ ငွေ တစ်သောင်းကျော်ကွာနေပြီး ယင်းငွေကိုပြန်သွင်းရန် ကိုချစ်စံ ကြိုးစားနေခိုက် ယခုလို တိုင်ကြားခြင်းဖြစ်၏။

"ဒီနေ့ဟာ စနေနေ့နော်၊ ရုံးက နေ့ဝက်ပဲ၊ ဒီတော့ အာမခံပေးဖို့ ရုံးချိန်မကုန်မီ လုပ်မှဖြစ်မယ်၊ နို့မဟုတ်ရင် တနင်္ဂနွေ ကြားက ရုံးပိတ်ရက်ခံနေတော့ တနင်္လာနေ့မှ ကိစ္စပြီးမှာ" ဟု ကိုချစ်စံ တွေး၍ပူမိ၏။

ဌာနပိုင်ကြီး ဦးဘသော် ရောက်မလာသေးသဖြင့် သူ့အတွက် အာမခံကိစ္စက လုပ်၍မရသေးပေ။

ကိုချစ်စံကို လာဖမ်းကြသည်မှာ နံနက်စာ စားပြီးစဖြစ်၍ နေ့လယ်လက်ဖက်ရည်အတွက် ကိုချစ်စံက ဌာနမှရဲသားများ အတွက်ပါ ဝယ်ခိုင်းပြီး သောက်ကြလေသည်။

ကိုချစ်စံလိုလူက လူကုံထံတစ်ယောက်။ ပြီးတော့ သူ့အမှုကလည်း ခိုးမှု၊ ဝှက်မှု၊ တိုက်မှုမျိုးမဟုတ်၍ ရဲများက သူ့အား တလေးတစားပင် ဆက်ဆံကြသည်။

"ဌာနပိုင်ကြီးကလဲ အပြင်သွားတာ 'ကြာလိုက်တာဗျာ'" ဟု ကိုချစ်စံက ဦးဘသော်အား လည်တဆန့်ဆန့်ဖြင့်မျှော်မိ၏။

"ဟုတ်တယ် ဆရာသမား၊ မနေ့ကလဲ တစ်နေ့ကုန်တာပဲ၊ စမ်းစမ်းသတ်မှုအတွက် အပူတပြင်းလိုက်နေတယ်လေ"



စမ်းစမ်းကို သတ်သည့်အမှုဟု ကြားလိုက်ရတော့ ပို၍ တုန်လှုပ်လာမိသည်။ သို့သော်လည်း ဟန်မပျက်အောင် နေရတော့သည်။

"အင်း....ချုံကြီးတော့ ဒီအတိုင်းဆို မိမှာပါ" ဟု ရဲကြပ် တစ်ယောက်က ဝင်၍ပြောလေသည်။

ညနေစောင်းတော့ ရဲစခန်းသို့ မြင့်မြင့် လိုက်လာ၏။

"အာမခံကိစ္စ ဘယ်လိုလဲဟင်"

"ဌာနပိုင်ကြီးမရောက်သေးဘူး မြင့်ရဲ့၊ ညစာ အိမ်ပြန်ယူမှ ဖြစ်မယ်၊ ဒါနဲ့ ခင်မောင်ဦးကော"

"သူ့ရုံးကိုအကြောင်းကြားတော့ ဒီနေ့ပဲ မြည်ကို ရုံးကိစ္စနဲ့ သွားရပြန်သတဲ့"

"အေးပေါ့၊ ဘာရ်ဝါဂျာဘာဘူတွေဆီကော မြင့် သွားတွေ့သေးလား"

"သွားတွေ့တယ်၊ ဘာဘူကြီးတွေလဲ တိုက်ပိတ်ပြီး ရန်ကုန် ဆင်းသွားကြတယ်တဲ့၊ သူတို့ ရန်ကုန်ကတိုက်မှာ အစည်းဝေးရှိတယ်ပြောတာပဲ၊ တစ်ယောက်မှမတွေ့ခဲ့ဘူး၊ ဒရဝမ်ပဲ တွေ့တယ်"

"အေးပေါ့ကွယ်၊ သူတို့လဲ မျက်နှာပူကြတယ်နဲ့ တူပါတယ်၊ ကုမ္ပဏီဒါရိုက်တာအဖွဲ့ရဲ့ ဆုံးဖြတ်ချက် ဆိုတော့လဲ ကိုယ့်အပေါ် တရားစွဲမဖြစ်လို့ စွဲကြတာပဲဖြစ်မှာပေါ့၊ ကိစ္စမရှိပါဘူးလေ၊ ဒီငွေလောက်ကို ပြန်သွင်းပြီး အမှုကျေအေးအောင် လုပ်ခိုင်းရမှာပေါ့"

"ညနေကျရင် ရှေ့နေကြီးလာလိမ့်မယ်၊ သူ့ကို ကျွန်မ အကြောင်းကြားထားတယ်"

မြင့်မြင့် ပြန်သွားသည်။

ညနေကျတော့ ရှေ့နေကြီး ဂါတ်တဲသို့ လိုက်လာပြီး တွေ့၏။

ရဲစာရေးကြီးနှင့် အမှုဖွင့်သည့်အကြောင်း မေးမြန်းပြီး နောက် ကိုချစ်စံနှင့် အေးအေးဆေးဆေး ပြောရလေသည်။

"ပုဒ်မ–၄၀၉ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုနဲ့ စွဲထားတာဆိုတော့ အာမခံ ရနိုင်တဲ့အပြင် အမှုက ဒဏ်ငွေနဲ့ပဲ ပြီးနိုင်ပါလိမ့်မယ်၊ သိပ်တော့ စိုးရိမ်စရာ မရှိပါဘူး မောင်ချစ်စံ၊ လူသတ်မှု၊ လုယက်မှုတို့လို ရာဇဝတ် မှုကြီးမျိုးမှ မဟုတ်တာပဲ" ဟု ရှေ့နေကြီးက သေသေချာချာ ရှင်းလင်းပြောပြလေသည်။

"မှန်ပါတယ် ဦးလေးရယ်၊ အာမခံကိစ္စလဲ ဦးလေးပဲ ဦးဆောင်ပြီး လုပ်ပေးပါတော့၊ ကျွန်တော့်အမှုကို ဦးလေးပဲ အပ်ပါတယ်"

ရှေ့နေကြီးပြန်သွားတော့ ညနေစောင်းပြီဖြစ်၏။ မြင့်မြင့် ထမင်းချိုင့်နှင့် ထမင်းလာပို့သဖြင့် စားရသည်။

"အင်း....ရုံးချိန်တော့ကုန်သွားပြီ၊ ဒီညတော့ ဂါတ်တဲမှာ ပဲ အိပ်ရလိမ့်မယ်ထင်တယ်"

"ဌာနပိုင်ကြီးလာတော့ အာမခံပေးပြီး ပြန်လွှတ်မယ် ထင်ပါရဲ့ အစ်ကို"



"စာရေးကြီးကပြောတော့ တရားရုံးထုတ်ပြီးမှ အာမခံ လုပ်လို့ရမယ်တဲ့၊ မသကာ ကြားက နက်ဖြန်တနင်္ဂနွေတစ်ရက် ပေါ့ကွာ၊ တနင်္လာနေ့ကျရင်တော့ အာမခံရမှာပါ၊ အိမ်မှာ သာ ဂရုစိုက်ပေါ့၊ ကိုယ့်အတွက် စိတ်ချ၊ အမှုက အမှုသေးဖွဲ ပဲ၊ ဘာမှ စိုးရိမ်စရာမရှိပါဘူး" ဟု ကိုချစ်စံက ဇနီးအား နှစ်သိမ့်သည်။

ထမင်းစားပြီးနောက် မြင့်မြင့် ပြန်သွားသည်။ ညက လက်ဖက်ရည်နှင့် မုန့်များလာပို့မည်ဟု မှာသွားခဲ့လေသည်။

ညဦးပိုင်း ရောက်လေပြီ။

ရဲဌာနတွင်းသို့ ရောက်ကတည်းက ကိုချစ်စံ၏စိတ်တို့သည် ကယောင်ချောက်ချား ဖြစ်လျက်ရှိလေသည်။ ရဲဌာနအတွင်း ၌ ပြောနေကြသော စကားများကား စမ်းစမ်းသတ်မှုနှင့် ပတ်သက်၍ ယခုအထိ တရားခံလူသတ်သမားကို မမိသေးဟု ဖြစ်လေရာ မိမိကိုယ်တိုင် စမ်းစမ်းအား သတ်ပြီးဖြစ်ပါလျက် မိမိအပေါ် မစွပ်စွဲကြသေးခြင်းမှာ ပိုပိုရိရိ လွတ်မြောက်နေ သည်ဟု တစ်ဖက်မှ ဝမ်းသာစရာဖြစ်သော်လည်း တစ်ဖက်မှာ မူ မလုံမလဲရှိနေ၏။

ချောက်ချားသည့် စိတ်ကိုတော့ ငြိမ်သက်ပြေလျော့အောင်လုပ်နိုင် သမျှ လုပ်နေရ၏။

"ငါ့အမှုဟာ ငွေအလွဲသုံးစားလုပ်မှုပဲ၊ လူသတ်မှုနဲ့ငါနဲ့ ဘာမှမဆိုင်ဘူး"

ဟူ၍ စိတ်ကိုနှလုံးသွင်းကာ ပြေအောင် ဖြေစရာရှာနေရ လေတော့သည်။

ထိုခဏမှာ....

ဂျစ်ကားသံကြားရပြီးနောက် ဌာနပိုင်ကြီး ဦးဘသော် ဝင်ရောက်လာသည်။ သူနှင့်အတူ ချိုကြီးလည်း ပါ၍လာလေ သည်။

ချိုကြီးက ကိုချစ်စံကို မြင်လိုက်ရတော့ တွန့်ခနဲဖြစ်ပြီး ခြေ လှမ်းပင် တုံ့သွားလေ၏။

"မင်း ဘယ်သွားနေလဲ ချိုကြီး" ဟု ကိုချစ်စံက မေးလိုက် သည်။

"ကျွန်တော်....ဟို....ဟို...."

ချိုကြီး စကားဆက်မပြောမီပင် ဦးဘသော်က ဆွဲခေါ် သွားသဖြင့် ချိုကြီး ပါသွားလေသည်။

ခဏနေတော့ ဦးဘသော် တစ်ဖက်ခန်းမှ ပြန်ထွက်လာ ပြီး ကိုချစ်စံနားသို့ ရောက်လာ၏။

"ကျွန်တော်လဲ ဦးချစ်စံကို သိပ်အားနာတယ်ဗျာ၊ ချိုကြီး ကို လိုက်ရှာရတာနဲ့ မိုးချုပ်သွားတယ်"

"ကိစ္စမရှိပါဘူး ဌာနအုပ်ကြီးရယ်၊ ဒါထက် ဒီကောင့်ကို ဘယ်မှာသွားဖမ်းခဲ့ရတာလဲ"

"ဆေးမွေး ဆိုင်မှာပေါ့၊ သူက မီးရထားပေါ်က ဆင်း ဆင်းချင်း ဘူတာနောက်က သောက်နေကျ ဆေးမွေးဆိုင်ထဲ အဝင်မှာ အသင့်ချထားတဲ့ ဆားပုလင်းက ဖမ်းဆွဲလိုက်တာ ပေါ့"

"သူက ဘယ်သွား ရှောင်နေတာတဲ့လဲ၊ သူသတ်တယ်လို့ ဝန်ခံလားဗျ"



"ဒီလိုတော့ ဝန်မခံသေးဘူးဗျ ဦးချစ်စံ၊ သူ ရန်ကုန်သွား ...ယ်လို့ ပြောတာပဲဗျာ၊ ရန်ကုန်မှာ သူ့ သူငယ်ချင်း ထွန်း ...မာင်က စပယ်ယာအလုပ် ကောင်းတယ်လို့ ခေါ်တာနဲ့ ...ွားပြီး အခြေအနေကြည့်ရာက ခုမှပြန်လာတယ်လို့ အစစ် ...တယ်၊ သူ့ကို ကျွန်တော်စစ်ပြီးပြီ၊ ဒီတော့ တစ်ညတော့ ...ချုပ်ထဲ သွင်းထားလိုက်ဦးမယ်ဗျာ၊ လိမ်ပြောပြီး ခေါင်း ...နေရင်တော့ ပေါ်အောင်စစ်ရမှာပေါ့"

"သက်သေခံပစ္စည်း သူ့ဆီမှာ မတွေ့ဘူးလား"

"မတွေ့ဘူး ဦးချစ်စံရဲ့၊ ဒီကောင်က ဖျောက်ဖျက်ပြီး ...ရာပေါ့၊ ရက်က ကြာသလိုဖြစ်သွားမှပဲ၊ အင်းလေ....လူသတ် ...မားဟာ ခြေရာဖျောက်ချင်လဲ ခဏပါပဲ၊ ဒါမျိုးဆိုတာ ...ချိန်ကြာရင် အရိုးတွန်လာစမြဲပါ"

"မှန်တာပေါ့ ဌာနပိုင်ကြီးရယ်"

"ခင်ဗျားကိစ္စလဲ သိပ်အားနာပါတယ်ဗျာ၊ ကြားမှာက ...နဂ်ဇန္နတစ်ရက်ခံသွားတော့ တနလ်ာနေ့ကျမှပဲ လုပ်ကြတာ ...ါ့၊ အာမခံရမယ့် အမှုမျိုးပဲ၊ ကျွန်တော် အလုပ်များသွား ...ာ အားနာစရာကြီး....တောင်းပန်ရမှာပဲဗျာ"

"ကိစ္စမရှိပါဘူးဗျာ"

"ဦးချစ်စံ သက်သောင့်သက်သာ နေပါနော်၊ ဟိုမှာ ...န့်တော့် ဂျူတီအိပ်ရာရှိတယ်၊ အဲဒီမှာပဲ အိပ်ပေါ့၊ လိုတာ ...ရင်လဲ ပြောပါဗျာ" ဟု ဦးဘသော်က အားတုံ့အားနာ ...ိုလေသည်။

ချိုကြီးကိုတော့ အချုပ်ခန်းထဲသို့ သွင်းထားလိုက်သည်
ကိုချစ်စံက ညကျတော့ ဦးဘသော်ရုံးခန်းမှ အိပ်ရာမှာ အိပ်
သည်။

ညဉ့် သန်းခေါင်လောက်တွင်မူ အချုပ်ခန်းဖွင့်ပြီး အထဲမှ
ချိုကြီးအား ဦးဘသော်က ထုတ်သွားသည်ကို မြင်လိုက်ရ
သည်။ ဘယ်ခေါ်သွားပြီး စစ်ဆေးကြသည်ကိုတော့ မသိရ
ချေ။

နံနက်လင်းတော့ ချိုကြီးကိုခေါ်လာပြီး လက်မှတ်ထိုးခိုင်း
၍ ပြန်လွှတ်လိုက်လေတော့သည်။

"ဒီကောင့်ကို သက်သေအခိုင်အလုံ မရှိတော့လဲ ဆက်ဆွဲ
လို့ မဖြစ်ဘူးဗျ၊ ဒါကြောင့် ပြန်လွှတ်လိုက်ရတယ်၊ ဒါလဲ
တစ်နည်းတော့ ကောင်းတာပဲ၊ ဒါမှ အပြင်မှာ သူ့ ခြေလှမ်း
ဘယ်လိုဆိုတာ စောင့်ပြီးကြည့်ရမယ်၊ အမှားတွေ့လာတဲ့
အခါကျမှ အပိုင်ဆွဲနိုင်မှာပဲ ကိုချစ်စံ၊ အမှုက မြန်မြန်ပေါ်မှ
ဖြစ်မှာပါဗျာ၊ ကြာရင် နယ်စီးက ကျွန်တော်တို့ကို အုပ်လိမ့်
မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေး အသတ်ခံရတဲ့အမှု
ကလဲ တစ်မြို့လုံးက စိတ်ဝင်စားနေကြတယ်"

ထိုနေ့နံနက်စာကို ချိုကြီးပင် လာ၍ပို့၏။ ကိုချစ်စံက
ချိုကြီးအား မေးကြည့်ရသည်။

"မင်း ရန်ကုန်သွားနေတယ်ဆို"

"ဟုတ်တယ်....အစ်ကို၊ ထွန်းမောင်ခေါ်လို့ ကျွန်တော်လဲ
ခုပြန်ရောက်မှပဲ စမ်းစမ်းသေတာ သိရတယ်၊ အဲဒါ ရဲက
ကျွန်တော့်ကို မသင်္ကာလို့ဆွဲတာပဲ"



"အေးပေါ့ကွာ....မင်းမဟုတ်ရင်လဲ ပြီးတာပဲပေါ့"

ကိုချစ်စံက ပြောရင်းပင် ချိုကြီး၏ မျက်ရိပ်မျက်နှာကဲကို
ခက်ခဲတက်ကြည့်လိုက်သည်။

ကိုချစ်စံ၏အကြည့်ကြောင့် ချိုကြီးကမျက်နှာလွှဲပြီး ခေါင်း
ငုံ့သွားသည်။ ပြီးမှ....

"ကျွန်တော့်ကို မမမြင့်က နေ့တိုင်း ထမင်းပို့ပေးရမယ်
လို့ ခေါ်ထားလို့"

"အေးကွာ....အိမ်ဘက် နည်းနည်း ဂရုစိုက်လိုက်ပါဦး
ကွာ၊ ငါ တနယ်ာနေ့တော့ ပြန်လာမှာပါ"

❋

## အခန်း ( ၁၃ )

တနလ်ာနေ့....။

ကိုချစ်စံ တရားရုံးသို့ ဂါတ်တဲမှတစ်ဆင့် သွားရမည့်နေ့ ဖြစ်သောကြောင့် ရုံးမထွက်မီ နံနက်စာစားရန် အမြန် အမီပို့ ရမည်ဖြစ်၍ မြင့်မြင့်က အပြေးအလွှား ချက်ပြုတ်နေလေသည်။

ထမင်းချိုင့်ပို့ရန်လည်း ချိုကြီးကိုခေါ်ထားသောကြောင့် ချိုကြီးက အသင့်ရောက်နေပြီ။ အိမ်ရှေ့မှာထိုင်၍ ကိုချစ်စံ၏ သားအငယ်ဆုံး နို့စို့ကလေးငယ် အိပ်နေသည်ကို ပွေ့ယူကာ ထိန်းပေးနေသည်။

"ချိုကြီးရေ....ဒီနေ့တော့ ပို့ဖြစ်အောင် စောစောလေးပို့ပါကွာ၊ နောက်နေ့ဆိုရင် မင်းလုပ်စရာ မလိုတော့ပါဘူး၊သူ အိမ်ပြန်လာတော့မှာပါ"



မြင့်မြင့်က ပြောသဖြင့် ချိုကြီးက ကလေးချီရာမှ ဟန် ပြင်ပြင် ဖြစ်နေသည်။

"စမ်းစမ်းသေတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မင်းကို ဖမ်းတော့ ာတဲ့လဲ ချိုကြီး"

မြင့်မြင့်က မေး၏။

"ဟာ....ဆရာကတော်ရယ်၊ ကျွန်တော်လဲ ရန်ကုန်သွား တာ၊ ခု ပြန်လာမှသိတော့ ကျွန်တော်မှ မလုပ်တာချည်း"

"ဒါဖြင့် ဘယ်သူလုပ်တယ်လို့ မင်းထင်သလဲကွာ"

"မထင်တတ်ပါဘူး အစ်မရယ်"

"ကောင်းပြီလေ....မင်းရဲ့ ဆရာကတော့ အာမခံရပြီးရင် ပါပြီ၊လူသတ်မှုကိစ္စကိုတော့ မင်းရဲ့ဆရာကလဲ သူကိုယ်တိုင် ဦးစီးပြီး စုံစမ်းမယ်လို့ပြောတယ်၊သူလဲ ဒီအမှုပေါ်အောင် ားခဲနေတယ်ကွယ့်"

"မှန်တာပေါ့ အစ်မရယ်၊သေတဲ့စမ်းစမ်းက ဆရာ့တပည့် ်းပဲဟာ"

မြင့်မြင့်က ပြောရင်းပင် ထမင်းချိုင့်ထဲသို့ ထမင်းရော င်းပါ ထည့်နေတော့လေသည်။

"ချိုကြီး"

"ဗျာ....အစ်မ"

"စမ်းစမ်းကို သတ်တာ ဘယ်သူလို့ နင်ထင်သလဲဟင်"

"ဟာ...အစ်မကလဲ၊ စမ်းစမ်းသေတုန်းက ကျွန်တော်မှ တာဘဲဟာ၊ဘာထင်ရမှာလဲ၊ ကဲ....အစ်မကကော ဘယ်သူ ထင်လို့လဲ"

"ငါတော့ ခင်မောင်ဦးထင်တယ်"

"ဗျာ...."

ချိုကြီး မျက်လုံးပြူးသွား၏။

မြင့်မြင့်ကဲ ဆက်ပြောသည်။

"နင် တစ်ခုကြည့်စမ်း၊ ခင်မောင်ဦးက အခြေပျက်နေတာ ကြာပြီနော်၊ ဒီကောင်က စမ်းစမ်းရဲ့ပစ္စည်းယူပြီး သတ် တော့မှ သူ့ဟာသူ နွယ်ခွေက ကောင်မလေးတွေနဲ့ အဆ ပြေဖို့ လုပ်တယ်လို့ မပြောနိုင်ပေဘူးလား ချိုကြီး၊ ဟင်...

မြင့်မြင့်က သူ့အယူအဆကို ဤသို့ တင်ပြလာလေသည်

"ခက်တာပဲ အစ်မရယ်၊ ကျွန်တော်လဲ ဒါတွေ ဘာ မစဉ်းစားတတ်တော့ဘူးဗျာ"

ချိုကြီးက ညည်းညည်းညူညူပင် ပြန်၍ ပြောလိုက် မြင့်မြင့်က စဉ်းစားနေရာက ပြန်၍....

"ကဲ....ကဲ....အဲဒါအသာထား၊ ထမင်းချိုင့်ယူပြီး မြန်မြ သွားလိုက်တော့"

သည်တော့မှ ချိုကြီးက ထမင်းချိုင့်ကို လှမ်း၍ယူပြီး သ ချိုပိုးထားသော ကလေးငယ်အား မြင့်မြင့်ဆီသို့ လှမ်း၍ ပေ မည် အပြုတွင်ပင် မမျှော်လင့်ဘဲ....

"ဟာ....မမြင့်ကလေးက နောက်ဖေးတွေပါချပြီဗျ"

ချိုကြီးက ထမင်းချိုင့်ကို လက်တစ်ဖက်ဖြင့်ကိုင်ကာ ကျ လက်တစ်ဖက်က ကလေးငယ်ကို ပွေ့ထားရင်းပင် သူ့လုံချ မှာ နောက်ဖေးတွေ ပေကျံကုန်တော့သည်။



"ကဲ....ချိုကြီးရေ၊နင့်လုံချည်လျှော်ဖို့ အချိန်မရတော့ဘူး၊ ဒီတော့ အဲဒီလုံချည်ကိုချွတ်ပြီး အစ်ကိုချစ်စံရဲ့လုံချည် သဲဝတ် သွားပေတော့ဟယ်"

"ပေး....ပေး....အစ်မ၊ ဂါတ်တဲကို အချိန်မီ မရောက်ရင် ဆရာ ထမင်းစား လွတ်သွားလိမ့်မယ်ဗျ"

ချိုကြီးက ချိုပိုးထားသော ကလေးကို မြင့်မြင့်သို့ လှမ်း ပေး၏။မြင့်မြင့်က သူတို့အိပ်ခန်းတွင်းရှိ အဝတ်ဟောင်းခြင်း ထဲမှ လုံချည်တစ်ထည်ကို ဆွဲယူကာ ချိုကြီးအား လှမ်း၍ ပေး၏။

ချိုကြီးလို ဆိုက်ကားသမား အတွက်တော့ မြင့်မြင့်လို မိန်းမမျိုးက သူ့ယောကျ်ား၏ လုံချည်အသစ်ကျပ်ချွတ် မီးပူ တိုက်ပြီးသားမျိုးကို ဘယ်မှာပေးနိုင်ပါမည်လဲ။

သည်တော့လည်း အဟောင်းခြင်းတောင်းထဲမှာ ခြေမွ ထိုးထည့်ထားသည့် အဝတ်အစားအနွမ်းကိုပင် တမင်ပေးမိ သည်။

ချိုကြီးအဖို့ကလည်း လုံချည်အဟောင်းအသစ်က အဓိက မဟုတ်ပါ။

ချိုကြီးက ကလေးနောက်ဖေးတွေ ပေရေနေသော သူ့ လုံချည်နှင့် မြင့်မြင့်ပေးသော ကိုချစ်စံ၏ လုံချည်ဟောင်းကို လဲဝတ်လိုက်သည်။

"ကဲ....ကဲ....မင်းသွားတော့ ချိုကြီး၊ မြန်မြန် သွားမှကွ၊ နောက်ကျနေရင် ရုံးထွက်သွားလို့ ထမင်းစားမမီဘဲနေမယ်"

မြင့်မြင့်က လောဆော်လိုက်၏။

"ဟုတ်ကဲ့....မမြင့်၊ စိတ်ချပါ၊ ကဲ....ကျွန်တော် သွားပြီဗျာ"

ပြောပြောဆိုဆိုပင် ချိုကြီးက ထမင်းချိုင့်ကို ဆိုက်ကားပေါ်တင်၍ နင်းထွက်လာခဲ့လေတော့သည်။

စက်ဝင်းထဲက ထွက်လာခဲ့၍ ဘုရားကြီးလမ်းတစ်လျှောက်လုံး ချိုကြီးနင်းလာခဲ့လေရာ သူ၏စိတ်မှာ ရှုပ်ထွေးပြီး လေးနေသည် ထင်ရ၏။

စက် ဝင်း ကြီး ထဲ မှ ထွက် လာ ခဲ့ ပြီး နောက် ချို ကြီး ၏ ဆိုက်ကားမှာ ဂါတ်တဲတွင်းသို့ ဝင်ရောက်လာခဲ့လေတော့သည်။

ချိုကြီးဝင်ရောက်လာတော့ ရဲစခန်းတွင်းမှာ ဌာနပိုင်ကြီး ဦးဘသော် ရှိနေ၏။ ကိုချစ်စံမှာ ရဲစာရေးရှေ့ရှိ စားပွဲမှ ကုလားထိုင်တွင် ထိုင်နေသည်။

ချိုကြီးဝတ်လာသည့် လုံချည်ကို မြင်လိုက်ရသည်နှင့် ကိုချစ်စံ မျက်လုံးပြူးသွားတော့သည်။

ဤလုံချည်မှာ သီတင်းကျွတ်လတုန်းက ချိုကြီးက သူ့အား ကန်တော့ခဲ့သည့် လုံချည်ဖြစ်သည်။ ထို့ကြောင့်ပင် ထိုလုံချည်ကို မှတ်မှတ်ရရ ရှိနေခြင်းပင်။ အဝတ်ဟောင်း ခြင်းတောင်းထဲတွင် ထည့်ထားသောကြောင့် လုံချည်မှာ တွန့်ကြေကာ ညစ်ပတ်ပေရေနေလေပြီ။

ကိုချစ်စံက ချိုကြီးဝတ်လာသည့်လုံချည်ကို ငေးကြည့်နေရာမှ ရုတ်တရက် ထွက်ပေါ်လာသည့် ဦးဘသော်၏ အသံကြောင့် ကိုချစ်စံ ထိတ်ခနဲဖြစ်သွားရသည်။



"ဟော....ချိုကြီး ထမင်းယူလာပြီ၊ ကဲ....ဦးချစ်စံ၊ မြန်မြန်လေး စားပေတော့ဗျာ၊ လောတယ်လို့တော့ မထင်နဲ့နော်၊ ဒီနေ့ ရာဘက်တရားသူကြီးက ခရီးထွက်မှာမို့ ရထားမီအောင် ရုံးချိန်းတွေ စောစောပေးထားတယ်ဗျို့"

"ကောင်းပါပြီဗျာ"

ချိုကြီးက ထမင်းချိုင့်ဖြုတ်ပေးပြီးလျှင် သူ့ဆရာ ဦးချစ်စံအား သေသေချာချာပင် စားသောက်ဖွယ်ရာများကို ချခင်းပေး၏။

ကိုချစ်စံ စားသောက်ပြီးတော့ ချိုကြီးက ချိုင့်များ ပြန်သိမ်းသည်။ ဦးဘသော်က စားပွဲမှ ထလာပြီး သူတို့အနားမှ ဖြတ်လျှောက်ပြီး အချုပ်ခန်းဘက်သို့သွား၏။

ထို့နောက် ဦးဘသော်က အချုပ်ခန်းဘက်သို့ ပြန်လည်လျှောက်လာကာ လုံချည်ဟောင်း တစ်ထည်ကို ယူလာ၏။ ချိုကြီးအား လှမ်းပေးပြီး....

"ဟော့....ချိုကြီး၊မင်းဝတ်ထားတဲ့လုံချည် ချွတ်လိုက်စမ်း"

"ဆရာ....ဘာဖြစ်လို့လဲဗျာ"

"အဲဒါ စမ်းစမ်းကိုသတ်တဲ့ လူသတ်သမားဝတ်တဲ့လုံချည်ကွ၊ ကဲ.., မင်း ဒီလုံချည် ဘယ်ကရလာသလဲ၊ မင်းလုံချည်ဆိုရင်တော့ မင်း တရားခံပဲ"

ချိုကြီးက ကြောက်လန့်တကြားဖြင့် ဦးဘသော်အား ပြန်ကြည့်၏။ သည်အချိန်တွင် ကိုချစ်စံမှာ ရင်တွင်း၌ ထိတ်လန့်ခုန်လှုပ်လျက် ရှိလေပြီ။ ချိုကြီးက ဦးဘသော်ပေးသည့် လုံချည်အဟောင်းကိုယူ၍ လဲဝတ်လိုက်ရင်း....

"ဒါ....ဒါ....ကျွန်တော့်ဆရာကိုချစ်စံရဲ့ လုံချည်ပါခင်ဗျာ၊
သီတင်းကျွတ်တုန်းက ကျွန်တော် ကန်တော့ထားတာပါ၊
အခု ဆရာကတော်က အဝတ်ဟောင်းခြင်းထဲက ထုတ်ပေး
လိုက်တာပါ၊ ကျွန်တော့်လုံချည် ပေရေသွားလို့ပါ"

ဦးဘသော် ပြုံးလိုက်၏။

ပြီးတော့ လုံချည်အဟောင်းမှ သွေးများ ခြောက်နေသည်
ကို ကြည့်လိုက်ပြီးလျှင် ကိုချစ်စံအနားသို့ ရောက်လာသည်။

"ဒါ ခင်ဗျားလုံချည်နော် ကိုချစ်စံ"

လန့်ဖျပ်နေပြီဖြစ်သော ကိုချစ်စံ၏အသံမှာ မှုမမှန်တော့
ပေ။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကောင် ဘယ်တုန်းက ယူ
ဝတ်သွားမှန်း မ....မ....မသိပါဘူး"

"ဖြည်းဖြည်းပေါ့ ဦးချစ်စံ၊ အေးအေးဆေးဆေး စကား
ပြောကြတာပေါ့ဗျာ၊ ခဏနေတော့ ခင်ဗျား တစ်ခုချင်း သိ
လာရပါလိမ့်မယ်"

ကိုချစ်စံ၏ မျက်နှာထားမှာ စောစောကထက် တင်းမ
လာလေသည်။ ဦးဘသော်က ဂါတ်တဲအဝင်ဝသို့ လှမ်း၍
ကြည့်လိုက်သည်တွင် ဆိုက်ကားတစ်စီး ထိုးဆိုက်လာ၍ ဆိုက်
ကားပေါ်မှ လူကြီးတစ်ယောက်နှင့် ရဲအုပ်တို့ ဆင်းလာကြ
ပြီး ဝင်လာကြလေသည်။

ရဲအုပ်က ဆယ်လမ်းမှ ရွှေဆိုင်နှင့် ပန်းထိမ်ဖိုပိုင်ရှင် ဦး
ချစ်တီးအား သွားခေါ်လာခဲ့ခြင်းဖြစ်၏။ ဂါတ်တဲထဲရောက်



၍ ကိုချစ်စံကို မြင်လိုက်ရတော့မှ ဦးချစ်တီးလည်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ထိုင်ပါ ဦးချစ်တီး၊ ကဲ....ရာဇဝတ်အုပ် မောင်လှမြင့်၊ ဦးချစ်တီးဆီက ဘာပစ္စည်းများ တွေ့ခဲ့သလဲကွယ်" ဟု ဦးဘသော်က မေးလိုက်၏။

"ကျွန်တော်တို့ ရပ်ကွက်လူကြီးတွေ သက်သေထားပြီး ရှာဖွေပုံစံနဲ့ သိမ်းခဲ့တဲ့ ပစ္စည်းတွေ ပါလာပါတယ် ဆရာ"

ဒုရဲအုပ် ဦးလှမြင့်က အဝတ်ဖြူစဖြင့် ထုပ်ထားသော အထုပ်ကို စားပွဲပေါ်တင်၍ ဖြေဖြလိုက်၏။

ရွှေလက်ကောက် ကြိုးသစ်တစ်ရန်၊ နှစ်ကွင်း၊ ရွှေဆွဲကြိုး သော့ကက်သီးပါ တစ်ကုံး၊ နီလာလက်စွပ် ဇာရံတစ်ကွင်း၊ ရွှေဘီး တစ်ကျပ်သား တစ်ချောင်း၊ ရွှေနှင်းဆီကြယ်သီး ငါး လုံးပေါင်း တစ်ကျပ်သားနှင့် နားသန်သီးနားဆွဲ ကျောက်နှစ် ဆင့် နှစ်ခု သုံးမူးသားတို့ ဖြစ်ကြ၏။

"ဟောဒါက ဦးချစ်တီးရွှေဆိုင် ဘောက်ချာစာအုပ်ပါ၊ ဒီပစ္စည်းစာရင်းနဲ့တကွ ဦးချစ်စံ လာပြီးရောင်းလို့ ဝယ်ထား လိုက်ရတဲ့ နေ့စွဲရော အမည်ပါ ပါတယ်ဆရာ၊ ဝယ်ငွေက ငါးထောင့်ခြောက်ရာ နှစ်ဆယ့်နှစ်ကျပ်ပါ"

ကိုချစ်စံကား မျက်နှာ အပျက်ကြီးပျက်လျက် ရှိချေပြီ။ နဖူးမှာ ချွေးသီးချွေးပေါက်များ ပေါ်လာပြီး သက်ပြင်း မကြာခဏ ကျိတ်ချနေတော့၏။

"ကျွန်တော်လဲ ဦးချစ်စံလာရောင်းလို့သာ ဝယ်ထားလိုက်ရတာပါ၊ ဘာမှတော့ မသိဘူးခင်ဗျ" ဟု ဦးချစ်တီးက စိုးရွံ့စွာ ဝင်ပြော၏။

ဦးဘသော် မျက်နှာပျက်နေသည်။ ကိုချစ်စံအား စိုက်ကြည့်လိုက်ပြီး မေးလိုက်၏။

"ဦးချစ်စံ စမ်းစမ်းနဲ့ နတ္တလင်းဘက်ကို သွားသေးလား"

ဦးဘသော်၏ မေးခွန်းကြောင့် ကိုချစ်စံ ဖျတ်ခနဲဖြစ်သွားသည်။

"ကျွန်တော် မသွားဖူးပါဘူး"

"ဟုတ်လား၊ ကျွန်တော်တို့ ခင်ဗျားနဲ့ မစမ်းစမ်းတို့ နှစ်ယောက် ဂျစ်ကားနဲ့သွားတာ တွေ့လိုက်ရတယ်လို့ ပြောတဲ့လူက ပြောနေတယ်ဗျာ"

"လူမှားလို့ဖြစ်ပါလိမ့်မယ် ဦးဘသော်ရယ်"

"ခင်ဗျားမှာ ဂျစ်ကားရှိတယ်နော်"

"ဟုတ်ကဲ့ ရှိပါတယ်၊ ကျွန်တော်ပိုင်မဟုတ်ပါဘူး၊ကုမ္ပဏီက ပေးထားတဲ့ ကားပါ"

ဦးဘသော်က ဦးချစ်တီးထံမှ ရွှေ ထည် ပစ္စည်း များ ကို လက်ဖြင့်ဆွဲယူ၍ ကိုချစ်စံရှေ့သို့ တိုးပေးလိုက်ရင်း....

"ဒီရွှေထည်လက်ဝတ်လက်စားတွေဟာ သေသူမစမ်းစမ်းဝတ်တဲ့ လက်ဝတ်လက်စားတွေ ဟုတ်ရဲ့လား ကိုချစ်စံ"

ကိုချစ်စံ ချွေးပြန်လာ၏။နဖူးကို လက်ဝါးဖြင့်သုတ်သည်။

"ကျွန်တော် အမှတ်တမဲ့ပါပဲ၊ မိန်းကလေးတွေ ဝတ်တာဆင်တာကို သေသေချာချာ မကြည့်မိပါဘူးဗျာ"



ဦးဘသော် ပြုံးလိုက်၏။ပြီးမှ ရွှေငွေ လက်ဝတ်လက်စားများကို လက်ဖဝါးပေါ်သို့ တင်လိုက်၍ ကစားဟန်ပြုရင်း....

"အခု ဟောဒီကပန်းထိမ်ဆရာကြီးဦးချစ်တီးက ဒီပစ္စည်းတွေ ခင်ဗျား လာရောင်းတယ်လို့ ပြောနေပြီ ကိုချစ်စံ"

"ဟုတ်ပါတယ်၊ ဒါတွေဟာ ကျွန်တော့်အိမ်က အတွင်းပစ္စည်းတွေပါ၊ ငွေ ရုတ်တရက်လိုလို့ သွားရောင်းတာပါ၊ခုပဲငွေကြွာမှုကြောင့် ဂါတ်တဲထဲကိုရောက်နေတာ ကြည့်ပါတော့၊ လိုလိုမည်မည် ငွေပြန်သွင်းရအောင်ပါ"

"ဪ....ဪ"

ဦးဘသော်က ပြုံးလိုက်ပြီး ဆေးပြင်းလိပ်ကို မီးညှိအောင်ညှိကာ တစ်ဖွာနှစ်ဖွာ မှုတ်ထုတ်လိုက်ပြီး....

"ကောင်းပြီလေ၊ဒါဖြင့်လဲကိုချစ်စံကို ခိုင်မာတဲ့ သက်သေခံ အထောက်အထားတစ်ခု ထုတ်ပြရသေးတာပေါ့၊ခင်ဗျား သတိမေ့တတ်တဲ့လူတစ်ယောက်တော့ မဟုတ်ဘူးထင်ပါတယ် နော်"

ထို့နောက် ဦးဘသော်က ချာခနဲလှည့်ပြီး ရုံးခန်းတွင်းသို့ ဝင်သွားလေသည်။

ချက်ချင်းပင်....

ရုံးခန်းတံခါးဖွင့်၍ ပြန်ထွက်လာပြီးလျှင် အထဲမှ စက္ကူထုပ် တစ်ထုပ်ကိုယူလာပြီး စားပွဲပေါ်သို့ချလိုက်၏။

ကိုချစ်စံ၏ မျက်လုံးအစုံတို့က စက္ကူထုပ်ဆီသို့ရောက်သွားသည်။ စက္ကူထုပ်ကို စူးစိုက်၍ကြည့်နေ၏။

ဦးဘသော်က ကိုချစ်စံ စက္ကူထုပ်အပေါ် စိတ်ဝင်တစား ဖြစ်နေသည်ကိုသိ၍ တမင်တကာ အချိန်ဆွဲသည့် သဘောဖြင့် ထ,ထွက်သွားပြန်သည်။

"ကျွန်တော့် ရွှေဆိုင်ကို လာရှာကြတယ်၊ ကျွန်တော်လဲ ခင်ဗျားရောင်းသွားတဲ့ ပစ္စည်းတွေ စာရင်းနဲ့တကွ ထုတ်ပြရ တာပေါ့ဗျာ၊ ဘာလုပ်ကြမှာလဲ ကိုချစ်စံ"

ဦးချစ်တီးက နားမလည် သဘောမပေါက်သလို မေးပြန် သည်။

"ပြီးတော့ သိမှာပေါ့ဗျာ ကိုချစ်တီးရာ"

"အင်း....ကျုပ်က ဘာမှမသိဘူးနော် ကိုချစ်စံရဲ့" ဟု ဦး ချစ်တီးက အားတုံ့အားနာစွာ ပြောနေပြန်၏။

ဦးဘသော် ပြန်ထွက်လာသဖြင့် စကားပြတ်သွားကြ၏။ ဦးဘသော်က ဆေးပြင်းလိပ်ကို ဖြည်းဆေးစွာ မီးညှိအောင် ညှိလိုက်ရင်း ကိုချစ်စံ၏မျက်နှာကို တစ်ချက်မျှ အကဲခတ်လိုက် ပြီးမှ စားပွဲပေါ်မှ စက္ကူထုပ်ကို ဖြည်းဆေးစွာဖြေလိုက်တော့ သည်။

ဟင်းခနဲ သက်ပြင်းချသံနှင့်အတူ ကိုချစ်စံ မျက်နှာမှာ ခေါင်းငိုက်ခနဲ စိုက်ကျသလို ဖြစ်သွားရတော့၏။

စက္ကူထုပ်ထဲမှ ပေါ်ထွက်လာသည့် ပစ္စည်းကား သမင် မွေးရောင် နီညိုသားရေဖြင့်ချုပ်ထားသည့် ရှူးဖိနပ်တစ်ဖက် တည်းသာ....

"ဦးချစ်စံ....ဒီဟာ ခင်ဗျားဖိနပ် ဟုတ်တယ်နော်" ဟု ဦး ဘသော်က မေးလိုက်၏။



"ကျွန်တော် မမှတ်မိဘူး"

ကိုချစ်စံက စတင်၍ ဘူးကွယ်ပြီဟု ဦးဘသော် နားလည် လိုက်သဖြင့် ပြုံးလိုက်၏။ ထိုအခိုက်မှာ ရဲသားတစ်ယောက် က လုံချည်တစ်ထည်ယူလာပြီး စားပွဲပေါ်သို့ တင်လိုက်ပြန် သည်။

စောစောက ချိုကြီး အိမ်မှ ဝတ်လာသော လုံချည် ဟောင်းဖြစ်၏။ လုံချည်တွင် သွေးစများ ခြောက်ပြီး ကွက် နေသည်။

"ဒါလဲ ခင်ဗျားအိမ်က ချိုကြီးဝတ်လာတဲ့ လုံချည်ပဲလေ၊ ခင်ဗျား လုံချည်ပါပဲနော်၊ ခုနပဲ ချိုကြီးဆီက ချွတ်လဲလိုက် တာလေ"

ကိုချစ်စံ ဘာမှမပြောဘဲ ကြောင်ငေးငေးကြီးဖြင့် လုံချည် ကိုသာ စူးစိုက်၍ကြည့်နေလေသည်။

ရာဇဝတ်အုပ် မောင်လှမြင့် ပြန်၍ဝင်လာပြီး....

"အဆင်သင့်ဖြစ်ပါပြီ ဆရာ"

ဦးဘသော်က ထိုင်ရာမှထ၍ ဖိနပ်နှင့်လုံချည်တို့ကို ရဲသား လေးသို့ ပေးပြီး....

"ကဲ....ဦးချစ်စံ၊ ခင်ဗျားအိမ်ကိုသွားကြစို့ဗျာ၊ ဦးချစ်တီး လဲ လိုက်ခဲ့ပေါ့၊ သက်သေအဖြစ်ပေါ့ ခင်ဗျာ" ဟု ဆိုလိုက်၏။

ရာဇဝတ်အုပ် ဦးမောင်လှမြင့်က ချက်ချင်းပင် ကိုချစ်စံ၏ ခုံးကိုဆွဲဖက်ပြီး ထ,စေကာ ရဲစခန်းအပြင်သို့ ထွက်လာခဲ့ ကြတော့သည်။

ကားပေါ်သို့ တက်ပြီးနောက် ကိုချစ်စံ၏ အိမ်ဘက်သို့ မောင်းထွက်လာခဲ့ကြ၏။

သူ့အိမ်သို့သွားသည်ဆိုတော့ ကိုချစ်စံ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရလေသည်။

အိမ်မှာ ဘာမှစီစဉ်ခဲ့ခြင်း မပြုခဲ့ရသေး။

ဦးဘသော်တို့က ဘာကို ရှာဖွေလို၍ သူ့အိမ်သို့ လာခဲ့ကြသနည်းဟုလည်း သိလိုဇောက ပြင်းပြလာမိလေသည်။

ကားပေါ်မှာ ဦးဘသော်လက်ထဲတွင် ရဲစခန်းတွင်းတုန်းက သူ့အားထုတ်ပြသည့် ရှူးဖိနပ်တစ်ဖက်ကို စက္ကူဖြင့်ထုပ်၍ ကိုင်လာသည်ကိုလည်း သူမြင်ရ၏။ ဦးချစ်စံ ချွေးပြန်ရုံမှမကဘဲ နဖူးပေါ်မှာပင် ချွေးသီးတွေ သီးလာသောကြောင့် အသာသုတ်ပစ်လိုက်ရ၏။

"လူသတ်မှုဆိုတာ အရိုးတွန်တတ်တယ်ဗျာ ဦးချစ်တီးရဲ့၊ ဘယ်လောက် ပိပိရိရိဖုံးပေမယ့် တစ်ချိန်မှာတော့ ပေါ်စမြဲပဲ...."

ဦးဘသော်ကပြောကာ ဦးချစ်တီးအားမကြည့်ဘဲ ကိုချစ်စံ၏ မျက်နှာရိပ်ကို အကဲခတ်လိုက်လေသည်။

ကိုချစ်စံကတော့ ဘာမှ မပြောတော့ဘဲ တစ်စုံတစ်ခုကို တွေးသလိုနှင့် ငေးမောရင်း ပါလာ၏။ ရဲဂျစ်ကားက ဆန်စက်ဝင်းထဲသို့ မောင်းဝင်လာခဲ့ပြီးလျှင် စက်ဝင်းရေကန်နားရှိ ကိုချစ်စံ၏ ဆင်ဝင်အိမ်ကြီးဆီသို့ ဝင်လာကာ ဆင်ဝင်အောက်မှာ ရပ်လိုက်သည်။

မြင့်မြင့်က အိမ်ပေါ်မှပြေးဆင်းလာ၏။



"အစ်ကို ပြန်လာပြီလား"

ကိုချစ်စံက ဘာမှမပြောဘဲ ဧည့်ခန်းသို့ ဦးဆောင်၍ င်သွားပြီး....

"ထိုင်ကြပါဗျာ"ဟု ပြောကာ သူပါထိုင်၏။ သူ့ဇနီး င့်မြင့်အား ဘာမျှဝင်မပြောစေရန် ပါးစပ်ကို လက်ညှိုး င့်ပိတ်၍ အချက်ပြလိုက်သဖြင့် မြင့်မြင့်ကလည်း ငြိမ်၍ရပ် ကြည့်နေလေသည်။

"မောင်လှမြင့်၊ ဆန်စက်ထဲကသက်သေလူကြီးနှစ်ယောက် လာက် ရှာခဲ့ပါကွယ်"

ဦးဘသော်က ပြောလိုက်သဖြင့် ရာဇဝတ်အုပ် မောင်လှ င့် ထ ထွက်သွား၏။ ခဏမှာပင် လူကြီးနှစ်ယောက်ခေါ် း ပြန်ဝင်လာလေသည်။

"ဟောဒါက ဂန့်ဒယ်ဦးမြဟန်၊ ဒီဦးလေးက ဆီလောင်း းပုတို့ပါ ဆရာကြီး"

ရဲအုပ်ကပြောပြီး မိတ်ဆက်ပေးသဖြင့် ဦးဘသော်က တို့ဘက်သို့လှည့်ပြီး....

"ဦးတို့ကိုခေါ်ရတာက ဒီလိုပါ၊ အခု ကျွန်တော်တို့မှာ ျးသည် မစမ်းစမ်းသတ်မှုနဲ့ ပတ်သက်ပြီး ဟောသည့်အိမ် ာ နည်းနည်းပါးပါး ရှာဖွေစရာလေးရှိနေလို့ သက်သေ ဖြစ်နဲ့ ကူညီကြည့်ပေးကြဖို့ပါပဲ"

ဦးမြဟန်နှင့် ဦးပုတို့ကလည်း သူတို့ဆရာ မန်နေဂျာ းချစ်စံ၏အိမ်မှာ သည်လိုသက်သေ ပါရမည်ဆိုတော့

မျက်နှာမကောင်းကြတော့ပေ။ အားတုံ့အားနာ အသွ
များ ဖြစ်နေကြ၏။

"ကျွန်တော်တို့အစား တခြားလူတွေခေါ်ရင်ကော ဌာ
ပိုင်ကြီးရယ်"ဟု ဦးမြဟန်က မပါလိုသည့်သဘောဖြင့် ပြေ
မိသည်။

ကိုချစ်စံက လက်ကာပြရင်း....

"နေပါဦးမြဟန်၊ သက်သေအဖြစ်နဲ့ နေလိုက်ပါ၊ ကျွ
တော် ခင်ဗျားတို့အပေါ် ဘယ်လိုမှ သဘောမထားပါဘူ
ဗျာ"

ဦးဘသော်က အိမ်ထဲမှာ မရှာဖွေမီ ဆောင်ရွက်စ
များကို စနစ်တကျ စတင်လုပ်ပြီး ဦးမြဟန်၊ ဦးပုနှင့် ဦးချ
တီးတို့အား လုပ်နည်း ရှင်းလင်းပြောပြသည်။

"ကဲ....ရှာကြစို့ဗျာ"

ဦးဘသော် ပြောသဖြင့် ရဲအုပ်လှမြင့်က သက်သေလူကြီ
များကိုခေါ်ပြီး လှေကားကြီး၏အောက်သို့ လာခဲ့ကြတော့
သည်။

လှေကားကြီးအောက်မှာ ဖိနပ်စင်ကို တွေ့ရ၏။

ကိုချစ်စံသည် ယခုမှ အိမ်သို့ပြန်လာခြင်းဖြစ်၍ ဘာတစ်ခု
မှ အစီအစဉ်ကျအောင် ထားသိုခြင်း မပြုနိုင်ချေ။

ဦးဘသော်က ဖိနပ်စင်ပေါ်မှာတွေ့ရသော တစ်ဖက်
တည်းကျန်သည့် ဖိနပ်ကို အမျှားရှေ့တွင် ဆွဲယူလိုက်၏။
ဂါတ်တဲမှာ ပြသတုန်းက ဖိနပ်မှာ လက်ဝဲဘက်ဖိနပ်ဖြစ်၍



ခု ဖိနပ်စင်ပေါ်မှာတွေ့ရသော ဖိနပ်ကား လက်ယာဘက်
ပ်ပင် ဖြစ်လေသည်။

"ဒါ ကိုချစ်စံရဲ့ ဖိနပ်နော်"

ဦးဘသော်က ဖိနပ်ကိုပြသ၍ မေးလိုက်၏။ ကိုချစ်စံက
ါင်းညိတ်ပြရတော့၏။ ဦးဘသော်က ဖိနပ်ကို သက်သေ
ကြီးများအား ပြသပြီး ရှာဖွေပုံစံမှာ ထည့်စေသည်။ ပြီး
ရဲသားလေးအား ကားပေါ်မှ စက္ကူထုပ်ကို ယူလာခိုင်း
။ စက္ကူထုပ် ရောက်လာတော့ အထုပ်ထဲမှ ဖိနပ်ကိုယူပြီး
၍ ပြသလိုက်ပြန်သည်။

"ဒီနှစ်ခုပေါင်းမှ တစ်ရန်ဖြစ်သွားတယ်၊ အားလုံးမြင်ကြ
တဲ့ အတိုင်းပါပဲနော်"

အားလုံးက ခေါင်းညိတ်ကြ၏။

"ကျွန်တော့်ဖိနပ်တော့ မှန်ပါတယ်ဗျာ၊ တစ်ဖက်တည်း
ားပေါ်က ကျကျန်ရစ်တာ"ဟု ကိုချစ်စံက ဝင်ပြော
သည်။

"ကိစ္စမရှိပါဘူးလေ၊ နောက်တော့ ဒီဖိနပ် ဘယ်လိုရခဲ့
ယ်ဆိုတာ ဦးချစ်စံ သိလာရမှာပါဗျာ"ဟု ဦးဘသော်က
ပြောပြီး ဖိနပ်သိမ်းခိုင်းလိုက်၏။

သည်နောက် ကိုချစ်စံအိမ်မှ မီးခံသေတ္တာကို ဖွင့်ခိုင်း၍
ှာဖွေကြရာ ငွေစက္ကူများ အထုပ်လိုက် တွေ့လေသည်။
သီးခြားအထုပ်ဖြစ်၏။

"ကဲ....ရေတွက်ကြည့်စမ်း မောင်လှမြင့်၊ သက်သေတွေ လဲ
င်ရေတွက်ပေးပါခင်ဗျာ၊ မြန်မြန် ပြီးသွားအောင်လို့ပါ"

ရာဇဝတ်အုပ်မောင်လှမြင့်က ငွေစက္ကူတွေကို သက်
လူကြီးများထံသို့ ဝေပေးပြီး ခေါင်းချင်းဆိုင် စု၍ရေတွ
ကြလေသည်။ တစ်ရာတန်စက္ကူများ၊ တစ်ဆယ်တန်၊ င
ကျပ်တန်၊ တစ်ကျပ်တန်စသည်ဖြင့် သီးခြားလိုက် ရေတွ
ရာ ခဏမျှပင် ပြီးစီးသွား၏။

"အားလုံး ဘယ်လောက်ရှိလဲ မောင်လှမြင့်"
ဦးဘသော်က မေးလိုက်၏။

"ငါးထောင့်ခြောက်ရာ နှစ်ဆယ့်နှစ်ကျပ်ပါ ဆရာကြီး"
ဦးဘသော်ကဦးချစ်တီးဆိုင်မှ သိမ်းယူလာသော ဘော
ချာနှင့် တိုက်ကြည့်လိုက်ရာ ငွေပမာဏမှာ တစ်ထပ်တည
ကိုက်ညီနေသည်ကို တွေ့ရလေသည်။

"ကဲ....အဲဒီငွေအားလုံး ရှာဖွေပုံစံနဲ့ သိမ်းကွယ်"
ဦးဘသော်က ပြောလိုက်သဖြင့် ရာဇဝတ်အုပ်မောင်
မြင့်က ပုံစံဖြည့်ရလေတော့၏။

ပြီးမှ ရဲသားလေးယူလာသည့် စက္ကူထုပ်ထဲမှ လုံချည်
ထုတ်၍ မြင့်မြင့်ကို ပြပြီး.....

"ဒီလုံချည်ဟာ ဦးချစ်စံရဲ့လုံချည် ဟုတ်ပါသလား"
ဦးဘသော်က မေး၏။

"ဟုတ်ပါတယ်ရှင်"

"မောင်ချိုကြီးဝတ်ဖို့ ပေးလိုက်တာ မှန်တယ်နော်"

"ဟုတ်ကဲ့၊ အဲဒီနေ့က မောင်ချိုကြီး လုံချည်အိမ်ပြန်လဲ
အချိန်မရလို့ သူ့ဆရာရဲ့ ဒီလုံချည် ပေးလိုက်ရတာပါရှင်



ဦးဘသော်က လုံချည်ပြန်ထုပ်ထားပြီး ရဲသားလေးအား
၍ ပေးလိုက်သည်။

"ကဲ....အားလုံးတော့ ပြည့်စုံပါပြီ၊ စခန်းပြန်သွားကြဖို့
၊ ဦးချစ်စံ ယူချင်တဲ့ပစ္စည်းများရှိရင်လဲ ယူခဲ့ပါ"
ကိုချစ်စံက မြင့်မြင့်အား အနွေးထည် ကုတ်အင်္ကျီနှင့်
ဖလား၊ လုံချည် အပိုတစ်ထည်၊ ရှပ်လက်တိုတစ်ထည်တို့ကို
ယ်အိတ်ထဲသို့ ထည့်ခိုင်းလိုက်၏။

"ညနေ ထမင်းလာပို့ပါဦး" ဟုလည်း မှာလိုက်သည်။
လည်း နည်းနည်းပါးပါးမှာ၏။ အဝတ်များ လွယ်အိတ်
ထည့်ကာပေးသဖြင့် ရဲသားလေးက ယူလိုက်၏။

ဦးဘသော်က မျက်ရိပ်ပြလိုက်သဖြင့် ရာဇဝတ်အုပ်က
ချစ်စံအား လက်နှစ်ဖက်ကိုယူပြီး ပူး၍ ချောက်ခနဲ လက်
တ်ခတ်လိုက်လေသည်။

မြင့်မြင့်က ကြည့်ရင်းနှင့် မျက်ရည်တွေတွေကျလာ၏။
ဘာမှမသိရှာပါ။

ရဲကားပေါ်သို့ ပြန်တက်ကြပြီးလျှင် မောင်းထွက်လာခဲ့
တော့၏။

ဦးမြဟန်၊ ဦးပုတို့ ပြန်သွားကြပြီးလျှင်တော့ ကိုချစ်စံ
ယောက် လူသတ်မှုဖြင့် အဖမ်းခံသွားရပြီဆိုသည့်သတင်း
စက်ဝင်းထဲ၌ ပျံ့နှံ့သွားပေရော့မည်ဟု ကိုချစ်စံ တွေးမိ
ည်။

ရဲစခန်းသို့ရောက်သည်တွင် ဦးချစ်တီး ပြန်သွား၏။ ကို
စံအား အချုပ်ခန်းတွင်းသို့သွင်းလိုက်ပြီးလျှင် ဦးဘသော်

က ဆက်လက်၍လုပ်ရမည့် အလုပ်များကို ရဲစာရေးကြီးနှ
တစ်ခုချင်း အစီအစဉ်ဆွဲလေတော့သည်။

ကိုချစ်စံမှာကား အချုပ်ခန်း၏ အရသာကို ပွဲဦးထွက်
ခံစားယိတွေ့ကာ တသသဖြင့် နောင်တသံဝေဂရ၍ မဆုံ
နိုင်အောင် ဖြစ်ရတော့၏။

သို့သော် နောက်ကျခဲ့လေပြီ။

ကိုချစ်စံအား စမ်းစမ်း သတ်မှုဖြင့် ဖမ်းလိုက်ပြီဆိုသော
သတင်းကား မြို့ပေါ်၌ ဟိုးဟိုးကျော်၍သွားပါလေတော့
သတည်း။

❋

အခန်း ( ၁၄ )

"ရှိုးတော်ရှေ့မှောက်မှာ ကျွန်တော် ဖြောင့်ချက်ပေးလို ပါတယ်"

ကိုချစ်စံက လေးဆေးသောအသံဖြင့် ပြောလိုက်သည်။ တရားသူကြီးက ကိုချစ်စံ တစ်ယောက်တည်း သီးခြားတွေ့ဆုံပြီး ဖြောင့်ချက်ပေးနိုင်ရန် စီစဉ်ပေးမည်ဟု ပြောကာ နေ့လယ် အချိန်သတ်မှတ်ပေးသည်။

မလိုအပ်သူများ၊ ရုံးတွင်းမှ အခြားသူများအား ထွက်စေသည်။ မမြင်ရ၊ မကြားရသည့်နေရာသို့သွား၍နေစေရန် ကျင့်ထုံးလုပ်နည်းအတိုင်း ပြုလုပ်ပြီးလျှင် ရာဇဝတ် တရားသူကြီးက သူ၏ လက်နှိပ်စက်စာရေးနှင့်အတူ ကိုချစ်စံ၏ ဖြောင့်ချက်ကို အောက်ပါအတိုင်း ရယူတော့သည်။

"အဲဒီနေ့က ကျွန်တော် အိမ်ကထွက်လာတဲ့ အခါမှာ...

.... .... .... .... ....

.... .... .... .... ....

.... .... .... .... ...."

* * *

မိုးက နံနက်ဆင်းကတည်းက တဖွဲဖွဲနှင့်ရွာနေ၏။ တစ်နေ့လုံး စွေမည်သို့နှယ်။

ကိုချစ်စံသည် ဂျစ်ကားကိုမောင်း၍ထွက်လာခဲ့ပြီး ဘုရားကြီးလမ်းသို့ ရောက်သည်တွင် ပြည်ကက်သို့သွားရန်အတွက် လက်ယာဘက်သို့ ကားအရှိန်လျှော့လိုက်စဉ် ဈေးထောင့်မှ ထွက်လာသော စမ်းစမ်းနှင့် မျက်နှာချင်းဆိုင် သွားတွေ့လေသည်။

စမ်းစမ်းက ထီးကလေးဆောင်း၍ ထဘီအပြာရောင်ကလေးဖြင့် မိုးဖွဲဖွဲမှာ ပြည်လမ်းမပေါ်တက်လာရာက ကိုချစ်စံ၏ ဂျစ်ကားကို တွေ့လိုက်ရ၍ ခြေလှမ်းများရပ်သွားသည်။

"ဟေး....မိစမ်း၊ ဘယ်လဲကွ"

ကိုချစ်စံက ကားရပ်ပြီး မေးသည်။

"ကျွန်မ နွယ်ခွေသွားမလို့ ဆရာ"

"မိုးတွေ လေတွေထဲမှာ နင်တစ်ယောက်တည်းလား"



"မနေ့ကတော့ ကိုချိုကြီးကိုပြောထားတာပဲ၊ ဒါပေမယ့် ထိပေါ်မလာလို့ သူ့ ဂိတ်သွားပြီးရှာမယ် ဆရာ၊ မတွေ့ရင် ဲ ကျွန်မတစ်ယောက်တည်းပဲ သွားရတော့မှာပေါ့၊ ဆရာ ကော ဘယ်ကိုလဲ"

ကိုချစ်စံက လက်ပတ်နာရီကို ကြည့်လိုက်ပြီး....

"ငါ ပြည်သွားမလို့၊ ကဲ....လာဟာ ကားပေါ်တက်၊ ါ ဆိုက်ကားဂိတ်ပို့ပေးမယ်"

စမ်းစမ်း ထီးကလေးပိတ်ပြီး ဂျစ်ကားပေါ်သို့တက်လိုက် ၏။ ကိုချစ်စံ ကားကို မောင်း၍ကွေ့ပြီး ဘူတာရုံနားမှ ဆိုက်ကားဂိတ်သို့ လာခဲ့ရလေသည်။

ဆိုက်ကားဂိတ်မှာ ချိုကြီးမရှိသေး။ မေးကြည့်တော့ မိုး လင်းမီက အော်ဒါတစ်ခုရ၍ ထွက်သွားရာ ပြန်မရောက် သေးဟု သိရ၏။

"ဘယ်လိုလုပ်မလဲ မိစမ်း"

"ကျွန်မ တစ်ယောက်တည်းပဲသွားမယ် ဆရာ၊ ဖြစ်ပါ တယ်"

"နွယ်ခွေက မြင်းလှည်းနှစ်ဆင့်စီးရမှာ"

ကိုချစ်စံက စဉ်းစားပြီး စမ်းစမ်း တစ်ကိုယ်လုံးကို အကဲ ခတ်ရင်း ကြည့်လိုက်၏။ စမ်းစမ်း ဝတ်ဆင်ထားသည်က ွဲ့ထိုင်သွားသလား ထင်ရ၏။ တစ်ကိုယ်လုံး ရွှေထည်အပြည့်။ သူများရပ်ရွာ သွားမည်ဆိုတော့ မိန်းမသားပီပီ ရှိသည့် ပစ္စည်း ထုတ်ကြွားချင်တာလည်းပါသည်။ ကိုချစ်စံ ပြုံး လိုက်၏။

"ကဲပါဟယ်....ငါပဲ နင့်ကို လိုက်ပို့ပါမယ်၊ မိုးနဲ့လေနဲ့ နင်တစ်ယောက်တည်းသွားလို့ မတော်ပါဘူး"

"ဆရာ...ပြည်ကိုသွားမလို့ဆို၊ နောက်ကျနေမှာပေါ့"

"မနက်ပိုင်း နင့်ကိစ္စပြီးမှပဲ ပြည်ကိုသွားတော့မယ်လေ၊ ကိုယ့်ကားနဲ့ကိုယ်ပဲ မြန်ပါတယ်၊ နင်တစ်ယောက်တည်း ငါ စိတ်မချဘူး"

စမ်းစမ်း၏မျက်နှာကလေးမှာ ဝင်းပသွားလေသည်။

"ကျေးဇူးပါပဲ ဆရာရယ်"

ကိုချစ်စံက ဂျစ်ကားကို မောင်းထွက်လာပြီးလျှင် ပြည်လမ်းပေါ် ရောက်တော့ နတ္တလင်းဘက်သို့ ဦးတည်လိုက်လေသည်။

မိုးက စွေဖွဲ့နေရာက တိတ်သွား၏။

နေရောင်ကလေးပြူလာသဖြင့် မြို့ပြင်မှ ရှုခင်းမှာ စိမ်းလန်း စိုပြည်ကာ နေခြည်မှာ ဝင်းလက်တောက်ပလာလေသည်။

ဘိုးသာအောင်ကုန်းနားသို့ရောက်လာတော့ ရှင်သန်နေသော ကြံပင်တောကြီးများကို လှမ်း၍ မြင်ရသည်။ လေအလာတွင် ကြံပင်များမှာ ယိမ်း၍နွဲ့ပြီး ပင်ချင်းထိနေသောကြောင့် ကတ္တီပါစိမ်းကြီးဖြင့်ခင်းထားရာက တွန့်ကြေနေသလို ထင်ရ၏။

တံတားမဖာက်မီပင် ဂျစ်ကား၏ ရှေ့စက်ခေါင်းထဲမှ အငွေ့များ ထွက်လာလေသည်။ ကိုချစ်စံက ကားကို ကြံ ရောင်းဆိုင်ကလေးနားမှာ ရပ်လိုက်၏။



"ကားက ရေဆူပြန်ပြီ၊ ဒီစက်ဆရာကလဲ သေသေချာချာ လုပ်မပေးဘူး"

ကိုချစ်စံက စက်ဆရာအား ရေရွတ်ပြောဆိုကာ ဂျစ်ကား နောက်ခုံမှာ ထောင်ထားသောရေပုံးကို ဆွဲ၍ဆင်းသွားပြီး စက်ခေါင်းဖွင့်၍ ရေထည့်လေသည်။

ပြီးမှ ကားပေါ်တက်၍ မောင်းထွက်လာခဲ့၏။

နတ္တလင်းမြို့ထဲ ဝင်လာပြီးနောက် သံဖြူရုံမှ ကွေ့ချိုးကာ တာပွန်လမ်းအတိုင်း မောင်းလာခဲ့လေသည်။

ခဏမှာပင် နွယ်ခွေသို့ ရောက်ကြ၏။

ကားပေါ်မှဆင်းပြီး သူကြီး ဦးမှည့်၏နေအိမ်သို့ လျှောက်လာခဲ့ကြ၏။ သူတို့ကိုတွေ့သည်နှင့် ဦးမှည့်က ပျာပျာသလဲ ဆီးကြိုသည်။ ကိုချစ်စံအား ဦးမှည့်က သိကျွမ်းပြီးဖြစ်သည်။ သည်နယ်တစ်ဝိုက်ကလူတွေ စပါးသမားတွေမှာ ကိုချစ်စံအား မန်နေဂျာဟု မထင်မှတ်ကြဘဲ ဆန်စက်ပိုင်ရှင်ဟုပင် ထင်မှတ်ကြကာ စက်သူဌေးဟု ခေါ်ကြ၏။

"ဟော .... သူဌေးပါလား၊ မစမ်းစမ်းလဲ ပါတာကိုး၊ ကြွကြပါ....ကြွကြပါ၊ ဘာကလာကြပါသလဲ ခင်ဗျာ၊ ကဲ.... သမီးတို့ ရေနွေးယူခဲ့ပါဟဲ့၊ ထိုင်ကြပါ ခင်ဗျာ"

ကိုချစ်စံနှင့် စမ်းစမ်းတို့က ကုလားထိုင်များတွင် ဝင်၍ ထိုင်ကြသည်။ ဦးမှည့်၏သမီး မတင်လှိုင်နှင့် မတင်မြိုင်တို့က အိမ်ခန်းထဲမှ ထွက်လာကြ၏။

"ဒီလိုပါ သူကြီး၊ မောင်ခင်မောင်ဦး တစ်ယောက် ချိန်းထားတဲ့ရက်မှာ ပြန်ရောက်မလာလို့ ဒီကိုများ ရောက်နေ

သလားလို့ လာရှာကြတာပါ၊ သူက ဒီကိုသွားမယ်လို့ ပြောပြီး ထွက်သွားတာ တစ်ပတ်နီးပါးရှိသွားပြီ သူကြီးရဲ့”

“အင်း....လာတော့လာတယ် သူဌေးရဲ့၊ လာပြီး တစ်ညပဲအိပ်တယ်၊ ပြန်သွားတာက သုံးလေးရက်လောက်ရှိပြီ ထင်တယ်၊ ဟဲ့ ...သမီးတို့၊ ခင်မောင်ဦးပြန်တဲ့ရက် မှတ်မိလား” ဟု သူ့သမီးများဘက်သို့ လှည့်မေးပြန်သည်။

“မှတ်မိတယ် အဖေရဲ့၊ သူ ပြန်သွားတဲ့ရက်လား၊ လဆန်းကိုးရက်နေ့ပဲ၊ သူ့ရုံးက ဝန်ထောက်ကြီးက လာခေါ်တာလေ၊ မော်တော်ကားတောင် လမ်းပေါ်မှာရပ်ထားသေးတယ်”

ဟု မတင်မြိုင်က ပြော၏။

“ကဲ....ဒီလိုဆိုရင်တော့ မောင်ခင်မောင်ဦး ပြန်သွားတာကြာပြီပဲ၊ အခု သူနဲ့ပတ်သက်လို့ ဘယ်လိုများ ဖြစ်ကြပါသလဲဗျာ”

ဦးမှည့်က စိုးရိမ်တကြီးမေး၏။

“ဘာမှတော့ မဖြစ်ပါဘူး၊ ကျွန်တော်တို့က သူပြန်လာဖို့ရက်ကို အတိအကျ ချိန်းထားပြီးသားမှာ သူပြန်မလာလို့ တစ်ခုခုများ ဖြစ်နေသလားလို့ လိုက်ပြီးရှာကြရင်း လာမေးတာပါ သူကြီးရယ်” ဟု ကိုချစ်စံက ရှင်းလင်း ပြောပြလိုက်သည်။

“စိတ်ချပါ သူဌေးရယ်၊ ကျွန်တော့်ဆီ ရောက်ရင်တော့ ဘယ်သူမှ မွှဲတစ်ပေါက် မစွန်းစေရပါဘူး”

“ကဲ....ဒါဖြင့်လဲ ပြန်ကြမယ် သူကြီးရဲ့”



“နေပါဦးလေ...မနက်စာများ စားသောက်ပြီးမှ ပြန်ကြပါလား သူဌေးရယ်”

“ကျွန်တော်က ဒီကပြန်ပြီးရင် မြည်ကိုဆက်သွားရဦးမှာမို့ပါ”

“ဪ....ဪ....ဒါဖြင့်ရင်လဲ သွားဖို့သင့်သပေါ့ဗျာ၊ ကဲ....ကဲ....ကျုပ် လိုက်ပို့ပါ့မယ်”

သူတို့နှစ်ယောက် ဦးမှည့်၏အိမ်မှ ထထွက်ခဲ့ကြလေရာ မော်တော်ကားလမ်းမပေါ် ရောက်သည်အထိ သူကြီးဦးမှည့်က လိုက်၍ပို့လေတော့၏။

အနောက်ဘက်တစ်ခွင်မှာ မိုးတွေက ညို့၍တက်လာပြန်သည်။

“သွားမယ်နော် သူကြီး”

“ဟုတ်ကဲ့ သူဌေး”

ကိုချစ်စံနှင့် စမ်းစမ်းတို့ ဂျစ်ကားပေါ်သို့ တက်ကြကာ ပြန်မောင်း ထွက်လာခဲ့ကြလေတော့သည်။

နတ္တလင်းမြို့ဘက်ဆီသို့ ပြန်၍ မောင်းလာခဲ့ကြတော့ တိမ်ညိုမိုးလိပ်တွေက သူတို့နောက်မှ ထက်ကြပ်မကွာ လိုက်လာသည်ဟု ထင်ရလောက်အောင်ပင် မိုးက ပို၍ညို့လာလေသည်။

နတ္တလင်းမြို့မှ ဘယ်ဘက်သို့ ကွေ့၍ချိုးကာ ပေါင်းတည်ဘက်သို့ ပြန်၍ဦးတည်လိုက်၏။

“ဒီပုံဆိုရင်တော့ ခင်မောင်ဦး နွယ်ခွေမှာလဲမရှိတဲ့အပြင် ပေါင်းတည် ပြန်မလာတာလဲ သေချာသွားပြီ၊ ဒီကောင်

တခြားကို ခရီးလွန်နေပြီထင်တယ်”ဟု ကိုချစ်စံက ကားမောင်းရင်း ပြော၏။

“ဟုတ်တယ်....ဆရာ၊ သူ တော်ရုံတန်ရုံနဲ့တော့ ကျွန်မကို ပေးထားတဲ့ ရက်ချိန်းကို ဖျက်မယ်မထင်ဘူး၊ အလုပ်က အတော့်ကို အရေးတကြီး ဖြစ်နေပုံရပါတယ်”

စမ်းစမ်းကပြောကာ မော်တော်ကား ရှေ့လမ်းပေါ်မှ မြင်နေရသော ဘိုးသာအောင်ကုန်းတံတားကြီးဆီသို့ လှမ်း၍ ကြည့်လိုက်၏။

“ဒါဖြင့် နင် ဘယ်လိုလုပ်မလဲ မိစမ်း”

ကိုချစ်စံက မေးလိုက်သည်။

“ကျွန်မတို့ဘက်ကတော့ တာဝန်ကျေပြီ ဆရာရယ်၊ သူလာအောင် စောင့်ကြရုံပေါ့”

“ဟကယ်လို့ သူက ဖောက်သွားခဲ့ရင်ကော နင် ဘယ်လိုလုပ်မလဲ”

“ဒါတော့ ကျွန်မက မိန်းကလေးပဲ ဆရာရယ်၊ အရှုံးနဲ့ နာမည်ပျက်ရုံပဲပေါ့”

“အင်း....နင့်ဟာက မလွယ်ပါလား”

ကိုချစ်စံက ပြောကာ ဘိုးသာအောင်ကုန်းတံတားကြီးကို ဖြတ်ကျော်၍ မောင်းလာခဲ့ပြီးလျှင် တံတားအဆင်း ကြံရောင်းဆိုင်များနှင့် ခပ်ဝေးဝေးသို့ ရောက်သည်တွင် ကားကို ရုတ်တရက် ရ လိုက်၏။

“ဘာဖြစ်တာလဲ ဆရာ”

“ရေဆူပြန်ပြီလေကွာ”



ဂျစ်ကားစက်ခေါင်းတွင်းမှ အငွေ့များ လျှံထွက်နေ၏။ ကိုချစ်စံ ကားပေါ်မှဆင်းသည်။

စက်ခေါင်းဖွင့်ပြီး ကားပေါ်ကရေပုံးကို ဆွဲယူဖွင့်ရင်း....

“တောက်....ရေကလဲ အပိုထပ်ဖြည့်မလာမိဘူး၊ တော်သေးတာပေါ့....ဒီနားမှာ ရေပေါပေလို့”

ကိုချစ်စံက ရေရွတ်ပြောဆိုပြီးလျှင် ရေပုံးဆွဲ၍ ကြံရောင်းဆိုင်ကလေးတွေဆီသို့ ပြန်လှည့်လာကာ လျှောက်သွားလေတော့သည်။

ခဏနေတော့ ကိုချစ်စံရေပုံးဆွဲပြီးပြန်လာကာ မော်တော်ကား ရေထည့်ဖြည့်လေ၏။

(ဤနေရာတွင် ကိုချစ်စံက ကြားဖြတ်၍ပြောသည်။)

“အဲဒီအချိန်မှာ ကျွန်တော့်စိတ်ထဲမှာ စမ်းစမ်း ကိုယ်ပေါ်မှာ ဝတ်ဆင်ထားတဲ့ ရွှေတွေကို လိုချင်တပ်မက်တဲ့ စိတ်ဖြစ်ပေါ်လာပါတယ်၊ မကြံစည်အပ်တဲ့အရာဆိုတဲ့ စိတ်က သိပေမယ့် လောလောဆယ် ငွေငါးထောင် လိုနေတဲ့ကိစ္စက ယ်ဘိပ် ရောက်နေလေတော့ အမှန်ကို မမြင်တော့ပါဘူး၊ လောဘစိတ်က ဖုံးလွှမ်းသွားဘယ်၊ ဒီတော့ စမ်းစမ်း ပစ္စည်းတွေကို ခဏတောင်းရအောင်လဲ ဒီလို အောက်ကျမခံချင်ဘူး၊ အခုလောလောဆယ် ကျွန်တော်တို့ နှစ်ယောက်တည်း ထွက်လာကြတာကိုလဲ ဘယ်သူမှ သိမှာမဟုတ်ဘူးလေ၊ ဒီတော့ စမ်းစမ်းကို နောက်ကနေ အလစ်ရိုက်ပြီး ပစ္စည်းကို ချွတ်ယူမယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကိုလဲ ထိုးကြိတ်ခံထားရတဲ့ ဒဏ်ရာတစ်ခု ရအောင်လုပ်မယ်၊ နောက်ပြီး စမ်းစမ်း သတိရ

လာမှ ငါတို့နှစ်ယောက်ကို လူဆိုးတွေရိုက်ပြီး ပစ္စည်းတွေ လုယူသွားကြတယ်လို့ လိမ်ပြောမယ် စသည်ဖြင့် စီစဉ်လိုက်မိတော့တယ်၊ အဲဒါကြောင့် ကျွန်တော်က စမ်းစမ်းကို ဒီလိုစဉ်ပြီး အကွက်ဆင် ပြောလိုက်ပါတယ်"

"အသိမရှိပေမယ့် အဆင်ပြေသွားကွယ့် မိစမ်းရဲ့၊ ကြံရောင်းဆိုင်က ရေရလာခဲ့တယ်၊ ပြီးတော့ ရေတင်မကဘူး ခင်မောင်ဦးသတင်းပါ ထပ်ရခဲ့တယ်"

"ဟာ....ဟုတ်လား ဆရာ၊ ဘယ်လိုတဲ့လဲဟင်" -

စမ်းစမ်းက ပျာပျာသလဲ မေး၏။

"ဟောတို ဘိုးသာအောင်ကုန်းရွာထဲမှာ ငါနဲ့ အလွန်ခင်တဲ့ ကိုမောင်ခ ဆိုတာရှိတယ်၊ခင်မောင်ဦးနဲ့လဲ ကိုမောင်ခနဲ့ ခင်ကြတယ်လေ၊ အခု ခင်မောင်ဦးဟာ မနေ့ကပဲ ကိုမောင်ခရဲ့ အိမ်မှာတွေ့ရသတဲ့၊ဒီတော့တို့ရွာထဲသွားပြီး ကိုမောင်ခဆီ စုံစမ်းရင် တစ်ခုခုတော့သတင်းထူးနိုင်တယ်ကွ၊အလကား မဖြစ်ဘူး"

"ဟာ....မှန်တာပေါ့ ဆရာရယ်၊ သိပ်သွားဖို့ သင့်တာပေါ့...."

ဟု စမ်းစမ်းက အားတက်သရော ပြန်ထောက်ခံ ပြောဆိုလေသည်။

"ကဲဒါဖြင့်လဲ ရွာထဲသွားကြစို့ ဟာ....ကဲ....ဆင်း"

ကိုချစ်စံက ပြောသဖြင့် စမ်းစမ်း ကားပေါ်မှဆင်းလိုက်၏။ စမ်းစမ်း၏သွင်ပြင်မှာ စိတ်အားတက်ကြွလျက် ပေါ့ပါးဖျတ်လတ်နေသည်။



ဂျစ်ကားကို လမ်းဘေးတွင် ရပ်ထားခဲ့ပြီး ကိုချစ်စံနှင့် စမ်းစမ်းတို့ ကားလမ်းဘေးမှ ကြံပင်တောဘေး ကန်သင်းအတိုင်း ရွာကြီးဘက်ဆီသို့ ခပ်သုတ်သုတ် ဆင်းလျှောက်လာခဲ့ကြလေတော့သည်။

ကိုချစ်စံက ကြံပင်ကြီးကြီးတစ်ပင်နား ကပ်ပြီး အရင်းပေါ်သို့ ဒူးတင်ပြီး ပင်စည်ကိုလှဲကာ ဆတ်ခနဲချိုးလိုက်ရာ ကြံကျိုးချောင်းက သူ့လက်ထဲသို့ပါလာလေသည်။

အရင်းအဆစ်ပိုင်းဘက်မှ လက်ဖြင့် ဆကြည့်ပြီးနောက် ရှေ့မှသွားနေသော စမ်းစမ်း၏ နောက်စေ့ကို ချိန်ရွယ်ပြီး မြှောက်၍ တအားရိုက်ချလိုက်၏။

ဖြောင်းခနဲ ကြံဆစ်ချောင်းကျိုးသွားသံနှင့်အတူ 'အင်မ့' ဟု အော်သံနှင့် စမ်းစမ်းမှာ ကြံပင်များကြားသို့ မှောက်လျက်သား လဲကျသွားလေတော့သည်။

လဲကျသွားသော စမ်းစမ်း၏အနားသို့ ကိုချစ်စံ ပြေးသွား၏။ သူစီးထားသည်က ရှူးဖိနပ်ဖြစ်၍ အရေးထဲမှာ ဖိနပ်ကမှက်နစ်နေသေး၏။ စမ်းစမ်း၏ မှောက်လျက်နေသော ကိုယ်လုံး ကလေးကို ပက်လက်ဆွဲလှန်လိုက်ပြီး ကြည့်လိုက်ရာ မ်းစမ်း သတိမေ့နေသည်ကို သိရသည်။

ကိုချစ်စံက စမ်းစမ်း၏ကိုယ်ပေါ်မှဆွဲကြိုးကို ဦးစွာ ဖြုတ်ယူ၏။ ပြီးတော့ လက်ကောက်နှစ်ဖက်နှင့် လက်စွပ်၊ ခေါင်းမှ ရွှေဘီး။

အင်္ကျီကြယ်သီးများကိုဖြုတ်လိုက်စဉ်မှာ စမ်းစမ်းက ပြန် သတိရလာသည်။ ဆတ်ခနဲထ၍ထိုင်လိုက်ပြီး ကြောင်ကြည့် ရင်း....

"ဟင်....ဆရာ၊ ကျွန်မ ဘာ....ဘာဖြစ်သွားတာလဲဟင်"

"လူဆိုးခေါးပြ နင့်ကိုလု...."

တစ်ခါမှ မလုပ်စဖူး လောဘရမ္မက်ကြောင့် လုပ်မိသော ကိုချစ်စံ လိပ်ပြာမလုံတော့ဘဲ စကားထစ်ပြီး အနေ၏။

"ဟင်....ဆရာ....ကျွန်မပစ္စည်းတွေ၊ ပြီးတော့ မတော်ပါ ဘူး ဆရာရယ်၊ ကျွန်မဟာ ဆရာ့တပည့်ပါ၊ ဒီလို...."

ကြယ်သီးများပြုတ်ထွက်နေသော သူ့အင်္ကျီရှေ့အဖုံးကို လက်ဖြင့်ဖိထားရာက စမ်းစမ်းက ထိုင်ရာကထဖို့ ကြိုးစား သည်။

"ကျွန်မ .. ကျွန်မကို...."

ကိုချစ်စံ မျက်စိထဲတွင် ဘာမှမမြင်တော့ပြီ။ မျက်လုံးများ ပြာသွား၏။

ကိုချစ်စံ သတိမေ့သလိုဖြစ်သွားပြီးမှ သူ့မျက်လုံးများ ပြန်လင်းလာသည်ဟုထင်မိကာ ရှေ့မှမြေပြင်ပေါ်သို့ ကြည့် လိုက်မိလေသည်။

ကြံပင်များကြားမှမြေပျော့ပျော့ပေါ်တွင် စမ်းစမ်းသည် ခြေကားရား လက်ကားရားဖြင့် ငြိမ်စွာလဲကျလျက် မလှုပ် မယှက် ရှိနေသည်ကို တွေ့ရတော့၏။ စမ်းစမ်း၏နှာခေါင်း



နှင့် ပါးစပ်တို့တွင် သွေးများကိုလည်း တွေ့ရပြန်သည်။ သွေးစွန်းတိုတ်စိုနေသည့် စမ်းစမ်း၏ပါးစပ်အတွင်းလျှာ၏ ထိပ် ဖျားကလေး ပြူထွက်နေ၏။

ကိုချစ်စံက စမ်းစမ်း ကိုယ်ပေါ်မှ ကျန်နေသေးသော လက်ဝတ်လက်စား ရွှေထည်များကို ကမန်းကတန်းဖြုတ် ယူ၍ သူ၏အင်္ကျီအိတ်တွင်းသို့ ထိုးသိပ်ထည့်လိုက်၏။ ပြီးမှ စမ်းစမ်း၏မျက်နှာနားသို့ကပ်၍ အသက်ရှူသံကို နားထောင် ကြည့်လိုက်သည်။

စမ်းစမ်းကား လုံးဝ အသက်မရှူတော့ပေ။

ကိုချစ်စံ ဒူးထောက်ထိုင်နေရာမှ ထလိုက်သည်။ ပြီးတော့ အပြင်မှ အခိုပ်အခြည်ကိုကြည့်၍ ကြံပင်တောထဲမှ အပြင် ဘက်သို့ လှစ်ခနဲထွက်လာခဲ့၏။

အရေးထဲမှာ သူ့ရှူးဖိနပ်တစ်ဖက်က ဗွက်ထဲနစ်ကျန်ခဲ့ လေရာ ခြေထောက်မှာ တစ်ဖက်တည်း ဝတ်လျက်ဖြင့်ပင် ကားလမ်းဆီသို့ပြေးလာခဲ့သည်။

ကားလမ်းနားရောက်တော့ တစ်ဖက်တည်းသော ဖိနပ်ကို ချွတ်၍ လက်မှကိုင်ပြီး ကြံပင်များ၏ အခြားဘက်မှ ကွေ့ ပတ်၍ ကားဆီသို့လာခဲ့၏။

ဝင်တုန်းက ကြံရောင်းဆိုင်ဆီသို့ ပြန်မသွားဘဲ တစ်ဖက် လမ်းမှ လာခြင်းဖြစ်ရာ လူသူလေးပါးမမြင်မီ ကားပေါ်သို့ ဖိနပ်ကိုပစ်တင်လိုက်ပြီးလျှင် ကပျာကယာခုန်တက်၍ စက်နှိုး မောင်းထွက်လာခဲ့လေတော့သည်။

သူ့စိတ်မှာချောက်ချားနေသောကြောင့် မော်တော်ကား မောင်းရသည်က မဖြောင့်။ လမ်းတစ်ခုလုံးအပြည့် သူချည်း ဘယ်ညာပြည့်အောင် မောင်းနေမိ၏။

ပေါင်းတည်သို့ဝင်လာတော့ ကားအရှိန် လျှော့လိုက်သည်။

စက်ဝင်းထဲသို့ မောင်းဝင်လာပြီးလျှင် အိမ်ရှေ့၌ရပ်၍ အိမ်ပေါ်သို့အပြေးတက်လာခဲ့၏။ အိမ်ပေါ်ရောက်သည်နှင့် ဖိနပ်ကို စင်ပေါ်ပစ်တင်လိုက်၏။ လုံချည်နှင့်အင်္ကျီကိုချွတ်၍ အဝတ်ဟောင်းခြင်းထဲသို့ လုံးထွေးထည့်ပြီး ကပျာကယာ ရေချိုးပစ်လိုက်လေသည်။

ရေချိုးပြီးတော့ ပေါ့ပါးသွားသလို ထင်ရ၏။ သည်တော့မှ သူ့ဇနီး မြင့်မြင့်က အပြင်က ပြန်ရောက်လာတော့သည်။

"ဟင်....အစ်ကို ပြည်သွားတာ မြန်လှချည်လား"

"အင်း....ဟို....ပြည်မရောက်ပါဘူးကွာ၊ ကားကပျက်လို့ အင်းမမှာပြင်ပြီး ပြန်လာခဲ့ရဘယ်၊ ငါ ခဏမှေးအိပ်ဦးမယ် ကွာ"

"အိပ် အစ်ကို၊ အိပ်ရာကနိုးတော့ ကော်ဖီပူပူလေး သောက်လိုက်၊ အစ်ကို့ကြည့်ရတာ အအေးမိလာသလိုပဲ"

မြင့်မြင့်က ပြောကာ နောက်ဖေးသို့ဝင်သွား၏။ ကိုချစ်စံ အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်လေသည်။



ဖြုးနံ့ခနဲ အိပ်ပျော်သလိုဖြစ်သွား၏။

သို့သော် ခဏမှာပင် နိုးလာသည်။

စိတ်က မလုံမလဲဖြင့် ချောက်ချားနေသောကြောင့် ပတ်နန်းကျင်ကိုပင် သူ မယုံကြည်တော့။

အချိန်က ညနေပင်စောင်းလေပြီ။

အပြင်ထွက်မည်ပြုပြီးမှ သူ့စိတ်က အပြင်မထွက်ရဲသလို ဖြစ်နေမိ၏။ ဘာပဲဖြစ်ဖြစ် လုပ်စရာရှိတာ မြန်မြန်လုပ်မှဟူ၍ တစ်ဖန် စဉ်းစားပြန်ရင်း အင်္ကျီ လုံချည်အသစ် ဝတ်ရတော့သည်။ စမ်းစမ်း၏ပစ္စည်းများကို လွယ်အိတ်တစ်ခုထဲသို့ ထည့်ယူလာကာ ဂျစ်ကားကိုမယူတော့ဘဲ ခြေကျင်ထွက်လျှောက်လာခဲ့၏။

မီးရထားလမ်းကို ဖြတ်ပြီးနောက် ဈေးကြီးနားမှပတ်၍ ဘယ်လမ်းထဲသို့ ဝင်ခဲ့ပြီးလျှင် သူနှင့် မိတ်ဆွေဖြစ်သည့် ဦးချစ်တီး၏ ရွှေပန်းထိမ်သို့ ဝင်ခဲ့တော့သည်။

ရွှေထည်များကို ရောင်းမည်ဆိုတော့ ဦးချစ်တီးကပင် အံ့အားသင့်သွား၏။ ကိုချစ်စံလို လူတစ်ယောက်က ရွှေလာဝယ်မည်သာဖြစ်ပြီး ရွှေလာရောင်းသည် ဆိုခြင်းမှာ ပြောင်းပြန်ဖြစ်နေသလို။

သို့သော် ဦးချစ်တီးက ဈေးမနှိမ်ဘဲ ပေါက်ဈေးနှင့်ပင် ဝယ်ယူလိုက်၏။ ပစ္စည်းစာရင်းကိုလည်း အတိအကျရေးမှတ်၍ ဘောက်ချာဖွင့်ပြီး ပေးလိုက်သည်။

စုစုပေါင်း ရောင်းရငွေမှာ ငါးထောင်ခြောက်ရာကျော်မျှသာ။

သည်မျှငွေပမာဏမှာ တစ်ချိန်ကဆိုလျှင် ကိုချစ်စံ ရန်ကုန် တစ်ခေါက် သွားသုံးပင်မရှိ။ ခုတော့ သည်လောက် ငွေကလေး အတွက်နှင့် မိမိ တပည့်မကလေး တစ်ယောက်၏ အသက်ကိုပင် သတ်ဖြတ်ခဲ့ရပါပကောလား ဟု ကိုချစ်စံ ယူကျုံးမရ ဖြစ်မိသည်။

ထိုညမှာ သူ အေးအေးဆေးဆေး အိပ်ရာဝင်လိုက်သည်။

အိပ်ရာထဲရောက်တော့လည်း ဖျန်းခနဲ အိပ်၍မပျော်ချေ။ စမ်းစမ်း၏မျက်နှာကို ပြန်၍ မြင်ယောင်နေမိသည်။ သူ့လက်ကို ဆပ်ပြာ ရေနွေးတို့ဖြင့် စင်ကြယ်အောင် ဆေးကြောထားသည့်တိုင် သူ့လက်ဖဝါးနှစ်ခုပေါ်တွင် ယခုထက်ထိ စမ်းစမ်း၏ ပါးစပ်နှင့် နှာခေါင်းတို့မှ ပွက်အန်ကျလာသော သွေးများ ပေနေဆဲဟု ထင်မိသည်။ လက်ဖဝါးတွေ လက်ဖျား၊ လက်ချောင်းကလေးတွေမှာ စေးကပ်ကပ် ဖြစ်နေသည်ဟု ထင်နေမိလေသည်။

ခြင်ထောင်အမိုးသို့ ပက်လက်လှန်၍ ကြည့်လိုက်တော့လည်း စမ်းစမ်း၏မျက်နှာက သူ့အား အပေါ်မှမိုး၍ ကြည့်နေသည်ဟု ထင်ရသဖြင့် မျက်လုံးများကို ဖျတ်ခနဲမှိတ်ပစ်လိုက်ရသည်။

သို့သော် စမ်းစမ်း၏ပုံသဏ္ဌာန်က သူ့မျက်စိထဲမှ မထွက်ချေ။ စမ်းစမ်း၏အသံ၊ လှုပ်ရှားပုံအမူအရာတို့ကို မြင်ယောင်



နေသည်။ စမ်းစမ်းက မျက်လုံးကြီးအပြူးသားဖြင့် သူ့အား ပြန်၍ မော့ကြည့်နေပုံက[illegible] ပို၍ပင်ဆိုးတော့သည်။

“ငါမှားပြီ....မှားပြီ၊ ငါ့အပေါ် မိဘလို ဆရာရင်းလို ရှိသေပြီး ယုံကြည်ကိုးစားတဲ့ သူကလေးအပေါ် ငါ ရက်စက်မိချေပြီ”

ဟု သူ့ကိုယ်သူ သံဝေဂရမိ၏။

သို့သော် နောက်ကျခဲ့ချေပြီ။ ပြုပြင်၍မရတော့။

“ဟယ်....ဘယ်သူမြင်တာ ဘယ်သူသိတာမှတ်လို့ပဲ၊ ငါ့ဟာ ငါ ဟန်မပျက်နေလိုက်မယ်၊ ဘာဘူတွေကိစ္စပြီးရင် တစ်ပတ်လောက် ရန်ကုန်သွားပြီး စိတ်အားလက်အား အနားယူရင်း ပြဇာတ်တွေ လျှောက်ကြည့်လိုက်မယ်၊ကြာရင် မေ့သွားမှာပါ”

ဟု သူ့စိတ်ကိုသူ အားတင်းကာ ဇွတ်အတင်းဖျော[illegible]၍ အိပ်ခိုင်းရတော့၏။

အိပ်တော့ ပျော်သွားသည်။

သို့သော် အိပ်မက်ထဲမှာလည်း စမ်းစမ်းကိုပင် သူ အိပ်မက်မက်ပြန်လေသည်။

ဤသို့ဖြင့် လိပ်ပြာတစ္ဆေညကို ကုန်လွန်ခဲ့ရကာ မိုးပင်စင်စင်လင်းခဲ့တော့၏။

* * *

မိုးစင်စင်လင်းလေပြီ။

ကြံရောင်းဆိုင်မှ ကိုသံချောင်းသည် ဆိုင်ဖွင့်ရန်အတွက် နံနက်စောစော ရွာထဲမှ ကားလမ်းအတိုင်း သွားခဲ့လေ၏။

သူဆိုင်ထွက်လျှင် ပါလာနေကျ သူ၏ခွေးကြီးက သူ့ရှေ့မှ ပြေးလိုက်၊ သူ့ဘေးမှ ကပ်၍လိုက်လိုက်၊ နောက်ကျန်၍ နေလိုက်ဖြင့် ခွေးနှင့်သူမှာကန်သင်းပေါ်မှာ ပြေးတမ်း လိုက်တမ်း ကစားသည့်နှယ်ရှိ၏။

ကြံပင်ကြီး၏ တစ်နေရာသို့အရောက်တွင် ကိုသံချောင်း၏ ခွေးကြီးသည် ကြံပင်ကြီးများကြားသို့ ပြေးဝင်သွားပြီးနောက် ဆူးဆူးရွှားရွှားဟောင်ကာ အော်ဟစ်၍ အူသံပေးလေတော့သည်။

"ဟာ....ဒီခွေးဟာ ဘာများတွေ့လို့ ထူးထူးဆန်းဆန်း ဟောင်နေတာလဲဟ"

ကိုသံချောင်းက ရေရွတ်ပြီးလျှင် ခွေးဟောင်သံကြားရသည့် ကြံပင်တောကြီးအတွင်းသို့ ခပ်သုတ်သုတ်ဝင်လာခဲ့ကာ ခွေးကိုရှာရာ ကြံပင်ရင်းသို့ ဦးဆိုးပြီးဟောင်နေသည့် သူ့ခွေးကို တွေ့ရ၏။

"ဟဲ့ခွေး .... ဘာဟောင်နေတယ်....ဟယ် .... လူပါလား"

ကိုသံချောင်း မျက်လုံးပြူးသွား၏။

ကြံပင်ခြေရင်း မြေပေါ်မှာလဲကျနေသော စမ်းစမ်း၏ အလောင်းကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။



ကိုသံချောင်း အလောင်းကိုမကိုင်ရဲ။

မိုးက မနေ့က တစ်နေ့လုံး တိတ်နေသဖြင့် အလောင်း ပေါ်ပိုင်း ကိုယ်မှာသွေ့ခြောက်နေပြီး မြေပြင်ကသာစွတ်စို သည်။

"မဖြစ်ဘူး....သူကြီး သွားပြောမှ၊ တော်ကြာ အမှုပတ်နေ ယ်"

ကပျာကယာ ကိုသံချောင်း နောက်ပြန်၍ လှည့်ပြေးခဲ့၏။ ထဲသို့ ပြန်ဝင်လာပြီးလျှင် သူကြီးဆီသို့သွားရာ သူကြီးမရှိ ။ ထို့ကြောင့် ဆယ်အိမ်ခေါင်း ကိုမောင်ခကို အကျိုး ကြောင်း ပြောပြပြီး လူစု၍ ကြံပင်တောမှ အလောင်းရှိရာ လာခဲ့ကြသည်။

"ကဲဟေ့....သံချောင်း၊ မင်းက အလောင်းကို အရင်ဆုံး တွေ့တဲ့လူဆိုတော့ မင်းပဲ ပေါင်းတည်ဂါတ်တဲကို သွားတိုင် ၊ တို့ ဒီမှာစောင့်နေမယ်၊ ဆယ်အိမ်ခေါင်း ကိုမောင်ခလဲ က်သွားပေါ့"

အားလုံးကပြောသဖြင့် ဆယ်အိမ်ခေါင်း ကိုမောင်ခနှင့် ချောင်းတို့ ပေါင်းတည်ရဲစခန်းသို့ မြင်းလှည်းဖြင့်လာခဲ့ ၏။

ရဲစခန်းသို့ရောက်သည်တွင် ဝင်ရောက်တိုင်ကြားကြသည်။ ကြောင့် ဦးဘသော်က ရဲသားနှစ်ယောက်နှင့် ရာဇဝတ် ် မောင်လှမြင့်ကိုခေါ်ပြီး လိုက်လာခဲ့ကြ၏။

ကြံပင်တောသို့ ရောက်တော့မှ....

"အလောင်းကို ဘယ်သူကိုင်ကြသေးလဲ"

"ဘယ်သူမှ မကိုင်ပါဘူး။ ခြေရာလက်ရာ မပျက်အောင် စောင့်ကြည့်နေကြပါတယ်"

ရွာသားများ၏ စည်းကမ်းရှိမှုကြောင့် ဦးဘသော်က ကျေးဇူးတင်မိ၏။ ခြေရာလက်ရာ မပျက်တော့ ရဲအဖို့ သဲလွန်စ ရှာဖွေလွယ်မည်ဖြစ်၏။

ဦးစွာပထမ ဦးဘသော်က မြေ၏အနေအထား၊ ကြံပင် များ လဲကျနေပုံ၊ အလောင်းနေပုံ စသည်တို့ကို စစ်ဆေး ကြည့်ရှုပြီး အလောင်းနှင့် မလှမ်းမကမ်းမှာ တွေ့ရသော ရှူးဖိနပ်တစ်ဖက်ကို သိမ်းယူလိုက်သည်။ ဓာတ်ပုံဆရာ တစ် ယောက်အား အလောင်းကို ဓာတ်ပုံရိုက်ယူစေသည်။

"ကဲ....ကျွန်တော်တို့ သူ့မိဘ သွားခေါ်ဦးမယ်၊ ကိုမောင် ခတို့ ကိုသံချောင်းတို့ ဆက်စောင့်ကြပါ"

ဦးဘသော်က ပြောပြီးမှ ပေါင်းတည်သို့ တစ်ခေါက်ပြန် အကြောင်းကြားပြီး ခေါ်လာခဲ့ခြင်းဖြစ်၏။

ထိုနေ့က အလောင်းတွေ့သူ ကိုသံချောင်းအား မေးမြန်း ရာ ကိုသံချောင်းက ဂျစ်ကားတစ်စီးပေါ်မှ လူတစ်ယောက် နှင့် ယခုသေသူ မိန်းကလေးတို့ ကြံပင်တောထဲသို့ ဆင်းသွား ကြကြောင်း၊ ကား ရေဆူသဖြင့် မိမိကပင် ရေပေးလိုက်ရ ကြောင်း၊ ၎င်းနောက် ဂျစ်ကားပေါ်မှလူမှာ လမ်းအတိုင်း



ပြန်မလာဘဲ ဂျစ်ကားပေါ်မှ မည်သို့ရောက်သွားသည် မသိရ။ ဂျစ်ကား ပြန်မောင်း ထွက်သွားသည်ကိုသာ တွေ့လိုက်ရ ကြောင်း အစစ်ခံ၏။

မည်သူနှင့် မည်သူ၏ ဂျစ်ကားဆိုသည်ကို စုံစမ်း၍မရပေ။

ဦးဘသော်က ကိုချစ်စံအား ထင်ရန်ဝေးစွ စိတ်ပင်မကူး ခဲ့မိ။ စမ်းစမ်း အိမ်ကထွက်သွားတုန်းကလည်း ချိုကြီးနှင့် သွားမည်ဟု ပြောသွားသောကြောင့် ကိုချစ်စံအား ထည့်၍ မစဉ်းစား။

ချိုကြီးကိုသာ မဲ၍လိုက်ခဲ့၏။

ချိုကြီးကို သူ တကယ်တွေ့ရသော အခါ၌မူ....

ထခင်းလာပို့သည့် ချိုကြီးကို မြင်လိုက်ရကဘည်းကပင် ဂနာမငြိမ်သော ကိုချစ်စံ စိတ်ထဲမှာ ထိန်းသိမ်းမရခဲ့သော့ ပါ....။

ချိုကြီးဝတ်ထားသည့် သူ့ ဂုံချည်ကပင် သူ့အား ဖြဲ၍ ခြောက်လှန့်နေသည်ဟု ထင်ခဲ့မိ၏။ စိတ်ကို မနည်းထိန်းရလေ သည်။

ကိုချစ်စံ တစ်ခုကြားဖူးထား၏။

ရဲစုံထောက်တို့သည်တစ်ခါတစ်ရံ လူသတ်မှုများမှာတရား ခံကို ဖော်မထုတ်နိုင်ဘဲ ခြေရာပျောက်နေလျှင် သေသည့် အလောင်းအား လက်ဖြင့်ပုတ်၍ "နင့်သတ်တဲ့လူကို နင် ပြန် ရှာပေးပြီး ဖော်ထုတ်ရမည်" ဟု အမိန့်ပြန်ကာ ခိုင်းစေတတ်

ကြရာ သေသူ၏ဝိညာဉ်က လူသတ်သမားအား အမျိုးမျိုး လိုက်နှောင့်ယှက်၍ မဖော်ဘဲ မနေနိုင်အောင် နှိုးဆွပေးတတ်သည် ဟူသည့် အကြောင်းပင်ဖြစ်၏။

စမ်းစမ်းမှာ သေရိုးသေစဉ် ရောဂါဖြင့် သေသွားရခြင်းမျိုး မဟုတ်ဘဲ သူသတ်၍ အစိမ်းသေရခြင်း ဖြစ်လေရာ ယခု စမ်းစမ်း၏ဝိညာဉ်က သူ့အား လိုက်လံ၍ နှောင့်ယှက် နှိုးဆွနေသည်ဟု ထင်မြင်ကာ အားငယ်နေမိခိုက်တွင်မှာ ချိုကြိုး၏ လုံချည်ကိုပြပြီး ဌာနပိုင်ကြီးဦးဘသော်က အစထုတ်ပေးလိုက်တော့ သူ့မှာ မလုံသည့်အိုးမို့ တုတ်မထိုးရဘဲ တုတ်မိုးရုံဖြင့် အာရချေပြီ။

သည့်အပြင် ဦးဘသော်ကလည်း သက်သေခံ ဖြစ်သည့် ဖိနပ်တစ်ဖက်ကို ထုတ်ပြလာလေတော့ ကိုချစ်စံ လုံးဝ မငြင်းကွယ်နိုင်တော့။

ရောက်ရှိနေသည့် နေရာကလည်း ရဲဌာနအတွင်းမှာဖြစ်သည်။

တစ်ပါးသော ရွာနေရပ်တွင် အားငယ်စိတ်ဝင်တတ်၏။ ယခုတော့ ရဲစခန်းအတွင်းမှာလည်း ရောက်နေရချိန်ဖြစ်သည့်အပြင် လူသတ်မှုကျူးလွန်စဉ်က ဝတ်ခဲ့သော သွေးပေနေသည့် လုံချည်ကိုပါ ပြန်မြင်ရတော့ ကိုချစ်စံ ဘူးမကွယ်နိုင်တော့ပါ။

*　　*　　*



.... .... .... .... ....

.... .... .... .... ....

"ကျွန်တော့်ရဲ့အဖြစ်မှန်ကတော့ အဲဒီအတိုင်းပါပဲ တရားသူကြီးမင်း ခင်ဗျာ"

ကိုချစ်စံ၏ဖြောင့်ချက်က သည်မှာပင် ပြီးဆုံးသွားခဲ့လေတော့သတည်း။

# အခန်း ( ၁၅ )

"ကျွန်တော်သည် နတ္တလင်းမြို့အပိုင်နွယ်ခွေရွာမှ သူကြီး မောင်မှည့် ဖြစ်ပါသည်။ ကျွန်တော် သူကြီးတာဝန် ထမ်းဆောင်ခဲ့သည်မှာ ရှစ်နှစ်မျှရှိခဲ့ပါပြီ....

အချင်းဖြစ်သည့်နေ့ နယုန်လပြည့်နေ့က ကျွန်တော် နေထိုင်ရာ နွယ်ခွေရွာမှနေအိမ်သို့ ယခု ရုံးတော်ရှေ့မှောက်သို့ တရားခံအဖြစ် ရောက်နေသော ဦးချစ်စံနှင့် သေသူ မစမ်းစမ်းတို့ နံနက်ပိုင်းတွင် ရောက်ရှိလာကြပါသည်။ ၎င်းတို့သည် ကျွန်တော်တို့၏ရွာမှ စပါးဒိုင်သို့ လာရောက်အလုပ်လုပ်လေ့ရှိသော ဆန်ရုံးမှ အင်စပက်တော်လေး မောင်ခင်မောင်ဦးအား လာရှာကြကြောင်းပြောရာ ကျွန်



တော်က မောင်ခင်မောင်ဦး ပြန်သွားသည်မှာ သုံးရက်မျှရှိပြီဖြစ်ကြောင်း ပြောပြသဖြင့် ၎င်းတို့နှစ်ယောက် ပြန်သွားကြပါသည်...

၎င်းတို့မှာ ဂျစ်ကားဖြင့် လာကြခြင်းဖြစ်၍ ဦးချစ်စံပိုင် ဂျစ်ကားဖြစ်ပါသည်။ ကျွန်တော်က ညနေမှ အေးအေးဆေးဆေး ပြန်ရန်ပြောရာ ဦးချစ်စံက သူ မြည်သို့ဆက်သွားရမည်ဖြစ်၍ ချက်ချင်းပြန်ပါသည်....

ကျွန်တော့်အိမ်သို့လာကြစဉ်က သေသူစမ်းစမ်းမှာ အင်္ကျီကြည်ပြာရောင်၊ ထဘီအပြာရင့်ရောင် ဝတ်ဆင်ထားပြီး ရွှေ လက်ဝတ်လက်စားများ ဝတ်ဆင်ထားသည်ကို တွေ့ရပါသည်။ မစမ်းစမ်းကို ကျွန်တော် သိပါသည်....

သူသည် မနှစ်က နွေရာသီတွင် မောင်ခင်မောင်ဦးနှင့် အတူ ကျွန်တော့်အိမ်သို့တစ်နေ့လာလည်ခဲ့ဖူး၍ ကျွန်တော်၏ သမီးများနှင့်လည်း ခင်မင်သွားခဲ့ပါသည်...

ဦးချစ်စံကိုလည်း ကျွန်တော် သိပါသည်။ ကျွန်တော်တို့ စပါးပွဲစားများ၊ လယ်ပိုင်လုပ်သူများမှာ ဆန်စက်များနှင့် ဆက်သွယ်လုပ်ကိုင်ရသည်ဖြစ်သောကြောင့် ဦးချစ်စံနှင့် မူလကပင် သိကျွမ်းခဲ့သူများဖြစ်ပါသည်....

သတ်ဖြတ်သည့်အကြောင်းကိုတော့ မသိပါ၊ ကျွန်တော် သိသမျှကိုသာ ထွက်ဆိုရခြင်းဖြစ်ပါသည်။

သူကြီးဦးမှည့်၏ သက်သေထွက်ချက်မှာ ဤမျှသာဖြစ်၍ နောက်ထပ် တရားလိုပြသက်သေ (၂) အဖြစ် ဘိုးသာအောင်

ကုန်းတံတားအောက်မှ ကြံရောင်းဆိုင်သမား မောင်သံ ချောင်းအား ဆက်လက်စစ်မေး၏။

မောင်သံချောင်းက ထွက်ဆိုရာတွင်....

"ကျွန်တော်သည် ဘိုးသာအောင်ကုန်းရွာမှာ နေထိုင်သူ ဖြစ်၍ ကြံများရောင်းချသည့် ဈေးဆိုင်ကလေးကို တံတား ကြီး၏ အောက်ဘက်တွင် ဖွင့်ရောင်းနေပါသည်....

အချင်းဖြစ်သည့်နေ့ နယုန် လပြည့်နေ့က ကျွန်တော်၏ ဆိုင်ရှေ့သို့ ဂျစ်ကားတစ်စီး ဆိုက်လာပါသည်။ နတ္တလင်း ဘက်မှ ပေါင်းတည်ဘက်သို့ ဦးတည်လာခြင်းဖြစ်ပါသည်။ ကျွန်တော်၏ဆိုင်နှင့် ရှေ့ဘက် ဓာတ်တိုင်တစ်တိုင်ကျော်ခန့် ဝေးသောနေရာတွင် ကားလမ်းမ၏ ဝဲဘက်သို့ချပြီးရပ်လိုက် ပါသည်။

မှတ်ချက်—ထိုအချိန်က မော်တော်ယာဉ် မောင်းနှင်သည် မှာ လက်ဝဲကပ်မောင်း စနစ်ဟောင်းသာရှိသေး၍ ယနေ့ ကဲ့သို့ လက်ယာကပ်မောင်းစနစ် မပြောင်းရသေးပေ။

၎င်းဂျစ်ကားပေါ်မှ ယခု ရုံးတော်ရှေ့သို့ တရားခံအဖြစ် နှင့် ရောက်ရှိနေသူ (ထိုစဉ်ကအမည် ကျွန်တော် မသိပါ။ ယခု လူမြင်၍သာ မှတ်မိခြင်း ဖြစ်ပါသည်) ဆင်းလာပါ သည်။ သူသည် ရှူးဖိနပ် အညိုရောင်စီးထားပြီး လုံချည် ဝတ်နှင့် ဖြစ်ပါသည်။ အဆိုပါ လုံချည်မှာ ယခု ရုံးရှေ့တွင် သက်သေခံအဖြစ်တင်ပြထားသော လုံချည် ဖြစ်ပါသည်....



သူ၏လက်ထဲတွင် သံရေပုံး တစ်ပုံး ပါလာပါသည်။ ...်တော်ကားက ရေဆာနေသဖြင့် ရေနည်းနည်းတောင်းရာ ...န်တော်၏ဈေးဆိုင်မှ ကြံချောင်းဆေးသော ရေများ ရှိ ...ဖြင့် ရေပုံးထဲသို့ ရေထည့်ပေးလိုက်ပါသည်....

ခဏမှာပင် တရားခံနှင့် သေသူမိန်းကလေးတို့ ဂျစ်ကား ...မှ ဆင်း၍ လျှောက်လာကြကာ ကြံပင်တောတေးရှိ ...န်သင်းရိုးမှလျှောက်၍ ရွာဘက်သို့သွားကြသည်ကို မြင် ...က်ရပါသည်....

နောက်ဆုံးတော့ ကျွန်တော်လည်း ဈေးရောင်းနေသဖြင့် ...တို့ကို မကြည့်အားပါ။ ခဏအကြာမှာ ကားစက်သံကြား ...၍ လှမ်းကြည့်လိုက်တော့ တရားခံတစ်ယောက်တည်း ဂျစ် ...ားမောင်းထွက်သွားသည်ကို မြင်လိုက်ရပါသည်....

နောက်တစ်နေ့နံနက်တွင် ကျွန်တော် ဈေးထွက်ရန် ရွာမှ ...လာ ကျွန်တော်၏ခွေးက ကြံပင်များကြားသို့ ဝင်ပြေးပြီး ...ရမ်းတိုး၍ဟောင်နေသဖြင့် ကျွန်တော် ဝင်ရောက်ကြည့်ရှု ...သေသူ၏အလောင်းကိုတွေ့ပါသည်....

ကျွန်တော့်ဘက်သို့ အမှုလာပတ်မည်စိုး၍ ချက်ချင်းပင် ...ကြီးအိမ် ပြေး၍ပြောရာ သူကြီးမရှိသဖြင့် ဆယ်အိမ်ခေါင်း ...မောင်ခကို ပြောပြပြီး ရွာမှလူကြီးများ ခေါ်လာကာ ...လောင်းကို ပြသရပါသည်။ ထို့နောက် ကိုမောင်ခက ...လောင်းကိုကြည့်ပြီး နေရာမရွှေ့ရန်၊ မည်သူမျှ မကိုင်ကြ

ကုန်းတံတားအောက်မှ ကြံရောင်းဆိုင်သမား မောင်သံချောင်းအား ဆက်လက်စစ်မေး၏။

မောင်သံချောင်းက ထွက်ဆိုရာတွင်....

"ကျွန်တော်သည် ဘိုးသာအောင်ကုန်းရွာမှာ နေထိုင်သူဖြစ်၍ ကြံများရောင်းချသည့် ဈေးဆိုင်ကလေးကို တံတားကြီး၏ အောက်ဘက်တွင် ဖွင့်ရောင်းနေပါသည်....

အချင်းဖြစ်သည့်နေ့ နယုန် လပြည့်နေ့က ကျွန်တော်၏ဆိုင်ရှေ့သို့ ဂျစ်ကားတစ်စီး ဆိုက်လာပါသည်။ နတ္တလင်းဘက်မှ ပေါင်းတည်ဘက်သို့ ဦးတည်လာခြင်းဖြစ်ပါသည်။ ကျွန်တော်၏ဆိုင်နှင့် ရှေ့ဘက် ဓာတ်တိုင်တစ်တိုင်ကျော်ခန့်ဝေးသောနေရာတွင် ကားလမ်းမ၏ ဝဲဘက်သို့ချပြီးရပ်လိုက်ပါသည်။

မှတ်ချက်—ထိုအချိန်က မော်တော်ယာဉ် မောင်းနှင်သည်မှာ လက်ဝဲကပ်မောင်း စနစ်ဟောင်းသာရှိသေး၍ ယနေ့ကဲ့သို့ လက်ယာကပ်မောင်းစနစ် မပြောင်းရသေးပေ။

၎င်းဂျစ်ကားပေါ်မှ ယခု ရုံးတော်ရှေ့သို့ တရားခံအဖြစ်နှင့် ရောက်ရှိနေသူ (ထိုစဉ်ကအမည် ကျွန်တော် မသိပါ။ ယခု လူမြင်၍သာ မှတ်မိခြင်း ဖြစ်ပါသည်) ဆင်းလာပါသည်။ သူသည် ရှူးဖိနပ် အညိုရောင်စီးထားပြီး လုံချည်ဝတ်နှင့် ဖြစ်ပါသည်။ အဆိုပါ လုံချည်မှာ ယခု ရုံးရှေ့တွင် သက်သေခံအဖြစ်တင်ပြထားသော လုံချည် ဖြစ်ပါသည်....



သူ၏လက်ထဲတွင် သံရေပုံး တစ်ပုံး ပါလာပါသည်။ ...မော်တော်ကားက ရေ...နေသဖြင့် ရေနည်းနည်းတောင်းရာ ...ျွန်တော်၏ဈေးဆိုင်မှ ကြံချောင်းဆေးသော ရေများ ရှိ...ဖြင့် ရေပုံးထဲသို့ ရေထည့်ပေးလိုက်ပါသည်....

ခဏမှာပင် တရားခံနှင့် သေသူမိန်းကလေးတို့ ဂျစ်ကား...မှ ဆင်း၍ လျှောက်လာကြကာ ကြံပင်တောအေးရှိ...န်သင်းရိုးမှလျှောက်၍ ရွာဘက်သို့သွားကြသည်ကို မြင်...ိုက်ရပါသည်....

နောက်ဆုံးတော့ ကျွန်တော်လည်း ဈေးရောင်းနေသဖြင့် ...တို့ကို မကြည့်အားပါ။ ခဏအကြာမှာ ကားစက်သံကြား...၍ လှမ်းကြည့်လိုက်တော့ တရားခံတစ်ယောက်တည်း ဂျစ်...ားမောင်းထွက်သွားသည်ကို မြင်လိုက်ရပါသည်....

နောက်တစ်နေ့နံနက်တွင် ကျွန်တော် ဈေးထွက်ရန် ရွာမှ...လာ ကျွန်တော်၏ခွေးက ကြံပင်များကြားသို့ ဝင်ပြေးပြီး ...ရမ်းထိုး၍ဟောင်နေသဖြင့် ကျွန်တော် ဝင်ရောက်ကြည့်ရှု...သေသူ၏အလောင်းကိုတွေ့ပါသည်....

ကျွန်တော့်ဘက်သို့ အမှုလာပတ်မည်စိုး၍ ချက်ချင်းပင် ...ကြီးအိမ် ပြေး၍ပြောရာ သူကြီးမရှိသဖြင့် ဆယ်အိမ်ခေါင်း ...မောင်ခကို ပြောပြပြီး ရွာမှလူကြီးများ ခေါ်လာကာ ...လောင်းကို ပြသရပါသည်။ ထို့နောက် ကိုမောင်ခက ...လောင်းကိုကြည့်ပြီး နေရာမရွှေ့ရန်၊ မည်သူမျှ မကိုင်ကြ

ရန် ပြော၍ ပေါင်းတည်ဂါတ်တဲသို့ သူနှင့် ကျွန်တော် နှစ်ယောက် သွားတိုင်ချက်ဖွင့်ကြပါသည်....

ရဲစခုရေးကြီးက တိုင်ချက်ယူပြီး ဌာနပိုင်ကြီး ဦးဘသေ လိုက်လာ၍ အလောင်းကို စစ်ဆေး ကြည့်ရှုပြီးနောက အလောင်းအနီးမှ ဗွက်ထဲတွင်နစ်နေသော ရှူးဖိနပ် တ ဖက်ကို လူကြီးများ ရှေ့မှောက်တွင် သိမ်းဆည်းသွားပ သည်....

ထို့နောက် ဌာနပိုင်ကြီးဦးဘသော် တစ်ခေါက်ပြန်လ ပြီး သေသူမိန်းကလေး၏မိခင်ကိုခေါ်လာကာ အလောင်းက ပြသ၍ သေသူမှာ မစမ်းစမ်းဆိုသူဖြစ်ကြောင်း၊ အလောင်းက ကျွန်တော်တို့ အကူအညီဖြင့် မြင်းသှင်းဖြင့် တင်ဆောင် ပေါင်းတည်ဆေးရုံသို့ ပို့ရပါသည်။ ၎င်းနောက် ကျွန်တော် တို့ ပြန်လာခဲ့ကြပါသည်....

ရုံးတော်ကဆင့်ခေါ်လျှင် လာရောက်ပါမည်ဟုကတိပြုခဲ့၍ ယခု ရုံးတော်မှဆင့်ခေါ်သဖြင့် လာရောက်၍ ထွက်ဆိုရခြင် ဖြစ်ပါသည်။ မိမိ မြင်တွေ့သမျှကိုသာ ထွက်ဆိုခြင်းဖြစ်ပ သည်။ တရားခံကို ရှေးယခင်က သိကျွမ်းခြင်း မရှိခဲ့ပါ အလားတူ ရန်ဘက်ဖြစ်ပွားခြင်းလည်းမရှိခဲ့ပါ။

နောက်တစ်နေ့ ရုံးချိန်းမှာ တရားလိုပြ သက်သေအဖြ ရွှေပန်းထိမ်ဆိုင်ပိုင်ရှင် ဦးချစ်တီးအား ဆက်လက်စစ်ဆေ သည်။ ဦးချစ်တီးက ထွက်ဆိုရာတွင်....



"ကျွန်တော်သည် ပေါင်းတည်မြို့ ဆယ်လမ်းတွင် ရွှေ ပန်းထိမ် လုပ်ငန်းဖြင့် လုပ်ကိုင် အသက်မွေးဝမ်းကျောင်း နေသူ ဖြစ်ပါသည်။ ရုံးရှေ့ရောက်နေသူ တရားခံ ဦးချစ်စံနှင့် ယခင်ကပင် သိကျွမ်းခဲ့ကြပါသည်....

လပြည့်ကျော် တစ်ရက်နေ့က ဦးချစ်စံသည် ကျွန်တော့် ထံသို့ ရောက်လာပြီး ရွှေထည်ပစ္စည်းများကိုပြသ၍ ရောင်းလို ကြောင်း ပြောရာ ကျွန်တော်က စစ်ဆေးချိန်တွယ်ပြီး ကာလ ပေါက်ဈေးဖြင့် ငွေ ငါးထောင့်ခြောက်ရာနှစ်ဆယ့်နှစ်ကျပ် ဖြစ်ပါသည်။ (ယင်း ရွှေထည်ပစ္စည်းများကို ဘောက်ချာနှင့် တကွ သက်သေခံအဖြစ် တင်သွင်းရာ ရုံးတော်က လက်ခံ သည်)....

ရွှေထည်များ မည်သူပိုင်ဆိုင်သည့် ပစ္စည်း ဆိုတာကို ကျွန်တော် မေးမြန်းခြင်းမပြုခဲ့ပါ။ ကျွန်တော်တို့ ရွှေဆိုင် များ ထုံးစံမှာ လာ၍ရောင်းချသည့်ပုဂ္ဂိုလ်၏ အခြေအနေကို သာ ကြည့်ရှုပြီး ဝယ်ခြင်းဖြစ်ပါသည်။ ဦးချစ်စံကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက်မှာ သည်မျှထက်မကသော ရွှေငွေရတနာ များ လက်ဝယ်ထားနိုင်သည့်သူမျိုးဟု ယုံကြည်စိတ်ချသော ကြောင့် ဝယ်ယူလိုက်ခြင်းဖြစ်ပါသည်....

အမှုဖြစ်ခြင်းရာနှင့် ပတ်သက်၍တော့ ကျွန်တော် ဘာမျှ မသိပါ၊ ရာဇဝတ်အုပ်တစ်ယောက်နှင့် ဌာနပိုင်ကြီး ဦးဘ သော် တို့က သက်သေအဖြစ်ခေါ်သောကြောင့် ဦးချစ်စံ၏ နေအိမ်သို့ လိုက်ပါပြီး ပစ္စည်းများရှာဖွေရာ၌ ပါဝင်ခဲ့ရပါ သည်....

ဦးချစ်စံ၏နေအိမ်မှရှူးဖိနပ်တစ်ဖက်တည်းကို ကျွန်တော်တို့ ရှေ့မှာပင် တွေ့ရှိသိမ်းယူခဲ့ကြပါသည်။ (ယင်း ရှူးဖိနပ်ကို သက်သေခံအဖြစ်တင်သွင်းရာ ရုံးတော်မှ လက်ခံသည်။

ဦးချစ်တီးကို စစ်ဆေးပြီးနောက် ဆေးရုံမှ ဆရာဝန်၏ ဆေးစာနှင့် မှတ်ချက်တို့ကို သက်သေခံအဖြစ် တင်သွင်း၏။

ပေါင်းတည်ဆေးရုံအုပ် ဆရာဝန်ကြီး ဒေါက်တာ ဗာဆလူး၏ စစ်ဆေးချက် ဆေးစာတွင်....

"သေသူသည် လည်ပင်းကို အားဖြင့်ဖိညှစ်ခံထားရခြင်း တွေ့ရှိရကြောင်း၊ လည်ပင်းမှ သွေးလွှတ်ကြောများပြတ်ပြီး သွားဖုံးသွေးကြောများပြတ်ကုန်သဖြင့် သွားများတွင် သွေးများ တွေ့ရသည်။ နှာခေါင်းမှ သွေးများတွေ့ရသည်။ လျှာသည် နေသားတကျမရှိဘဲ အပြင်သို့ထွက်နေသည်။လည်ပင်းအစ်သွားသဖြင့် အောက်ဆီဂျင်ကို အဆုတ်က လက်မခံတော့ဘဲ ဦးနှောက်သို့ပေးပို့သော သွေးကို ပြတ်တောက်ခြင်းခံရသဖြင့် အသက်ဆုံးရခြင်းဖြစ်သည်။

သေသူ၏ နောက်စေ့တွင် အသားကြေပြီး ဖူးရောင်နေသော ဒဏ်ရာတစ်ခုတွေ့ရသည်။ ပေါ့တုံးသည့် လက်နက်ဖြင့် ရိုက်ခံရခြင်းဖြစ်သည်။

**မှတ်ချက်**–သေသူသည် လည်ပင်းအညှစ်ခံရ၍ သေဆုံးရခြင်းဖြစ်ကြောင်း အတည်ပြုသည်။



မိန်းမကိုယ်တွင် ကာမစပ်ယှက်ထားခြင်းမရှိ။ ယောကျ်ားနှင့် ဆက်ဆံဖူးခြင်း မရှိသေးကြောင်းတွေ့ရသည်။

ထို့နောက် ရန်ကုန်မြို့ ဓာတုဗေဒဝန်ထံသို့ ပေးပို့ပြီး စစ်ဆေးသော ကိုချစ်စံ၏ လုံချည်နှင့် စမ်းစမ်း၏ အင်္ကျီတို့မှ သွေးများမှာ တစ်ထပ်တည်းဖြစ်ကြောင်း ပြန်ကြားစာကိုပါ ဆက်လက်၍ သက်သေခံအဖြစ် တင်သွင်းရပြန်၏။

နောက်ဆုံး စစ်ဆေး၍ ထွက်ဆိုရသူ တရားလိုပြသက်သေမှာ ဌာနပိုင် ဦးဘသော်ဖြစ်၏။ ဦးဘသော်က ထွက်ဆိုရာတွင်....

"ကျွန်တော်သည် ပေါင်းတည်မြို့ ရဲဌာနမှ ဌာနပိုင်ဖြစ်ပါသည်။ လပြည့်ကျော်နှစ်ရက်နေ့က ကျွန်တော် ဌာနတွင်ရှိစဉ် ဘိုးသာအောင်ကုန်းရွာမှ မောင်သံချောင်း (လိုပြသက်သေ–၁) လာရောက်ပြီးလျှင် ရဲစာရေးကြီးထံ လူသေအလောင်း တစ်လောင်း တွေ့ရှိကြောင်း လာရောက်တိုင်ကြားရာ ပထမ သတင်းပေးချက်အဖြစ် လက်ခံရယူပါသည်။ မောင်သံချောင်းနှင့်အတူ ဘိုးသာအောင်ကုန်းရွာမှ ဆယ်အိမ်ခေါင်း ဦးပေါင်ခလည်း ပါရှိပါသည်....

ထို့နောက် ၎င်းတို့ နှစ်ယောက်နှင့်အတူ တာဝန်ကျရဲအရာရှိ ရာဇဝတ်အုပ်ကိုခေါ်ဆောင်ပြီး အချင်းဖြစ်ပွားရာနေရာသို့ ကျွန်တော် လိုက်လံ၍ ကြည့်ရှုစစ်ဆေးပါသည်....

ချောင်းအနောက်ဘက်ကမ်း ဘေးလမ်းနှင့် တစ်ဖာလုံကျော်ခန့်ဝေးသည့် ကြံခင်းတော အတွင်း၌ မိန်းကလေး

အလောင်းကို တွေ့ရပါသည်။ သေသူသည် ကြံပင်များကြားတွင် လဲကျနေ၍ ပက်လက်အနေအထားဖြင့်ရှိပါသည်။ သေပြီး တင်ရက်ကျော်ရှိချိန်ဟု ခန့်မှန်းရပါသည်....

ရွာလူကြီးများ ရှေ့မှောက်တွင် အလောင်းအား စစ်ဆေးပြီး အလောင်းနှင့် မလှမ်းမကမ်း၌ ရွှံ့ဗွက်ထဲတွင် နစ်ကျန်ရစ်သော ရှူးဖိနပ်တစ်ဖက် (ရုံးတော်တွင် သက်သေခံအဖြစ် တင်သွင်းထားသည်)ကို ပုံစံတွင်ဖြည့်၍ ယူခဲ့ပါသည်....

၎င်းနောက် သေသူ မည်သူခန့်မှန်းမသိသဖြင့် ဌာနတွင် လူပျောက်တိုင်ထားသော ဒေါ်သန်း (သေသူ၏မိခင်)အား သွားရောက်ခေါ်ငင်ပြီး ယင်းအလောင်းကို ပြသရာ ၎င်း၏သမီး မစမ်းစမ်းဖြစ်ကြောင်း အတည်ပြုသဖြင့် သေသူကို သိရပါသည်။ ထို့နောက် အလောင်းကို ဆေးရုံပို့ပြီး သေသူ သွားလာသည့်အကြောင်း မိခင်အား မေးမြန်းရာ အချင်းဖြစ်နေ့က နွယ်ခွေရွာသို့သွားမည်ဟု ပြောပြီး ထွက်သွားကြောင်း သိရပါသည်....

ထို့ကြောင့် နွယ်ခွေရွာသို့သွား၍ ကျွန်တော် စုံစမ်းရာ သူကြီးဦးမှည့်၏နေအိမ်သို့ ကိုချစ်စံနှင့် မစမ်းစမ်းတို့ နှစ်ယောက်တည်းလာပြီး ပြန်သွားကြကြောင်း သိခဲ့ရပါသည်။ ၎င်းတို့ လာစဉ်က ဂျစ်ကားဖြင့် လာကြသည် ဆိုသဖြင့် အလောင်းတွေ့သူ ကိုသံချောင်းကလည်း ဂျစ်ကားကို သူ ရေထည့်ပေးရကြောင်း ထွက်ဆိုထားချက်နှင့် ဆက်စပ်ကြည့်ရာမှ ကိုချစ်စံအား စဘင်ပြီး အစကောက်ရပါသည်....



၎င်းအချိန်မှာပင် ဘာရ်ဝါဂျာ ဆန်စက်ကုမ္ပဏီမှ သူငွေးငွေအလွဲသုံးစားမှုဖြင့် ဦးချစ်စံအပေါ် အမှုဖွင့်တိုင်တန်းဖြင့် ဦးချစ်စံအား သွားရောက်ခေါ်ငင်၍ အဖမ်းပြုပြီး ာမခံပေးရန် စောင့်ဆိုင်းဆဲကာလတွင် ထမင်းလာပို့သော ချစ်စံ၏တပည့် မောင်အေးချို(ခေါ်) ချိုကြီး ပြောဆိုရာမှ ချစ်စံအား ဆက်လက်စစ်ဆေးရာတွင် အမှုမှန်ပေါ်ပေါက် ်င်း ဖြစ်ပါသည်။ နောက်တစ်နေ့မှာပင် ဦးချစ်စံက ဝတ်ဘရားသူကြီး၏ ရှေ့မှောက်၌ ဖြောင့်ချက်ပေးပါ ည်။ (ယင်းဖြောင့်ချက်ကို ရဲစက္ကူနှင့်အတူ ရုံးတော်တွင် ်ပြထားပြီးဖြစ်ပါသည်။ ၎င်းနောက် သက်သေလူကြီး းနှင့် ၎င်း၏အိမ်သို့ သွားရောက်၍ရှာဖွေရာ သတ်ရာ၌ ်၍ ဖိနပ်တစ်ဖက်တို့ကို တွေ့ရှိထုတ်ပေးပါသည်။ (၎င်း ကို ရုံးတော်သို့တင်ပြရာ သက်သေခံအဖြစ် ရုံးတော်က က်ခံပြီးဖြစ်သည်)....

၎င်းနောက် သတ်ရာတွင် အချင်းဖြစ်နေ့က ဦးချစ်စံ ဝတ် ည့် လုံချည်၊ သေသူမစမ်းစမ်း၏ အင်္ကျီတို့ကို ရန်ကုန်မြို့ တုဗေဒဝန်ရုံးသို့ ပေးပို့စစ်ဆေးခဲ့ရာ ၎င်းပစ္စည်းများပေါ် သွေးများမှာ သေသူ၏သွေးအမျိုးအစားများ ဖြစ်ကြောင်း ်ချက်ပြု ပြန်ကြားစာရရှိခဲ့၍ ရုံးတော်သို့ သက်သေခံအဖြစ် ်သွင်းရာ ရုံးတော်မှ လက်ခံခဲ့ပြီး ဖြစ်ပါသည်”

ရားသူကြီး။ ။“ဒီအမှုမှာသက်သေများနဲ့ စုံစမ်း ထောက် ်းခြင်း အပေါ်မှာပဲ မူတည်ပြီး စဉ်းစားမှာဖြစ်တယ်၊

လုံချည်ပိုင်ရှင်သည် မူလက ချိုကြီးမဟုတ်သည့်အတွက် ချိုကြီ
အား ဆက်သက်စစ်ဆေးခြင်းဖြင့် ရုံးရဲ့အချိန်ကို မဖြုန်းသ
ဘူး ထင်ပါတယ်၊ ဒါကြောင့် အမှုအတွက် အထောက်အ
ဖြစ်စေမယ့် သက်သေနဲ့ စုံစမ်း စစ်ဆေးချက်များကိုသာ တ
ပြပါ”

ဦးဘသော်။ ။“ကောင်းပါပြီ၊ ဒီလိုဆိုရင် သက်သေအဖြ
စာရင်းတင်သွင်းထားတဲ့ မောင်ချိုကြီးကို သက်သေအရာ
ပယ်လိုက်ပါမယ် ခင်ဗျာ”

ငင်းနောက် ရက်ချိန်းပေးပြီး ရုံးဆင်း၏။

ကိုချစ်စံအား ပေါင်းတည်ထောင်သို့ ပြန်ပို့ရ၏။ ထော
ဝင်စာမှာ ခင်မောင်ဦးက လုံးဝ လာရောက်တွေ့ဆုံခြ
မပြုတော့ပေ။

ချိုကြီးကတော့ မြင့်မြင့်နှင့် မတွေ့ရအောင် ရက်လွှဲပြီ
သူ့ဆရာအား လာ၍တွေ့ဆုံ၏။

“ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာရယ်၊ ဒီအမှု ကျွန်တေ
ကြောင့် ပေါ်ရတယ်လို့ ဆရာစိတ်ဆိုးရင်လဲ ခံပါ့မယ်၊ ကျ
တော်လဲ အစ်မကပေးလိုက်လို့ ဝတ်လာရတဲ့လုံချည်ပါ ဆရ
ဒီလုံချည် ကျွန်တော် ဝတ်လာတာကြောင့် ခုလိုဖြစ်ရတာ
ကျွန်တော် ယူကျုံးမရဖြစ်ရပါ ဆရာ”

ဟု တောင်းပန်သည်။

“အေးပါကွာ....ငါပြုခဲ့တဲ့ မကောင်းမှုဟာ ဆိတ်ကွယ်
မရှိတဲ့ သဘောပေါ့၊ ငါလုပ်ရင် ငါခံရမှာပါပဲ၊ မင်းအပေ



မှာ ငါဘယ်လိုမှ သဘောမထားပါဘူး ချိုကြီးရယ်”ဟု
ကိုချစ်စံက ခွင့်လွှတ်လေသည်။

ချိုကြီးက သူ့ဆရာကို ထိုင်၍ကန်တော့ကာ မျက်ရည်လည်
ရွဲဖြင့် ထောင်ဝင်စာမှ ပြန်သွားခဲ့၏။

ချိုကြီးကား ပေါင်းတည်မြို့တွင် ဆက်လက်၍ မနေလို
တော့ပြီ။ သူ့ဆရာ ကိုချစ်စံ၏အမှုမှာ သူ့ကြောင့် ပေါ်လာ
ရသလို ဤမျှကျေးဇူးရှိလှသော ဆရာသမားအပေါ် သစ္စာ
မစောင့်သိသူ စသည်ဖြင့် သူ့အား ဝိုင်း၍ လက်ညှိုးထိုးခံရ
မည့်ဘေးမှ ကင်းဝေးရာ နတ္တလင်းမြို့သို့ ပြောင်းရွှေ့လာခဲ့
ပါတော့သည်။

ချိုကြီးလည်း အပါးမှခွာသွားသည်။ ခင်မောင်ဦးလည်း
ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကာ ပြန်လှည့်မကြည့်
တော့ပေ။

မြင့်မြင့်မှာတော့ လင်က လူသတ်မှုဖြစ်၍ ရေဆုံးမြေဆုံး
လိုက်ရသဖြင့် ရှိစုမဲ့စု ရွှေတိုရွှေစကအစ ဖြုန်ကာပြာကာက
ပြီး နားပေါက်ဟောင်းလောင်း ဖြစ်နေရချေပြီ။

တစ်ချိန်တစ်ခါကစက်မန်နေဂျာကတော်....ပစ္စည်းကြွယ်
သည်ဟု ကျိန်၍ပြောရလျှင်တောင် ယုံနိုင်ဖွယ်ရာမရှိချေ။

ဆန့်စက်က နှင်ပြီဆိုတော့လည်း နေစရာအိမ်ကို ဖယ်ပေ
ရသဖြင့် ဘုံပျောက်ရပြန်၏။ ကံနိမ့်ပြီဆိုတော့လည်း နူရာဝဲ
လဲရာသူခိုးထောင်းဆိုသည့် ဥပမာနှယ်။

အကုသိုလ်ဆိုသည်ကား တစ်ယောက်တည်း မလာတတ်ဘဲ အဖော်ခေါ်လာခဲ့ချေပြီတကား။

နောက်ရုံးချိန်းတွင် ဘရားခံဖြစ်သူကိုချစ်စံအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂ ၁-(ဂ)ဖြင့် စွဲချက်တင်လိုက်တော့သည်။

ဥပဒေပုဒ်မ—၃၀၂ (၁)

(ဂ) "ဤရာဇသတ်ကြီးအရ ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်း ခံထိုက်သောပြစ်မှုကို ကျူးလွန်နေစဉ် လူသတ်မှုကို ကျူးလွန်လျှင် ထိုသူကို သေဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်နိုင်သည်။"

ကိုချစ်စံက အပြစ်မရှိကြောင်း ငြင်းဆိုသဖြင့် အမှုကို ဆက်လက် စစ်ဆေးရလေသည်။

တရားခံပြသက်သေများ စစ်ဆေးအပြီးတွင် ကိုချစ်စံက ၎င်း၏ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း သူ၏ရှေ့နေကြီးမှ တစ်ဆင့် တင်သွင်းသည်။ ၎င်းနောက် ၎င်းကိုယ်တိုင် အစစ်ခံရာ၌ ထွက်ဆိုသည်မှာ....

"ကျွန်တော်သည် ဘာရဝါဂျာ ဆန်စက်၏ မန်နေဂျာဖြစ်ပါသည်။ ၁၉၄၆ ခုနှစ်မှ စတင်၍ ဤဆန်စက်တွင် လုပ်ကိုင်ခဲ့ရာ ယနေ့အထိ ဖြစ်ပါသည်။ ဆန်စက် ငွေကြွာမှုဖြင့် ကျွန်တော့်အား တရားစွဲဆိုရာမှ ပေါင်းတည် ဂါတ်တဲသို့ ရောက်ရှိနေခိုက်တွင် ကျွန်တော်၏ တပည့် မောင်ချိုကြီး



နှ်တော့်အိမ်မှ လုံချည်ကိုဝတ်၍ ကျွန်တော့်အား ဖမ်းဆီး
ခဲ့ခြင်းဖြစ်ပါသည်၊ ကျွန်တော့်အားဖမ်းဆီးပြီး ဤအမှု
င် တရားခံအဖြစ် ရုံးရှေ့သို့ ရောက်လာရခြင်း ဖြစ်ပါ
ည်...

"မောင်ချိုကြီးသည် အစဉ်အရက်သောက်စားမှုးယစ်နေ
ဖြစ်သောကြောင့် လည်းကောင်း၊ မည်သည့်အချိန်က
နှ်တော့်လုံချည်ကို ယူဝတ်သွားပြီး လူသတ်မှုကျူးလွန်သည်
မပြောနိုင်ပါ၊ ၎င်းအချက်မှာ သံသယဖြစ်စရာ ရှိပါသည်၊
်ကြံလီဆယ်ပြီး ကျွန်တော်၏အကျိုး ပျက်စီးရာပျက်စီး
ကြောင်းကို ပြောဆိုခြင်းပါ"

ရားသူကြီး။ ။"ဒီကိစ္စမှာ လုံချည် အကြောင်းတက်
ဗျားနဲ့မစမ်းစမ်း အတူသွားတဲ့အကြောင်းသာ ပြောပါ၊
ကြီးကိစ္စကို ကျော်လိုက်ပါ"ဟု တရားသူကြီးက ပြောလိုက်
ည်။

ထို့ကြောင့် ချိုကြီးကိစ္စကို ကျော်လွှားပြီး ဆက်လက်၍
ဆေးရလေသည်။

"အချင်းဖြစ်နေ့က ကျွန်တော်သည် ပြည်မြို့သို့သွားရန်
ကားမောင်း၍ ထွက်အလာတွင် ပေါင်းတည်ဈေးကြီး
ာင့် ကျောက်တိုင်နား၌-သေသူမစမ်းစမ်းနှင့် တွေ့ရပါ
ည်၊ မေးမြန်းကြည့်ရာ မစမ်းစမ်းက နတ္တလင်းအပိုင် နွယ်
ရွာသို့ သွားမည်ဖြစ်ကြောင်း၊ ကျွန်တော်၏တပည့် ချိုကြီး
း အဖော်ခေါ်သွားမည်ဖြစ်ကြောင်း ပြောသဖြင့် ချိုကြီး

ရှိမည့် ဘူတာရုံ ဆိုက်ကားဂိတ်သို့ သူ့ကို ကျွန်တော် ကာ
ပေါ်တွင် တင်ပြီး ခေါ်လာပါသည်၊ ဆိုက်ကားဂိတ်တွင် ခ
ကြီးကို မတွေ့ရပါ၊မိုးလည်းရွာနေသဖြင့် မိန်းကလေးတစ်ဦ
တည်း သွားရန်မသင့်ကြောင်း ပြောပြရာ မစမ်းစမ်းက သူ
ချစ်သူ မောင်ခင်မောင်ဦးအတွက် စိတ်ပူ၍ မသွားမဖြစ် သွာ
မည် ဆိုပါသည်၊ မစမ်းစမ်းသည် ကျွန်တော်၏တပည့် ဖြစ်ပ
သည်၊ ထို့ကြောင့် သူတစ်ယောက်တည်း စိတ်မချ၍ ကျွ
တော်ပဲ လိုက်ပို့မည်ဟုပြောကာ ဂျစ်ကားဖြင့် နွယ်ခွေသ
သွားကြပါသည်၊ နွယ်ခွေရွာတွင် သူကြီး ဦးမှည့်၏နေအိမ်
ခင်မောင်ဦးကို မတွေ့ရသဖြင့် ကျွန်တော်တို့ ချက်ချင်း ပြန်
ကြပါသည်။ ဦးမှည့်က နံနက်စာကျွေးသည်ကိုပင် မစားခဲ့ပ
ကျွန်တော် ပြည်သို့ ဆက်လက်သွားမည်ဖြစ်ကြောင်း ပြော
ပါသည်....

ဤသို့ ပြန်လာကြရာ ဘိုးသာအောင်ကုန်းတံတာ
အဆင်းတွင် ဂျစ်ကားရေဆူသဖြင့် ရေဆင်းထည့်ကြပါသည
စမ်းစမ်းက အခင်းသွားချင်သည် ဆိုသဖြင့် ကြံပင်တောဝ
သို့သွားပါသည်၊ ၎င်းနောက် ကျွန်တော်တို့ နှစ်ယောဂ
ဆက်ပြီး ကားမောင်းခဲ့ရာ ကျောက်ကုန်းရွာ အရောက်တွ
ဂျစ်ကား ဝှီုင်းနပ် ချောင်သဖြင့် ကားအောက်သို့ဆင်းပြ
ကားပြင်ရာ ဖိနပ်ကိုချွတ်၍ ကားနောက်ပိုင်းမှာ တင်လိုက်ပ
သည်၊ ကားအောက်ဝင်ပြင်ရသဖြင့် ရွှံ့များပေရေကုန်ပ
သည်၊ ကားပြင်လျှင် ကြာချင်ကြာမည်ဖြစ်၍ မစမ်းစမ်းအ
မြင်းလှည်းတစ်စီးလာရာ ၎င်းမြင်းလှည်းဖြင့်ပင် ပေါင်းတ



သို့ ပြန်မည်ဆိုသဖြင့် သွားခွင့်ပြုပြီး ကျွန်တော်တစ်ယောက်
တည်း ကျန်ခဲ့ပါသည်၊ ၎င်းနောက် ကျွန်တော် ကားပြင်ပြီး၍
တစ်ယောက်တည်း ဆက်သွားကာ ပြည်မြို့သို့သွားပါသည်၊
ပြည်မြို့ရောက်၍ကားပေါ်မှဆင်းမည်ပြုတော့မှဖိနပ်တစ်ဖက်
ဘယ်မှာ လွင့်ကျကျန်ခဲ့မှန်းမသိဘဲ တစ်ဖက်တည်း တွေ့ရပါ
သည်၊ ပြည်မြို့တွင် အလုပ်ကိစ္စများ ပြောဆိုပြီး ကျွန်တော်
ပေါင်းတည်သို့ ပြန်ခဲ့ပါသည်....

အိမ်ရောက်ပြီးသည့်တိုင် မစမ်းစမ်းအကြောင်း ဘာမှ
မသိသေးပါ၊ နောက်တစ်နေ့မှာ သူ့မိခင် ဒေါ်သန်း ရောက်
လာပြီး ၁မ်းစမ်း ပျောက်နေကြောင်း၊ ပြန်မလာကြောင်း
ပြောပါသည်၊ ကျွန်တော်က ဂါတ်ကို လူပျောက်တိုင်ရန်
ပြောလိုက်ပါသည်”

ရှုံးမေး။ ။“မစမ်းစမ်း ခင်ဗျားနဲ့အတူတူ နွယ်ခွေသို့သွား
ပြီး အပြန် သူတစ်ယောက်တည်း မြင်းလှည်းနှင့် ပြန်သွား
သည်လို့ သူ့မိခင်ကို ခင်ဗျား ပြောသလား”

“မပြောပါ”

“ဘာကြောင့် မပြောမိသလဲ”

“ဒေါ်သန်း သိပြီးဖြစ်မည်ထင်၍ မပြောမိခြင်း ဖြစ်ပါ
သည်”

“၎င်းနောက် ကျွန်တော်အား ဒေါ်သန်းက စမ်းစမ်း
အလောင်း တွေ့ကြောင်း ပြောခိုင်းသဖြင့် ကျွန်တော်တို့

လင်မယား သွားတွေ့ပြီး ကြည့်ကြပါသည်၊ စမ်းစမ်း၏ အသုဘကို ကျွန်တော်ပင် ဦးဆောင်၍ သင်္ဂြိုဟ်ပေးခဲ့ပါသည်....

"ကျွန်တော်သည် မိမိ တပည့်တပန်းများပေါ် စေတနာထားပါသည်၊ ယခု ကျွန်တော် လုံးဝမကျူးလွန်သော အမှုအတွက် တရားခံအဖြစ်သို့ ရောက်ရှိလာရခြင်းမှာ များစွာ နစ်နာပါသည်....

ရုံးတော်တွင် ပထမ ဖြောင့်ချက်ပေးခဲ့ခြင်းမှာ အချုပ်ခံရသည့်ကာလ မြန်မြန်ပြီးပြတ်သွားစေရန် ကျွန်တော် ဖြေချင်ရာဖြစ်ဟု သဘောထားပြီး ဖြောင့်ချက်ကို ပေးခဲ့ခြင်းဖြစ်ရာ ၎င်းကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါသည်...

"ကျွန်တော့်တွင် လုံးဝအပြစ်မရှိပါ" ဟု ထွက်ဆိုသွားသည်။

## အခန်း (၁၆)

စီရင်ချက်ချမည့်နေ့။

တစ်မြို့လုံးက စိတ်ဝင်စားကြသည့် အမှုကြီး ဖြစ်သောကြောင့် အုတ်အော်သောင်းတင်းဖြစ်ကြပြီး တရားရုံး အနီးအနားတွင် လာရောက်စုဝေးကာ နားစွင့်ကြသည်အထိဖြစ်ရသည်။

ဘယ်လောကပင် သတ္တိရှိလှပါသည်၊ သူတစ်ပါးအသက်ကို ဖက်ရွက်လောက်၊ ပုရွက်ဆိတ်လောက် အောက်မေ့ပါသည်ဟု ဆိုသည့်လူပင်ဖြစ်လင့်ကစား အမှုအတွက် စီရင်ချက်ချတော့မည့်နေ့တွင် ရင်တုန်ပန်းတုန်ဖြစ်ရစမြဲပင်။

ယခုလည်း ကိုချစ်စံသည် အချုပ်ထောင်တွင်းသို့ ရောက်သည့်နေ့မှစပြီး မြင့်မြင့် ထောင်ဝင်စာမှာပေးခဲ့သော စိပ်ပုတီးကို မပြတ်စိပ်၍ အားတင်းထား၏။

"ခင်ဗျားသတ်တယ်ဆိုတာ မျက်မြင်သက်သေမှ မရှိဘဲဗျာ၊ ခင်ဗျားအမှုမျိုးက ရှေ့နေကောင်းရင်လွတ်မှာပါ"ဟု အားပေးစကားပြောကြသူက တစ်မျိုး။

"ယတြာကောင်းရင် မင်းလောင်းတောင်ပျောက်တယ်" ဟု အကြံပေးသူကပေးသဖြင့် အပြင်မှာကျန်ရစ်သော ဇနီးသည် မြင့်မြင့်အား ဗေဒင်မေးပြီး ယတြာချေခိုင်းရသည်က တစ်ဖုံ။

ကိုချစ်စံ၏ ခြေသည်း၊ လက်သည်း၊ ဆံပင် စသည်တို့ကို ထောင်ဝင်စာမှာ ညှပ်ဖြတ်ပေးလိုက်ရ၏။ ၎င်းကို ရွှံ့ရုပ် အင်္ဂါစုံလင်စွာလုပ်ပြီး တပ်ဆင်ကာ မြေမြှုပ်၍သင်္ဂြိုဟ်လျှင် ယတြာချေပြီးခဲ့ချေပြီ ဖြစ်၏။

သို့သော်....

ဘယ်လိုပင် စိတ်ကို နိုင်ပါသည်၊ အားတင်းထားနိုင်ပါသည်ဟုပင် ဆိုရစေကာမူ တကယ်တမ်း ဖြစ်မှုကျူးလွန်ခဲ့သည်မှာ မှန်ကန်နေသည့်အတွက် မိမိအတွက် ချမှတ်ခြင်းခံရမည့် စီရင်ချက်မှာ မည်သည့်အမျိုးအစား ဖြစ်လိမ့်မည်ကို ကြိုတင်ပြီး သိထားသည်ဟုဆိုလျှင်လည်း ချောက်ချားဖွယ်ရာပင် ဖြစ်၏။

ထို့ကြောင့် ကိုချစ်စံ၏ရင်မှာ လှိုင်းထလျက် ရှိသည်။ ဘယ်လိုစီရင်ချက်မျိုး ချလေမည်နည်း။ လွတ်ဖို့ ဆိုတာ မမျှော်လင့်ပါ။ ခေသဒဏ်မကျလျှင်တော်ပါပြီ၊ ထောင် တစ်



သက် တစ်ကျွန်း ကျချင်ကျပါစေဟုလည်း ကိုယ့်အသက်အရေးကြောင့် လျှော့ပေါ့၍တွက်ထားမိလေ၏။

သည်နေ့ တရားရုံးခန်းကြီးကိုကြည့်ရသည်မှာ ထိတ်လန့်တုန်လှုပ်ဖွယ်ရာဟု ထင်မိ၏။

တရားသူကြီးဝင်လာသည်တွင် တရားခွင်မှာ လုံးဝပကတိ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

တရားရုံးထိုင်ပြီးဖြစ်၍ တရားသူကြီး ရောက်လာသည်နှင့် ရှေ့ဖတ်စာရေးကြီးက အမှုခေါ်တော့သည်။

ကိုချစ်စံအား လက်ထိတ်နှင့် ရုံးထုတ်လာပြီး ဝက်ခြံတွင်းမှာ မတ်တတ်ရပ်စေ၏။ နှစ်ဦးနှစ်ဖက် ရှေ့နေများလည်း စုံညီရပ်လျက်ရှိကြပြီ။

"အမိန့်ချမယ်၊ တရားခံမောင်ချစ်စံ နားထောင်ပါ"

တရားသူကြီး၏ စီရင်ချက်ချသံမှာ အပ်ကျမတတ် ငြိမ်သက်နေသော ရုံးခွင်တစ်ခုလုံးတွင် ကျယ်ကျယ်ရရစွာ ပေါ်ထွက်လာတော့သည်။

"ဤအမှုသွားနှင့်ပတ်သက်၍ တရားခံအပေါ် စဉ်းစား ...၌ အောက်ပါအချက်များကို ရှာဖွေစိစစ်၍ တွေ့ရသည် ...ာ....

တ...ဖြစ်ခံသည် အချင်းဖြစ်သည့်နေ့က သေသူမိန်းကလေး ...င့်အတူ နွယ်ခွေရွာသို့ လာရောက်ကြသည်ဆိုသည့်အချက်ကို ...ရားလိုပြသက်သေများဖြစ်သည့် နွယ်ခွေသူကြီး ဦးမှည့်က ...ခိုင်အမာ သက်သေခံပြသ ထွက်ဆိုနိုင်ခြင်း....

အလောင်းကိုတွေ့သူ မောင်သံချောင်း (ဦးစွာ ရဲသို့ သတင်းပေးတိုင်ကြားသူ)က တရားခံ၏ဂျစ်ကားကို ရေထည့်ပေးရသည့်အပြင် သေသူမိန်းကလေးနှင့် တရားခံတို့ ကားလမ်းပေါ်မှ ကြံပင်တောဆီသို့ ဆင်းသွားကြပြီး တရားခံတစ်ယောက်တည်း ပြန်လာသည်ကို အခိုင်အမာထွက်ဆိုပြသွားခြင်း....

တရားခံက သေသူ မိန်းကလေးအား မြင်းလှည်းဖြင့် သီးခြား ပြန်ခိုင်းလိုက်ပြီး ၎င်းတစ်ယောက်တည်း ပြည်မြို့သို့ သွားပါသည်ဟု ငြင်းဆို ထွက်ထားသော်လည်း ၎င်းကို သက်သေ အထင်အရှား မပြသနိုင်ခြင်း....

သေသူ၏သွေးနှင့် တရားခံ၏လုံချည်မှသွေးကို ဓာတုဗေဒ ဆရာဝန်ထံသို့ ပေးပို့စစ်ဆေးခဲ့ရာတွင် တစ်ထပ်တည်း အမျိုးအစားတူ ဖြစ်နေကြောင်း ပြန်ကြားခဲ့ခြင်း....

သတ်ရာတွင် ရန်းရင်းဆန်ခတ်ဖြစ်ရာမှ အလောင်းအနီးတွင် ကျန်ခဲ့သော ဖိနပ်တစ်ဖက်မှ အခြားတစ်ဖက်ကို တရားခံကိုယ်တိုင်က သူ၏အိမ်၌ သက်သေလူကြီးများရှေ့၌ ထုတ်ပေးခဲ့ခြင်း....

တရားခံကိုယ်တိုင်က ဖြောင့်ချက်ပေး၍ နေ ငင်တွင် ၎င်း ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းသော်လည်း မူလ ဖြောင့်ချက်အတွက် ပတ်ဝန်းကျင် သက်သေခံ အထောက်အထားများက အထောက်အကူပြုနေခြင်း....



တရားခံသည် ငွေလိုနေချိန်ဖြစ်၍ ငွေကွာမှုဖြင့် အဖမ်းခံရသေးသည်ဖြစ်ရာ ဤသို့ ငွေလိုနေချိန်၌ ဤအမှုမျိုးကို ကျူးလွန်ဖွယ်ရာရှိခြင်း....

တရားခံကိုယ်တိုင်ကပင် သေသူ၏မိခင်အား ၎င်းနှင့်အတူ သွားခဲ့ခြင်းကို ထိမ်ချန်ထားခြင်း....

စသည့် အချက်များအပြင် ပတ်ဝန်းကျင် သက်သေ အထောက်အထားကို သေချာစွာ စိစစ်ရန် လိုအပ်သည်။

(ကေအိုင်အာ ၁၉၃၄–ခု (လားဟိုး) စာ–၁၀)တွင် ကွင်းဆက်ပြတ်လျှင် တစ်ကြိုးလုံး ပြတ်သဖြင့် အမှုတွင် သက်သေအထောက်အထားများကို ကွင်းဆက်မပြတ်အောင် ဖော်ထုတ်ဖို့ အရေးကြီးသည်။ ဆန်ဂျခမင်ဇေဗီးယား (ခေါ်) မောင်တင်ဝင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၅၀–မ တ စ၊ စာ– ၁၄၆ (တရားလွှတ်တော်)၌ ထုံးဖွဲ့ထားသည့်အတိုင်း အမှုတွင် ပတ်ဝန်းကျင် သက်သေများကို ကွင်းဆက်မပြတ် ဆက်လက်တွေ့ရှိရခြင်းဖြင့် တရားခံသည် ဤအမှုကိုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်၍ အောက်ပါအတိုင်း စီရင်ချက်ချမှတ်သည်။

အမိန့်

"အဖ ဦးဘချစ်၏သား တရားခံချစ်စံ (အသက်–၃၅) နှစ်သည် ရာဇသတ်ကြီး ပုဒ်မ–၃၀၂ (၁) (ဂ)ကို ကျူးလွန်ကြောင်း ထင်ရှားသဖြင့် သေဒဏ်ကျခံစေရမည်။

ၦင်းအား မသေမချင်း လည်ပင်းကို ကြိုးကွင်းတပ်၍ သတ်စေရမည်”

ကိုချစ်စံ ခေါင်းငိုက်စိုက်ကျသွား၏။ ဇနီးသည် မြင့်မြင့်ကို ရုံးမြင်သို့ ပွေ့ယူသွားကြရလေသည်။

သေဒဏ်ကျခံရပြီးကြိုးသမားဖြစ်သွားပြီဆိုတော့ကိုချစ်စံအား ပေါင်းတည်ထောင်၌ ထား၍မရတော့ပြီ။ အစောင့်အရှောက် အလုံအခြုံ တို့ဖြင့် ရန်ကုန်ထောင်ကြီးသို့ ပို့ကြရလေတော့သည်။

*　　*　　*

ကိုချစ်စံ၏ ကြိုးသမားဘဝကား....

ကြိုးသမားဖြစ်ရပြီဟုဆိုကတည်းက ကိုချစ်စံ၏ဘဝကား တစ်ဝက်သေဆုံးသွားခဲ့သူနှင့် မခြားတော့ပြီ။

တစ်ခါမှ ရောက်လည်း မရောက်ဖူး၊ ရောက်ရန်လည်း ဘယ်သောအခါကမှ စိတ်ကူးမထည့်ခဲ့ဖူးသော ထောင်ကြီးအတွင်းသို့သာမကဘဲ ရန်ကုန်ထောင်ကြီး၏ ကြိုးတိုက်ဆိုသည့် အကျဉ်းစခန်း၏နောက်ဆုံးနေရာ သို့မဟုတ် သင်္ချိုင်းသို့ မသွားမီ ခေတ္တ ကွန်းထောက်စခန်းသို့ ယခု သူ ဝင်ခဲ့ရပါလေပြီ။

ကြိုးတိုက်။



ရန်ကုန်ထောင်ကြီးအတွင်းမှ ကြိုးတိုက်ကို ကြည့်မည်ဆို ပါက အောက်ပါအတိုင်း တွေ့မြင်ရပေမည်။

ရန်ကုန်ထောင်ကြီး၏ ဘူးဝသို့ ဝင်သွားပြီးသည်နှင့် ထောင်မှူးကြီး၏ရုံးခန်းအလွန်မှ အဆောင်များရှိရာ တည့် တည့်သို့ မသွားဘဲ လက်ဝဲဘက်သို့ ကွေ့ချိုးလိုက်သည်နှင့် အုတ်ရိုးနီကလေး ကာထားသော အဆောက်အအုံနိမ့်နိမ့် ကလေးများကို တွေ့ရပေမည်။ ယင်းကား ကြိုးတိုက်ပင် ဖြစ်၏။ အလျားပေ (၁၀၀)ကျော်ခန့်၌ တစ်ထပ်တိုက်ပု ကလေး ဖြစ်၏။ အဝင်ဝမှာ သော့ခလောက်ကြီးကြီး ခတ် ထား၏။ ညစ်ထပ်ထပ် ထုံးရောင်သုတ်ထား၏။ တိုက်တန်း များငယ် တစ်ခုနှယ်သို့ပင် ရှိလေသည်။ တစ်ယောက်လျှင် နှစ်ပေခန့်ပတ်လည်ရှိမည့် အခန်းပေါင်း ဆယ့်လေးခန်း ရာ မျက်နှာချင်းဆိုင်အခန်းဖွဲ့ ထားပြီး စကြံလမ်းကလေး ား ထားလေသည်။

သည့်နောက်တော့ ကြိုးစင်။

ကြိုးစင်ဆိုသည်ကား အမည်က နာမည်ဟိန်းသလောက် ကယ် သွားကြည့်တော့ အဆောက်အအုံက နုံချာချာ လေးသာ ဖြစ်၏။ သို့သော် ဤနုံချာချာနေရာကလေး ား သက်ရှိလောကမှ လူသားတို့၏ဇာတ်ဝိနည်းချုပ်ရာနောက်ဆုံး နေရာ ဖြစ်သောကြောင့် ဤမှာ တုန်လှုပ်ဖွယ်ရာ နာမည် န်းနေရခြင်းပင် ဖြစ်၏။

ကြိုးတိုက်နှင့် ကြိုးစင်ကား ခေတ္တခိုနားရာ ကွန်းနှင့် ောက်ဆုံးတက်ရမည့် စင်အမြင့် ယှက်နွှယ်နေကြလေသည်။

ကြိုးတိုက်ဆိုသည်ကား ကြိုးစင်နှင့် ပေငါးဆယ်အကွာ အဝေးမှာရှိသည့် အဆောက်အအုံကလေးပင်ဖြစ်၏။ကြိုးစင် က ကမူကလေးပေါ်မှာဆောက်ထားသည်။

ကြိုးတိုက်မှ ကြိုးစင်သို့တက်ရန် အသွားလမ်းတစ်ဝက် လောက်မှာ ရွှေရောင်ဝင်းသည့် စေတီငယ်ကလေး တစ်ဆူ ရှိလေသည်။ ရွှေနှင့်ထုံး တစ်ဝက်စီသုတ်ထားသော စေတီ ကလေး ဖြစ်၏။

ဗုဒ္ဓဘာသာဝင်တို့အဖို့ မိမိဘဝ၏ နောက်ဆုံး အသက် ဆုံးရှုံးရခါနီး မိနစ်ပိုင်းကလေးမှာ သဒ္ဓါကြည်ညိုဖူးမြင်လို ကြရန်အတွက် ဖြစ်လေသည်။

ကြိုးသမားနှင့် သာမန် ထောင်ကျတို့ကို ရန်ကုန်ထောင် ကြီးမှာ အလွန် သီးခြားခွဲ၍ထား၏။ လုံးဝ အဆက်အသွယ် မပြုကြရ၊ တွေ့ဆုံခွင့်မရကြချေ။

ကြိုးဒဏ်မှ အယူခံအတွက် ကိုချစ်စံ အယူခံလွှာကို ရေ နေကြီး ဦးအုန်းမှတစ်ဆင့် ဟိုက်ကုတ် (ယခုအခေါ် ဗဟို တရားရုံး)သို့ တက်ခဲ့သည်။

ကြိုးသမားဆိုတိုင်းလည်း သေသည်၊ ကြိုးစင်တက်ရ သည် မထင်နှင့်၊ ကြိုးစင်ပေါ်တက်ရန် ခြေလှမ်းပြင်ပြီး ခါမှ အနားကပ်ပြီး လွတ်မြောက်သွားသူတွေလည်း ရှိကြ သေးသည်ဆိုသည့် အားပေးစကား အချင်းချင်း ပြောကြ ဆိုကြသည်။ ထိုစကားများကြောင့် ကိုချစ်စံ စိတ်ချမ်းသာရ ရခဲ့၏။



ကြိုးတိုက်သို့ရောက်သည့်ညကစ၍ တစ်ပတ်တိတိ အိပ်၍ မပျော်ခဲ့။ သရဲခြောက်သလိုလို သူ့စိတ်မှာ ထင်ယောင်မြင် ယောင် ဘယ်လူးညာလှိမ့်ဖြင့် ခုနစ်ညတိတိ အချိန်တွေ ကုန် ဆုံးခဲ့ရလေသည်။

သူ စမ်းစမ်းကို သတ်ခဲ့စဉ်က မျက်စိထဲမှာ ဘာမှမမြင်။ ဘာမဟုတ်သည့် ရွှေ ငွေကို မက်မောမိ၍ လက်လွန်ခြေလွန် ဖြစ်ခဲ့ရ၏။

အခု သည်ပြစ်ဒဏ်ကြောင့် သူ့ကို ကြိုးပေးဖို့ အမိန့်ချ ထားပြီဆိုတော့ လည်ပင်းတယားယားဖြစ်ခဲ့ရ၏။

သို့သော် အယူခံဆိုသည်ကလည်း ချက်ချင်း ပြန်ကျမလာ တတ်၊ ဟိုက်ကုတ်ရုံးက အမှုတွဲကို ယူကြည့်ရမည်။ ပြန်၍ ကြားနာသင့်လျှင် ကြားနာရမည်။ စစ်ရဦးမည် ဆိုတော့ တချို့ ကြိုးသမားများအဖို့ ကြိုးမိန့်ကျသည်က အယူခံမှု အကြောင်းပြန်ကြားလာသည့်အချိန်မှာ ခြောက်လမှ တစ်နှစ် ထိပင် ကြာတတ်လေ၏။

သည်လိုနှင့်ပင် ကိုချစ်စံ၏အယူခံကို ဟိုက်ကုတ်မှပယ်သိုက် လေတော့၏။

ထိုညက ကိုချစ်စံ ထမင်းလည်း မစား၊ မည်သူနှင့်မှလည်း စကားလည်း မပြောတော့ချေ။

"သိပ်လဲ အားမငယ်ပါနဲ့ ကိုချစ်စံရယ်၊ ဟိုက်ကုတ်က ရှုံးရင် နိုင်ငံတော်သမ္မတထံ အယူခံရှိပါသေးတယ်၊ အဲဒီကျ တော့ လွတ်နိုင်ပါသေးတယ်"

အင်း....ပထမအဆင့် သေရမည့်ဘေးကတော့ ဝေးခဲ့ပြီဟု မဆိုနိုင်သေးသော်လည်း လောလောဆယ် သေမည့်ရက်ကို မသတ်မှတ်ရသေး။ နိုင်ငံတော်သမ္မတ၏အမိန့်ကို အယူခံရင်း ထပ်စောင့်ဖို့ တစ်ထစ် ကျန်သေးသည်။ အဲဒါကတော့ နောက်ဆုံးအဆင့် အထစ်ပါ။

သည်နောက်ဆုံးအဆင့်ကို မျှော်လင့်ရင်း ကြိုးတိုက်တွင်းမှာပဲ အလိုက်သင့် အချိန်ကုန်ရပြန်တော့၏။

သည်ကြားထဲမှာ သူ့အရင်က သမ္မတထံ အယူခံတင်ထားသောသူတွေထဲမှ ဘယ်သူမှ မရှုံးပါစေနှင့်ဟုလည်း ဆုတောင်းရသည်မှာ အမော။

ကြိုးစင်မှာ ထုံးစံ ပြောစမှတ်တစ်ခု ရှိကြသည်။ တစ်ယောက် အယူခံရှုံးလျှင် ဆက်တိုက် ရှုံးတတ်သည်ဆိုသည့် အယူအဆပင်ဖြစ်၏။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ သည်နေရာမျိုး ရောက်နေကြရသည့်သူတို့ အဆိုမှာတော့ အယူအဆနှင့် ယုံကြည်သက်ဝင်မှုက သူတို့အား လွှမ်းနေမည်မှာ မလွဲ။

ဤသို့ စိတ်သက်သာရာကလေးများဖြင့် မေ့သလိုပျောက်သလို နေခဲ့ရာမှ နောက်ဆုံး နိုင်ငံတော်သမ္မတ၏ အယူခံပယ်လိုက်သည့် အမိန့် ရောက်လာခဲ့တော့၏။

* * *



သမ္မတထံတင်မည့် အယူခံလွှာကို ပယ်သည်ဆိုသည်နှင့် ပင် ကြိုးသမားအား နှ သယ့်လေးနာရီ အစောင့်အရှောက် မပြတ်တော့ပါ။ အမြဲကြည့်နေရပါသည်။

ကြိုးသမားသည် မိမိကိုယ်မိမိ သတ်၍သေမသွားစေရန်၊ ျားနာပြီး သေမသွားစေရန် ဆရာဝန်နှင့် ဆေးစစ်ပြီး သေချာစွာ စမ်းသပ်ခံရပါသည်။ ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည် ဆိုမှ သေရမည်။

ကြိုးသမားသည် တခြား ပယောဂဖြင့်မသေစေရ၊ ကြိုး ဖြင့်သာ သေစေရမည်ဟူသည့်သဘောပါ။

ကိုချစ်စံ၏အရပ်နှင့်တိုင်းပြီး ကြိုးကို သေချာစွာကျစ်၍ ိုင်ခံ အောင် ဆီစိမ်ပြီးဆွဲရသည်။ သတ်မည့်ရက်ကို သတ်မှတ်ပြီး ဖြစ်၍ နောက်ဆုံး အထူး ထောင်ဝင်စာတွေ့ခွင့်ပြု လေရာ မြင့်မြင့် လာတွေ့သည်။

သို့သော် သိပ်စကားများများ မပြောနိုင်တော့ပါ။ နှစ်ယောက်စလုံး ဝမ်းနည်းလွန်းသဖြင့် ဆို့နင့်နေကြ၍ဖြစ်၏။

"ကိုယ်လုပ်ခဲ့တဲ့အပြစ်ကြောင့် ကိုယ်ခံရတော့မှာကို ဝမ်းမနည်းပါဘူး မြင့်ရယ်၊ ကိုယ့်သားသမီးလေးတွေကိုသာ လူတစ်လုံးသူတစ်လုံးဖြစ်အောင်စောင့်ရှောက်ရစ်ပါ၊ မင်းလဲ အသက်ငယ်သေးတော့ အားကိုးရမယ့်လူ တွေ့ရင် အိမ်ထောင်ပြုဖို့ ခွင့်ပြုပါတယ်"

သည်မျှသာပြောနိုင်၏။

နောက်တစ်နေ့မှာ သရက်တောကျောင်းတိုက်မှ ဆရာတော် ကြွလာပြီး ကိုချစ်စံအား ကြိုးတိုက်တွင်းမှာပင် သရဏဂုံတင်လေ၏။

အပြင်ဘက်မှလူတွေမှာ သေပြီးခါမှသရဏဂုံတင်ရသော်လည်း ကြိုးသမားတို့ကမူ မသေမီမှာပင် သရဏဂုံ တင်ခံကြရတော့သည်။

"အေး....ဘုရားရှင်ကိုယ်တော်တိုင်တောင်မှ သေရခြင်းတရားကို မလွန်ဆန်နိုင်ပါဘူးကွယ်၊ ဒါပေမယ့် သေတဲ့လူနဲ့ ဒကာကြီးတို့ဟာ ရှေးဘဝက အတုံ့အလှည့်ရှိခဲ့ကြလို့ ခုဘဝမှာ ဒီလိုဖြစ်ရတယ်ဆိုရင်လဲ နောက်လာမယ့်ဘဝတွေမှာ ဒီအဖြစ်မျိုးနဲ့မကြုံရဖို့ အစဉ်အဆက်ဖြတ်ပါစေလို့သာ ဆုတောင်းပေတော့ ဒကာကြီး"

"တင်ပါ့ဘုရား"

ကိုချစ်စံ ဒါပဲပြောနိုင်ပါ၏။

နောက်တစ်နေ့နံနက်ခင်း အရုဏ်တက်မှာလာ၍ ကြိုးတိုက်မှ ခေါ်ထုတ်ကြသည်။ တခြား ကြိုးသမားတွေလို အော်ဟစ်ရုန်းကန်ခြင်းမရှိ။ အေးအေးဆေးဆေးပင် လိုက်သွားခဲ့၏။

ကြိုးစင်ဆီသို့ သူ့အား ခေါ်ဆောင်သွားကြရာ လမ်းတစ်ဝက်တွင် ဆီမီးပူဇော်ထားသော ကြိုးစင်နားမှ စေတီကလေးကို ခေတ္တရပ်၍ ဖူးမြော်ခွင့်ရသည်။ ကိုချစ်စံသည် လက်အုပ်ချီ၍ဦးချရင်း သူဖတ်ခဲ့ဖူးသော မန်လည်ဆရာတော်ဘုရားကြီး၏ သံဝေဂကဗျာကို သွား၍သတိရမိ၏။



"မိုက်မလင်းနိုင်ဘု
မြိုက်ခင်းညာဆိက
ခါတော်မီသီမဝေ့နိုင်လို့
သည်ကွေ့တွင် ရေစုံမျှောပါရ
တောမသတ် ရဟတ်ဇွေ"

ကြိုးစင်ပေါ် ရောက်ပြီးသည့် မိနစ်ပိုင်း အတွင်းမှာပင် ဒေါက်ဖြုတ်လိုက်သံနှင့်အတူ သူ၏အမိုက်ဇာတ်သည်လည်း ပြီးဆုံးခြင်းသို့ ရောက်ရှိသွားပါလေတော့သတည်း။

* * *

ဤဇာတ်လမ်းမှာ ဤနေရာတွင်ပြီးဆုံးရန်ဖြစ်သော်လည်း မပြီးသေးပါ။

အဘယ်ကြောင့်ဆိုသော်....

❋

## အခန်း ( ၁၇ )

ကျွန်ုပ်နှင့် ဦးဘသော်တို့နှစ်ယောက် အရှေ့လယ်ပြင် တန်းဘက်မှ ပြန်၍လျှောက်လာကြပြီး ပွဲဈေးတန်းဘက်သို့ ရောက်တော့မှ ဦးဘသော်က....

သော် – "ဒီအမှုသွားမှာ အဲဒီတုန်းက မြှုပ်ကွက် တစ်ကွက်ရှိခဲ့တယ် မင်းကြီးရဲ့"

နှိုပ် – "ဆိုစမ်းပါဦးဗျာ၊ ဘာများလဲ"

သော် – ဆိုက်ကားသမား မောင်ချိုကြီးပေါ့"

နှိုပ် – "ဟုတ်တယ်လေ၊ သူ့ကို ကျုပ်တို့ ရုံးတော်ကပဲ သက်သေအဖြစ်က ပယ်ခဲ့ရတယ် မဟုတ်လား"



သော် – "မှန်ပါတယ် မင်းကြီး၊ ဒါပေမယ့် ကိုချစ်စံက စမ်းစမ်းကိုသတ်တဲ့ဟာ သူကိုယ်တိုင် မျက်မြင် ခင်ဗျ"

နှိုပ် – "အလို....ဆိုစမ်းပါဦး၊ အဲဒီတုန်းကတော့ ဒီကိစ္စ က မပေါ်ခဲ့ပါလား"

သော် – "မပေါ်ဆို ဒီလိုကိုး မင်းကြီးရဲ့၊ အချင်းဖြစ် တဲ့နေ့က ချိုကြီးဟာ သူ့ဆိုက်ကား အော်ဒါရလို့ နတ္တလင်း ကို လူပို့ပြီးပြန်အလာ သူ့ရှေ့ကသွားနေတဲ့ ဂျစ်ကားမှာ ကိုချစ်စံနဲ့ စမ်းစမ်းတို့ကိုတွေ့လိုက်တော့ သူက ဆိုက်ကားနဲ့ ဆိုတော့ နောက်က အမီလိုက်လို့မရဘူးပေါ့၊ ဖြည်းဖြည်းပဲ နင်းလာခဲ့တယ်၊ အပြန် လူလဲမပါတော့ ဆိုက်ကားကို သွက် သွက်ကလေး နင်းလာတာပေါ့၊ ဒါနဲ့ ဘိုးသာအောင်ကုန်း တံတားအဆင်းရောက်တော့ ဂျစ်ကားကိုတွေ့ပါရော၊ ဈေး ဆိုင် မေးကြည့်တော့ ရွာဘက်ဆင်းသွားကြတယ်ဆိုတာနဲ့ ချိုကြီး ဆက်လိုက်လာရာမှ ကြံခင်းထဲရောက်လို့ လူသံသဲ့သဲ့ ကြားရတာနဲ့ မသင်္ကာလို့ကြည့်လိုက်တော့ လား လား.... ကိုချစ်စံက စမ်းစမ်းကို လည်ပင်းညှစ်ပြီး သတ်ပြီးနေပြီ၊ ပစ္စည်းယူဖြန့်တာတွေ၊ ဖိနပ်တစ်ဖက်ကျွတ်ကျန်တဲ့အထိ အစ အဆုံး သူမြင်ရတော့တာကိုး၊ သူလဲ သူ့ဆရာဆိုတော့ ဝင် မဆွဲရဲ၊ မလုပ်ရဲဘဲ ကြောက်လို့ ပုန်းကြည့်နေပြီး ကိုချစ်စံ ထွက်သွားမှ သူ ဆိုက်ကားပေါ်ပြန်တက်ပြီး ပေါင်းတည် ပြန်လာ၊ ကိုချစ်စံအိမ်မှာ အကဲခတ်ပြီး ကျွန်တော့်ဆီ လာ သတင်းပို့တော့တာပါပဲ"

နှိုပ် – "ဒါဖြင့် အဲဒီတုန်းက ဘာပြုလို့ ကိုချစ်စံကို ချက်ချင်းမဆွဲသလဲဗျ"

သော် – ဆွဲဖို့ပါပဲ၊ ဒါပေမယ့် ကိုချစ်စံက ဂါတ်တဲကို ငွေအလွဲသုံးစားမှုနဲ့ အလိုလို ရောက်လာတယ်လေခင်ဗျာ၊ ဒါနဲ့ပဲ ကျွန်တော်လဲ ချိုကြီး ပေးထားတဲ့ သတင်းအတိုင်း အားလုံးမှတ်ယူထားပြီး တစ်ဖက်က 'သံချောင်းတို့ လာပြီး တိုင်ချက်ပေးတော့ လိုက်ကြည့်ပြီး ချိုကြီးကို ကျွန်တော် တစ်နေရာမှာ တာဝန်ယူပြီး ဝှက်ထားရတယ်"

နှိုပ် – "ဒါနဲ့ ချိုကြီးကို သက်သေပယ်လိုက်တုန်းက ခင်ဗျား ဘာလို့ မကန့်ကွက်သလဲ"

သော် –"အဲဒါကတော့ အမိကသက်သေဖြစ်တဲ့ ချိုကြီး ကြောင့် စွန့်စားလိုက်ရတာပါ၊ ချိုကြီးဟာ သူမြင်ခဲ့တာကို ကျွန်တော့်ထံလာပြီး သတင်းပေးခဲ့တာက စမ်းစမ်းအတွက် မခံနိုင်လို့ပါ၊ ဒါပေမယ့် ထင်ထင်ပေါ်ပေါ် အစစ်ခံဖို့နဲ့၊ ရုံးမှာ သက်သေခံဖို့ကျတော့ ငြင်းနေပြန်တယ်၊ ချစ်စံဟာ သူ့ကျေးဇူးရှင် ဖြစ်နေတာရယ်၊ ချစ်စံ မိန်းမနဲ့ ချစ်စံရဲ့ အသိုက်အဝန်းကိုဆန့်ကျင်ဖို့ သူ မဝံ့မရဲဖြစ်နေတယ်လေ....

"ဒီလို ချစ်စံကို မျက်နှာနာနေတဲ့ ချိုကြီးကို ရုံးမှာ သက်သေတင်ရင်လဲ ချစ်စံဟာ သူ့အရှိန်အဝါနဲ့ သူ့ လွတ်ပေါက်ကို ဖန်တီးတော့မှာပဲ....

"နောက်ဆုံး အတွင်းလူဖြစ်တဲ့ ချိုကြီးကို အိမ်တွင်းမှာ ရှိတဲ့ သက်သေခံပစ္စည်းကို ရအောင်ယူခိုင်းပြီး ကျွန်တော် စွန့်စား ထိုးထည့်လိုက်ရတာပါပဲ"



နှိုပ် – "အင်း....ခင်ဗျားတို့ ပုလိပ်တွေကတော့ တော် တော်လဲ တတ်နိုင်ကြပါပေတယ်၊ ဒါကြောင့်လဲ အမှုကို ခိုင်ခိုင်လုံလုံနဲ့ ရုံးတင်နိုင်ခဲ့သလို ကျုပ်ကလဲ အမှန်အတိုင်း စီရင်နိုင်ခဲ့ပေတာပဲကိုး၊ ကဲဗျာ....ချိုကြီးရဲ့ ထီဆိုင်ဘက်ကို တစ်ခေါက်လောက် လျှောက်လိုက်ကြရအောင်"

ကျွန်ုပ်နှင့် ဦးဘသော်သည် ချိုကြီး၏ ရွှေချိုးဖြူထီဆိုင် ဘက်သို့လာခဲ့ကြပြီးနောက် ငွေငါးကျပ်စီစပ်၍ ထီငါးစောင် ထိုးလိုက်ကြပါတော့သည်။

အတိတ်မှာ....

အမိုက်မှောင်ကိုပယ်ခွင်းရန် ဟူ၍ ဖြစ်ပါတော့သတည်း။

နီလေးမောင်